အမျိုးသားပညာဝန်

# ဦးဖိုးကျား

## ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ

တတိယတွဲ



၉၂

ပန်းမျိုးစုံတိုး

အမျိုးသားပညာဝန်

## ဦးဖိုးကျား

# ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ(တ)

စာပေ

**ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ(တ)**
ဒုတိယအကြိမ်၊ ၂၀၀၀ ဇန်နဝါရီ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၁၄/ ၉၉(၁၀)နှင့် စာမူခွင့်ပြုချက်အမှတ် ၄၂၀/ ၉၉(၈)တို့အရ ဒေါ်နယ်လီ(ခေါ်)ဒေါ်ခင်လေးတင့် (၀၂၅၇၀)၊ အမျိုးသမီးဂုဏ်ရည်စာပေ၊ ၄၁/ ၁၉၁၊ သရဖီလမ်း၊ ဒဂုံမြို့သစ် မြောက်ပိုင်းကထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

စာအုပ်ချုပ် ဇော်ဝမ်း

**တန်ဖိုး ၁၅၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

# မာတိကာ

## အဋ္ဌကနိပါတ်


၁၉၅။ အဋ္ဌသဒ္ဒဇာတ်။ ။ ကောသလမင်းကြီးကြားသော အသံရှစ်ပါး ... ၇
၁၉၆။ သုလသာဇာတ်။ ။ လတ်တလော ဉာဏ်ကောင်းသော သုလသာ ... ၉
၁၉၇။ ဂင်္ဂါမာလဇာတ်။ ။ ရေသည်ဝတ္ထု ... ၁၂
၁၉၈။ စေတိယဇာတ်။ ။ စေတိယမင်း ... ၁၇
၁၉၉။ ဒီပိဇာတ်။ ။ သစ်နှင့် ဆိတ် ... ၂၁


## နဝကနိပါတ်


၂၀၀။ မဟာသုရာဇဇာတ်။ ။ အလိုနည်းသောကျေးမင်း ... ၂၃
၂၀၁။ ပဒကုသလမာဏဝဇာတ်။ ။ ခြေရာခံတတ်သောလုလင် ... ၂၅
၂၀၂။ ပူတိမံသဇာတ်။ ။ မြေခွေးနှင့် ဆိတ် ... ၃၂
၂၀၃။ တိတ္တိရဇာတ်။ ။ ရသေ့စဉ်းလဲ ... ၃၄


## ဒသကနိပါတ်


၂၀၄။ စတုဒ္ဒွါရဇာတ်။ ။ မိဘကိုပြစ်မှားသော မိတ္တဝိန္ဒက ... ၃၈
၂၀၅။ ကဏှဇာတ်။ ။ အလိုနည်းသော ကဏှရသေ့ ... ၄၁
၂၀၆။ ကဏှဒီပါယနဇာတ်။ ။ ကဏှဒီပါယနရသေ့ ... ၄၃
၂၀၇။ တက္ကလဇာတ်။ ။ သားလိမ္မာ ... ၄၈
၂၀၈။ ဓမ္မပါလဇာတ်။ ။ အသက်ရှည်သောလူမျိုး ... ၅၁
၂၀၉။ မဋ္ဌကုဏ္ဍလီဇာတ်။ ။ အဖကိုဆုံးမသော သား ... ၅၅
၂၁၀။ မဟာမင်္ဂလဇာတ်။ ။ မင်္ဂလာတရားတော် ... ၅၇

၂၁၁။ ဃဋပဏ္ဍိတဇာတ်။ ။ ဒွါရာဝတီပြည် အကြောင်းပါသည် ... ၆၂

## ဝေါဒသကနိပါတ်

၂၁၂။ ဇုဏှဇာတ်။ ။ ကတိတည်သော ဇုဏှမင်း ... ၆၈
၂၁၃။ ဒသရထဇာတ်။ ။ သီတာ ရာမ ... ၇၀
၂၁၄။ သံဝရဇာတ်။ ။ သံဝရမင်းသား ... ၇၃

## ဒွါဒသကနိပါတ်

၂၁၅။ ဘဒ္ဒသာလဇာတ်။ ။ အဆွေအမျိုး၏အကျိုးကို ဆောင်သော ရုက္ခစိုးနတ် ... ၇၆
၂၁၆။ သမုဒ္ဒဝါဏိဇဇာတ်။ ။ လာဘ်လာဘကိုငဲ့၍ ပျက်စီးရခြင်း ... ၈၈
၂၁၇။ မဟာပဒုမဇာတ်။ ။ စိဉ္စမာနအကြောင်းနှင့် မဟာပဒုမမင်းသား ... ၉၀

## တေရသကနိပါတ်

၂၁၈။ အမ္ဗဇာတ်။ ။ အချိန်မဲ့ သရက်သီး သီးစေတတ် သော မန္တာန် ... ၉၅
၂၁၉။ ဖန္ဒနဇာတ်။ ။ ကြို့နှင့် ဝံ ... ၉၈
၂၂၀။ ဇဝနဟံသဇာတ်။ ။ ဇဝနဟံသာမင်း ... ၁၀၀
၂၂၁။ တက္ကာရိယဇာတ်။ ။ နှုတ်မစောင့်၍ ပျက်စီးရခြင်း... ၁၀၃

## ပကိဏ္ဏကနိပါတ်

၂၂၂။ ကေဒါရဇာတ်။ ။ ကျေးမင်း ... ၁၀၇
၂၂၃။ စန္ဒကိန္နရီဇာတ်။ ... ၁၀၉

၂၂၄။ မဟာဥက္ကုသဇာတ်။ ။ မိတ်ဆွေသုံးဦးနှင့် ဝံလိုင်ကျက် ... ၁၁၂
၂၂၅။ ဘီသဇာတ်။ ။ လောကကိုကြောက်သောသူတို့ ... ၁၁၅
၂၂၆။ သုရုစိဇာတ်။ ။ မဟာပနာဒမင်းသား ... ၁၂၁
၂၂၇။ မဟာဝါဏိဇဇာတ်။ ။ အလိုကြီးသဖြင့် ပျက်စီးသော ကုန်သည်တို့ ... ၁၂၃
၂၂၈။ သာမိနဇာတ်။ ။ လူအဖြစ်ဖြင့် နတ်ပြည်သို့ရောက် သော သာမိနမင်းကြီး ... ၁၂၅

## ဝီသတိနိပါတ်

၂၂၉။ မာတင်္ဂဇာတ်။ ။ မာတင်္ဂ ... ၁၂၈
၂၃၀။ သိဝိဇာတ်။ ။ သိဝိမင်းကြီး ... ၁၃၄
၂၃၁။ ရောဟဏာမိဂဇာတ်။ ။ ရောဟဏာမိဂ သမင်မင်း ... ၁၃၈
၂၃၂။ သတ္တိဂုမ္ဘဇာတ်။ ။ ကျေးညီနောင် ... ၁၄၁
၂၃၃။ ဘလ္လာတိယာဇာတ်။ ။ အလွန်ချစ်သော ကိန္နရာဖိုမတို့... ၁၄၄
၂၃၄။ စမ္မေယျဇာတ်။ ။ စမ္မေယျနဂါးမင်း ... ၁၄၆
၂၃၅။ ဟတ္ထိပါလဇာတ်။ ... ၁၅၀

## တိံသနိပါတ်

၂၃၆။ ကိံဆန္ဒဇာတ်။ ။ တံစိုးစားသော တရားသူကြီး ... ၁၅၆
၂၃၇။ ကုမ္ဘဇာတ်။ ။ သေရည်သေရက်၏အစဖြစ်ခြင်း ... ၁၅၉
၂၃၈။ ဇယဒ္ဒိသဇာတ်။ ။ အလီနသတ္တုမင်းသား ... ၁၆၅
၂၃၉။ ဆဒ္ဒန္တဇာတ်။ ။ ဆဒ္ဒန်ဆင်မင်း ... ၁၇၀
၂၄၀။ မဟာကပိဇာတ်။ ။ ပုဏ္ဏားနှင့် မျောက် ... ၁၇၅
၂၄၁။ ပဏ္ဍရကဇာတ်။ ။ နဂါး၊ ဂဠုန်၊ တက္ကတွန်းတို့ ... ၁၇၇
၂၄၂။ သမ္ဗုလာဇာတ်။ ။ သောတ္ထိသေနမင်းနှင့် သမ္ဗုလာ မိဖုရား ... ၁၈၀
၂၄၃။ ဘဏ္ဍုတိန္ဒုကဇာတ်။ ။ တရားမစောင့်သော မင်း ... ၁၈၃

## စတ္တာလီသနိပါတ်

၂၄၄။ သရဘင်္ဂဇာတ်။ ။ ဓောတိပါလလေးသမား ... ၁၈၇

## ပဏ္ဏာသနိပါတ်

၂၄၅။ ဥမ္မာဒန္တီဇာတ်။ ။ ဥမ္မာဒန္တီ ... ၁၉၇

## သတ္တတိနိပါတ်

၂၄၆။ ကုသဇာတ်။ ။ ကုသမင်း ... ၂၀၁
၂၄၇။ သောဏ နန္ဒဇာတ်။ ... ၂၁၃

## အသီတိနိပါတ်

၂၄၈။ စူဠဟံသဇာတ်။ ။ နာဠာဂိရိဆင်ကို မြတ်စွာဘုရား
ဆုံးမခန်း။ ။ ဟသံ်ာမင်း။ ... ၂၁၅
၂၄၉။ မဟာသုတသောမဇာတ်။ ။ လူသားစား ပေါရိသာဒ ... ၂၂၀

# အဋ္ဌကနိပါတ်

## ၁၉၅။ အဋ္ဌသဒ္ဒဇာတ်   ၂
## (အဋ္ဌ = ရှစ်၊   သဒ္ဒ = အသံ)

### ကောသလမင်းကြီးကြားသော အသံရှစ်ပါးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကောသလမင်းကြီးသည် တစ်ညဥ့်သောသန်းခေါင်ယံ၌ အသံကြီးရှစ်ရပ်တို့ကို ကြားရ၍ ထိတ်လန့်လျက်ရှိသည်ကို ပုဏ္ဏားတို့က လေးခုစီသော တိရစ္ဆာန်တို့ဖြင့် ပူဇော်အပ်သော သဗ္ဗစတုက္ကယဇ်ကို ပူဇော်အပ်ကြောင်း လျှောက်ကြ၏။ နောက်မှတစ်ဖန် မင်းကြီးသည် ဘုရားထံလျှောက်ပြန်သော် ဘုရားက မစိုးရိမ်လင့်။ ရှေးမင်းတို့လည်း ဤသို့ပင် ကြားဖူးပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် ညဥ့်သန်းခေါင်ယံ၌ ဗျိုင်းသံ၊ ကျီးသံ၊ ပိုးသံ၊ ဥဩမသံ၊ သမင်သံ၊ မျောက်သံ၊ ကိန္နရာသံ၊ ပစ္စေကဗုဒ္ဓါဥဒါန်းကျူးသံ ဤရှစ်ရပ်သောအသံတို့ကိုကြား၍ အလွန်ထိတ်လန့်လျက် ပုဏ္ဏားတို့အားကြားသော် အန္တရာယ်ကြီးစွာဖြစ်လတ္တံ့သော နိမိတ်တို့တည်း။ ပြေပျောက်ရန် သဗ္ဗစတုက္ကယဇ်ကို ပူဇော်တော်မူပါလောဟု လာဘ်လာဘကို မျှော်၍ လျှောက်ကြ၏။ ဤသို့လျှောက်ကြသည်ကို ပုဏ္ဏားလုလင်တစ်ယောက်က မနှစ်မြို့၍ ထွက်လာပြီးလျှင် ထိုယဇ်ကို တားမြစ်အံ့ဟု မင်းဥယျာဉ်၌နေသော ရသေ့တစ်ပါးအား လျှောက်ထား၍ မင်းကြီးကို ထိုရသေ့ထံသို့ ပို့လေ၏။

မင်းကြီးလည်း အသံကြီးရှစ်ပါးကြားရပုံကို ပြန်၍လျှောက်ထားမှ ရသေ့သည် အောက်ပါအတိုင်း ရှင်းလင်း၍ပြပေ၏။

(၁) ဗျိုင်းမြည်သည်မှာ သင်မင်းကြီးရေကန်၌ ရေခန်း၍ အစာမရနိုင်သော်လည်း မိဘတို့နေရာဟောင်းဖြစ်၍မစွန့်နိုင်သဖြင့် မြည်ခြင်းဖြစ်သည်။ ရေကန်၌ ရေပြည့်စေလောဟု ဆို၏။ မင်းလည်းပြည့်စေ၏ ။

(၂) ကျီးသံမှာ ကျီးတစ်ခုသည် အသင်မင်းကြီး၏ ဆင်တင်းကုပ်၏ အထွက်အဝင် တုရင်တိုင်၌ အသိုက်နှင့်တကွ သားငယ်တို့ကို ထား၏။ ဆင်ထိန်းသည် ထိုအသိုက်သားငယ်တို့ကို အထွက်အဝင် ပုတ်ခတ်နှောင့်ယှက်သဖြင့် ကျီးမသည် စိုးရိမ်ကြောင့်ကြသောကြောင့် မြည်ခြင်းဖြစ်၏။ ထိုကိုတားမြစ်လောဟု ဆို၏။ မင်းလည်း မြစ်ပေ၏။

(၃) ပိုးမြည်သည်ကား အသင်မင်းကြီး၏ ပြာသာဒ်အတွင်း၌ သစ်ပိုးတစ်ကောင်သည် အကာကိုစား၍နေရာ ယခု အကာကုန်ပြီဖြစ်၍ အနှစ်ကိုလည်းမစားနိုင်။ ပြင်သို့လည်း မထွက်နိုင်။ ဆင်းရဲဒုက္ခရောက်နေသောကြောင့် ငိုမြည်ခြင်းဖြစ်၏။ ပိုးကို ထုတ်စေလောဟုဆို၏။ မင်းကြီးလည်း ထုတ်စေ၏။

(၄) အသင်မင်းကြီး နန်းတော်၌ ဥဩမတစ်ကောင် မွေးထားသလောဟုမေး၏။ မွေးထားပါသည်ဟုဆိုသော်။ ၎င်းဥဩမသည် တောအုပ်ကို လွမ်းဆွတ်၍ မြည်အော်၏။ လွှတ်ပေဟုဆို၏။ မင်းလည်း လွှတ်ပေ၏။

(၅) သမင်၊ (၆) မျောက်၊ (၇) ကိန္နရာတို့မှာ မိမိတို့ဆိုင်ရာ အသီးသီးဖြစ်သော သမင်မ၊ မျောက်မ၊ ကိန္နရာမတို့ကို လွမ်းဆွတ်အောက်မေ့၍ အော်မြည်ကြခြင်းဖြစ်၏။ လွှတ်ပေဟုဆို၏။ မင်းကြီးလည်း လွှတ်ပေ၏။

(၈) ပစ္စေကဗုဒ္ဓါတစ်ပါးသည် ကောင်းကင်ဖြင့်လာ၍ အသင်မင်းကြီး၏ဥယျာဉ်၌ ပရိနိဗ္ဗာန်ပြု၏။ မပြုမီတွင် သံသရာမှ လွတ်

မြှောက်၍ နိဗ္ဗာန်သို့ ကူးမြောက်ရတော့မည့်အကြောင်းကို ဥဒါန်းကျူးခြင်းအသံကို မင်းကြီးကြားခြင်းဖြစ်၏။ ဥယျာဉ်၌ အလောင်းတော်ကို သဂြိုဟ်လေလောဟု ဆို၏။ မင်း၊ မှူးမတ်၊ ပြည်သူအပေါင်းတို့သည် ကြီးစွာသော ချီးမြှောက်ခြင်းဖြင့် အလောင်းကို သဂြိုဟ်ကြလေ၏။

ရှင်ရသေ့လည်း ဟိမဝန္တာသို့ ပြန်လေ၏။ မင်းကြီးလည်း သက်သာရာရ၍ ယဇ်ကောင်တို့ကို လွှတ်လေသတည်း။

ဇာတ်ပေါင်းသော်-
မင်းသည် အာနန္ဒာ ဖြစ်လာ၏။
ပုဏ္ဏားလုလင်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ရသေ့သည် ဘုရား ဖြစ်လာ၏။

❐

## အဋ္ဌကနိပါတ်

### ၁၉၆။ သုလသာဇာတ် ၃

## လတ်တလောဉာဏ်ကောင်းသော သုလသာအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အနာထပိဏ်သူဌေး၏ ကျွန်မတစ်ယောက်သည် ပွဲသဘင်နေ့၌ ဥယျာဉ်သို့ အဖော်အပေါင်းနှင့် ထွက်လိုရကား မိမိ၏အရှင်မ ပုညလက္ခဏာဒေဝီထံမှ အဖိုးတစ်သိန်းထိုက်သော တန်ဆာကို တောင်းယူ၍ ဥယျာဉ်သို့ဝင်၏။

ထိုအခါ သူခိုးကစ်ယောက်သည် ထိုကျွန်မ၏တန်ဆာတို့ကို မြင်သော် သတ်၍ယူအံ့ကြံပြီးလျှင် ထိုကျွန်မနှင့် အကျွမ်းတဝင်ပြု၍ ဆိတ်ကွယ်ရာသို့ သွားကြကုန်အံ့ဟု ဖြားယောင်းခေါ်ငင်လေ၏။

ထိုအခါ ကျွန်မသည် ခိုးသူအပေါ်၌ မယုံသင်္ကာ ဖြစ်လာပြီးလျှင် ထိုသူသည် ကေန် ငါ့အားသတ်၍ တန်ဆာတို့ကိုယူလိုသည် ဖြစ်လတ္တံ့။ သို့ရာတွင် ထိုသူမိုက်အား ငါဆုံးမလိုက်အံ့ဟု။ အရှင်၊ ငါ ရေငတ်လှ၏။ ဤရေတွင်းမှ ငါ့အား ရေငင်၍ပေးပါဟု ဆိုလေ၏။

ခိုးသူလည်း ရေကိုငင်စဉ် ကျွန်မသည် အမှတ်မဲ့ သူခိုးကို ရေတွင်းထဲသို့ တွန်းချ၊ အုတ်ခဲဖြင့် ထပ်မံပစ်ချ၍ သတ်ပစ်လိုက်လေ၏။

ဤအကြောင်းကို ထိုကျွန်မ၏အရှင်မမှတစ်ဆင့် အနာထပိဏ်သူဌေး ကြား၍ ဘုရားအား လျှောက်ပြန်သောအခါ မြတ်စွာဘုရားက ဤကျွန်မ သည် ယခုသာမဟုတ် ရှေးကလည်း ဤသို့ပင် လက်တလောဉာဏ်ကောင်း ဖူး၏ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သုလသာမည်သော ကျော်စောထင်ရှားသော ပြည့်တန်ဆာမတစ်ယောက်ရှိ၏။ တစ်နေ့၌ ထိုသုလသာသည် မင်းမိန့်ဖြင့်သတ်ရန် ဆောင်သွားသော သတ္တုကမည်သော ခိုးသူကိုမြင်လျှင် တပ်စွမ်းသည်နှင့် လင်ပြုရန်ဟု မြို့စောင့်အား အသပြာတစ်ထောင်ပေး၍ ယူလိုက်၏။

ထိုခိုးသူနှင့်နေ၍ ၃၊ ၄ ရက်လွန်သော် ခိုးသူသည် သုလသာကို သတ်၍ အဖိုးတစ်သိန်းထိုက်သော တန်ဆာကို ယူ၍ပြေးအံ့ဟုကြံပြီး လျှင် ရှင်မ၊ ငါ့အားသတ်ရန် ဆောင်ယူကြစဉ်က အသက်ချမ်းသာလျှင် ဤမည်သောတောင်၌ ရုက္ခစိုးနတ်အား ပူဇော်ပါအံ့ဟု ငါဝန်ပြုခဲ့၏။ ယခု ထိုရုက္ခစိုးသည် ပူဇော်ခြင်းကိုမရသဖြင့် ငါ့အား ခြိမ်းခြောက်၏။ သို့ကြောင့် ငါတို့နှစ်ယောက် ယနေ့ တောင်ထိပ်သို့တက်၍ ပူဇော် ကြကုန်အံ့ဟု ဆိုလေ၏။

သုလသာလည်းယုံကြည်၍ လိုက်လာ တောင်ထိပ်သို့ရောက် သော် ခိုးသူက ရှင်မ၊ ငါသည် သင့်ကိုသတ်၍ တန်ဆာတို့ကိုယူရန်

လှည့်ဖြားခေါ်ခဲ့၏။ သင်၏တန်ဆာတို့ကိုချွတ်၍ ထုပ်လေလောဟု ဆို၏။

အရှင်၊ ငါ၏ကျေးဇူးသည် အသင်၌များစွာရှိ၏။ ငါသည် သင်၏အသက်သခင်လည်းဖြစ်၏။ သင့်ကိုလည်း ချစ်ခင်တည်ကြည်စွာ ငါသည် ပေါင်းသင်း၏။ သို့ကြောင့် သင်အလိုရှိသောဥစ္စာတို့ကို ငါပေးအံ့။ ငါ၏အသက်ကိုလွှတ်ပါလောဟု တောင်းပန်၏။

ရှင်မ၊ စကားများစွာမဆိုလင့်၊ တန်ဆာတို့ကိုသာချွတ်၍ ထုပ်လော။ ဥစ္စာရှင်ကိုမသတ်ဘဲ ဥစ္စာကိုသာ ယူကြသည်ဟု ငါမကြားဖူးလေဟု ဆို၏။

ထိုအခါ သုလသာသည် ဤယောကျ်ားကား ငါ့ကို ချမ်းသာပေးမည်မဟုတ်။ သို့ကြောင့် ဥပါယ်ဖြင့် ထိုလူကိုသတ်အံ့ဟု။ အရှင်၊ ငါသည် အရွယ်ရောက်သည်မှစ၍ သင့်ထက်ပို၍ချစ်သော လင်ယောကျ်ားသည် မရှိဖူးပါ။ သို့ကြောင့် နောက်ဆုံးပွေ့ဖက်ခြင်း၊ လက်ယာရစ်လှည့်၍ ရှိခိုးခြင်းတို့ကို ပြုပါရစေဦး၊ ပြီးသောအခါ သတ်ပါတော့ဟုဆိုလေ၏။

သတ္တုကလည်း သုလသာ၏အကြံကို မသိသည်နှင့် ကောင်းပြီဟု ဝန်ခံ၏။ ထိုအခါ သုလသာသည် သတ္တုကကို ပွေ့ဖက်ပြီးနောက် လက်ယာရစ်လှည့်၍ ရှိခိုးသွားရာ သတ္တုက၏နောက်ဖက်သို့ ရောက်ကာလ ထိုသူ၏ နောက်ခြေနှစ်ဖက်ကို ကိုင်မ၍ နက်စွာသော တောင်ချောက်တွင်းသို့ ထိုးချလိုက်လေ၏။ ခိုးသူလည်း မုန့်မှုန့်ညက်ညက်ကျေ၍ သေလေ၏။

ထိုအခါ ထိုအခြင်းအရာတို့ကို မြင်ရသော တောင်စောင့်နတ်သည် အောက်ပါအတိုင်း ကျူးရင့်လေ၏။

ခပ်သိမ်းသောအရာတို့၊ အရာဌာနတို့၌ ယောကျ်ားသာလျှင် ပညာရှိသည်မဟုတ်။ မိန်းမတို့လည်း ရှိပေ၏။ သုလသာသည် သေ

ခြင်းအနီးသို့ရောက်လျက်လည်း လျင်မြန်သောဉာဏ်ဖြင့် ကြံဆောင်နိုင်၍ မိမိအသက်လွတ်၏။ သတ္တကြသည်ကား ယောကျ်ားဖြစ်လျက် နံ့သောပညာဉာဏ်ရှိသည်ဖြစ်၍ တောင်ကမ်းပါးပြတ်၌ကျ၍ သေရလေ သတည်း။

ဇာတ်ပေါင်းသော်-
ထိုနှစ်ယောက်သည် ဤနှစ်ယောက် ဖြစ်လာ၏။
တောင်စောင့်နတ်သည် ဘုရား ဖြစ်လာ၏။

❐

## အဋ္ဌကနိပါတ်

## ၁၉၇။ ဂင်္ဂမာလဇာတ် ၅

## ရေသည်ဝတ္ထု

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ဥပုသ်သီတင်းစောင့်ရခြင်း၏ အကျိုးနှင့်စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သူဌေးတစ်ဦး၏ အခစားယောကျ်ားသည် နေ့ထက်ဝက်သော ဥပုသ်မျှကိုစောင့်ရာ တစ်နေ့လုံး အစာမစားသည်နှင့်လေထ၍ သေအံ့နီး၌ ဗာရာဏသီမင်း လှည့်လာသည်ကို မြင်ရှိ၊ တောင့်တမိသဖြင့် နောက်ဘဝ၌ ဥဒယမည်သော မင်းဖြစ်လေ၏။ ထိုမင်းသည် ဇာတိဿရဉာဏ်ဖြင့် ရှေးဘဝက မိမိသီလကြောင့် ဤသို့သော အသရေစည်းစိမ်ကိုရ၏။ ဥဒါန်းကျူးရင့်နေလေ၏။

ထိုအခါ ဗာရာဏသီမြောက်တံခါး၌ ရေသည်တစ်ယောက်သည် ဆင်းရဲပင်ပန်းစွာ အသက်မွေးရ၏။ မိမိနေ့စဉ်ရောင်းရသော အခမှ စုဆောင်းသဖြင့် ကာလကြာသော် ပဲဝက်မျှသော ဥစ္စာကို ရရှိလျှင် မြောက်တံခါး၏တံတိုင်းအုတ်ကြား၌ ထား၍ တစ်ဖန် တောင်တံခါးသို့ ပြောင်းရွှေ့ ရေရောင်းပြန်လေ၏။

ထိုသို့ တောင်တံခါးသို့ရောက်လာသော် ထိုအရပ်၌ မိမိကဲ့သို့ပင် အလွန်ဆင်းရဲစွာသော ရေသည်မတစ်ယောက်နှင့်တွေ့ရှိ သင့်နေကြလေ၏။

တစ်နေ့သော် မြို့၌ ပွဲလမ်းသဘင် အကြီးအကျယ်ဖြစ်၏။ ထိုအခါ ရေသည်မက အရှင်၊ ငါတို့လည်း ပွဲသဘင်ကစားကြကုန်အံ့။ အသင်၌ ဥစ္စာတစိုးတစိရှိပါ၏လော့ဟု မေး၏။

ရှင်မ၊ ရှိပါ၏။

အဘယ်မျှနည်း။

ပဲဝက်ရှိ၏။

အဘယ်မှာထားသနည်း။

ဤမှ ၁၂ ယူဇနာကွာသော မြောက်တံခါးအုတ်ကြား၌ လုံခြုံစွာ ထားအပ်၏။ ရှင်မ၌လည်း တစ်စုံတစ်ရာရှိပါ၏လော။

အရှင်၊ အသို့ထင်သနည်း။ ငါ့၌လည်း ကာလရှည်စွာစုဆောင်း၍ ထားအပ်သော ပဲဝက်မျှသော ဥစ္စာသည်ရှိ၏။ ငါတို့တွင် ပဲဝက် ၂ ရပ်ကိုစပ်၍ တစ်ပဲသောဥစ္စာရှိသည့်အနက် တစ်ဖို့ကို ပန်း၊ တစ်ဖို့ကို နံ့သာ၊ တစ်ဖို့ကို သေ ဝယ်၍ ငါတို့လင်မယား ပွဲသဘင်ကစားကြကုန်အံ့ဟု ဆိုလေ၏။

ရေသည်လည်း မယားနှင့်တကွ ပွဲသဘင်ပျော်ရမည်ကို အလွန်ဝမ်းမြောက်ဝမ်းသာရှိလျက်။ ရှင်မ၊ မစိုးရိမ်လင့်၊ ငါ့ဥစ္စာ ယူချေဦးအံ့ဟု ဆိုပြီးလျှင်

ပြေးသွားသည်ရှိသော် ခြောက်ယူဇနာကိုလွန်၍ မွန်းတည့်အချိန်၌ နန်းတော်ရင်ပြင်သို့ ရောက်လာလေ၏။ ထိုအခါ အလွန်ပူသော သဲမြေတွင်နင်းကာ မအောနိုင်မပန်းနိုင် ရွှင်လန်းဝမ်းမြောက်စွာ သီချင်းသီဆို မြူးထူးလျက် မင်းရင်ပြင်၌ သွားလေ၏။

ဥဒယမင်းသည် ထိုသူကို လေသာပြတင်းမှမြင်သော် ထူးခြားလှ၏ဟု ခေါ်စေ၏။ မင်းချင်းတစ်ယောက်သည် သွား၍ မင်းကြီးက ခေါ်တော်မူကြောင်းပြောသော် သင့်မင်းနှင့် ငါနှင့် အသို့တော်စပ်သနည်း။ သင့်မင်းကို ငါမသိ၊ မလိုက်နိုင်ဟုဆို၏။ ထိုအခါမှ အနိုင်အထက်ပြု၍ ခေါ်ခဲ့ရလေ၏။

မင်းကြီးက အသင်ယောကျ်ား၊ နေသည် ကျိုက်ကျိုက်ဆူအောင်ပူ၏။ အောက်ကသဲမြေသည်လည်း မီးကျီးအတူပူ၏။ ထိုသို့ အထက်အောက် ပြင်းစွာပူသောအခါ၌ အသို့သောအကြောင်းကြောင့် အားရရွှင်လန်းစွာ သီဆို၍သွားသနည်းဟု မေး၏။

အရှင်မင်းကြီး၊ အကျွန်ုပ်၌ အလွန်နှစ်သက်ဖွယ်သော ကိစ္စသည် ရှိ၏။ သို့ကြောင့်လည်း နေပူမြေပူတို့ကို ခံနိုင်ပါသည်။

အသင့်ကိစ္စကား အဘယ်နည်း။

အရှင်မင်းကြီး၊ အကျွန်ုပ်၏မယားနှင့် ပွဲသဘင်ပျော်မွေ့ရန် ထိုမြောက်တံခါး၌ ထားအပ်သော အကျွန်ုပ်၏ဥစ္စာကို သွားရောက်ယူရမည် ဖြစ်ပါသည်။

အချင်းယောကျ်ား၊ ထိုထားအပ်သော ဥစ္စာသည် တစ်သိန်းမျှ ရှိသလော။ မရှိပါ။

ငါးသောင်းလော၊ လေးသောင်းလော စသည်ဖြင့် အစဉ်အတိုင်း တစ်ပဲလောအထိမေးရာ။ မဟုတ်ပါဟူ၍ချည်းသာ အစဉ်အတိုင်းဆိုလေ၏။

ပြီးမှ ပဲဝက်လောဟုမေးသော် အရှင်မင်းကြီး၊ သြော်–မှန်ပါ၏။ ဤမျှသော ပဲဝက်ကိုဆောင်၍ အကျွန်ုပ်၏မယားနှင့် ပျော်မွေ့ရပါမည်။ ထိုသို့ပျော်မွေ့ရမည်ကို ဝမ်းမြောက်လှသဖြင့် ဤမြေပူနေပူတို့သည် အကျွန်ုပ်ကို မပူစေနိုင်ပါဟု လျှောက်၏။

ထိုအခါ မင်းကြီးသည် နှလုံး၌ အလွန်ထိခိုက်လျက် အချင်းယောကျ်ား၊ ဤသို့သောနေပူ၌ ထိုအရပ်သို့မသွားလေလင့်။ ငါသည်သင့်အား ပဲဝက်သောဥစ္စာကို ပေးအံ့ဟုဆို၏။

အရှင်မင်းကြီး သနားတော်မူသော ပဲဝက်ကိုလည်း ယူပါအံ့။ ထိုအကျွန်ုပ်၏ ချွေးနည်းစာပဲဝက်ကိုလည်း မစွန့်နိုင်ပါ။ ပြေး၍ယူလိုက်ပါရစေဦးဟု ဆို၏။

ထိုအခါ မင်းကြီးသည် မသွားစေလိုသည်ဖြစ်၍ တစ်ပဲ၊ နှစ်ပဲ၊ သုံးပဲ၊ လေးပဲ စသည်ဖြင့် တက်၍တက်၍ပေးသွားရာ ကုဋေတစ်ရာတိုင်အောင်ရောက်လေ၏။ ရေသည်ကလည်း ပေးသမျှကိုယူ၍ ပဲဝက်ကိုလည်း မလွှတ်နိုင်ကြောင်းသာ အထပ်ထပ်လျှောက်လေ၏။

တစ်ဖန် မင်းကြီးက သူဌေးအရာ၊ အိမ်ရှေ့မင်းအရာကျအောင်ပေးငြားသော်လည်း ထိုအတူသာလျှင် ဆို၍နေ၏။

ထို့နောက် မင်းကြီးက အချင်းယောကျ်ား၊ သင့်အား ထက်ဝက်သော မင်းအဖြစ်ကိုပေးအံ့။ မသွားလေလင့်ဟု ဆို၏။ ထိုအခါမှ မသွားပါတော့ပြီဟု ဝန်ခံ၏။

ထိုသို့ ထက်ဝက်သောမင်းအဖြစ်ကို ရပြီးနောက်လည်း ဗိုလ်ပါနှင့်တကွ ထိုမြောက်တံခါးသို့သွားရောက်၍ မိမိ၏ဖွဲလမ်းခင်တွယ်သော ပဲဝက်ကို ယူသည်သာတည်း။ ထိုမင်းကား အဍ္ဎမာသကမင်း(ပဲဝက်မင်း)ဟု အမည်တွင်၏။

ထိုသို့ မင်းပြိုင်ပြု၍နေကြရာ တစ်နေ့သော် ဥယျာဉ်တော်၌ ဥယျာဉ်ကစားပြီးနောက် ဥဒယမင်းသည် ပဲဝက်မင်း၏ပေါင်ကို ခေါင်း

အုံးလျက် အိပ်နေစဉ် ပဲဝက်မင်းသည် ငါကား ထက်ဝက်သောမင်း အဖြစ်ကိုရ၍ အဘယ်မှုအံ့နည်း။ ဥဒယမင်းကို သတ်၍ အလုံးစုံသော မင်းအဖြစ်ကို ယူအံ့ဟု သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်မည်ပြု၏။

တစ်ဖန်လည်း ဤမင်းသည် ငါ့ကို ဆင်းရဲသောအဖြစ်မှ ဆယ်၍ ချီးမြှောက်သော ကျေးဇူးရှင်ဖြစ်ပေသည်။ ငါ၏အကြံ မသင့် လျော်တကားဟု သန်လျက်ကို သိမ်းပြန်၏။

ဤသို့ သုံးကြိမ်ဖြစ်ပြီးမှ ကြာသော် ငါ့အား မကောင်းမှုများ လတ္တံ့ဟု ဥဒယမင်းကိုနှိုး၍ အရှင်မင်းကြီး၊ အကျွန်ုပ်သည် ဤသို့ ဤသို့သော မကောင်းမှုကို ကြံစည်မိပါသည်။ အကျွန်ုပ်အား သည်းခံ တော်မူပါလောဟု ခြေရင်း၌ဝပ်၍ တောင်းပန်လေ၏။

ထိုအခါ ဥဒယမင်းက ကောင်းပြီ၊ ငါသည်းခံ၏။ သင်အလိုရှိ သော် အလုံးစုံသောမင်းအဖြစ်ကို ယူလေတော့။ ငါသည်ကား အိမ်ရှေ့ မင်းအဖြစ်ဖြင့်ပင် နေတော့အံ့ဟု ဆိုလေ၏။ အရှင်မင်းကြီး၊ အကျွန်ုပ် သည် မင်းအဖြစ်ကို အလိုမရှိတော့ပြီ။ ဤတပ်မက်သော တဏှာ လောဘသည် အကျွန်ုပ်အား မကောင်းကျိုးပေးလတ္တံ့။ တဏှာလောဘ ၏အပြစ်ကို ကျွန်ုပ် မြင်အပ်ပါပြီ။ အရှင်မင်းကြီးသာ အလုံးစုံသော မင်းအဖြစ်ကို ခံယူတော်မူပါလော့ဟု ဆို၍ တိုင်းပြည်ကိုအပ်ပြီးလျှင် လူအပေါင်းတို့ ငိုယိုတားမြစ်ကြစဉ် တောထွက် ရဟန်းပြုသွားလေ သတည်း။

ထို့နောက် ဂင်္ဂမာလမည်သော မင်း၏ဆတ္တာသည် သည် ကျန်ရစ်သော ဥဒယမင်းထံမှ နေ့ထက်ဝက်စောင့်ရသော သီလ၏ အကျိုးမျှဖြင့် မင်းအဖြစ်ကိုရကြောင်း ကြားသိ တရားတော်၌ကြည်ညို ၍ ဟိမဝန္တာသို့ ထွက်ပြီးလျှင် ရသေ့ရဟန်းပြုကာ တရားအားထုတ်ရာ ပစ္စေကဗုဒ္ဓါဖြစ်လေ၏။ တစ်နေ့သော် ထိုပစ္စေကဗုဒ္ဓါသည် ဥဒယမင်း

ထံသို့ ကြွရောက် တရားဟောပြောရာ မင်းကို အမျိုးအမည်ဖြင့် "ဗြဟ္မဒတ်"ဟုခေါ်သည်ကို မင်း၏မယ်တော်နှင့်တကွ မင်းပရိသတ်တို့က ဤအမျိုးယုတ် ဆတ္တာသည်သည် ဤသို့ခေါ်ရာသလောဟု အမျက်ထွက်ကြလေ၏။

ထိုအခါ ဥဒယမင်းကြီးက ဆတ္တာသည်ပင်ဖြစ်သော်လည်း သီလနှင့်ပြည့်စုံသော သူတော်သူမြတ် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်နေပြီဖြစ်၍ အမျက်မထွက်သင့်ကြောင်း ဆုံးမပြီးနောက် အမျက်ထွက်သူတို့ကို ထိုပစ္စေကဗုဒ္ဓါအား တောင်းပန်ကန်တော့စေလေသတည်း။

ဇာတ်ပေါင်းသော်–
အဓမ္မာသကမင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ဥဒယမင်း၏မယ်တော်သည် မယ်တော်မာယာ ဖြစ်လာ၏။
မိဖုရားကြီးသည် ရာဟုလာမယ်တော် ဖြစ်လာ၏။
ဥဒယမင်းသည် ဘုရား ဖြစ်လာ၏။

## အဋ္ဌကနိပါတ်

### ၁၉၈။ စေတိယဇာတ် ၆

### စေတိယမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်ကို မြေမျိုသည်နှင့် စပ်လျဉ်း၍ ယခုသာမဟုတ် ရှေးကလည်း မျိုဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးလွန်လေပြီးသောအခါ စေတိယတိုင်း၊ သောတ္ထိယမြို့၌ ဥပရဝမည်သော မင်းသည် မင်းပြု၏။ ထိုစေတိယမင်းကား (၁) ကောင်းကင်သို့ သွားနိုင်ခြင်း။ (၂) နတ်သားလေးယောက်တို့သည် လေးမျက်နှာတို့၌ သန်လျက်စွဲ၍စောင့်ခြင်း။ (၃) ကိုယ်မှ စန္ဒကူးနံ့လှိုင်ခြင်း။ (၄) ခံတွင်းမှ ကြာညိုနံ့လှိုင်ခြင်းတည်းဟူသော တန်ခိုးလေးပါးနှင့် ပြည့်စုံ၏။

ထိုစေတိယမင်း၌ ခမည်းတော်လက်ထက်မှ ဆက်၍အမှုထမ်းလာသော ကပိလမည်သော ပုရောဟိတ်တစ်ယောက်ရှိ၏။ ထိုကပိလသည် ကြီးရင့်သည်နှင့် မိမိ၏သားကို ပုရောဟိတ်ရာထူး၌ ထားခဲ့၍ မိမိကား ရဟန်းပြုပြီးလျှင် ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် မင်းဥယျာဉ်၌ပင် နေ၏။

ထိုပုရောဟိတ် ကပိလ၏ညီဖြစ်သူ ကောရကလမ္ဗကနှင့် စေတိယမင်းသည် ကျောင်းနေဖက်ဖြစ်ဖူး၏။ ထိုသို့ဖြစ်စဉ်က စေတိယမင်းသားက မိမိမင်းဖြစ်သော် ပုရောဟိတ်ရာထူးကို ပေးမည်ဟု ကတိပြုဖူး၏။

ယခု စေတိယမင်းသား မင်းဖြစ်သည့်အခါ၌ ကပိလ၏သားက ပုရောဟိတ်ရာထူးကို ဆက်ခံရသဖြင့် ညီကောရကလမ္ဗကသည် ရာထူးကို မရဘဲရှိနေရာ ထိုစဉ်အခါကလည်း အမျိုးအရိုး၏ရာထူးကို သားကြီးသာလျှင် ဆက်ခံရမြဲဖြစ်သည်နှင့် စေတိယမင်းသည် ကပိလကို အငယ်၊ ကောရကလမ္ဗကကိုအကြီးဟု မုသားဆို၍ ကောရကလမ္ဗကအား ပုရောဟိတ်ရာထူးကို ရစေမည့်အကြောင်း ထုတ်ဖော်ပြောဆိုလေ၏။

ထိုသို့ မုသားကို ၇ ရက်မြောက်သောနေ့၌ ဆိုမည့်အကြောင်း တိုင်းပြည်၌ ပျံ့နှံ့သွားလေရာ ထိုခေတ်ကာလ၌ လူတို့သည် မုသားမဆိုကြသောခေတ်ဖြစ်၍ မုသားသည် မည်သို့သဘောရှိလေသနည်း။

အဖြူလော၊ အနီလော စသည်ဖြင့် အမျိုးမျိုး ကြံတွေးကြလျက် မှသားကို ကြည့်ကြကုန်အံ့ဟု ထို ၇ ရက်မြောက်သောနေ့၌ မင်းရင်ပြင်တွင် လာရောက်စည်းဝေးကြကုန်၏။ ကပိလရှင်ရသေ့လည်း ထိုအကြောင်းကိုကြားသော် စေတိယမင်းအား မုသားဆိုခြင်းမှ တားမြစ်အံ့ဟု ကြွရောက်လာလေ၏။

စေတိယမင်းသည် တန်ဆာဆင်ယင်၍ ပရိသတ်အလယ်ကောင်းကင်၌ ရပ်၏။ ထိုအခါ ကပိလရှင်ရသေ့လည်း ကောင်းကင်၌ ထက်ဝယ်ဖွဲ့လျက် အသင်မင်းကြီး၊ မုသားဆိုမည် မှန်သလောဟု မေး၏။ ဆရာ မှန်၏။ ငါဆိုလတ္တံ့ဟုဆို၏။ အသင်မင်းကြီး၊ မုသားဆိုခြင်းကား အပြစ်လေး၏။ ဂုဏ်ကျေးဇူးကို ဖျက်တတ်၏။ အပါယ်ဆင်းရဲကို ပေးတတ်၏။ မင်းတို့သည် မုသားဆိုသည်ရှိသော် တရားကိုသတ်သည်မည်၏။ တရားကိုသတ်သော် မိမိကိုယ်ကိုမိမိသတ်သည်မည်၏။ ထိုမှတစ်ပါးလည်း မုသားကိုဆိုလျှင် သင့်အားစောင့်နေသောနတ်သားလေးယောက်တို့သည် ဖဲကုန်လတ္တံ့။ ကိုယ်နံ့ ခံတွင်းနံ့တို့သည် ပုပ်လတ္တံ့။ သင်မင်းကြီးလည်း မြေသို့လျှောကျလတ္တံ့ဟု ဆိုပေ၏ ။

စေတိယမင်းကလည်း မည်သို့ပင်ဖြစ်စေ၊ မုသားကိုဆိုအံ့ဟု ပြန်ပြောလျက် အရှင်ကပိလရသေ့၊ သင်ကား ညီတည်း။ ကောရကလမ္ဗကကား အစ်ကိုတည်းဟုဆိုလေ၏။ ထိုသို့ဆိုသောခဏ၌ စောင့်သော နတ်သားလေးယောက်တို့လည်း ဖဲကုန်၏။ ကိုယ်နံ့ ခံတွင်းနံ့တို့လည်း ပုပ်လေ၏။ ကောင်းကင်မှလည်း လျှောကျလေ၏။

ထိုအခါ ကပိလရှင်ရသေ့က အသင်မင်းကြီး၊ ယခု တန်ခိုးလေးပါးကွယ်လေပြီ။ အကယ်၍ မှန်သောစကားကို ပြန်၍ဆိုအံ့။ ပကတိအတိုင်း ဖြစ်စေခြင်းငှာ တတ်နိုင်ပါသေး၏ဟု ဆို၏။ မင်း

လည်း ထိုစကားကိုမယူဘဲ နှစ်ကြိမ်မြောက် မုသားဆိုပြန်ရာ ဖမျက်တိုင်အောင် မြေသို့ဝင်လေ၏။

ထိုအခါ ကပိလရှင်ရသေ့က အသင်မင်းကြီး၊ မုသားဆိုသော မင်း၏တိုင်းပြည်သည် မိုးမမှန်လေ။ အကယ်၍ အမှန်ကိုဆိုအံ့ ပကတိအတိုင်း ဖြစ်စေနိုင်သေး၏ဟု ဆို၏။ မင်းလည်းမနာယူဘဲ တတိယအကြိမ် မုသားဆိုပြန်ရာ ပုဆစ်တိုင်အောင် မြေသို့ဝင်လေ၏။

ထိုအခါ ကပိလရှင်ရသေ့က။ အသင်မင်းကြီး၊ မုသားဆိုသော သူတို့သည် လျှာနှစ်ခွရှိသော မြွေနှင့်တူ၏။ အမှန်ကိုဆို၍ ပကတိဖြစ်စေလောဟု ဆို၏။ မင်းသည်လည်း စတုတ္ထအကြိမ် ထပ်၍ဆိုရာ ခါးတိုင်အောင် မြေတွင်နစ်လေ၏။

ရှင်ရသေ့က မုသားဆိုသူသည် လျှာမရှိသော ငါးနှင့်တူ၏ အမှန်ကိုဆို၍ ပကတိအတိုင်း ဖြစ်စေလောဟုဆိုပြန်၏။ မင်းလည်း မနာယူဘဲ ငါးကြိမ်မြောက်ထပ်၍ဆိုရာ ချက်တိုင်အောင် မြေသို့ဝင်လေ၏။

ရှင်ရသေ့က မုသားဆိုသောမင်းတို့၌ သားယောကျ်ား မရကုန်။ အမှန်ကိုဆို၍ ပကတိအတိုင်း ဖြစ်စေလောဟုဆိုပြန်၏။ မင်းလည်း မယူဘဲ ခြောက်ကြိမ်မြောက်ဆိုရာ သားမြတ်တိုင်အောင် နစ်လေ၏။

ရှင်ရသေ့က မုသားဆိုသော မင်းတို့၌ သားရသော်လည်း သားကောင်းသားမြတ်မရနိုင်။ အမှန်ကိုဆို၍ ပကတိအတိုင်း ဖြစ်စေလောဟုဆို၏။ မင်းသည်ကား ၇ကြိမ်မြောက် ထပ်၍သာလျှင် မုသားကိုဆိုလေသော် မြေသည် ဟင်းလင်းအပြင်ကိုပေး၍ မျိုယူသွားလေ၏။

ထိုသို့ မုသားဆို၍ စေတိယမင်းကို မြေမျိုလေသည်ဟု လူအပေါင်းတို့သည် အုတ်အုတ်ကျက်ကျက် ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်ကြကုန်၏။

ထိုမင်း၏သား ငါးယောက်တို့သည်လည်း ထိတ်လန့်ကြလျက်။ ကပိလရှင်ရသေ့၏ ညွှန်ကြားချက်ဖြင့် ထိုအဖ၏မြို့ကိုစွန့်၍ အခြား တော်ရာသင့်ရာ၌ မြို့ပြတည်၍ နေကြလေသတည်း။

ဇာတ်ပေါင်းသော်–
စေတိယမင်းသည် ဒေဝဒတ် ဖြစ်လာ၏။
ကပိလရသေ့သည် ဘုရား ဖြစ်လာ၏။

❒

## အဋ္ဌကနိပါတ်

## ၁၉၉။ ဒီပိဇာတ် ၁၀
## (ဒီပိ = သစ်တိရစ္ဆာန်)

## သစ်နှင့် ဆိတ်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဆိတ်မတစ်ကောင်သည် သစ်နှင့်တွေ့ရာ သတိပညာဖြင့် ထိုမှဤမှ ကောက်ကွေ့ရှောင်လွှဲပြေး၍ အသက်မှ ချမ်းသာသည်ကို အရှင်မောဂ္ဂလာန်မြင်ခဲ့၍ ဘုရားအား လျှောက်ထားသည်တွင် မြတ်စွာဘုရားက ထိုဆိတ်မသည် ယခုဘဝ၌ လွတ်သော်လည်း ရှေးကမူ အစားခံရဖူး၏ဟုအောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ရသေ့ကျောင်းအနီး၌ အဖော်ကွဲနေသောဆိတ်မတစ်ကောင်သည် သစ်တစ်ကောင်နှင့် ရင်ဆိုင်တွေ့၍ မပြေးနိုင်သဖြင့် အသက်ကို တောင်းပန်အံ့ဟု လောကွတ်ပျူငှာနှင့် ဦးရီး၊ ကျန်းမာပါ၏

လော။ အကျွန်ုပ်၏အမိသည် ဦးရီး၏ ချမ်းသာခြင်းကိုလိုကြောင်း ပြောပါသည်။ စင်စစ်သော်ကား အကျွန်ုပ်တို့သည် ဦးရီး၏အကျိုးကို လိုပါကုန်၏ဟု ဆို၏၊

သစ်ကလည်း ဟယ်-ဆိတ်မ၊ နင်သည် ငါ့အမြီးကိုနင်း၍လာ သည်မဟုတ်လော။ ယခုမှ လောကွတ်ပျူငှာနှင့် ခေါ်လျှင် လွတ်မည် ထင်သလောဟု ဆိုလေ၏။

ထိုအခါ ဆိတ်မက ဦးရီး၊ အကျွန်ုပ်သည် ဦးရီး၏ရှေ့မှလာပါ ၏။ အမြီးမှာ ဦးရီး၏နောက်၌ရှိပါ၏။ အသို့လျှင် အမြီးကို အကျွန်ုပ် နင်းနိုင်ပါအံ့နည်းဟု ဆို၏။

သစ်ကလည်း ဟယ် ဆိတ်မ၊ ငါ၏အမြီးသည် သမုဒ္ဒရာ ရေမြေတောတောင်၊ ကျွန်းကြီးလေးကျွန်းတည်းဟူသော အရပ်ခပ်သိမ်း တို့၌တည်၏။ အဘယ်အရပ်မှပင် အသင်လာစေ၊ ငါ့အမြီးကို နင်းမိ သည်သာတည်းဟု ဆိုပြန်၏။

ဦးရီး၊ ရှေးကပင်လျှင် သစ်တို့၏အမြီးသည် အလွန်ရှည်၏ဟု မိဘတို့ပြောသံကို ကြားဖူးသည်နှင့် အကျွန်ုပ်သည် မြေမှမလာဘဲ ကောင်းကင်မှလာခဲ့ပါသည်ဆို၏။

ထိုအခါ သစ်က သင်သည် ကောင်းကင်မှလာသည်ဖြစ်သော ကြောင့် ငါ၏အစာ သတ္တဝါတို့ ကြောက်လန့်၍ ပြေးကြကုန်ပြီ။ သို့ဖြစ်၍ သင်သည် ငါ၏အစာကိုဖျက်ဆီးသူဖြစ်သည်သာတကားဟု ဆိုပြီးလျှင် ဆိတ်မကို ကိုက်စားလိုက်လေသတည်း။

ပြစ်မှားမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သောသူတို့အား ချစ်ဖွယ် သောစကား၊ အကျိုးအကြောင်းနှင့်စပ်သောစကားတို့ကို ပြောဆိုခြင်း သည် အကျိုးမရှိနိုင်သည်သာတည်း။

ဇာတ်ပေါင်းသော်–
ထိုဆိတ်မသည် ဤဆိတ်မ ဖြစ်လာ၏။
ထိုသစ်သည် ဤသစ် ဖြစ်လာ၏။
ထိုအကြောင်းကို မြင်ရသောရသေ့သည် ဘုရား ဖြစ်လာ၏။

❒

# နဝကနိပါတ်

## ၂၀၀။ မဟာသုဝရာဇဇာတ်

(မဟာ = ကြီးမြတ်သော။ သုဝ = ကျေး။ ရာဇ = မင်း)

## အလိုနည်းသော ကျေးမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ရဟန်းတစ်ပါးသည် တောရွာတစ်ခု၌ ကောင်းသောကျောင်းရသော်လည်း ဆွမ်းကောင်းစွာ မရခြင်းကြောင့် ကျောင်းကိုစွန့်၍ လာခဲ့ကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူလျှင် ရဟန်းတို့မည်သည်မှာ ရသမျှဖြင့် ရောင့်ရဲသင့်ကြောင်း ရှေးက တိရစ္ဆာန်တို့ပင် ရောင့်ရဲခြင်းဖြင့် မိမိနေရာသစ်ပင်ကို မစွန့်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသရောအခါ ဂင်္ဂါမြစ်အနီး ရေသဖန်းပင်တစ်ပင်၌ များစွာသောကျေးတို့ နေကြရာ ရေသဖန်းသီးကုန်လတ်သော် အခြားအရပ်သို့ ပျံသွားကြလေ၏။ တစ်ခုသောကျေးမင်းသည်ကား အသီးကုန်သော် အညွန့်၊ အရွက်၊ အခွံ၊ အပွေးတို့ကို အစဉ်အတိုင်းစား၍ ဂင်္ဂါရေကိုသောက်လျက်သာ ထိုသဖန်းပင်ကို မစွန့်ဘဲနေ၏။ ကာလအတန်ကြာသော် သဖန်းပင်ခြောက်၍ အငုတ်သာဖြစ်ပြီးလျှင် ပိုးပေါက်တို့

သည် ဖြစ်ကုန်၏။ ထိုအခါလည်း ထိုပိုးစားသော အမှုန့်မှုံလောက်ကို သာစား၍ ရောင့်ရဲခြင်းဖြင့် သစ္စာတည်ကြည်စွာနှင့်နေ၏။

ထိုကျေးမင်း၏ ကျေးဇူးဂုဏ်ကြောင့် သိကြားမင်း၏နေရာ တုန်လှုပ်၍ စုံစမ်းသိရသော သိကြားမင်းသည် သုဇာတာမိဖုရားနှင့် ဟင်္သာပိုမသဏ္ဌာန်ဖန်ဆင်းလျက် လာရောက်ပြီးလျှင် အဆွေကျေးမင်း၊ ဤရေသဖန်းပင်သည် ခြောက်၍ အငုတ်မျှသာကျန်တော့၏။ အဘယ် ကြောင့် မစွန့်ပါသနည်း။

ဟင်္သာမင်း သူတော်ကောင်းတို့သည် အဆွေခင်ပွန်းတို့ကို ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ မစွန့်ကုန်။ ဤရေသဖန်းပင် သည် ငါ၏မိခိုရာဖြစ်၍ အဆွေခင်ပွန်းမည်၏။ ယခု အသီးအပွင့် စသည်ကုန်၍ အငုတ်သာကျန်သော်လည်း ငါမစွန့်နိုင်ဟုဆို၏။

ထိုအခါ ဟင်္သာမင်းသည် ဝမ်းမြောက်လျက် အဆွေကျေးမင်း၊ ရောင့်ရဲလွယ်ခြင်း၏ မိမိတို့အဆွေခင်ပွန်းတို့အပေါ်၌ သစ္စာတည်မြဲ ခြင်းတို့ကား စင်စစ် ချီးမွမ်းဖွယ်ဖြစ်၏။ ယခုသော် သင်အလိုရှိသော ဆုကို ငါပေးအံ့၊ တောင်းလောဟု ဆို၏။

အဆွေဟင်္သာမင်း အကယ်၍သင်ပေးအံ့။ ဤသဖန်းပင်ကို အသီးအပွင့်နှင့် ပြန်၍ပြည့်စုံအောင်ပြုလောဟု ဆို၏။

ထိုအခါ သိကြားမင်းနှင့် သုဇာတာသည် မိမိတို့ကိုယ်ကိုပြပြီး လျှင် ဂင်္ဂါမှရေကို လက်ခုပ်ဖြင့်ယူ၍ သဖန်းငုတ်တို့၌ သွန်းလောင်း သည်ရှိသော် သဖန်းပင်သည် ချက်ချင်းပင် စိမ်းစို၍ အရွက်အပွင့် အသီးတို့နှင့် ပကတိအတိုင်း ပြည့်စုံလေသတည်း။

ဇာတ်ပေါင်းသော်–

သိကြားမင်းသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။

ကျေးမင်းသည် ဘုရား ဖြစ်လာ၏။

❒

# နဝကနိပါတ်

## ၂၀။ ပဒကုသလမာဏဝဇာတ် ၆

(ပဒ = ခြေရာ။ ကုသလ = လိမ္မာသော။ မာဏဝ = လုလင်ပျို။)

## ခြေရာခံတတ်သော လုလင်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သာဝတ္ထိပြည်၌ သူကြွယ်သားတစ်ယောက်သည် ခုနစ်နှစ်အရွယ်ကပင် ခြေရာခံအတတ်ကို ကောင်းစွာနားလည်၏။ အဖသည် မိတ်ဆွေတို့အိမ်များသို့ အလည်အပတ်သွားလျှင်ထိုသူငယ်သည် လူတို့အား မမေးမြန်းဘဲ ခြေရာကိုကြည့်ခြင်းအားဖြင့်သာ အဖထံသို့ အရောက်လိုက်လေ့ရှိ၏။ ဤသို့ပင် မည်မျှပင်ကောက်ကွေ့လိမ်ရှုပ်၍သွားသော်လည်း မမှားအောင် လိုက်နိုင်၏။

ထိုအကြောင်းကို သူကြွယ်သည် မြတ်စွာဘုရားအားလျှောက်သော် ရှေးကလည်း ဤသို့ပင်တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ တစ်ခုသောတောင်ခြေ၌ လူယောကျ်ားတစ်ယောက်နှင့် ဘီလူးမတစ်ယောက်တို့ သင့်မြတ်နေကြရာ သားတစ်ယောက်ဖွား၏။ ဘီလူးမသည် အစာရှာသွားသောအခါ လင်နှင့်သားတို့ ထွက်ပြေးမည်ကိုစိုး၍ ၎င်းတို့ကို ကျောက်ဂူတွင် ကျောက်ဖျာဖြင့် ပိတ်ထားလေ့ရှိ၏။ သားကြီးလည်း အလုံးစုံအကြောင်းကိုသိရသော် အဖနှင့်တိုင်ပင်၍ ထွက်ပြေးကြလေ၏။ အမိလိုက်၍တားရာ မရ။ မိမိပိုင်သော နယ်မှလွန်လျက် မြစ်ကိုကူးကြသောအခါ အမိဘီလူးမက သားကို အမောင်၊ ငါ့ထံပြန်မလာလျှင် လူ့ပြည်၌အသက်မွေးရန် စိန္တာမဏိမန္တရားကို ငါသင်လိုက်အံ့။ ထိုမန္တရားအစွမ်းမှာ လွန်ခဲ့သော ၁၂ နှစ်လောက်အတွင်း၌ ခိုးဆောင်သော ဥစ္စာကိုလည်းကောင်း၊ ခြေရာအစဉ်

ကိုလည်းကောင်း သိနိုင်၏ဟုဆိုပြီးလျှင် မန္တရားကို သင်ပြီးနောက် သား၌ အလွန်ချစ်ခင်သည်ဖြစ်၍ ထိုနေရာ၌ပင် ဘီလူးမ ရင်ကွဲလေသတည်း။ လင်နှင့်သားလည်း အလောင်းကိုသင်္ဂြိုဟ်ကြပြီးနောက် ဗာရာဏသီသို့သွားရောက်ကြ၍ သားသည် ထိုအတတ်ဖြင့် မင်းထံ၌ ခစားလေ၏။

တစ်နေ့သော် မင်းနှင့် ပုရောဟိတ်တို့သည် ထိုလုလင်၏ အတတ်ကို စုံစမ်းကြအံ့ဟု မင်း၏ဥစ္စာကိုပင်ယူ၍၊

ပြာသာဒ်မှဆင်း၍၊

မင်းအိမ်တံခါး၌ သုံးကြိမ်လှည့်၍၊

လှေကားဖြင့် တံတိုင်းကိုကျော်ဟက်၍၊

တရားစီရင်ရာ တင်းကုပ်သို့သွား၍၊

ထိုမှတစ်ဖန် လှေကားဖြင့် တံတိုင်းကိုကျော်၍၊

နန်းတွင်းရေကန်သို့သွား၍၊

ရေကန်ကို သုံးကြိမ်ရစ်၍၊

ရေကန်တွင်းသို့ဆင်း၍၊

ဥစ္စာကိုထားခဲ့ပြီးမှ နန်းတော်သို့ ပြန်ခဲ့ကြ၏။

ထို့နောက် မင်း၌ဥစ္စာပျောက်သည်ဟု အုတ်အုတ်ကျက်ကျက် ဖြစ်စေ၍ ထိုခြေရာကို ခံတတ်သောလုလင်အား ဥစ္စာကို ရှာစေ၏။

လုလင်လည်း ဝန်ခံ၍ အမိအား ရည်ရွယ်ရှိခိုးလျက် မန္တရားကို ရွတ်ပြီးလျှင် အရှင်မင်းကြီး နှစ်ယောက်သောသူတို့၏ ခြေရာကို မြင်ပါသည်ဟု ဆို၍ မင်းနှင့် ပုရောဟိတ်တို့၏ခြေရာတို့ကို သွားသည့် အစဉ်အတိုင်း မလွဲမချော် လိုက်လေ၏။ အဆုံး၌ ရေကန်မှဥစ္စာကို ယူ၍ပေးပြီးမှ အရှင်မင်းကြီး၊ ဤသူနှစ်ယောက်ကား ထင်ရှားသောသူ နှစ်ယောက်ဖြစ်ရာ၏။ အကြောင်းကား ရေကန်မှ မင်းအိမ်သို့တက်သွားပါသည်ဟု ဆိုလေ၏။

လူအပေါင်းတို့လည်း လုလင်အား ချီးမွမ်းအံ့ဩကြလျက် လက်ခါခြင်း၊ ပုဆိုးဦးရစ်ပတ်ခြင်း စသည်တို့ကို ပြုကုန်၏။

မင်းနှင့် ပုရောဟိတ်တို့သည်ကား ထိုလုလင်သည် ဥစ္စာကို ရှာနိုင်သော်လည်း ခိုးသူကို ဖမ်းပေးနိုင်မည်မဟုတ်ဟု အသင်လုလင်၊ ခိုးသူကို ဖမ်းပေးလောဟု ဆိုလေ၏။

အရှင်မင်းကြီး၊ ခိုးသူတို့သည် ဤအရပ်တွင်ပင်ရှိ၏။ အကျွန်ုပ် ပြနိုင်ပါ၏။ သို့ရာတွင် ဥစ္စာရပြီဖြစ်ရကား ခိုးသူကိုဖမ်း၍ အဘယ် အကျိုးရှိအံ့နည်း။

အမောင်၊ သင့်အား တစ်နေ့လျှင် ငါသည် တစ်ထောင်သော ဥစ္စာကို ပေး၏။ ဥစ္စာထက် ခိုးသူကို ပို၍အလိုရှိ၏။ ခိုးသူကိုသာ အပ်လော။

အရှင်မင်းကြီး၊ ထိုသို့တပြီးကား ဤသူဟု တိုက်ရိုက်မပြဘဲ ဥပမာဖြင့် ပြပါအံ့။ ဆင်ခြင်၍သာ သိတော်မူကြပါလော့ဟုဆို၍ အောက်ပါဝတ္ထုတို့ကို ဆောင်၏။

(က) ရှေးသရောအခါ စောင်းသမားတစ်ယောက်သည် သေ အတန်ငယ်ယစ်လျက် စောင်းကိုလည်၌ဆွဲ၍ မယားနှင့်တကွ မြစ်ကို ကူးရာ မြစ်လယ်၌ စောင်းထဲသို့ ရေဝင်သည်နှင့် စောင်းသမားနစ်လေ ၏ ။

ထိုအခါ မယားသည် တစ်ဖက်သို့အရောက်ကူး၍ ကမ်းမှနေ လျက် ငါ့လင်သည် ရေနစ်၍ သေတော့အံ့။ သူသေသည်ထက် ငါ အနေရခက်လိမ့်မည်။ မသေမီ သီချင်းတစ်ပုဒ် တောင်း၍ အသက်မွေး ရတော့အံ့ဟု ကြံပြီးလျှင် လင်ဖြစ်သူ နစ်ချည်ပေါ်ချည်တွင် အရှင်၊ ငါ့အားအသက်မွေးရန် သီချင်းတစ်ပုဒ်မျှ သင်ပေးခဲ့ပါလော့ဟု ဆိုလေ ၏ ။

ထိုအခါ လင်က ရှင်မ၊ သင်သည် သီချင်းတောင်းရက်ပေ၏။ ငါကား ရေနစ်လျက်ရှိ၏။ ယခု လူတို့၏ကိုးကွယ်ရာဖြစ်သော ရေသည် ငါ့ကိုသတ်လျက်ရှိ၏ဟု ဆိုလေသတည်း။

အရှင်မင်းကြီး၊ ဝတ္ထုဦး ရေသည် လူတို့၏ ကိုးကွယ်ရာဖြစ်သကဲ့သို့ မင်းသည်လည်း လူတို့၏ကိုးကွယ်ရာဖြစ်ပါ၏။ မင်းထံမှ ဘေးဖြစ်သော် ထိုဘေးကို အဘယ်သူကာကွယ်နိုင်အံ့နည်း။ အရှင်မင်းကြီး၊ ဥပမာဖြင့် ခိုးသူကို သိပါလော့ဟု ဆို၏။

မင်းသည်ကား လုလင်၊ သင့်ဥပမာကို ငါနားမလည်၊ ခိုးသူကိုသာ ဖမ်းပေးလော့ဟု ဆို၏။

(ခ) ထိုအခါ လုလင်က အရှင်မင်းကြီး ဥပမာတစ်ခု ဆောင်ပါဦးအံ့။ ။ ရှေးအခါက အိုးထိန်းသည်တစ်ယောက်သည် မြေယူရန် မြေလိုဏ်တူးရာ လိုဏ်ပြိုကျ၍ ခေါင်းကွဲလေ၏။ ထိုအခါ အိုးထိန်းသည်သည် လူတို့၏ ကိုးကွယ်ရာဖြစ်သော မြေကြီးသည် ငါ၏ဦးခေါင်းကိုခွဲ၏ဟု ငိုပါသည်။ ထို့အတူလည်းကောင်း ကိုးကွယ်ရာဖြစ်သော မင်းက စ၍ခိုးသည်ရှိသော် အဘယ်သူ တားနိုင်အံ့နည်း။ ဤဥပမာဖြင့် ခိုးသူကို သိတော်မူပါလော့ဟု ဆို၏။

မင်းကလည်း လုလင်၊ သင်၏ကွယ်ဝှက်သောစကားကို ငါအလိုမရှိ။ ဤသူ ခိုးသူတည်းဟုပြ၍ ဖမ်းပေးလော့ဟု ဆို၏။

(ဂ) လုလင်လည်း မင်းအား စောင့်ရှောက်လိုသည်ဖြစ်၍ အရှင်မင်းကြီး၊ အကျွန်ုပ် ဥပမာတစ်ခုဆောင်ဦးအံ့။ ။ လူတစ်ယောက်သည် အိမ်၌ မီးလောင်၍ အိမ်တွင်းသို့ဝင်ရောက် ဥစ္စာတို့ကိုယူရာ ဂါခါးပိတ်၍ မထွက်နိုင်သည်နှင့် လူတို့၏ကိုးကွယ်ရာဖြစ်သောမီးသည် ငါ့ကိုသတ်၏ဟု ငိုသကဲ့သို့ ယခုလည်း ကိုးကွယ်ရာဖြစ်သော တစ်ယောက်သောသူသည် ဥစ္စာကိုခိုး၏။ အရှင်မင်းကြီး ခိုးသူကို မပြော

ပါရစေနှင့် ဥပမာဖြင့်သာ သိတော်မူပါလော့ဟုဆို၏။

(ဃ) အရှင်မင်းကြီး၊ ဥပမာဆိုဦးအံ့။ ။ လူတစ်ယောက်သည် အစားလွန်၍ အစာမကြေ ဝေဒနာဖြစ်ရာ လူတို့၏ကိုးကွယ်ရာဖြစ်သော ထမင်းအစာသည် ငါ့ကိုသတ်၏ဟု ဆိုသကဲ့သို့လည်းကောင်း၊

(င) သစ်တစ်ပင်၌ ငှက်တို့နေကြရာ အကိုင်းချင်း ကြိတ်၍ မီးဖြစ်လျှင် ကိုးကွယ်ရာသစ်ပင်မှ ဘေးဖြစ်၏ဟူ၍လည်းကောင်း၊ ဤဥပမာတို့ဖြင့် ခိုးသူကို သိတော်မူပါလောဟု လျှောက်၏။

(စ) တစ်ဖန် ဆက်လက်၍ ရှေးသောအခါ ချွေးမတစ်ယောက်သည် ယောက္ခမကိုမလို၍ လင်အား အသတ်ခိုင်း၏။ လင်က လူတစ်ယောက်အသက်ကိုသတ်ရန် မလွယ်ကူပါ။ အသို့သတ်ရအံ့နည်းဟု မေး၏။

သင့်အမိ အိပ်ပျော်စဉ် ခုတင်ပါချီမ၍ မိကျောင်းရဲသောမြစ်၌ ချလေလော့။

ကောင်းပြီ၊ သင့်အမိ ဘယ်မှာအိပ်သနည်း။

ငါ့အမိသည် သင့်အမိအနီးတွင် အိပ်၏။

ကောင်းပြီ ငါ့အမိ၏ခုတင်ကို ကြိုးဖြင့်ချည်မှတ်ထားလော့ဟု လင်ကဆို၏။ မယားလည်း ချည်ထား၏။

ညဉ့်အခါ လင်က ရှင်မ၊ ငါ့အမိအိပ်ပျော်မှ မြစ်တွင်ချကြအံ့ဟု ဆို၍ အိပ်ချင်ယောင်ပြုပြီးမှ တိတ်တဆိတ်ထသွားပြီးလျှင် ကြိုးကို မယား၏အမိခုတင်တွင် ပြောင်းလဲချည်ထားလေ၏။

ထို့နောက် လင်မယားနှစ်ယောက်သည် မယား၏အမိကိုသာ ခုတင်ဖြင့် ချီယူသွားကြ၍ မြစ်တွင်ချလေ၏။

နံနက်အခါ မယားသည် မိမိ၏အမိကို သတ်မိကြောင်းသိလျှင် အရှင်၊ မှားချေပြီ။ သင့်အမိကို သုသာန်တွင် မီးတိုက်၍ သတ်

ကြဦးစို့ဟု တိုင်ပင်ပြီးလျှင် အမိအိပ်ပျော်စဉ် သုသာန်သို့ ချီယူသွားကြလေ၏။

မီးမယူခဲ့ကြသဖြင့် အိမ်သို့ပြန်၍ လင်မယားနှစ်ယောက် မီးယူနေစဉ် အမိသည်နိုး၍ ဆင်ခြင်သိလေသော် ထင်းတုံးတစ်ခုကို မိမိနေရာတွင် အဝတ်ဖုံးလွှမ်းထားပြီးမှ အနီးအနားရှိလိုဏ်တွင် ဝင်၍နေလေ၏။

လင်မယားနှစ်ယောက်တို့သည် ထင်းတုံးကို အမိအမှတ်ဖြင့် မီးတိုက်၍ သွားကြလေ၏။

ခိုးသူတစ်ယောက်သည် အမိအောင်းသောလိုဏ်၌ ဥစ္စာထုပ်ကို ထားခဲ့၍ တစ်ဖန်ယူရန်လာလတ်သော် ထိုမိန်းမအိုကိုမြင်လျှင် ဘီလူးမထင်သည်နှင့် ဆေးသမားတစ်ယောက်ကို ပြန်၍ခေါ်လာလေ၏။

ဆေးသမားသည် မန္တန်ကိုရွတ်လျက် လိုဏ်သို့ဝင်သော် ထိုမိန်းမအိုက ငါသည် ဘီလူးမ မဟုတ်၊ သင်ဝင်ခဲ့လော့၊ ငါတို့နှစ်ယောက် ဥစ္စာကို ဝေယူအံ့ဟုဆို၏။ ဆေးသမားကလည်း အသင့်စကားကို အသို့ယုံအံ့နည်းဟုဆိုသော် သင်၏လျှာကို ငါ၏လျှာပေါ်သို့ တင်ထားလေဟု ဆိုသည့်အတိုင်း တင်လေလျှင် မိန်းမအိုသည် ဆေးသမား၏လျှာကို ကိုက်ဖြတ်၍ လဲစေ၏။ ဆေးသမားလည်း စင်စစ် ဘီလူးမဖြစ်သည်ဟု အော်ဟစ်ထွက်ပြေးလေ၏။

ထိုအခါ အမယ်အိုသည် ဥစ္စာထုပ်ကိုယူလျက် အိမ်သို့ပြန်ခဲ့၏။ ချွေးမမြင်လျှင် အံ့သြ၍ ဥစ္စာကို အသို့ရခဲ့သနည်းဟုဆို၏။ သုသာန်၌ မီးတိုက်ခြင်းကို ခံရသဖြင့် ရပေသည်ဟုဆို၏။ မိခင်၊ အကျွန်ုပ်လည်း ရနိုင်ပါမည်လော။ သမီး ငါကဲ့သို့ဖြစ်သော် ရလတ္တံ့ဟုဆို၏။

ထိုအခါ ချွေးမသည် ဥစ္စာရလိုသည်နှင့် မိမိလင်အား ပြောပြ၍ မိမိကိုမီးတိုက်စေ၏။ နောက်တစ်နေ့နံနက်၌ ထိုမိန်းမ ပြန်မလာ

သဖြင့် သားက အမိ၊ သင်၏ချွေးမ မလာတကားဟုဆို၏။ အမိက လည်း ဟယ်– လူမိုက်၊ သေလေပြီးသော မိန်းမသည် အသို့လျှင် ပြန်လာနိုင်အံ့နည်းဟု ဆိုလေသတည်း။

ဤတွင် ချွေးမသည် ယောက္ခမ၏မှီခိုရာဖြစ်လျက် ထိုချွေးမမှ ဘေးဖြစ်သကဲ့သို့ လူတို့၏ ကိုးကွယ်ရာဖြစ်သော မင်းမှ ဘေးဖြစ်သော် အဘယ်သူမြင်နိုင်အံ့နည်း။ အရှင်မင်းကြီး၊ ဆိုခဲ့ပြီးသော ဥပမာတို့ကိုထောက်၍ ခိုးသူကို သိတော်မူပါလော့ဟု ဆို၏။

မင်းကြီးကလည်း အမောင်၊ အသင်၏ဥပမာတို့ကို ငါအလိုမရှိ။ ခိုးသူကိုသာ ဆွဲ၍ပြလောဟုဆို၏။

ထိုအခါ လုလင်က ထိုသို့တပြီးကား ခိုးသူကိုပြပါတော့အံ့ဟု ဆို၍ လူအပေါင်းတို့ကို စည်းဝေးစေပြီးလျှင် အို လူအပေါင်းတို့၊ ကိုးကွယ်ရာဖြစ်သောသူတို့မှ ဘေးသည်ဖြစ်ခဲ့၏။ ဤမင်းနှင့် ပုဏ္ဏားတို့သည် ခိုးသူတို့ပင် ဖြစ်ပါ၏။ ဖမ်းကြလေကုန်ဟု ဆိုလေ၏။

လူတို့လည်း မင်းနှင့် ပုရောဟိတ်တို့သည် လူတို့အား စောင့်ရှောက်ရမည်ဖြစ်လျက် မိမိတို့ဥစ္စာကို မိမိတို့ခိုး၍ သူတစ်ပါးတို့အပေါ်၌ အပြစ်ရောက်စေခြင်းငှာ ခိုးသူကိုရှာစေ၏။ ထိုသူတို့ကို တစ်ဖန်မခိုးနိုင်အောင် သတ်ကြကုန်အံ့ဟုဆို၍ မင်းနှင့် ပုဏ္ဏားတို့ကို သတ်ပစ်ကြပြီးနောက် ထိုပဒကုသလလုလင်အား မင်းမြှောက်ကြလေသတည်း။

ဇာတ်ပေါင်းသော်–

ပဒကုသလလုလင်၏အဖသည် ကဿပမထေရ် ဖြစ်လာ၏။

ပဒကုသလလုလင်သည် ဘုရား ဖြစ်လာ၏။

❒

## နဝကနိပါတ်

## ၂၀၂။ ပုတိမံသဇာတ် ၁၁
(ပုတိ = အပုပ်၊ ပုပ်သော။ မံသ = အသား။)

## မြေခွေးနှင့် ဆိတ်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကြည့်သင့်သောကာလ၊ မကြည့်သင့်သောကာလတို့ကို ဆင်ခြင်၍ ဣန္ဒြေကို စောင့်ရှောက်အပ်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ မြေခွေးလင်မယားတို့သည် မိမိတို့နှင့် မနီးမဝေးသောအရပ်၌နေသော ဆိတ်တစ်အုပ်မှ ဆိတ်တို့ကို ဥပါယ်အားဖြင့် ဖမ်းဆီးစားသောက်၍ ဆိတ်မတစ်ကောင်သာ ကျန်တော့၏။ တစ်နေ့သော် ထိုဆိတ်မကိုလည်း ဥပါယ်ဖြင့်စားဦးအံ့ဟု မြေခွေးဖိုက မြေခွေးမအား ငါသည် သေဟန်ပြု၍ အိပ်နေအံ့။ သင်သည် ဆိတ်မထံသို့သွား၍ အဆွေခင်ပွန်းဖွဲ့ပြီးလျှင် ခေါ်ခဲ့လော့ဟု ဆို၏။

မြေခွေးမလည်း ဆိတ်မထံသို့ သွားရောက်မိတ်ဆွေဖွဲ့လျက် မိမိလင် သေဆုံးသည်ဖြစ်၍ ကိုးကွယ်ရာလည်း မရှိသောကြောင့် သင်္ဂြိုဟ်ရန် လာရောက်ကူညီပါမည့်အကြောင်းဖြင့် တောင်းပန်လေ၏။

ဆိတ်မကလည်း သင်၏လင်သည် ငါတို့၏ဆွေမျိုးတို့ကို စားသည်မှာ ကုန်ချေပြီ။ ငါကြောက်၏ မလိုက်ဝံ့ဟု ဆိုလေ၏။ မြေခွေးက အဆွေဆိတ်မ၊ သေပြီးသောသူသည် အသို့လျှင် ဘေးပြုနိုင်အံ့နည်း။ မကြောက်လင့်၊ လိုက်ခဲ့ပါလော့ဟု အကြိမ်ကြိမ်တောင်းပန်၏ ။

ထိုအခါ ဆိတ်မသည် ဟုတ်တန်ရာ၏ဟု လိုက်လာ၏။ သို့ရာတွင် များစွာမယုံကြည်သည်နှင့် မြွေမကို ရှေ့ကထားလျက် သတိနှင့် လိုက်လာခဲ့၏။

မြွေသည်ကား ခြေသံကိုကြားသော် ဆိတ်မ ပါ၏လော၊ မပါ၏လောဟု ဦးခေါင်းကို ထောင်၍ကြည့်လေ၏။ ထိုကို ဆိတ်မ မြင်သော် မြွေ၏အကြံအစည်တို့ကိုသိ၍ ပြန်ပြေးလေ၏။

ထိုအခါ အကြံမမြောက်၍ မြွေမ မှိုင်နေသည်ကို မြွေဖို က သင်သည် ပြန်သွားသောဆိတ်မ၌ အမျက်ထွက် စိုးရိမ်သည်မှာ အရူးနှင့်တူ၏ဟုဆို၏။

မြွေမကလည်း ငါသည် မရူး။ ကြည့်သင့်သောကာလ၊ မကြည့်သင့်သောကာလတို့ကို မဆင်ခြင်ဘဲ သေဟန်ပြုနေရာမှ ခေါင်း ထောင်၍ကြည့်သော အသင်သည်သာလျှင် ရူး၏ဟုဆို၏။

ထို့နောက်မှ မြွေမသည် မြွေဖိုအား အသင်မစိုးရိမ်လင့်။ ဆိတ်မကို ငါရအောင် ခေါ်ခဲ့မည်ဟုဆို၍ ဆိတ်မထံသို့သွားပြီးလျှင် အဆွေခင်ပွန်းမ၊ သင်၏လာခြင်းသည် ငါတို့အား အကျိုးဖြစ်စေ၏။ အကြောင်းကား သင်လာသည့်အတွက် ငါ၏လင်သည် ပြန်ရှင်ရ၏။ သို့ကြောင့် ငါ၏လင်နှင့် မေးမြန်းပြောဆိုရန် လာပါလော့ဟုဆို၏၊

ထိုအခါ ဆိတ်မသည် ထိုမြွေယုတ်မကား ငါ့ကို လှည့်ဖြား လာပြန်၏။ ငါကလည်း ဥပါယ်ဖြင့် ၎င်းကိုပြေးစေအံ့ဟု ကြံပြီးသော် အဆွေမြွေမ ကောင်းပြီ၊ ငါလာအံ့။ သို့ရာတွင် ငါသည် သင်တို့ အား ချီးမြှောက်ခြင်းငှာ များစွာသောအခြွေအရံတို့နှင့် လာခဲ့အံ့။ အစားအစာ လုံလောက်စွာ ပြုပြင်ထားလော့ဟု ဆိုလေ၏။

မြွေမက အခြွေအရံဆိုသည်တို့ကား အသူတို့နည်းဟု မေး၏။ ဆိတ်မက ငါ၏အခြွေအရံကား မြွေလေးကောင်တည်း။

ထိုတစ်ကောင်တစ်ကောင်သော မြေခွေး၌ အခြွေအရံ ငါးရာစီရှိ၏။ ဤသို့လျှင် မြေခွေးနှစ်ထောင်နှင့် ငါလာခဲ့အံ့။ အစားအစာမလုံလောက်သော် သင်တို့လင်မယားကို သတ်၍စားလတ္တံ့ဟု ဆိုလေ၏။

ထိုအခါ မြေခွေးမသည် ကြောက်လန့်ရကား အဆွေခင်ပွန်းမ၊ သင်သည် အိမ်မှထွက်သွားသော် သင်၏ဥစ္စာဘဏ္ဍာတို့ ပျက်စီးယိုယွင်းလတ္တံ့။ သို့ကြောင့် သင်၏ကျန်းမာကြောင်းကို ငါပင်ပြောလိုက်ပါတော့အံ့။ သင်မလာပါနှင့်တော့ဟုဆို၍ အလျင်အမြန် ပြန်ပြေးလေသတည်း။

ဇာတ်ပေါင်းသော်–

ထိုအခါကအဖြစ်အပျက်တို့ကို မြင်ရသော ရက္ခစိုးသည် ယခုအခါ ဘုရား ဖြစ်လာ၏။

❐

## နဝကနိပါတ်

## ၂၀၃။ တိတ္တိရဇာတ် ၁၂
## (တိတ္တိရ = ခါငှက်)

## ရသေ့စဉ်းလဲအကြောင်း

မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်အံ့သောငှာ လုံ့လထုတ်သည်နှင့် စပ်လျဉ်း၍ ရှေးကလည်း သတ်ဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဒိသာပါမောက္ခဆရာကြီးသည် ဟိမ ဝန္တာအရပ်၌ ခေတ္တယာယီကျောင်းပြု၍ လုလင်ငါးရာတို့အား ပညာ သင်ကြားလျက်နေ၏။ ထိုဆရာကြီး၏ကျောင်း၌ နွားသားအမိသည် လည်းကောင်း၊ ကျောင်းအနီး၌ သားငယ်နှစ်ခုနှင့် ဖွတ်သည်လည်း ကောင်း၊ ခါ၊ ခြသေ့၊ ကျားတို့သည်လည်းကောင်း အချင်းချင်း အဆွေ ခင်ပွန်းဖြစ်ကြလျက်နေကြကုန်၏။

တစ်နေ့သော် တပည့်တို့သည် အတတ်အပြီးသို့ မရောက်မီ ဆရာကြီးသေလွန်ရာ ထိုဆရာကြီးသင်ကြားသည်တို့ကို အထပ်ထပ် ကြားနာမှတ်သားထားသော ထိုခါ၏ထံ၌ တပည့်တို့သည် ဆက်လက် ၍ ပညာသင်ကြားကြကုန်၏။

တစ်ခါသော် လုလင်တို့သည် မိမိတို့အရပ်ဌာနသို့ ခေတ္တပြန်နေ ကြစဉ်အခါ ကရုဏာမဲ့သောရသေ့ပျက်တစ်ဦးသည် ထိုကျောင်းသို့ ရောက်လာရာ ဖွတ်မက ဤမည်သောနေရာတို့၌ ဆီဆန်တို့ရှိ၏ဟု ထိုရသေ့အား ပြထားခဲ့ပြီးလျှင် အစာရှာထွက်သွားလေ၏။

ရသေ့ပျက်သည်ကား နံနက်၌ ဖွတ်ငယ်နှစ်ခုကိုသတ်၍စား၏။ နေ့အခါ၌ ခါနှင့် နွားငယ်ကို၊ ညချမ်းအခါ၌ နွားမကြီးကို သတ်စားပြီး လျှင် အိပ်နေလေ၏။

ဖွတ်မသည် ညချမ်းအခါ ပြန်လာရာ ရက္ခစိုးက ပြောပြသဖြင့် အကြောင်းအလုံးစုံကို သိရသော် မိမိကိုလည်း စားမည်ကိုကြောက် သဖြင့် ပြေးလေ၏။

ထိုအခါ မိတ်ဆွေဖြစ်သော ကျားနှင့် ခြသေ့တို့သည် ခါကို မမြင်သည်မှာ ၇ ရက်ခန့်ရှိပြီဖြစ်၍ ကျားသည် စုံစမ်းရန်လာလေ၏။ ထိုရသေ့ပျက်၏ ဆံကျစ်ကြား၌ ခါမွေးတို့ကိုလည်းကောင်း၊ အနီး အနား၌ နွားရိုးဖွတ်ရိုးတို့ကိုလည်းကောင်း၊ ကျောင်း၌ ခါ မရှိသည်ကို

လည်းကောင်း ကျားသည် မြင်သောအခါ ထိုသူယုတ်ပင် ထိုသတ္တဝါတို့ကို သတ်စားလတ္တံ့ဟု ခြေဖြင့်ခတ်၍ ထစေ၏။ ရသေ့လည်း ကြောက်လန့်တကြား ထလေ၏။

ထိုအခါ ကျားက ဟယ်ယောကျ်ားယုတ်၊ သင်သည် ဖွတ်၊ ခါ၊ နွားတို့ကို သတ်စားသည်မဟုတ်လော။

အရှင်၊ အကျွန်ုပ်မစားရပါ။

ဟယ်လူယုတ်၊ သင်မသတ်သော် အသူသတ်အံ့နည်း။ မှန်တိုင်းကို မဆိုလျှင် ယခုပင် သင့်ကို ငါသတ်အံ့ဟု ဆိုလေ၏။

ထိုအခါမှ ရသေ့သည် ကြောက်လန့်သည်ဖြစ်၍ အရှင်၊ ဖွတ်တို့ နွားတို့ကို စားမိသည်မှာ မှန်ပါသည်။ သို့ရာတွင် ခါကိုကား မသတ်ပါဟု ဆိုလေ၏။

ကျားလည်း ရသေ့၏စကားကို မယုံသည်နှင့် သင် အဘယ်မှ လာသနည်း။ မည်သို့အသက်မွေးသနည်းဟု မေး၏။ ရသေ့ကလည်း ဤမည်သောအရပ်မှလာကြောင်း၊ ဤသို့အသက်မွေးကြောင်းတို့ကို ပြောလျှင် ကျားက အသင်၏အသက်မွေးပုံတို့ကိုထောက်သော် သင်ပင် ခါကိုသတ်မည်ဖြစ်၏။ လိုက်ခဲ့လော့ဟုဆို၍ ရသေ့ကို ခြင်္သေ့ထံသို့ ခေါ်ဆောင်သွားလေ၏။

ရောက်သော် ကျားက အဆွေခြင်္သေ့၊ ဤရသေ့ပျက်၏ အသက်မွေးပုံကိုထောက်သော် ငါတို့၏အဆွေခါကို ဤရသေ့ပင် သတ်တန်ရာ၏ဟု ဆို၏။ ထိုအခါ ခြင်္သေ့က အဆွေကျား၊ သင်၏ထင်မြင်ချက်တို့ကို အကျယ်ပြောပါလော့ဟုဆို၏။

ကျားက ဤသူသည် ကုန်သည်တို့၏ အစေအပါးလည်းဖြစ်ဖူး၏။ ကုန်လည်းသွယ်ဖူး၏။ သစ်ငုတ်ခြောင့်ရှိသော ခရီးကြမ်းကိုလည်း သွားဖူး၏။ သဘင်သည်တို့နှင့်လည်း ပေါင်းသင်းလေ့ကျက်ဖူး

၏။ အထူးထူးသော ပွဲသဘင်အလယ်၌ ဆောက်ပုတ်တို့ဖြင့် ထိုးဖူး၏။ ငှက်တို့ကို ဖမ်းဆီးရောင်းချဖူး၏။ စပါးလည်း ချင်ဖူး၏။ ကြွေအန်ကစားဖူး၏။ သူသတ်ယောက်ျားလုပ်ဖူး၏။ ရသေ့ကြောင်လည်း လုပ်ဖူး၏။ ဤသို့အလုပ်အမျိုးမျိုးစုံလုပ်၍ ယုတ်မာသော အသက်မွေးခြင်းအမျိုးမျိုး ရှိဖူးသည်ကို ထောက်၍လည်းကောင်း၊ ၎င်း၏ဆံကျစ်ကြား၌ ခါမွေးကိုတွေ့သည်ကို ထောက်၍လည်းကောင်း ထိုသူသည် မုချ ခါကိုသတ်၏ဟု သိရ၏။ နွားတို့ကိုပင်သတ်လျက်နှင့် ခါတို့ကိုမသတ်ဟု ဆိုသည်မှာ ယုံကြည်ဖွယ်မဟုတ်ဟု ဆိုလေ၏ ။

ထိုအခါ ခြသေ့်က အို-ရသေ့၊ သင်သည် ခါကိုသတ်သည်မဟုတ်လောဟု မေး၏။ မကွယ်သာပြီဖြစ်၍ အရှင်၊ ခါကိုသတ်မိပါသည်ဟု ဖြောင့်ချက်ပေးလေ၏။

ခြသေ့်ကား အဖြောင့်ကိုဝန်ခံပေသည်ဟု ရသေ့ကို လွှတ်လို၏။ ကျားသော်ကား ဤရသေ့ပျက်သည် မလွှဲသာမှ ဝန်ခံသည်ဖြစ်၍ မလွှတ်အပ်။သတ်အပ်၏ဟုဆိုပြီးလျှင် ထိုအရပ်၌ပင် ရသေ့ကို ကိုက်ခဲသတ်ဖြတ်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်-

ရသေ့သည် ဒေဝဒတ် ဖြစ်လာ၏။

ဖွတ်မသည် ဥပ္ပလဝဏ် ဖြစ်လာ၏။

ကျားသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။

ခြသေ့်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

ဆရာကြီးသည် ရှင်မဟာကဿပ ဖြစ်လာ၏။

ခါသည် ဘုရား ဖြစ်လာ၏။

□

## ဒသကနိပါတ်

## ၂၀၄။ စတုဒွါရဇာတ် ၁
## (စတုဒွါရ = တံခါးလေးခု။)

## မိဘကိုပြစ်မှားသော မိတ္တဝိန္ဒကအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဆုံးမခက်သော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ကဿပဘုရားလက်ထက်ဝယ် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေး၌ မိတ္တဝိန္ဒကမည်သော သားတစ်ယောက်ရှိ၏။ အမိအဖတို့ကား သောတာပန်ဖြစ်ကုန်၏။ မိတ္တဝိန္ဒကကား သီလမရှိ သဒ္ဓါတရားလည်း မရှိလေ။

တစ်ခါသော် အဖသေ၍ အမိနှင့်နေရသောအခါ အမိက အမောင်၊ ဒါနသီလပြုလော့ဟု ဆို၏။ မပြုလိုဟု သားကဆို၏။ တစ်ဖန် အမိက အမောင်၊ နက်ဖြန်သည် ဥပုသ်နေ့တည်း။ သင်သည် ဥပုသ်စောင့်၍ ကျောင်း၌ တစ်ညဉ့်လုံး တရားနာ၍လာသော် ငါသည် သင့်အား ဥစ္စာတစ်ထောင်ပေးအံ့ဟု ဆို၏။

မိတ္တဝိန္ဒကလည်း ဥစ္စာကိုလိုသည်နှင့် ကျောင်းသို့သွားရောက် သီလဆောက်တည်၍ ညဉ့်အခါ၌ တော်သင့်ရာတွင်အိပ်ပြီးလျှင် နံနက်၌ စောစောထ၍ ပြန်ခဲ့၏။

အိမ်သို့ရောက်သော် အမိက ယာဂုတိုက်လျှင် ဥစ္စာတစ်ထောင်ကိုရမှ သောက်မည်ဆိုသဖြင့် ဥစ္စာတစ်ထောင်ကို အလျှင်ပေးရလေ၏။

မိတ္တဝိန္ဒကသည် ထိုတစ်ထောင်ဖြင့် ကုန်သွယ်ရာ မကြာမီပင် တစ်သိန်းနှစ်သောင်းသော ဥစ္စာကိုရ၏။ ထိုအခါ အမိအား လှေဖြင့်

ကုန်ကူးလိုကြောင်း ပြောပြရာ အမိက အမောင်၊ ငါတို့၌ ဥစ္စာများစွာ ရှိ၏။ သင်သည်လည်း တစ်ယောက်တည်းသောသားတည်း။ သမုဒ္ဒရာ ဆိုသည်မှာလည်း ဘေးများလှ၏။ မသွားလေလင့်ဟု တား၏။

မိတ္တဝိန္ဒကလည်း မနာယူဘဲ သွားမည်ပြုသောအခါ အမိက လက်ကိုဆွဲ၍ တား၏။ ထိုအခါ လက်ဖြင့် ခါတွက်ပုတ်သတ်၍ အမိကိုလဲစေလျက် ကျောက်ကန်ခဲ့ပြီးလျှင် သမုဒ္ဒရာသို့ ထွက်လေ၏။

လှေထွက်၍ခုနစ်ရက်မြောက်သောနေ့တွင် လှေသည် သမုဒ္ဒရာ အပြင်၌ မတုန်မလှုပ် ရပ်တည်နေလေ၏။ ထိုအခါ လှေသွားတို့ထုံးစံ အတိုင်း သူယုတ်မဲချရာ မိတ္တဝိန္ဒက၌သာလျှင် သုံးကြိမ်တိုင် မဲကျလေ ၏။ ထိုအခါ မိတ္တဝိန္ဒကကို ဖောင်ငယ်တစ်ခုတွင်တင်၍ သမုဒ္ဒရာသို့ မျှောသောခဏ၌ လှေသည် လျင်မြန်ဖြောင့်တန်းစွာ သွားလေ၏။

မိတ္တဝိန္ဒကလည်း ဖောင်ငယ်ဖြင့် မျောလေ၍ ကျွန်းငယ်တစ်ခု သို့ ရောက်လေရာ ဖန်ဗိမာန်တွင်နေသော ဝေမာနိက ပြိတ္တာမ လေး ယောက်တို့မှာ အလှည့်အလှည့်အားဖြင့် ၇ ရက် နတ်စည်းစိမ်ကို စံရ၏။ ၇ ရက် ဆင်းရဲကိုခံကြရ၏။ မိတ္တဝိန္ဒကသည် ထိုပြိတ္တာမတို့ နှင့် ၇ ရက်စံပြီးနောက် ပြိတ္တာမတို့သည် ဆင်းရဲခံရန်သွားသောအခါ အရှင် အကျွန်ုပ်တို့သည် ၇ ရက်ကြာကာလ ပြန်လာခဲ့ပါအံ့။ စောင့်နေ ပါလောဟုဆို၍ သွားကြလေ၏။

မိတ္တဝိန္ဒကသည်ကား မစောင့်ဘဲ ဖောင်ဖြင့်ပင်သွားပြန်ရာ အခြားကျွန်းတစ်ခုတွင် ငွေဗိမာန်၌ ရှစ်ယောက်သော ပြိတ္တာမတို့ကို လည်းကောင်း၊ အခြားကျွန်းတစ်ခုတွင် ပတ္တမြားဗိမာန်၌ တစ်ဆယ့် ခြောက်ယောက်သော ပြိတ္တာမတို့ကိုလည်းကောင်း၊ အခြားကျွန်းတစ်ခု တွင် ရွှေဗိမာန်၌ သုံးဆယ့်နှစ်ယောက်သော ပြိတ္တာမတို့ကိုလည်းကောင်း တွေ့ရှိ ရေးနည်းဖြင့် စွန့်၍စွန့်၍လာခဲ့ရာ တံတိုင်းခြံရံလျက် တံခါး

၄ ခုနှင့် ဥဿဒငရဲကိုတွေ့ရလေ၏။ မိတ္တဝိန္ဒကကား ထိုငရဲကို တန်ဆာဆင်အပ်သောမြို့ဟု ထင်ရ၏။

မိတ္တဝိန္ဒကသည် ထိုမြို့တွင်းသို့ မင်းပြုရန်ဝင်လာရာ မကောင်းမှုအကျိုးဖြင့် သင်တုန်းစက်ကို ဦးခေါင်း၌ရွက်၍ ခံနေရသောငရဲသူကို မြင်သောအခါ မိတ္တဝိန္ဒကသည် သင်တုန်းစက်ကို ပဒုမ္မာကြာဟု ထင်၏။ ရင်တို့၌ဖွဲ့သော အနှောင်အဖွဲ့တို့ကို ရင်လွှမ်းတန်ဆာဟု ထင်၏။ ဦးခေါင်းမှယိုစီးသော သွေးတို့ကို စန္ဒကူးနံ့သာပျောင်းဟု ထင်ရ၏။ ငိုကြွေးသောအသံကို သီချင်းသံဟု ထင်၏။

ဤသို့အားဖြင့် မိတ္တဝိန္ဒကသည် ငရဲသူအား အချင်း၊ သင်၏ လှပတင့်တယ်သော ကြာပဒုမ္မာကို ငါ့အားပေးပါလော့ဟု တောင်း၏။ ငရဲသူကလည်း အချင်း၊ ဤကား ကြာမဟုတ် သင်တုန်းစက်ဖြစ်၏ဟု ဆို၏။

ထိုအခါ မိတ္တဝိန္ဒကက အချင်း၊ သင်မပေးလိုသောကြောင့်ဆိုသည်ဖြစ်ရာ၏ဟု ဆိုသော် ငရဲသူသည် ငါ၏အကုသိုလ်ကံကုန်ပြီ ဖြစ်လတ္တံ့။ ထိုယောကျ်ားသည် ငါကဲ့သို့ပင် အမိကို ပုတ်ခတ်လာသူ ဖြစ်လိမ့်မည်။ ပေးအံ့ဟုကြံလျက် အချင်း၊ ယူတော့ဟု ပစ်ပေးလိုက်ရာ သင်တုန်းစက်သည် မိတ္တဝိန္ဒက၏ ဦးခေါင်းထက်သို့ ကျသည်နှင့် တစ်ပြိုင်နက် ပြင်းစွာသောဝေဒနာကို ဖြစ်စေလေ၏။ ထိုအခါမှ မိတ္တဝိန္ဒကသည် သင်တုန်းစက်ဖြစ်ကြောင်း သိရှိငိုကြွေးလျက် သင်၏ သင်တုန်းစက်ကို ပြန်၍ယူလောဟု ဆိုလေ၏။ ငရဲသူလည်း ကွယ်လေ၏ ။

ထိုအခါ ဥဿဒငရဲသို့ လှည့်လည်လာသော ရက္ခစိုးနတ်တစ်ပါးကိုမြင်သော် မိတ္တဝိန္ဒကသည် အရှင်၊ ဤသင်တုန်းစက်သည် အကျွန်ုပ်အား ပြင်းစွာကြိတ်နယ်ပါသည်။ အဘယ်မကောင်းမှုကြောင့် ခံရပါသနည်းဟု မေး၏။

အသင်ယောက်ျား၊ သင်သည် အမိကို ပုတ်ခတ်ကျောက်ကန်၍ လာခဲ့၏။ လေးယောက်သောပြိတ္တာမတို့ကိုစွန့်၍ ရှစ်ယောက်၊ တစ်ဆယ့်ခြောက်ယောက်၊ သုံးဆယ့်နှစ်ယောက်တို့နောက်သို့ တဏှာ၏အစွမ်းဖြင့် လိုက်ခဲ့၏။ ဤသို့သော အကုသိုလ်တို့၏အကျိုးကြောင့် သင်ခံရခြင်းဖြစ်၏။ ထိုအကုသိုလ်အကျိုးဆက် မကုန်မချင်း သင်သည် ကာလရှည်စွာ ခံရလတ္တံ့ဟုဆို၍ ဖဲလေသတည်း။

ဇာတ်ပေါင်းသော်–
မိတ္တဝိန္ဒကသည် ဆိုနိုင်ခက်သောရဟန်း ဖြစ်လာ၏။
ရက္ခစိုးသည် ဘုရား ဖြစ်လာ၏။

❒

ဒသကနိပါတ်

၂၀၅။ ကဏှာဇာတ် ၂

## အလိုနည်းသော ကဏှာရသေ့အကြောင်း

မြတ်စွာဘုရားသည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့၌ ရဟန်းတို့နှင့် စင်္ကြံကြွတော်မူရာ တစ်ခုသောအရပ်ကိုကြည့်၍ ပြုံးတော်မူလျက် ဤအရပ်၌ ရှေးက ကဏှာမည်သောရသေ့ နေဖူးကြောင်း ပြောပြတော်မူသည်တွင် ရှင်အာနန္ဒာက တောင်းပန်အပ်သည့်အတိုင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးတစ်ဦးတွင် မည်းနက်သောအဆင်းရှိသောကြောင့် ကဏှာမည်သော သားတစ်ယောက်သည် ရှိသည်။

ထိုကဏှာသတို့သားသည် ပညာသင်ကြား အိမ်ထောင်ပြုပြီး နောက် အဖသေလွန်သည်ရှိသော် များစွာသော ဥစ္စာရတနာတို့ကို မတာတွယ်ဘဲ တိုက်တာကျိကျတို့ကိုဖွင့်လျက် အလိုရှိသူတို့ ယူကြ ကုန်လော့။ ငါလှူခဲ့၏ဟု ဆို၍ ရက်ရောစွာ စွန့်ခဲ့ပြီးလျှင် ရဟန်းပြု လေ၏။

တောအရပ်တွင် သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်၌သာ နေလျက် အလွန်သည်းစွာကျင့်၏။ တစ်စုံတစ်ရာ ဆန် စသည်တို့ကို ချက်၍မစားဘဲ သစ်သီးသစ်ရွက်တို့ကိုသာ စား၏။ ထိုအသီးအရွက် များကိုပင် လိုက်လံရှာဖွေခြင်းမရှိဘဲ မိမိနေသောသစ်ပင်မှ အသီးကုန် သော် အပွင့်ကိုစား၏။ အပွင့်ကုန်သော် အရွက်ကို၊ အရွက်ကုန်သော် အပွေးကိုစား၏။ တစ်ဖန်လည်း သစ်သီးကိုဆွတ်၍မစား၊ လက်ဖြန့် ထား၍ ထိုလက်ပေါ်သို့ကျလာသောအသီးကိုသာ စား၏။ ရသော သစ်သီးများအနက် ကောင်းနိုးရာရာမရွေး၊ တွေ့ကြုံလာသမျှဖြင့်သာ ရောင့်ရဲ၏။

ထိုပြင်းသော သီလတန်ခိုးကြောင့် သိကြား၏နေရာ ပူပြင်း သဖြင့် သိကြားမင်း ဆင်ခြင်အကြောင်းကိုမြင်မှ ထိုသီလရှင်ကို ချီး မြှောက်အံ့ဟု လာရောက်စုံစမ်းသည့်အနေနှင့် မည်းနက်သောယောကျ်ား တစ်ယောက်သည် မည်းနက်သောမြေ၌ မည်းနက်သောသစ်သီးကို စားလျက်နေ၏။ ထိုသူကို ငါမနှစ်သက်တကားဟု ဆိုလေ၏။

ထိုအခါ ကဏှာရသေ့က အို သိကြား၊ အဆင်းအရေ မည်းနက် ခြင်းသည် စင်စစ် မည်းနက်သည်မမည်။ ကိုယ်တွင်း၌ မကောင်းမှု ကံရှိသောသူတို့သာ မည်းနက်သည်မည်၏။ သီလ၊ သမာဓိ စသော အနှစ်တို့ရှိသောသူကား ဖြူစင်သန့်ရှင်းသောသူမည်၏ဟု ဆိုပေ၏။

ထိုအခါ သိကြားမင်းသည် အထူးကြည်ညိုလာလျက် ရှင်ရသေ့ အလိုရှိသော၊ အပြစ်ကင်းသော ဆုမြတ်လေးပါးကိုပေး၍ ဖဲလေသတည်း။ ရှင်ရသေ့လည်း ဘဝအဆုံး၌ ဗြဟ္မာ့ပြည်သို့ လားလေသတည်း။

ဇာတ်ပေါင်းသော်--
သိကြားသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။
ကဏှရသေ့သည် ဘုရား ဖြစ်လာ၏။

□

## ဒသကနိပါတ်

## ၂၀၆။ ကဏှာဒီပါယနဇာတ် ၆

## ကဏှာဒီပါယနရသေ့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သာသနာ၌ ငြီးငွေ့သော ရဟန်းတစ်ပါးကိုစွဲ၍ မမွေ့လျော် မနှစ်သက်သော်လည်း ထင်စွာ မပြဘဲ ဟီရိဩတ္တပ္ပကို စောင့်အပ်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီပြည် သုသာန်တစ်ခု၌ မဏ္ဍဗျမည်သော ရသေ့တစ်ပါးသည် နေစမှတ်ပြု၏။ တစ်ညဉ့်သော် ခိုးသူတစ်ယောက်သည် ရွာသားတို့လိုက်သည်နှင့် ခိုးခဲ့သော ဥစ္စာထုပ်ကို ထိုရသေ့၏ကျောင်းတံခါး၌ ပစ်၍ပြေးလေ၏။ လူတို့သည် ဥစ္စာထုပ်ကိုမြင်သော် ရသေ့ကို ခိုးသူအမှတ်ဖြင့် ဖမ်းဆီး၊ မင်းအားပြ၊ မစုံးစမ်းဘဲ တံကျင်လျှိုစေဟု အမိန့်မှတ်လေ၏။

ထိုအခါ ရသေ့ကို ရှားတံကျင်ဖြင့်လျှိုရာ မပေါက်နိုင်ရှိလေ၏။ ထို့နောက် တမာသားတံကျင်၊ ထို့နောက် သံတံကျင်တို့ဖြင့် လျှိုသော်လည်း မပေါက်နိုင်ရှိလေ၏။

ထိုအခါ ရသေ့သည် ဆင်ခြင်သော် ရှေးဘဝက လက်သမားတစ်ယောက်၏သားဖြစ်၍ သစ်ရွေရာ အနီး၌ ယင်တစ်ကောင်ကို ကသစ်မြစ်ဖြင့် ထိုးဖူး၏။ ထိုမကောင်းမှုကံဆိုက်ရောက်လာကြောင်း၊ မလွတ်နိုင်ကြောင်းတို့ကို မြင်မှ ပင်လယ်ကသစ်သားတံကျင်ဖြင့်လျှိုလျှင် ပေါက်လတ္တံ့ဟု ဆိုလေ၏။

မင်းချင်းသူသတ်တို့လည်း ဆိုတိုင်းထိုးသော် ပေါက်သည်နှင့် သုသာန်တွင် အစောင့်အရှောက်ထားခဲ့၍ သွားကြလေ၏။

ထိုမဏ္ဍဗျရသေ့၏အဆွေဖြစ်သော ဒီပါယနရသေ့သည် အရပ်ဝေး၌နေရာမှ မဏ္ဍဗျရသေ့ကို ဖူးမြင်ရန်ဟုလာသော် အကြောင်းကို ကြားသိ၊ လာရောက်မေးမြန်းလေ၏။

မဏ္ဍဗျရသေ့ကလည်း အဆွေ ငါ့၌အပြစ်မရှိ၊ မင်းအားလည်း အမျက်မထွက်ပါဟု ဆို၏။ ဒီပါယနရသေ့သည် အဆွေ၊ သင်၏ သီလကို ငါကြည်ညို၏။ အဆွေကဲ့သို့သောသူ၏အရိပ်သည် အေးမြစွာ၏ဟု ဆို၏။ ထိုတံကျင်လျှိုထားသောရသေ့ကိုမှီ၍ ချစ်ကြည်စွာ နေလေ၏။ ထိုသို့နေရာ သွေးတို့သည် ဒီပါယနအပေါ်သို့ စီးကျ၊ ခြောက်သွေ့သောအခါ မည်းနက်သောအကွက်တို့သည် ထင်ကုန်၏။ ထိုအခါမှစ၍ ကဏှဒီပါယနရသေ့ဟု တွင်၏။ (ကဏှ=မည်းနက်သော။)

ထိုသို့ သုံးည၌ပတ်လုံးနေကြပြီးနောက် အစောင့်အရှောက်တို့က ထိုရသေ့နှစ်ပါး ပြောဆိုကြသည်ကို မင်းကြီးအားလျှောက်လေ၏။ မင်းကြီးသည် လာရောက်၍ ကဏှဒီပါယနအား

အို ရသေ့၊ အဘယ်ကြောင့် တံကျင်ကို မှီ၍နေသနည်း။

ငါ၏အဆွေကို စောင့်လျက်နေ၏။

သင်၏အဆွေ၌ အပြစ်ရှိမရှိကို သိ၍ စောင့်ပါသလော။

မြတ်သောမင်းကြီး အပြစ်မရှိကြောင်းကို ငါသိ၏ဟုဆို၍ ဖြစ်ပျက်သော အကြောင်းတို့ကို ဆင်ခြင်၍ ပြောပြ၏။

ထိုအခါမှ မင်းကြီးသည် ငါမှားချေပြီဟု တံကျင်ကိုနုတ်စေ၏။ မနုတ်နိုင်ရှိမှ ရသေ့က မင်းကြီး၊ ငါ့အား မကောင်းမှုကံသည် ရှိ၏။ နုတ်၍ရမည်မဟုတ်။ အကယ်၍ ငါ့အား အသက်ကိုပေးအံ့။ ကိုယ်မှ ပိုထွက်နေသော တံကျင်စွန်းတို့ကိုသာ ဖြတ်တိလောဟုဆို၏။ ဆိုတိုင်းတိမှ ကိုယ်တွင်း၌ တံကျင်ကျန်နေလေ၏။

ဤသို့ခံရခြင်းကား ယင်ကိုထိုးစဉ်က ဝစ္စမင်္ဂကိုထိုးသည်ဖြစ်၍ ကသစ်မြစ်သည် ယင်၏ကိုယ်တွင်း၌ ကျန်ရစ်၏။ယင်လည်း ဒဏ်ရာဖြင့် မသေလေ။ သို့ကြောင့် မဏ္ဍဗျရသေ့လည်း မသေဘဲ အသက်ရှင်ရ၏။

ထို့နောက် ကဏှာဒီပါယနရသေ့သည် မိမိ၏ သိက္ခမ်းဟောင်း မဏ္ဍဗျသူကြွယ်ထံသို့ လာရောက် အမှီပြု၍နေ၏။

တစ်နေ့သော် ထိုသူကြွယ်၏သားကို မြွေကိုက်၍ အဆိပ်ကြောင့် မိန်းမောနေလေရာ ရသေ့၊ အဖ အမိတို့သည် သစ္စာဆို၍ ကုစားကြအံ့ဟု ရှေးဦးစွာ ရသေ့သည် သူငယ်အား မေတ္တာပြု၍ သူငယ်၏ဦးခေါင်း၌ ကိုင်ထားလျက် ငါသည် ရဟန်းပြုသည်မှာ ၇ ရက်သာလျှင် ကြည်ညို၍ မြတ်သောအကျင့်ကို ကျင့်၏။ ထို ၇ ရက်နောက်မှစ၍ ယနေ့တိုင် အနှစ်ငါးဆယ်ကျော်ကာလပတ်လုံး စေတနာမရှိဘဲ ရသေ့အဖြစ်နှင့်နေခြင်းဖြစ်၏။ ဤငါဆိုသောသစ္စာကြောင့် မြွေဆိပ်လျှော့ကျ၍ အသက်ရှင်ပါစေသတည်းဟု သစ္စာပြု၏။ ထိုအခါ သူငယ်၏သားမြတ်အထက်ရှိ အဆိပ်တို့သည် လျှော့ကျလေ၏။

အဖကလည်း ငါသည် အလှူဒါနကို မနှစ်သက်။ ငါ့ထံသို့ လာသော အလှူခံတို့ကိုလည်း မနှစ်သက်။ ထိုအကြောင်းတို့ကိုလည်း

လူတို့မသိကုန်။ ဤသို့လျှင် ငါသည် စေတနာမရှိဘဲ အလှူဒါနတို့ကို ပြုလျက်နေ၏။ ဤဟုတ်မှန်သောစကားကြောင့် မြွေဆိပ်လျှောကျ၍ ငါ့သား အသက်ရှင်စေသတည်းဟု ဆိုသောခဏ၌ ခါးအထက်ရှိ အဆိပ်တို့ လျှောကျလေ၏။

ထိုအခါ အမိက ငါသည် ငါ၏လင်ယောကျ်ားနှင့် ပေါင်းသင်းနေရသော်လည်း ယခု ငါ့သားကို ကိုက်သောမြွေဟောက်နှင့်အတူ မေတ္တာမဲ့၏။ ဤမှန်သောစကားကြောင့် အဆိပ်ပျောက်၍ ငါ့သားရှင်စေသတည်းဟု ဆိုသောခဏ၌ အဆိပ်အလုံးစုံ လျှောကျ၍ သားသည် ပကတိအတိုင်း ဖြစ်လေ၏။

(သစ္စာဆိုသည်မှာ မှန်သောစကားသက်သက်ကိုသာ ဆိုသည်၊ စွဲ၍ဆိုအပ်သောအကြောင်းသည် ကောင်းသည်လည်းရှိ၏။ မကောင်းသည်လည်းရှိ၏။ သို့ကြောင့် သစ္စာသည် အကြောင်းကို ပဓာနမပြု။ အမှန်ဆိုသည်ကိုသာ သက်သက်ဆိုလေသည်။ ယုံကြည်ခြင်းစေတနာနှင့် ဆိုသော် သစ္စာစကားသည် စင်စစ် ထက်မြက်သောတန်ခိုးရှိ၏။ ဤကား စကားချပ်တည်း။)

ထို့နောက် သူကြွယ်သည် ရသေ့အား အရှင်၊ ရဟန်းဘဝ၌ စေတနာမရှိ၊ မပျော်ပိုက်ဘဲ အသို့လျှင် နေနိုင်ဘိသနည်းဟု မေး၏။

သူကြွယ် ရဟန်းပြုပြီးနောက် လူထွက်သော် ဤသူသည် မတည်မကြည် လျှပ်ပေါ်၏ဟု လူတို့၏အကဲ့ရဲ့ကို ငါမခံလို။ ၎င်းပြင် မြတ်သောအကျင့်ကို သူတော်ကောင်းတို့ ချီးမွမ်းသည်လည်းဖြစ်၏။ သို့ကြောင့် ငါနှစ်၍ပင်နေ၏ဟု ဆို၏။

ပြီးမှ သူကြွယ်အား ပြန်၍မေးသော် အရှင်၊ အကျွန်ုပ်၏အမိ အဖ ဘိုးဘွားစသော ဆွေ ၇ ဆက်တို့သည် ဒါနကို အစဉ်ပြုကြ၏။

ထိုအမျိုးတို့၏အဆက်၌ အကျွန်ုပ်သည် အယုတ်ဆုံး မဖြစ်လို၍ စေတနာမရှိဘဲပင် ပေးလှူ၍နေတော့သည်ဟု လျှောက်လေ၏။

သူကြွယ်က တစ်ဖန် မိမိမယားအား မေးမြန်းပြန်၏။ အရှင်၊ ငါတို့၏အမျိုးအစဉ်အဆက်၌ တစ်ယောက်သောမိန်းမမျှ မိမိလင်ကို စွန့်၍ တစ်ပါးသောယောကျ်ားကို ယူဖူးသည်မရှိ။ ထိုအမျိုး၏ ဂုဏ်ကို မပျက်စီးစေခြင်းငှာ အမျိုးတွင် အယုတ်ဆုံးမိန်းမ မဖြစ်လို၍လည်းကောင်း၊ အရှင်နှင့် ပေါင်းဖော်၍နေခြင်း ဖြစ်ပါသည်ဟု ပြန်ပြောလေ၏ ။

ထို့နောက်မှ သုံးဦးသားတို့သည် အချင်းချင်း ဆုံးမကြလျက် ယနေ့မှစ၍ ငါတို့သည် ပြုပြင်၍ ကျင့်ကြပါကုန်အံ့ဟု ရသေ့သည် စေတနာဖြင့် အကျင့်မြတ်ကိုကျင့်ခြင်း၊ သူကြွယ်သည် စေတနာဖြင့် ဒါနပြုခြင်း။ မယားသည် လင်အား ချစ်ခင်ရိုသေခြင်းတို့ကို ပြုလျက် ကောင်းရာသို့ လားကြလေသတည်း။

ဤတွင် မိမိတို့ကိုယ်တိုင်က စိတ်မပါသော်လည်း အရှက်အကြောက်ကို ငဲ့၍လည်းကောင်း၊ အမျိုး၏ဂုဏ်ကို ငဲ့၍လည်းကောင်း စောင့်စည်းကြသည်မှာ နည်းယူမှတ်သားဖွယ် ကောင်းလှ၏။

ဇာတ်ပေါင်းသော်–
မဏ္ဍဗျသူကြွယ်သည် ရှင်အာနန္ဒာ ဖြစ်လာ၏။
သူကြွယ်သားသည် ရာဟုလာ ဖြစ်လာ၏။
မဏ္ဍဗျရသေ့သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ဒီပါယနရသေ့သည် ဘုရား ဖြစ်လာ၏။

❐

## ဒသကနိပါတ်

## ၂၀၇။ တက္ကလဇာတ် ၈
## (တက္ကလ = တံတွေးဥ။)

## သားလိမ္မာအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မယားက လင်အား လင်၏အဖကို အိမ်မှနှင်ထုတ်ရန် ကုန်းချောသော်လည်း မယားစကားကိုမယူဘဲနေသော လင်၏အကြောင်းနှင့်ပတ်သက်၍ အောက်ပါ ဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ကာသိကရာဇ်တိုင်း၌ သဝိဋ္ဌကမည်သောသူ တစ်ယောက်သည် မိမိ၏အဖ၊ မယား၊ ခုနစ်နှစ်အရွယ်သာရှိသော သားတို့နှင့်အတူနေရာ မယားက ယောက္ခမကို မလိုသည်ဖြစ်၍ သတ်ဖြတ် ဖျောက်ဖျက်ပစ်ရန် အဖန်ဖန်တိုက်တွန်းလေ၏။

ထိုအခါ လင်က လူတစ်ယောက်ကိုသတ်ရန် မလွယ်ကြောင်း ပြောလျှင် မယားက အရှင်၊ တစ်ခုသောနံနက်၌ ဤမည်သောရွာတွင် အကျွန်ုပ်တို့ ကြွေးရှိရာ အဖကိုယ်တိုင် လိုက်၍တောင်းမှရမည်ဖြစ်သော ကြောင့် လိုက်ခဲ့ပါလော့ဟု လှည့်ဖြား သုသာန်သို့ ဆောင်သွားပြီးမှ ခိုးသူတို့ကို လုယက်သကဲ့သို့ အသံပြုပြီးလျှင် သင့်အဖကို သတ်ဖြတ် မြေတွင်မြှုပ်ခဲ့လောဟု ဆိုလေ၏။

လင်ကလည်း ဤအကြံသင့်၏ဟု အဖကို လှည့်ဖြား၍ခေါ်ရာ အမိ၏အကြံပေးချက်ကို ကြားလိုက်ရသော သားငယ်သည် အဘိုးနှင့် အဖတို့ကို ကယ်ဆယ်အံ့ဟု လှည်းပေါ်သို့ အလျင်တက်နေလေ၏။

အဖက အမျိုးမျိုး ချော့မော့တားမြစ်သော်လည်း မဆင်းဘဲနေသည်နှင့် သားငယ်ကိုပါ သုသာန်သို့ ခေါ်သွားရလေ၏။

သုသာန်သို့ရောက်သော် ထိုယောကျ်ားသည် သားငယ်ကို တော်ရာ၌ ထားပြီးလျှင် အဖကိုသတ်မြှုပ်ရန်ဟု တွင်းတူးနေလေ၏။

ထိုအခါ သားငယ်က ဖခင်၊ သုသာန်၌ တံတွေး၊ ပိန်းဥစသည်တို့မရှိပါဘဲလျက်နှင့် အဘယ်ကြောင့် တူးသနည်းဟု မသိယောင်ပြု၍ မေး၏။

အမောင်၊ သင့်အဘိုးသည် အိုမင်းမစွမ်း မကျန်းမမာရှိပြီ။ ကြာရှည်စွာလည်း နေရတော့မည်မဟုတ်။ အိုခြင်းဆင်းရဲမှ လွတ်မြောက်စေခြင်းငှာ သင့်အဘိုးကို မြှုပ်သတ်ရန် တွင်းတူးပေသည်ဟု ဆို၏။

ထိုအခါ သားငယ်က ဖခင်၊ သင်သည် ယုတ်မာကြီးမားသော အဖသတ်ကံကိုပြုမည်ကြံဘိ၏တကားဟုဆိုကာ အဖလက်မှ ပေါက်တူးကိုယူ၍ အခြားတွင်းတစ်ခုကို တူးလေ၏။

အဖကမေးသော် သားငယ်က ဖခင်၊ ဖခင်သည်လည်း အိုမင်းမစွမ်းရှိပြီဖြစ်သဖြင့် သင့်ကိုသတ်၍မြှုပ်ရန် ငါလည်း တွင်းတူး၏။ စင်စစ်သော်ကား ငါသည် အဖ၏အကျင့်ကိုလိုက်၍ သင်ဖခင်ကိုလည်း မြှုပ်သတ်ရမည်သာတည်းဟု ဆိုလေ၏။

ထိုအခါ အဖက ချစ်သား၊ သင်သည် ငါ့ကိုထိပါး၍ ကြမ်းကြုတ်သောစကားကို ဆို၏။ သင်သည် ငါ၏အစီးအပွားကို အလိုမရှိတကားဟု ဆို၏။

ဖခင်၊ ဖခင်၏အစီးအပွားကို မလိုမဟုတ်၊ စင်စစ် လိုသောကြောင့် ယုတ်မာစွာသောအမှုကို ပြုခြင်းမှ ငါတားမြစ်ခြင်းဖြစ်၏။ အမိအဖကိုသတ်သောကံသည် ကြီးလေးလှ၏။ သေသော် မုချ

အပါယ်ငရဲ၌ ခံရလတ္တံ့။ မိဘကို လုပ်ကျွေးသူသည်ကား ကောင်းရာသို့ ရောက်လတ္တံ့ဟု ဆိုပေ၏။

ထိုအခါမှ အဖက သင့်စကား ဟုတ်ပေ၏။ ငါမှားချေပြီဟု ဝန်ခံလေ၏။ သားငယ်ကလည်း ဖခင်၊ ယုတ်မာသော ငါ့အမိကိုလည်း ခြိမ်းခြောက်ဆုံးမခြင်းငှာ သင့်၏။ သို့ကြောင့် အိမ်သို့ရောက်သော် အမိကို နှင်ထုတ်လောဟု ဆို၏။

အိမ်သို့ သုံးယောက်သား ပြန်လာခဲ့ရာ မယားကဆီး၍ လင်အားဟယ်–စဉ်းလဲသောယောကျာ်း၊ အိမ်မှထုတ်လေပြီးသော အသရေမရှိသူကို အဘယ်ကြောင့် ပြန်၍ခေါ်ခဲ့သနည်းဟု ဆဲရေးလေ၏။

ထိုအခါ လင်က ဟယ် အယုတ်မ၊ နှင်သာသွားလေလော့ဟု ရိုက်ပုတ် ကျောက်ကန် နှင်ထုတ်လိုက်လေ၏။ ထိုမိန်းမလည်း သူတစ်ပါးအိမ်၌ မှီခိုနေရလေ၏။

၂ရက် ၃ ရက်ကြာသော် သားငယ်က ဖခင်၊ အမိ၏စိတ်ကို ထိခိုက်စေအောင် ဤမည်သောရွာမှ သင်၏ဦးရီးသမီးကို သွား၍ ဆောင်လေလော့ဟု ဆိုလေ၏။

အဖလည်း သွား၍ဆောင်အံ့ဟုထွက်လေသော် ထိုမိန်းမသည် ပြင်းစွာစိုးရိမ်လျက် သားငယ်ထံသို့ ပြေးသွားပြီးလျှင် ခြေရင်း၌ဝပ်၍ ချစ်သား၊ အမိမှားပါပြီ၊ သင်မှတစ်ပါး ငါ့အား ကိုးကွယ်ရာမရှိပြီ။ ငါ့အား သည်းခံပါလော။ ဤနေ့မှစ၍ သင်၊ သင်၏အဖ၊ သင်၏ အဘိုးတို့ကို စေတီကဲ့သို့ ရိုသေစွာလုပ်ကျွေးပါအံ့ဟု ငိုယိုတောင်းပန်လေ၏။

သားငယ်ကလည်း ကောင်းပြီဟု အဖကို ပြန်ခေါ်၍ အမိအား အဖနှင့် အဘိုးတို့ကို ကန်တော့စေ၏။ ထို့နောက် မိသားဖသားတစ်စုတို့ ကောင်းမှုပြုလျက် ချမ်းသာစွာ နေကြလေ၏။

ဇာတ်ပေါင်းသော်–
ထိုအဖ၊ သား၊ ချွေးမတို့သည် ဤအဖ၊ သား၊ ချွေးမတို့ ဖြစ်လာ၏။
သားငယ်သည် ဘုရား ဖြစ်လာ၏။

❒

## ဒသကနိပါတ်

## ၂၀၈။ ဓမ္မပါလဇာတ် ၉
## (ဓမ္မ = တရား။ ပါလ = စောင့်ထိန်းသော)

## အသက်ရှည်သောလူမျိုးအကြောင်း

မြတ်စွာဘုရားသည် မိမိ၏နေရင်းတိုင်းပြည် ကပိလဝတ်ပြည်သို့ ကြွရောက်ရာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အရှင်ဘုရား၊ အရှင်ဘုရားသည် ဘုရားမဖြစ်မီ ဒုက္ကရစရိယာ ကျင့်နေစဉ်အခါက နတ်တို့သည် လာရောက်၍ အရှင်မင်းကြီး၏သားတော် သိဒ္ဓတ်မင်းသားသည် အာဟာရနည်းသည်ဖြစ်၍ သေဆုံးလေပြီဟု ပြောကြားကြပါသည်။ သို့ရာတွင် အကျွန်ုပ်သည် ငါ့သားကား ဘုရားမဖြစ်ဘဲ မသေဟု နတ်တို့၏စကားကို မယုံပါဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက ရှေးကလည်း ခမည်းတော်သည် ဤသို့ပင် မယုံလေဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ကာသိတိုင်း၊ ဓမ္မပါလမည်သော ရွာတစ်ခုရှိ၏။ ထိုရွာရှိလူတို့သည် တရားသီလ စောင့်ကြသည်ဖြစ်၍ ငယ်ရွယ်စဉ်က သေသူမရှိ ဖြစ်လေ၏။

ထိုရွာမှ ဓမ္မပါလမည်သောသူငယ်တစ်ယောက်သည် တက္ကသိုလ် ပြည်၌ လာရောက်ပညာသင်နေရာ တစ်နေ့သော် ဆရာ၏လက်ထောက် တပည့်ကြီးတစ်ယောက် သေလွန်သဖြင့် ဆရာနှင့်တကွ တပည့်တပန်း ဆွေမျိုးတို့ပါ ငိုကြွေး မြည်တမ်း သင်္ဂြိုဟ်ကြသည်ကို ထိုဓမ္မပါလ သတို့သား ကြားမြင်လေလျှင်

အချင်းတို့၊ သတ္တဝါတို့သည် အဘယ်ကြောင့် ငယ်စဉ်က သေကြလေသနည်း။ ငယ်ရွယ်စဉ်က သေခြင်းသည် မသင့်။

အချင်းဓမ္မပါလ၊အသို့ဆိုသနည်း။ သေရခြင်းတရားကို အသင် မသိသလော။ သတ္တဝါမည်သည် အမြဲမရှိ။ သေရမည်သာတည်း။

အချင်းတို့၊ သေရမည်ကို ငါသိ၏။ သို့ရာတွင် ငယ်ရွယ်နုနယ် စဉ်က မသေသင့်မသေအပ်၊ အရွယ်ကြီးရင့်မှသာ သေသင့်သေထိုက် ၏ ။

အချင်းဓမ္မပါလ၊ သင်တို့အိမ်၌ ငယ်ရွယ်သူ တစ်စုံတစ်ယောက် မျှ မသေဖူးသလော။

မသေဖူးလေ။ ကြီးမှသာ သေကြကုန်၏ဟု ဆိုလေ၏။

ထိုစကားကို တပည့်တို့က ဆရာအား ကြားလျှောက်လျှင် ဆရာက ဓမ္မပါလကိုခေါ်၍ မေးမြန်းရာ ဆိုမြဲတိုင်းဆိုသော် စုံစမ်းအံ့ဟု ဓမ္မပါလအား တပည့်တို့ကိုအပ်လျက် ဆိတ်ရိုးတစ်ခုကိုဆောင်ပြီးလျှင် ဓမ္မပါလရွာသို့ သွားလေ၏။

ဓမ္မပါလ မိဘများ၏အိမ်သို့ မေးမြန်းရောက်လာလျှင် မိဘ များက လောကွတ်ပျူငှာနှင့် ခရီးဦးကြိုပြု၍ ကောင်းစွာ ဧည့်ခံကျွေးမွေး လေ၏ ။

ပြီးမှ ဆရာကြီးက အဆွေ၊ သင်၏သား ဓမ္မပါလသည် အတတ် ပညာတို့ကို ကောင်းစွာ တတ်မြောက်လေပြီ။ သို့ရာတွင် တစ်စုံတစ်ခု

သော ရောဂါအနာကြောင့် သေဆုံးခြင်းသို့ ရောက်သည်ဖြစ်၍ ငါကိုယ်တိုင် ပြောကြားရန်လာခဲ့၏။ လူတို့၌ သေခြင်းသည်မြဲ၏။ သို့ကြောင့် စိုးရိမ်ခြင်းမရှိလင့်ဟု ဆို၏။

ထိုအခါ ဓမ္မပါလဖခင်သည် လက်ခုပ်လက်ဝါးတီး၍ ပြင်းစွာ ရယ်မောပြီးလျှင် ဆရာကြီး၊ ငါ၏သားမသေ။ အခြားတစ်စုံတစ်ယောက် သေသည် ဖြစ်ပါလိမ့်မည်ဟု ဆိုလေ၏။

ဆရာကြီးကလည်း သင့်သား၏အရိုးကို ငါဆောင်ခဲ့၏။ အရိုးကိုကြည့်၍ ယုံလေလော့ဟု မိမိယူဆောင်ခဲ့သော ဆိတ်ရိုးကို ပြပေ၏။

အဖကလည်း ဤအရိုးသည် ဆိတ်ရိုး၊ ခွေးရိုး စသည် တစ်ခုခုဖြစ်ပါလိမ့်မည်။ ငါ့သားမသေသည်သာတည်း။ စင်စစ်သော်ကား ငါတို့အမျိုး၌ ငယ်ရွယ်စဉ်က သေဖူးသူမရှိလေ။ အဆွေ ဆရာကြီးသည် မုသားဆိုခြင်းသာဖြစ်၏ဟု ဓမ္မပါလ၏သားချင်းဆွေမျိုးတို့ပါ ဝိုင်း၍ရယ်ကြကုန်၏။

ထိုအခါမှ ဆရာကြီးသည် များစွာအံ့ဩဝမ်းမြောက်လျက် အဆွေ၊ အဘယ်ကြောင့် သင်တို့အမျိုး၌ ငယ်ရွယ်စဉ်က မသေကြသနည်းဟု မေး၏။

ဓမ္မပါလဖခင်ကလည်း အဆွေဆရာကြီး၊ ငါပြောပြပေအံ့။

(၁) ငါတို့သည် ပေးလှူခြင်း စသော ကုသလကမ္မပထတရားဆယ်ပါး ကောင်းမှုတို့ကိုပြု၏။ မုသားမဆို။ မသူတော်တို့အကျင့်မကောင်းတို့ကို ရှောင်၏။

(၂) ငါတို့သည် သူတော်ကောင်းနှင့်သာပေါင်း၍ ၎င်းတို့၏အဆုံးအမကို နာယူ၏။ မသူတော်တို့နှင့် မပေါင်းပါ။

(၃) ငါတို့သည် အလှူပေးရာ၌ မပေးမီလည်းကောင်း၊ ပေးဆဲလည်းကောင်း၊ ပေးပြီးနောက်လည်းကောင်း ဤသုံးရပ်သောကာလတို့၌ ဝမ်းမြောက်သည်သာတည်း။

(၄) ငါတို့သည် အယုတ်အမြတ်မရွေး၊ အလှူခံတို့အား တတ်နိုင်သမျှ ပေးလှူ၏။

(၅) ငါတို့သည် မိမိမယား မိမိလင်တို့မှတစ်ပါး အခြားမယား လင်တို့ကို မလွန်မကျူးကြကုန်။

(၆) ငါတို့သည် သတ်ခြင်း၊ ခိုးခြင်း၊ မသင့်လျော်သောမိန်းမတို့၌ လွန်ကျူးခြင်း၊ မုသားဆိုခြင်း၊သေရည်သောက်ခြင်းတို့ကိုမပြုကုန်။

(၇) ငါတို့၏ သားသမီး၊ ဆွေမျိုး၊ ကျေးကျွန်အခြွေအရံတို့သည် သီလစောင့်၍ ကုသိုလ်ကောင်းမှုတို့ကို မပြတ်ပြုကုန်၏။

အထက်ပါကျင့်ဝတ်တို့ကို ငါတို့ ကျင့်ဆောင်ကြသည်ဖြစ်၍ ငယ်ရွယ်စဉ်က မသေကြကုန်။ ဆရာကြီး၊ အထူးမှတ်သားစေလိုသည်ကား။

**တရားကိုစောင့်သောသူကို တရားက ပြန်စောင့်၏။**

မိုးရွာသောအခါ ထီးကိုဆောင်းသောသူသည် ထီးကလူကို မိုးမှ ကာကွယ်ဘိသကဲ့သို့ပင်ဖြစ်၏။ ငါ့သားဓမ္မပါလသည် အမျိုး၏ အစဉ်အလာအတိုင်း တရားစောင့်သူဖြစ်၏။ အဘယ်ကြောင့် ငါ့သားသည် ငယ်ရွယ်စဉ်က သေနိုင်အံ့နည်း။ ငါ့သား မသေရာ။ သင်ယူခဲ့သော အရိုးတို့သည် အခြားအရိုးများ ဖြစ်ပါလိမ့်မည်ဟု ဆိုလေ၏။

ထိုအခါ ဆရာကြီးသည် ငါလာခဲ့ခြင်းကား ကောင်းသောလာခြင်းတည်းဟု ဝမ်းမြောက်လျက် မိမိသည် စုံစမ်းရန်လာခဲ့ကြောင်း၊ ဓမ္မပါလသည် မသေဘဲ ကျန်းမာချမ်းသာစွာရှိကြောင်းများကို ပြောပြီးမှ ထိုကျင့်ဝတ်တရားတို့ကိုတောင်း၍ စာဖြင့်မှတ်သားဆောင်ယူခဲ့ပြီးလျှင် တပည့်တို့အား ပြန်ကြား ကျင့်ဆောင်ကြစေ၏။

နောက်မကြာမီ ဓမ္မပါလအား အခြွေအရံနှင့်တကွ မိဘတို့ထံသို့ ပြန်လွှတ်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်–
ဆရာကြီးသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ဆရာကြီး၏ပရိသတ်သည် ဘုရားပရိသတ် ဖြစ်လာ၏။
ထိုအခါ မိဘတို့သည် ယခု ခမည်းတော်မယ်တော် ဖြစ်လာ၏။
ဓမ္မပါလသည် ဘုရား ဖြစ်လာ၏။

❒

## ဒသကနိပါတ်

### ၂၀၉။ မဋ္ဌကုဏ္ဍလီဇာတ် ၁၁

(မဋ္ဌ = ချောမွေ့သော။ ကုဏ္ဍလ = နားတောင်း)

### အဖကိုဆုံးမသော သားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည်၌ သားသေ၍ အလွန်ပူဆွေး ငိုကြွေးနေသော သူကြွယ်တစ်ယောက်ကို တရားပြရန် အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ယောကျာ်းတစ်ယောက်သည် မိမိ၏သား သေသည်ဖြစ်၍ အလွန်ပူဆွေးငိုကြွေးလျက်နေ၏။ သားသည်ကား သေပြီးနောက် နတ်ဖြစ်၍ အဖပူဆွေးနေသည်ကို ဆုံးမအံ့ဟု လူ့ဘဝက သားသဏ္ဌာန်ဖြင့် လာရောက်ပြီးလျှင် ထိုအဖနှင့် မနီးမဝေး၌ လက်နှစ်ဖက်ကို မြှောက်လျက် ပြင်းစွာငိုကြွေးလေ၏။

ဖခင်သည် မြင်၍မေးသော် ဖခင်၊ အကျွန်ုပ်၌ အလွန်လှပ ဆန်းကြယ်သော ရထားရှိပါသည်။ ထိုရထား၌ ဘီးတစ်စုံတပ်ရန် ကောင်းကင်၌ရှိသော နေနှင့်လကို လိုပါသည်ဟု ဆိုလေ၏။

ချစ်သားသူငယ်၊ သင်သည် မတောင့်တအပ်သည်တို့၌ တောင့်တခြင်းကြောင့် အလွန်မိုက်၏။ ငိုကြွေးတောင့်တခြင်းဖြင့် သင်သည် သေသော်သာသေမည်။ နေနှင့်လတို့ကို ရနိုင်မည်မဟုတ်။

ဖခင်၊ ငါသည် နေ လတို့ကိုမရနိုင်သော်လည်း မြင်ရသေး၏။ ထွက်ရာဝင်ရာအရပ်တို့သည်လည်းကောင်း၊ ထိုနေ လတို့သွားရာလမ်းသည်လည်းကောင်း ထင်ပါသေး၏။ ဖခင် တောင့်တငိုကြွေးနေသော သေလေပြီးသောသူကား တစ်စုံတစ်ရာ မထင်လေ။ သို့ဖြစ်သောကြောင့် ယခုငိုကြသော ငါတို့နှစ်ယောက်တွင် အဘယ်သူသည် ပို၍မိုက်လေသနည်းဟု ဆိုလေ၏။

ထိုအခါမှ အဖသည် သတိရ၍ ချစ်သား၊ သင်၏စကားမှန်ပေသည်။ ငါသာလျှင် ပို၍မိုက်ပါ၏။ ယခု ငါသည် တရားသဖြင့် စိတ်အေးချမ်းလေပြီ။ ငါသည် ငိုယိုခြင်းကို မပြုတော့ပြီဟု ဆိုလေ၏။

ထိုအခါ နတ်သားသည် မိမိကိုယ်ကိုပြ၍ ငါကား သင်၏သားပင်တည်း။ ငါသည် နတ်ပြည်၌ဖြစ်ပြီ။ ငါ၏အတွက် တစ်စုံတစ်ရာ ပူပန်ခြင်းမရှိလင့်တော့။ ကောင်းမှုတို့ကိုသာ ပြုလေတော့ဆို၍ နတ်ပြည်သို့ ပြန်သွားလေသတည်း။

ဇာတ်ပေါင်းသော်–

နတ်သားသည် ဘုရား ဖြစ်လာ၏။

❐

## ဒသကနိပါတ်

## ၂၁၀။ မဟာမင်္ဂလဇာတ် ၁၅

## မင်္ဂလာတရားတော်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေတော်မူစဉ် လူတို့သည် မင်္ဂလာဆိုသောစကားနှင့် ပတ်သက်၍ အယူကွဲပြားခြင်း ဖြစ်ကြကုန်၏။

အချို့က မင်္ဂလာဆိုသည်ကား ကောင်းသောမြင်ခြင်းကိုဆိုသည်။ ဥပမာ– နံနက်စောစော၌ ဖြူသောနွားလား၊ ကိုယ်ဝန်ဆောင်မိန်းမ၊ ငါးကြင်း၊ ရေပြည့်အိုး၊ နွားနို့ စသည်တို့ကို မြင်ရခြင်းသည် မင်္ဂလာမည်၏ဟု ဆို၏။

အချို့က ကောင်းသောမြင်ခြင်းသည် မင်္ဂလာမဟုတ်။ ကောင်းသော ကြားခြင်းသာလျှင် မင်္ဂလာတည်း။ ဥပမာ– ချမ်းသာ၏။ ချမ်းသာပါစေ။ တိုးပွား၏။ တိုးပွားပါစေ စသော နှစ်လိုဖွယ်သော အသံတို့ကို ကြားရခြင်းသာလျှင် မင်္ဂလာဖြစ်၏ဟု ဆိုကြ၏။

အချို့က ကောင်းသောမြင်ခြင်း ကြားခြင်းတို့သည် မင်္ဂလာမဟုတ်ကုန်။ ကောင်းသော တွေ့ထိခြင်းသာ မင်္ဂလာဖြစ်၏။ ဥပမာ– နံနက်ထအခါ၌ မြေကြီး၊ နေဇာမြက်၊ ငါးကြင်း၊ ရွှေခွက်၊ ငွေခွက် စသည်တို့ကို ကိုင်တွယ်သုံးသပ်မိခြင်းသည် မင်္ဂလာစင်စစ်တည်းဟု ဆိုကြ၏။

ဤသို့လျှင် မင်္ဂလာဆိုသောစကားနှင့်စပ်၍။

(၁) ဒိဋ္ဌမင်္ဂလာ – ကောင်းသောမြင်ခြင်း။

(၂) သုတမင်္ဂလာ – ကောင်းသောကြားခြင်း။

(၃) မုတမင်္ဂလာ – ကောင်းသောတွေ့ထိခြင်း။

ဟူသော အယူဝါဒသုံးမျိုး ကွဲပြားကြကုန်၏။ လူတို့သည်လည်းကောင်း၊ ဘုမ္မစိုးမှစ၍ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် နတ်တို့သည်လည်းကောင်း မည်သူမျှ တပ်အပ်သေချာစွာ မင်္ဂလာအစစ်ကို မပြနိုင်လေကုန်။

ထိုအခါ သိကြားမင်းသည် ဤမင်္ဂလာတရားအစစ်ကို မြတ်စွာဘုရားမှတစ်ပါး အခြားဖြေစွမ်းနိုင်သူမရှိပြီ။ ဘုရားအားမေးလျှောက်အံ့ဟု လာရောက် ရိုသေစွာမေးလျှောက်၏။ မြတ်စွာဘုရားသည်လည်း သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတရားအစစ်တို့ကို ဟောပေ၏။ ထိုသုံးဆယ့်ရှစ်ဖြာ၏ အကျဉ်းကား။

၁။ လူမိုက်တို့ကို ပေါင်းဖော်ဆည်းကပ် မပြုရခြင်း။
၂။ ပညာရှိတို့ကို ပေါင်းဖော်ဆည်းကပ်ရခြင်း။
၃။ ပူဇော်ထိုက်သောသူကို ပူဇော်ရခြင်း။
၄။ သင့်တင့်လျောက်ပတ်သောအရပ်၌နေခြင်း။
၅။ ရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုရှိသောသူ၏အဖြစ်။
၆။ မိမိ၏ကိုယ်ကို ကောင်းစွာဆောက်တည်ရခြင်း။
၇။ အကြားအမြင်များခြင်း။
၈။ လက်မှုပညာ စသောအတတ်တို့ကို တတ်ခြင်း။
၉။ ဝိနည်းတရားကို ကောင်းစွာသင်အပ် တတ်အပ်သည် ဖြစ်ခြင်း။
၁၀။ ကောင်းသောစကားကိုဆိုခြင်း။
၁၁။ အမိအဖတို့ကို လုပ်ကျွေးမွေးမြူခြင်း။
၁၂။ သားမယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ခြင်း။
၁၃။ အနှောင့်အယှက်မရှိ လွတ်လပ်သောအမှုအလုပ်တို့ကို ပြုလုပ်ခြင်း။

၁၄။ အလှူပေးခြင်း။

၁၅။ ကောင်းသောအကျင့်ဟုဆိုအပ်သော သုစရိုက်ဆယ်ပါးကို အမှုထား၍ကျင့်ခြင်း။

၁၆။ အဆွေအမျိုးတို့အား ထောက်ပံ့ခြင်း။

၁၇။ အပြစ်မရှိသောအမှုတို့ကို ပြုခြင်း။

၁၈။ မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ခြင်း။ (မတွေ့မီရှောင်ကွင်းခြင်း။)

၁၉။ မကောင်းမှုမှ အထူးသဖြင့် ရှောင်ကြဉ်ခြင်း။ (တွေ့သောအခါ ရှောင်ခြင်း။)

၂၀။ သေရည် သေရက် သောက်ခြင်းမှ ရှောင်ခြင်း။

၂၁။ ကုသိုလ်ကောင်းမှုတို့ကို မမေ့မလျော့ခြင်း။

၂၂။ ရိုသေထိုက်သောသူကို ရိုသေခြင်း။

၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်း။

၂၄။ ရောင့်ရဲလွယ်ခြင်း။

၂၅။ သူပြုဖူးသောကျေးဇူးကို သိခြင်း။

၂၆။ သင့်တင့် လျောက်ပတ်သောအခါ၌ သူတော်ကောင်းတရားကို နာခြင်း။

၂၇။ သည်းခံခြင်း။

၂၈။ သူတော်ကောင်းတို့ ဆုံးမအပ်သောစကားကို နာလွယ်ခြင်း။

၂၉။ ရဟန်းပုဏ္ဏားတို့အား ဖူးမြင်ရခြင်း။

၃၀။ သင့်လျော်သောအခါ၌ တရားတော်ကို ဆွေးနွေးမေးမြန်းရခြင်း။

၃၁။ ခြိုးခြံစွာကျင့်ခြင်း။

၃၂။ မြတ်သောအကျင့်တရားတို့ကို ကျင့်ခြင်း။

၃၃။ သစ္စာလေးပါးတရားကိုသိခြင်း။

၃၄။ နိဗ္ဗာန်အကျိုးအရသာကို ဆင်ခြင်အောက်မေ့၍ သိခြင်း။

၃၅။ ဆင်းရဲချမ်းသာ စသော လောကဓံတရားရှစ်ပါးနှင့် တွေ့သောအခါ မတုန်လှုပ်ခြင်း၊ ဝမ်းနည်းဝမ်းသာမရှိခြင်း။

၃၆။ လောကဓံတရား ရှစ်ပါးနှင့် တွေ့ကြုံသောအခါ စိုးရိမ်ပူပန်ခြင်းမရှိခြင်း။

၃၇။ လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံသောအခါ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အညစ်အကြေးမှ ပယ်ရှားခြင်း။

၃၈။ လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံသောအခါ ဘေးမှကင်းခြင်း။

ဤသို့လျှင် မြတ်စွာဘုရားသည် မင်္ဂလာအစစ်သုံးဆယ့်ရှစ်ပါးကို ဟောကြားတော်မူပြီးနောက် လူအပေါင်းတို့သည် များစွာနှစ်သက်ဝမ်းမြောက်ကြကုန်လျက် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ရဟန်းတို့က ပြောဆိုကြသည်တွင် မြတ်စွာဘုရားက ယခုသာမဟုတ် ရှေးကလည်း ဟောဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဟိမဝန္တာ၌ ရက္ခိတမည်သော ရသေ့ကြီးသည် အခြွေအရံငါးရာနှင့်နေရာ တစ်ခါသော် တပည့်ရသေ့ငါးရာတို့သည် ဗာရာဏသီပြည်သို့ ချဉ်ဆားမှီဝဲအံ့သောငှာ လာကြသည်တွင် လူတို့သည် အထက်ပစ္စုပ္ပန်ဝတ္ထု၌ ဆိုခဲ့သည့်အတိုင်း ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ ဤမင်္ဂလာသုံးပါးပြဿနာသည် ဖြစ်လျက်နေသည်ကို တွေ့ရလေ၏။

မင်းနှင့်တကွ လူတို့သည် ထိုရသေ့တို့အား မင်္ဂလာပြဿနာကို မေးလျှောက်လေသော် ငါတို့မသိကုန်။ သို့ရာတွင် ငါတို့၏ဆရာကို မေးလျှောက်ပြီးမှ သင်တို့အား ပြန်ကြားပေအံ့ဟုဆို၍ ဟိမဝန္တာသို့ ပြန်ရောက် မေးလျှောက်ရာ ဆရာရက္ခိတရသေ့ကြီးက မင်္ဂလာတရားတို့မှာ အောက်ပါအတိုင်းဖြစ်ကြောင်း ဟောပေ၏။

၁။ သတ္တဝါအပေါင်းတို့အား အစဉ်မပြတ် မေတ္တာထားခြင်း။

၂။ မိမိကိုယ်ကို နှိမ့်ချ၍ သူတစ်ပါးတို့က ဆဲရေးရေရွတ်သည်ကို အမျက်မထွက်ဘဲ ကောင်းသောစကားကိုသာ ဆိုခြင်း။ အချုပ်သော်ကား သည်းခံတတ်ခြင်း။

၃။ မိမိ၏ အဆွေခင်ပွန်းတို့အား မထိမဲ့မြင် မပြုခြင်း။

၄။ အဆွေခင်ပွန်းကောင်းရှိ၍ အဆွေခင်ပွန်းတို့၏ အကျိုးကို မဖျက်ဘဲ မိမိ၏ဥစ္စာကို အဆွေခင်ပွန်းတို့အား ခွဲဝေပေးလေ့ရှိခြင်း။

၅။ အရွယ်တူသော အညီအညွတ် ဝမ်းမြောက်ဝမ်းသာနေလေ့ရှိသော လင်ကိုရှိသေ၍ လင်၏အလိုသို့လိုက်သော ကုသိုလ်ကောင်းမှုကို နှစ်သက်တတ်သော မိန်းမပြုမဟုတ်သော မယားကိုရခြင်း။

၆။ အရည်အချင်းကို သိတတ်သော မင်းထံ၌ ခစားရခြင်း။

၇။ အစားအသောက်၊ ပန်းနံ့သာ စသည်တို့ကို စေတနာဖြင့် ပေးလှူခြင်း။

၈။ သီလ၊ သမာဓိ၊ ပညာဖြင့် အားထုတ်၍ မဂ်ဖိုလ်ကို ရခြင်း။

ဤသည်တို့ကား စင်စစ် ကောင်းမြတ်သော မင်္ဂလာတရားတော်ပေတည်းဟု ဟောတော်မူ၏။

တပည့်တို့လည်း ဗာရာဏသီသို့ ပြန်ကြ၊ ဟောပြ လူတို့ကျင့်ဆောင်ကြသဖြင့် ကောင်းရာသို့သာ လားကြလေသတည်း။

ဇာတ်ပေါင်းသော်–
တပည့်ရသေ့တို့သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။
မေးလျှောက်သော တပည့်ကြီးသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ရက္ခိတရသေ့သည် ဘုရား ဖြစ်လာ၏။

❐

## ဒသကနိပါတ်

### ၂၁၁။ ဃဋပဏ္ဍိတဇာတ် ၁၆

### (ဒွါရာဝတီပြည်အကြောင်း ပါသည်။)

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သားသေသဖြင့် ပူဆွေးနေသော သူကြွယ်တစ်ယောက်ကို အကြောင်းပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဥတ္တရာပထတိုင်း၊ အသိတဥ္စနမြို့၌ ကံသမင်း မင်းပြုရာ ညီတော်ဥပကံသမှာ အိမ်ရှေ့မင်းဖြစ်၏။ ထိုညီနောင်တို့တွင် ဒေဝဂဗ္ဘာမည်သော နှမတစ်ယောက်ရှိရာ ထိုနှမမှ မွေးဖွားသော သားတို့သည် ကံသမင်းအနွယ်ကို ဖျက်ဆီးလတ္တံ့ဟု အဟောအပြော ရှိကုန်၏။ သို့ကြောင့် ညီနောင်နှစ်ပါးတို့သည် နှမတော်ကို

လင်ပေးစားခြင်းမပြုဟု တစ်ပင်တိုင်ပြာသာဒ်နှင့် လုံခြုံစွာ ထားလေ၏။

ထိုအခါ ဥတ္တရမဓုရမည်သောပြည်မှ သာဂရမင်း၏ညီတော် အိမ်ရှေ့မင်း ဥပသာဂရသည် တစ်စုံတစ်ရာအပြစ်ကြောင့် ထွက်ပြေးလာပြီးလျှင် ကျောင်းနေဖက်ဖြစ်ဖူးသော ထိုကံသမင်းထံ၌ နေလာ၏။ ကံသမင်းကလည်း ချီးမြှောက်၍ထား၏။

တစ်နေ့သော် ဥပသာဂရသည် နှမတော်၏အကြောင်းကိုကြားသော် တပ်စွမ်းသည်နှင့် အထိန်းတော်အား တံစိုးပေး၍ ကြံစည်ရာ ၎င်းတို့နှစ်ဦး ချစ်ကြိုက်ယဉ်ပါး၍ နှမတော်၌ သန္ဓေတည်လေ၏။

ထိုအကြောင်းကို ညီနောင်နှစ်ပါးကြားလျှင် သမီးဖွားသော် မထောင်းတာ၊ သားဖွားသော် သားကိုဖျက်ဆီးအံ့ဟု ဥပသာဂရနှင့် နှမတော်ကို ထိမ်းမြားလေ၏။

ကံအားလျော်စွာ သမီးမိန်းမဖွားခဲ့၏။ ညီနောင်တို့လည်း ဝမ်းမြောက်ကြလျက် အဉ္ဇနဒေဝီဟု အမည်ပေးထား၏။

နောက်တစ်ကြိမ်ဖွားသောအခါ၌ကား သားယောကျ်ားဖြစ်နေသဖြင့် နှမတော်သည် စိုးရိမ်၍ ထိုနေ့တွင်ပင်ဖွားသော အထိန်းတော်၏ သမီးနှင့် လဲလှယ်၍ထားလေ၏။ ဤနည်းဖြင့် သားတစ်ကျိပ်ဖွားသည်ကို အထိန်းတော်၏သမီးတစ်ကျိပ်နှင့် လဲလှယ်၍ မွေးကျွေးကြီးပြင်းစေ၏။

ကြီးပြင်းကြသော် အလွန်ကြမ်းကြုတ်ခက်ထန် သောင်းကျန်းကြကုန်လျက် နိုင်ငံတော်အတွင်း၌ လုယက်ဖျက်ဆီးကြကုန်၏။

ကံသမင်းကြီးသည် ထိုအကြောင်းကိုကြားသောအခါ ၎င်းတို့၏ (အဖဖြစ်သော)အထိန်းတော်အား အဘယ်ကြောင့် သားတို့ကို နိုင်အောင် မထိန်းသနည်းဟု ခြိမ်းခြောက်၍ သုံးကြိမ်ရှိသော် အထိန်းတော်သည် မှန်ရာကို လျှောက်လေ၏။

မင်းကြီးလည်း ထိတ်လန့်၍ မည်သို့ပြုသင့်ကြောင်း အမတ်တို့နှင့် တိုင်ပင်သော် ထိုသူတစ်ကျိပ်တို့သည် လက်ဖှေ့လက်ပမ်းသတ်ခြင်း၌ ကြုံးကုန်၏။ သို့ကြောင့် လက်ဖှေ့ပွဲကျင်းပ၍ လာရောက်ကြသောအခါ ဖမ်းဆီးပါလောဟု လျှောက်ကြ၏။

လျှောက်ကြသည်အတိုင်း စီရင်၍ လာရောက်ကြသော် ထိုညီနောင်တစ်ကျိပ်တို့ကို ခုခံနိုင်သူမရှိ၊ လက်ဖှေ့သမားဟူသမျှတို့ ဆုံးရှုံး သေကျေကြလေ၏။

ထိုအခါ မင်းမိန့်ဖြင့် ဝန်းဝိုင်းဖမ်းကြသော် ထိုညီနောင်တစ်ကျိပ်တို့သည် ဦးရီးတော်ညီနောင်နှစ်ပါးကို သတ်ဖြတ်၍ မြို့ကို သိမ်းယူကြလေ၏။

ထိုသို့ အသိတဥ္စနမြို့ကို သိမ်းယူပြီးနောက် ဇမ္ဗူဒိပ်ကျွန်း၌ မင်းအဖြစ်ကို ယူအံ့ဟု အစဉ်သဖြင့် တိုက်ခိုက်လေရာ အယုဇ္ဈတိုင်း၊ ကာဠယောနကမင်းကို ဖမ်းဆီးယူငင်ပြီးနောက် ဒွါရာဝတီပြည်သို့ ရောက်လာကြကုန်၏။

ထိုဒွါရာဝတီမြို့၏ မျက်နှာတစ်ဖက်၌ သမုဒ္ဒရာ၊ တစ်ဖက်၌ တောင်ရှိ၏။ ထိုမြို့ကို ဘီလူးတို့ သိမ်းဆည်းထားသည်ဖြစ်၍ ရန်သူလာသော် အစောင့်ဖြစ်သော ဘီလူးသည် မြည်းအသွင်ဖြင့် မြည်းသံကို မြည်၏။ ထိုသို့မြည်သောခဏ၌ ဘီလူးတို့၏အာနုဘော်ဖြင့် မြို့အလုံးသည် ကောင်းကင်သို့ပျံတက်၍ မဟာသမုဒ္ဒရာဝယ် ကျွန်းငယ်တစ်ခု၌ တည်၏။ ရန်သူတို့ ပြန်သွားသည်ရှိသော် ထိုမြို့သည် နေရာဟောင်းသို့ ပြန်ရောက် တည်မြဲတည်လေ့ရှိ၏။

ထိုညီနောင်တစ်ကျိပ်တို့လာသော် မြည်းမြည်၍ မြို့ကောင်းကင်သို့ ပျံတက်သည်နှင့် ပြန်သွားကြရ၏။ ဤသို့လျှင် လာတိုင်း ကောင်းကင်သို့ ပျံတက်သဖြင့် မြို့ကိုမရနိုင်သော် ကဏှဒီပါယနမည်သော ရသေ့ထံတွင် အကြောင်းကို လျှောက်ထားမေးမြန်း၏။

ရသေ့ကလည်း အကြောင်းမျိုးကို ပြန်ကြားပြီးလျှင် သင်တို့သည် မြည်းတစ်ကောင်ကို တွေ့မြင်လျှင် ခြေကိုကိုင်၍ မမြည်ရန် တောင်းပန်လော။ သင်တို့ အလိုပြည့်လတ္တံ့ဟု ဆိုလေ၏။

ဆိုတိုင်းတောင်းပန်သောအခါ မြည်းက မမြည်ဘဲမနေနိုင်။ သို့ရာတွင် မဆွက မြို့တံခါးလေးမျက်နှာတို့တွင် မြေ၌ သံတံသင်း (သံငုတ်)တို့ကိုစိုက်၍ မြို့ပျံ့အံ့သောကာလ၌ သံချောင်းသံကွင်းတို့ဖြင့် ချိတ်တွယ်၍ထားလေဟု အကြံပေးလေ၏။

အကြံပေးတိုင်းဖြင့် ဒွါရာဝတီမြို့ကို ရရှိ၊ ထိုမြို့၌ပင် ညီနောင်တစ်ကျိပ်တို့သည် နမတော်နှင့်တကွ အခြေစိုက်၍နေကြလေ၏။

တစ်ခါသော် နောင်တော်အကြီးဖြစ်သော ဝါသုဒေဝမင်းကြီး၏ သားတော်တစ်ယောက်သေရာ ဝါသုဒေဝမင်းကြီးသည် အလွန်ပူဆွေးငိုကြွေးလျက် ရှိနေလေ၏။

ထိုအခါ ညီတစ်ပါးဖြစ်သော ဃဋပဏ္ဍိတသည် နောင်တော်၏ စိုးရိမ်ခြင်းကို ဖျောက်အံ့သောငှာ သူရူးအသွင်ဖြင့် ငါ့အား ယုန်ကို ပေးလော့၊ ငါ့အား ယုန်ကိုပေးလော့ဟု ဆိုမြည်လျက် မြို့တွင် လှည့်လည်၏။

ထိုမင်းသား ရူးသွပ်သည်ဟု မြို့အလုံး ချောက်ချားလျက် ရောဟိဏေယျမည်သောအမတ်သည် လျှောက်လာ၍ ဝါသုဒေဝမင်းကြီးကြားသော် ညီတော်ထံသို့ သွားရောက်ပြီးလျှင် အဘယ်သို့သော ယုန်ကို လိုသနည်းဟု မေး၏။

ညီတော်က အခြားယုန်တို့ကိုမလိုပါ၊ လအတွင်းရှိယုန်ကိုသာ လိုပါသည်ဟု ဆို၏။ ထိုအခါ နောင်တော်လည်း ညီတော်သည် အကယ်ရူးပြီထင်၍ စိုးရိမ်ကြီးစွာဖြင့် ညီတော်၊ သင်၏အသက်သေသော် သေရာ၏။ လမှ ယုန်ကို ရနိုင်မည်မဟုတ်ဟု ဆို၏။

နောင်တော်၊ ဤသို့ လမှယုန်ကို မရနိုင်ကြောင်းဖြင့် သူတစ်ပါး ကို ဆုံးမတတ်ပါလျက် သေလေပြီးသောသား၌ စိုးရိမ်ခြင်းသည် သင့်လျော်ပါ၏လောဟု ဆို၏။

ထိုအခါမှ နောင်တော်သည် သတိတရားရ၍ စိတ်၏ချမ်းသာ ခြင်းကို ရလေ၏။

ဤသို့လျှင် ညီနောင်တို့နေကြ၍ ၎င်းတို့မှ ပေါက်ပွားသော မင်းသားတို့သည် ကြမ္မာဖောက်သည်ဖြစ်သောကြောင့် ကဏှဒီပါယန မည်သော ရသေ့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ရှိ၏ဟု ဆိုသည်ကို စုံစမ်း ကြအံ့ဟု ယောကျာ်းတစ်ယောက်အား မိန်းမကဲ့သို့ ပြုပြင်ဝတ်ဆင်စေ၍ ကိုယ်ဝန်ရှိဟန်ပြုပြီးလျှင် ရသေ့အားပြလျက် ဤသူငယ်မသည် အဘယ် အခါ၌ ဖွားလတ္တံ့နည်းဟု မေးကြလေ၏။

ရသေ့လည်း ဒိဗ္ဗစက္ခုဖြင့် ဆင်ခြင်သော် မိမိသည် ယနေ့ပင် အသက်ကုန်မည့်အကြောင်း၊ ညီနောင်တစ်ကျိပ်၏ မင်းဆက်လည်း ပျက်စီးပြတ်စဲတော့မည့်အကြောင်းကို သိသည်နှင့် မင်းသားတို့၊ ဤ သားဖွားခြင်းကိစ္စဖြင့် အသင်တို့ အဘယ်ပြုအံ့နည်း၊ ငါမဖြေဆိုလိုဟု ဆို၏။

မင်းသားတို့က အကြိမ်ကြိမ်ဆိုစေရကား ရသေ့က မင်းသားတို့၊ ဤနေ့မှ ၇ ရက်မြောက်သောနေ့၌ ရှားတုံးကိုဖွားလတ္တံ့။ ထိုရှားတုံးဖြင့် ဝါသုဒေဝမင်းမျိုးသည် ပျက်စီးလတ္တံ့။ သို့ကြောင့် ဖွားသောရှားတုံးကို မီးဖုတ်ပြာပြု၍ မြစ်၌ချလေလောဟု ဆို၏။

ထိုအခါ မင်းသားတို့သည် ဟယ်– ရသေ့စဉ်းလဲ၊ ယောကျာ်း က သားဖွားနိုင်သလောဟုဆို၍ ချည်နှောင်ပုတ်ခတ်ကြသည်နှင့် ရသေ့ သေဆုံးလေ၏။

ဝါသုဒေဝမင်းကြီးသည် ထိုအကြောင်းကြားသော် စိုးရိမ်ကြီးစွာ ဖြင့် မင်းသားတို့ကို အပြစ်တင်ပြီးလျှင် အကယ်ပင် ရှားတုံးဖွားသော

အခါ ပြာပြု၍ မြစ်၌ချစေ၏။ ပြာတို့သည် မျောလေ၍ ကမ်းစပ်၌ တင်သောအခါ ပြိန်းမြက်တို့ ပေါက်လေ၏။

တစ်နေ့သ၌ မင်းသားတို့ ရေကစားကြစဉ် ၂စုကွဲ၍ ခိုက်ရန်ဖြစ်ကြရာ လက်နက်မရှိသဖြင့် ပြိန်းမြက်တို့ကိုကိုင်လျှင် ရှားကျည်ပွေ့တို့ ဖြစ်ကုန်၏။ ထိုရှားကျည်ပွေ့တို့ဖြင့် ရိုက်နှက်ကြရာ အလုံးစုံသော မင်းသားတို့ သေကျေပျက်စီးကြလေ၏။

ထိုသို့ မင်းသားတို့ ပျက်စီးလေသည်ကို ကြားရသော် ဝါသုဒေဝ၊ ဗလဒေဝ၊ အဉ္ဇနဒေဝီ၊ ပုရောဟိတ်။ ဤလေးယောက်တို့သည် ပြေးကြရာ ဗလဒေဝသတ်စဉ်က သေသော မုဋ္ဌိကမည်သော လက်ဝှေ့သမားသည် ဘီလူးဖြစ်၍ စားရလိုသောဟု ဆုတောင်းသည့်အတိုင်း ဘီလူးဖြစ်နေသောတောသို့ ရောက်လာလျှင် ဗလဒေဝကို ကိုက်သတ်စားလေ၏။

ဝါသုဒေဝမင်းကြီးသည်လည်း ပုရောဟိတ်နှင့် နှမတော်တို့ကို အနီးအနားရှိရွာမှ အစားအစာဆောင်ယူရန် စေလွှတ်လိုက်ပြီးနောက် ချုံတွင်း၌အိပ်နေစဉ် မုဆိုးတစ်ယောက်သည် ချုံလှုပ်သည်ကို ဝက်ထင်၍ လှံဖြင့်ထိုးလိုက်ရာ ဝါသုဒေဝမင်းကြီးကို ထိုးမိလေ၏။

နှမတော်နှင့် ပုဏ္ဏားတို့ အစာယူလာသော် ဝါသုဒေဝမင်းကြီးသည် သေအံ့ဆဲဆဲဖြစ်၍ အစားကိုမစားနိုင်ဘဲ နှမတော်ကို အသက်မွေးရန်ဟု မန္တန်သင်ကြားပေးပြီးနောက် သေဆုံးရလေ၏။

ဤသို့လျှင် နှမတော် အဉ္ဇနဒေဝီကိုထား၍ ညီနောင်တစ်ကျိပ်နှင့်တကွ သားသမီးဆွေမျိုးအစဉ်အဆက် ဒွါရာဝတီတစ်မြို့လုံး ပျက်စီးခြင်းသို့ ရောက်လေသတည်း။

ဇာတ်ပေါင်းသော်-

ရောဟိဏေယျအမတ်သည် ရှင်အာနန္ဒာ ဖြစ်လာ၏။

ဝါသုဒေဝသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ကြွင်းသောညီနောင် စသော ပရိသတ်သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။
ဃဋပဏ္ဍိတမင်းသားသည် ဘုရား ဖြစ်လာ၏။

❐

## ကောဒသကနိပါတ်

## ၂၁၂။ ဓဇဇာတ် ၂

## ကတိတည်သော ဓဇမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မြတ်စွာဘုရား၏ အလုပ်အကျွေး ရွေးကြရာ အရှင်အာနန္ဒာက မိမိတောင်းသော ဆုရှစ်ပါးကို ရလျှင် လုပ်ကျွေးအံ့ဟုဆို၍ ဆုရှစ်ပါးကို တောင်း၏။ မြတ်စွာဘုရားလည်း ထိုဆုရှစ်ပါးကို ပေးတော်မူ၏။

ထိုအကြောင်း ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ ရှေးကလည်း ဤသို့ပင် ပေးဖူး၏ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်း၏ ဓဇမည်သောသားတော်သည် တက္ကသိုလ်၌ ပညာသင်စဉ် တစ်ညဉ့်၌ အလှူခံလာသော ပုဏ္ဏားတစ်ယောက်ကို အမှတ်မဲ့တိုက်ခိုက်မိသဖြင့် ထိုပုဏ္ဏား၏ထမင်းခွက်သည် လွတ်ကျကွဲလေ၏။

ထိုအခါ ပုဏ္ဏားသည် ငိုကြွေး၍ အလျော်တောင်းရာ ယခုပေးလျော်ရန် မရှိပါ။ သို့ရာတွင် ငါသည် ဗာရာဏသီမင်း၏သားတည်း။ ငါမင်းဖြစ်သောအခါ အသင်လာရောက်တောင်းပါလော့။ ငါပေးအံ့ဟု ဆို၏။ ပုဏ္ဏားလည်း ဝန်ခံ၏။

ဗာရာဏသီသို့ ပြန်ရောက် မင်းဖြစ်သော် ထိုပုဏ္ဏားသည် လာရောက်၍ ထမင်းခွက်ဖိုးတောင်းအံ့ဟု မင်းသည် ဆင်စီး၍ မြို့ကို လှည့်လာရာတွင် အရှင်မင်းကြီး၊ အကျွန်ုပ်အား ရွာငါးရွာ၊ ကျွန်မ တစ်ရာ၊ နို့ညှစ်နွားမခုနစ်ရာ၊ နိက္ခတစ်ထောင်မကသော ရွှေစင်၊ အဆင်း အင်္ဂါနှင့်ပြည့်စုံသော မယားနှစ်ယောက် ဤသည်တို့ကို ပေးတော်မူပါ လောဟု တောင်းလေ၏။

ထိုအခါ မင်းကြီးက အသင်ပုဏ္ဏား၊ ထိုမျှလောက်တောင်းရာ၌ အသင့်တွင် အကျင့်သီလပြည့်စုံပါသလော။ သို့မဟုတ် ဆန်းကြယ် သော မန္တန်မန္တရားသည် ရှိပါသလော။ သို့မဟုတ် သင်သည် အချို့ သော နတ်တို့ကို အုပ်ချုပ်နိုင်ပါသလော။ သို့မဟုတ် ငါ့အား တစ်စုံ တစ်ခုသောကျေးဇူး ပြုဖူးပါသလောဟု မေးတော်မူ၏။

အရှင်မင်းကြီး၊ တစ်စုံတစ်ခုမျှ မရှိပါ၊ မပြုဖူးပါ။ သို့ရာတွင် ခေတ္တမျှ တွေ့ကြုံဖူးပါ၏။ တက္ကသိုလ်တွင် အကျွန်ုပ်ကို တိုးတိုက်မိ၍ ထမင်းခွက်ကျ၍ကွဲဖူးပါသည်။ ထိုအခါက ခေတ္တမျှရပ်ကြ၍ အောက် မေ့အပ်သောစကားတို့ကို ဆိုဖူးပါသည်ဟု လျှောက်၏။ အသင် ပုဏ္ဏား၊ ထိုသို့တပြိုးကား တွေ့ဖူးသော မိတ်သင်္ဂဟကို မဖျက်ကောင်း၊ သင်တောင်းတိုင်း ရစေဟု ပေးတော်မူလေသတည်း။

ဇာတ်ပေါင်းသော်–

ပုဏ္ဏားသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

မင်းသည် ဘုရား ဖြစ်လာ၏။

❐

# ဧကာဒသကနိပါတ်

## ၂၁၃။ ဒသရထဇာတ် ၇

## သီတာရာမတို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အဖသေသဖြင့် အလွန်ပူဆွေး စိုးရိမ်နေသော သူကြွယ်တစ်ဦးအား စိတ်၏ချမ်းသာခြင်းကို ရစေရန် အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီပြည်၌ ဒသရထမည်သောမင်းကြီး၌ မိဖုရားခေါင်ကြီးမှ မွေးဖွားသော ရာမ၊ လက္ခဏ ညီနောင်နှစ်ယောက်နှင့် သီတာမည်သော သမီးတော်တစ်ယောက် ရှိ၏။

တစ်ရံခါသော် ထိုမိဖုရားခေါင်ကြီး သေလွန်သဖြင့် မင်းသမီးတစ်ယောက်ကို မိဖုရားမြှောက်၏။ ထိုဒုတိယမိဖုရားကြီးမှ ဘရတမည်သော သားကို ဖွား၏။

မင်းကြီးသည် ထိုမိဖုရားနှင့်သားကို အလွန်ချစ်နှစ်သက်သည်ဖြစ်၍ မိဖုရားအား အလိုရှိသောဆုကို ယူလေဟု ဆုပေး၏။ ထိုအခါ မိဖုရားက မိမိသား ဘရတအား မင်းအဖြစ်ကိုပေးရန် တောင်းလေ၏။

မင်းကြီးလည်း သားတော်ကြီးများ ထင်ရှားရှိလျက် သားငယ်အတွက် မင်းအဖြစ်ကို တောင်းရသည်လောဟု ပြင်းစွာအမျက်ထွက်၍ မပေးဟုဆို၏။ တောင်းဖန်များလတ်သော် ဤမိဖုရားသည် သဘောဆိုးယုတ်၏။ တစ်နေ့နေ့၌ ငါ၏သားတော်ကြီးများ၏အသက်ကို ရန်ရှာလတ္တံ့ဟု သားတော်အကြီးနှစ်ယောက်အား ပညာရှိတို့ ဟောပြောချက်အရ ငါသည် နောင်တစ်ဆယ့်နှစ်နှစ်သာ အသက်ရှည်ရအံ့။ ထိုတစ်ဆယ့်နှစ်နှစ်အတွင်း သင်တို့သည် အခြားရပ်သို့ သွားရောက်နေ

ကြလေ။ ငါသေသောအခါမှ လာရောက်ထီးနန်းကို ယူကြလော့ဟု ဆိုလေ၏။

သားတော်တို့လည်း ခမည်းတော်အလိုတော်အတိုင်း ထွက်ကြသောအခါ နှမတော် သီတာသည်လည်း ခမည်းတော်ထံ ခွင့်ပန်၍ မောင်တော်များနှင့် လိုက်လေ၏။ ဤသို့လျှင် မင်းသုံးပါးတို့သည် ဟိမဝန္တာသို့ ထွက်လာကြလျက် သစ်မ်းတစ်ခုဌ်နေပြီးလျှင် လက္ခဏနှင့် သီတာနှစ်ယောက်တို့က သစ်သီးကြီးငယ် ရှာဖွေ၍ နောင်တော်ရာမအား လုပ်ကျွေးကြကုန်၏။

ဒသရထမင်းကြီးသည်ကား သားတော်သမီးတော်တို့ကို လွမ်းဆွတ်သည်နှင့် တစ်ဆယ့်နှစ်နှစ်မနေရဘဲ ကိုးနှစ်လွန်လျှင် သေဆုံးလေ၏။ ထိုအခါ မိဖုရားသည် မိမိသား ဘရတအား ထီးနန်းကိုပေးရန် အမတ်တို့အားပြောရာ အမတ်တို့က မပေးဘဲ ထီးနန်းရှင်တို့သည် တောဌ်ရှိကုန်၏ဟုသာ ဆိုကြလေ၏။

ဘရတမင်းသားသည်လည်း နောင်တော်ရာမမင်းကို တောမှ ဆောင်၍ ထီးနန်းကိုသိမ်းစေအံ့ဟု မင်းမြောက်တန်ဆာငါးပါးကို ယူပြီးလျှင် စစ်အင်္ဂါလေးပါးနှင့်တကွ ရာမမင်းထံသို့လာရောက် မင်းကြီးသေဆုံးကြောင်းကို လျှောက်၍ အမတ်တို့နှင့်တကွ ခြေရင်းဌ် ဝပ်၍ ငိုကြ၏။

ရာမမင်းသည်ကား တစ်စုံတစ်ရာပူဆွေးခြင်းမရှိ တည်ကြည်စွာနေ၏။ ထိုခဏဌ် သစ်သီးရှာရာမှ ပြန်လာကြသော လက္ခဏနှင့် သီတာတို့ကိုကား ရုတ်ချည်း အဖသေကြောင်းပြောလျှင် နှလုံးကွဲကြမည်ကိုစိုး၍ ရေကန်တွင်းဌ် ဆင်း၍နေစေပြီးမှ အကြောင်းကြားလေ၏။ လက္ခဏနှင့် သီတာတို့သည် သုံးကြိမ်တိုင်တိုင် မြောမေ့သေးသောဟူ၏။

ထိုအခါ ဘရတမင်းသားက နောင်တော်ရာမမင်းအား အဘယ်ကြောင့် မပူဆွေးဘဲ ဣန္ဒြေကြီးစွာဖြင့် နေနိုင်ကြောင်းကို မေးလျှောက်လေ၏။

ရာမမင်းကလည်း ညီထွေး၊ သတ္တဝါတို့သည် သေရမည့် အမြဲဖြစ်၏။ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ သေခြင်းလျှင် အဆုံးရှိ၏။ သတ္တဝါတို့မှာ နေ့မြင်ညပျောက်၊ ညမြင်နေ့ပျောက် ဖြစ်ကြကုန်၏။ ထိုသေသူတို့အတွက် ငိုကြွေးခြင်းသည် မိမိကိုယ်ကို ညှဉ်းဆဲခြင်းမျှသာဖြစ်၏။ မီးကိုရေဖြင့်ငြိမ်းစေဘိသကဲ့သို့ ပူပန်စိုးရိမ်ခြင်းကို သတိပညာဖြင့် ငြိမ်းစေရာ၏။ သတ္တဝါတို့သည် တစ်ယောက်တည်းသာလျှင် ဖွား၏။ တစ်ယောက်တည်းသာလျှင် သေ၏။ အဆွေအမျိုးဆိုသည်မှာ လူတို့ခေါ်ဝေါ်သောပညတ်မျှသာဖြစ်၏။ သို့ကြောင့် ငိုကြွေးပူဆွေးခြင်းကို တရားဖြင့်ဖြေရ၏ဟု ဆိုပေ၏။

ဘရတလည်း တရားရ၏။ ပြီးမှ နောင်တော်ရာမမင်းအား မင်းအဖြစ်ကို သိမ်းယူရန်လျှောက်၏။ ရာမမင်းကလည်း သီတာနှင့် လက္ခဏတို့ကိုခေါ်သွား၍ သင်တို့မင်းပြုနှင့်ကြလေ။ ငါမူကား အဖ၏စကားကို နားထောင်ရာရောက်အောင် တစ်ဆယ့်နှစ်နှစ်ပြည့်မှ (နောင်သုံးနှစ်ကြာမှ) လိုက်လာခဲ့အံ့ဟု ဆိုလေ၏။

ညီတော်တို့က ထိုသုံးနှစ်အတွင်း၌ပင် မင်းမပြုလိုဟု ဆိုကြလျှင် ရာမမင်းက ထိုသို့ဟုပြီးကား ငါ၏မြက်ခြေနင်းတို့ကိုယူသွား၍ မင်းအရာ၌ ထားကြလောဟုဆို၍ ပေးလိုက်လေ၏။

ခြေနင်းကိုယူသွားကြ၍ ရာဇပလ္လင်ထက်၌ တင်ထားပြီးလျှင် တရားဆုံးဖြတ်လေ့ရှိကြ၏။ တရားသဖြင့် ဆုံးဖြတ်သော် ခြေနင်းတို့သည် ငြိမ်စွာနေ၏။ မတရားဆုံးဖြတ်သော် ခြေနင်းတို့သည် အချင်းချင်း ခွပ်ကြကုန်၏။ ဤသို့လျှင် သုံးနှစ်မင်းပြု၍နေကြလေ၏။

သုံးနှစ်စေ့သော် ရာမမင်းသားသည် တိုင်းပြည်သို့ပြန်၍ သီတာဒေဝီကို မိဖုရားကြီးမြှောက်ပြီးလျှင် တရားသဖြင့် မင်းပြုလေသတည်း။

ဇာတ်ပေါင်းသော်–
ဒသရထမင်းသည် သုဒ္ဓေါဒန ဖြစ်လာ၏။
မယ်တော်သည် မယ်တော်မာယာ ဖြစ်လာ၏။
သီတာဒေဝီသည် ရာဟုလာမယ်တော် ဖြစ်လာ၏။
ဘရတသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
လက္ခဏာသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ရာမမင်းသည် ဘုရား ဖြစ်လာ၏။

❒

## ဧကာဒသကနိပါတ်

### ၂၁၄။ သံဝရဇာတ် ၈

### သံဝရမင်းသားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် လုံ့လဝီရိယ လျော့သော ရဟန်းတစ်ပါးအား လုံ့လဝီရိယရှိအပ်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါး၌ သားတစ်ရာရှိရာ အငယ်ဆုံးမှာ သံဝရဟုတွင်၏။ မင်းကြီးသည် ထိုသားတစ်ရာတို့ကို ပညာသင်ရန် အမတ်တစ်ရာတို့ထံ၌ အသီးသီး အပ်နှံထား၏။ သံဝရ၏ဆရာကား ဘုရားလောင်းဖြစ်၍ အသိပညာ အမြော်အမြင်နှင့် ပြည့်စုံ၏။

အတတ် တတ်မြောက်သောသားတို့ကို မြို့ရွာပေး၍ လွှတ်လိုက်လေ၏။ သံဝရမင်းသား ပညာတတ်သောအခါ ဆရာက မြို့ရွာကို မယူဘဲ မင်းကြီး၏ခြေရင်း၌သာနေလော့ဟု အကြံပေး၏။ ဤသို့လျှင် သံဝရမင်းသားအား မြို့ရွာပေးသောအခါ အကျွန်ုပ်သည် အငယ်ဆုံးတည်း။ အကျွန်ုပ်လည်းသွားသည်ရှိသော် ခမည်းတော်၌ လုပ်ကျွေးမည့်သူမရှိ ဖြစ်ပါလိမ့်မည်။ သို့ကြောင့် ခြေရင်းတော်၌သာ နေပါအံ့ဟု လျှောက်၍နေလေ၏။

အတန်ကြာသော် ဆရာ၏အကြံပေးချက်အတိုင်း ခမည်းတော်ထံမှ ဥယျာဉ်ဟောင်းတစ်ခုကို တောင်းယူ၍ ထိုဥယျာဉ်မှရသော အသီးအနှံ အပွင့်တို့ကို ပြည်၌အစိုးရသောသူတို့အား ပေးကမ်းခြင်းကိုပြု၏။

ထို့နောက် ခမည်းတော်ကို ပန်ကြား၍ မြို့တွင်း၌ ထမင်းရိက္ခာတို့ကို အလစ်အလပ် အယုတ်အလျော့မရှိ ပေးပြန်၏။

ဤသို့လျှင် ဆရာ့အကြံအတိုင်း တစ်ဆင့်ထက်တစ်ဆင့် ဆင်၊ မြင်း၊ ဗိုလ်ပါ၊ နိုင်ငံခြားရေး၊ အခွန်တော်ရေးမှစ၍ စီမံဆောင်ရွက်သွားလေရာ အဆုံး၌ အလုံးစုံသော တိုင်းရေးပြည်မှုတို့သည် သံဝရမင်းသား လက်တွင်းသို့ရောက်သွားလေ၏။ အတွင်းအပြင် လူအပေါင်းတို့လည်း ချစ်လိုနှစ်သက်ခြင်း ရှိကြကုန်၏။

တစ်နေ့သော် မင်းကြီးနတ်ရွာစံအံ့ရှိသည်တွင် အမတ်တို့က မည်သူ့ကို ထီးနန်းပေးရပါအံ့နည်းဟု လျှောက်ကြ၏။ မင်းကြီးကလည်း အလုံးစုံသောသားတို့သည် ထီးနန်းကို ရထိုက်သောသူချည်းဖြစ်ကြ၏။ သို့သော်လည်း မှူးမတ်ပြည်သူတို့ သဘောနှစ်သက်သူကို ရွေး၍ နန်းတင်ကြလေလော့ဟု မိန့်ဆိုပြီးလျှင် နတ်ရွာစံလေ၏။

မှူးမတ်ပြည်သူတို့လည်း သံဝရမင်းသားကို နန်းတင်ကြလေ၏။ ထိုအခါ ကျန်သောနောင်တော် ကိုးဆယ့်ကိုးတို့သည် အငယ်ဆုံး

ကို နန်းတင်ရာသလောဟု မကျေနပ်ကြဘဲ လာရောက်ဝိုင်းဝန်းလျက် နန်းကိုလည်းပေးမည်လော၊ စစ်သော်လည်းပြုမည်လောဟု စေလေ၏။

ထိုအခါ သံဝရမင်းသားသည် မိမိဆရာ၏အကြံပေးချက်အတိုင်း နောင်တော်တို့နှင့် စစ်မထိုးလိုပါ။ အဖ၏အမွေကို အစုတစ်ရာပြု၍ နောင်တော်တို့၏ဝေစုကို ယူကြပါကုန်လော့ဟု ပြန်ကြားလိုက်လေ၏။

နောင်တော်တို့တွင် အကြီးဆုံးဖြစ်သော ဥပေါသထမင်းသားသည် ညီတော်တို့၊ သံဝရသည် ငါတို့ကို မခုခံပေ။ ငါတို့၏ဝေစုကိုလည်း ပေး၏။ ၎င်းပြင် အလုံးစုံသောငါတို့သည် တစ်ပြိုင်နက် မင်းပြုနိုင်ကြမည်မဟုတ်။ သို့ကြောင့် ညီထွေးသံဝရပင် မင်းပြုပါစေတော့ဟု ဆိုလေ၏။ အားလုံးသောညီနောင်တို့ကလည်း သဘောတူကြလေ၏။

ထို့နောက်မှ ညီတော်နှင့် တွေ့ဆုံ၍ ကြံရည်ဖန်ရည်နှင့်တကွ အမူအကျင့်တို့ကို ကြားသိရသောအခါ နောင်တော်တို့သည် အတိုင်းထက်အလွန် ညီတော်အား ချစ်ခင်ကြည်ညိုလျက် အုပ်ချုပ်ရေး၌ တတ်နိုင်သမျှ ကူညီကြလေသတည်း။

ဇာတ်ပေါင်းသော်–

သံဝရမင်းသည် ဝီရိယလျှော့သော ရဟန်း ဖြစ်လာ၏။

ဥပေါသထသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

ကြွင်းသောညီနောင်တို့သည် မဟာသာဝက ပကတိသာဝကတို့ ဖြစ်လာ၏။

သံဝရ၏ပရိသတ်သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

ဆရာအမတ်သည် ဘုရား ဖြစ်လာ၏။

❒

## ဒွါဒသကနိပါတ်

### ၂၁၅။ ဘဒ္ဒသာလဇာတ် ၂

### အဆွေအမျိုးတို့၏ အကျိုးကိုဆောင်သော ရုက္ခစိုးနတ်အကြောင်း

သာဝတ္ထိပြည်ဝယ် ဝိသာခါဒါယိကာမအိမ်၌လည်းကောင်း၊ အနာထပိဏ်သူဌေးအိမ်၌လည်းကောင်း၊ ကောသလမင်းကြီးနန်းတော်၌လည်းကောင်း ရဟန်းတော်တို့ကို ဆွမ်းကျွေးလေ့ရှိရာ ကောသလမင်းကြီး၏ နန်းတော်၌ကား ရဟန်းတော်တို့နှင့် အကျွမ်းဝင်သောသူမရှိသဖြင့် ရဟန်းတော်တို့သည် နန်းတော်၌ မစားလိုဘဲ ဆွမ်းကိုယူခဲ့၍ ဝိသာခါအိမ်၌သော်လည်းကောင်း၊ အနာထပိဏ်သူဌေးအိမ်၌လည်းကောင်း လာရောက်စားသောက်ကြကုန်၏။

ဤအကြောင်းကို ကောသလမင်းကြီး ကြားသိသော် ရဟန်းတို့နှင့် အကျွမ်းဝင်အောင် ရဟန်းတို့အမျိုးနှင့်လည်းကောင်း၊ သာကီဝင်မျိုးတို့နှင့်လည်းကောင်း အမျိုးဆက်ခြင်းငှာသင့်၏ဟု သာကီဝင်မင်းမျိုးတို့နေရာ ကပိလဝတ်ပြည်သို့ တမန်စေလွှတ်၍ သာကီဝင်အမျိုးသမီးတစ်ယောက်ကို တောင်းလေ၏။

ထိုအခါ သာကီဝင်မျိုးတို့သည် မပေးဘဲလည်းမနေဝံ့။ ပေးလျှင်လည်း မိမိတို့အမျိုးပျက်တော့မည်ဟု သာကီဝင် မဟာနာမ်မင်း၏ ကျွန်မကိုစွဲ၍ရသော ဝါသဘခတ္တိယာကို သာကီဝင်မင်းသမီးအစစ်ဆို၍ ဆက်လိုက်လေ၏။ ကောသလမင်းကြီးလည်း မြတ်နိုးတနာချီးမြှောက်ထားလေ၏။

မကြာမီပင် သားတော်တစ်ယောက်ဖွား၍ ဘိုးတော် မဟာနာမ်မင်းကြီးထံ အမည်တောင်းရန် အမတ်တစ်ယောက်ကို စေလိုက်၏။ ထိုအမတ်ကား အတန်ငယ် နားလေး၏။

ဘိုးတော် မဟာနာမ်မင်းကြီးလည်း အမည်တောင်းသည်ကို ကြားသော် ဝါသဘခတ္တိယာသည် သားမဖွားမီကပင် လူအပေါင်းတို့ကို လွှမ်းမိုးနိုင်၏။ ယခု သားဖွားပြီးမှသော်ကား အလွန်လျှင် မင်းနှင့် အကျွမ်းဝင်သည်ဖြစ်လတ္တံ့ဟု ဆိုသည်တွင် (အကျွမ်းဝင်)ဆိုသော စကားကို မာဂဓဘာသာဖြင့် (ဝလ္လဘ)ဟုဆိုသည်ကို နားလေးသော အမတ်က (ဝိဍူဍဘ)ဟုကြား၍ ဤကား အမည်ပင်တည်းဟုထင်မှတ်လျက် ပြန်ကြားလျှောက်လေလျှင် ထိုဝါသဘခတ္တိယာ၏သားကို ဝိဍူဍဘဟု အမည်ပေးလေ၏။

ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်သော် ဘိုးတော် မဟာနာမ်မင်းကြီးကို ဖူးမြင်လိုကြောင်း မယ်တော်ထံ၌အခွင့်တောင်းရာ အကြိမ်ကြိမ် တားမြစ်သော်လည်းမရ။ နောက်ဆုံး၌ အခွင့်ပေးရလေ၏။

ဝိဍူဍဘမသွားမီ မယ်တော်သည် မဟာနာမ်မင်းထံသို့ အကျွန်ုပ်သည် ဤအရပ်၌ ချမ်းသာစွာနေရပါ၏။ မပျက်ပါစေလင့်ဟု စာနှင့်စေ၏။ ဝိဍူဍဘလည်း အခြွေအရံနှင့်တကွ ကပိလဝတ်ပြည်သို့သွားလေ၏။

သာကီဝင်မင်းတို့လည်း ဝိဍူဍဘကို ရှိမခိုးလိုသည်ဖြစ်၍ ဝိဍူဍဘအောက်ငယ်သော မင်းသား မင်းမြေးတို့ကို တောရွာသို့ပို့ထားကြကုန်၏။

ဝိဍူဍဘရောက်သော် စည်းဝေးရာအရပ်၌ ဤကား သင့်အဘိုးတည်း၊ ဤကား သင့်ဦးရီးတည်း စသည်ဖြင့် ကြီးကုန်သောမင်းတို့ကို သာပြ၍ ဝိဍူဍဘလည်း ရှိခိုးလျက် ရှိခိုးလျက် သွား၏။ မိမိကိုရှိခိုးသော မင်းသားတို့ကို မမြင်၍မေးသော် ချစ်သား၊ သင်၏ ညီ၊ တူ စသည်တို့သည် အကြောင်းတစ်စုံတစ်ရာကြောင့် တောရွာဇနပုဒ်သို့ သွားနေကြ၏ဟု ဆိုကြကုန်၏။

ဝိဍူချာဘလည်း ကျေနပ်နှစ်သက်လျက် နှစ်ရက်သုံးရက်ကြာသော် လက်ဆောင်ပဏ္ဏာတို့ကိုယူကာ ထွက်ခဲ့လေ၏။

ထိုအခါ ကျွန်မတစ်ယောက်သည် ဝိဍူချာဘထိုင်သွားသောနေရာတည်းဟု ဆဲရေးလျက် နို့ရည်ဖြင့် ဆေးလေ၏။

ထိုခဏ၌ မင်းချင်းယောကျာ်းတစ်ယောက်သည် လက်နက်မေ့ရစ်သဖြင့် ယူရန်ပြန်လာသည်နှင့်ကြုံ၍ ထိုဆဲရေးသံကိုကြားရ၊ မေးမြန်းသော် ဝိဍူချာဘအမိ ဝါသဘခတ္တိယာသည် ကျွန်မဝမ်း၌ဖြစ်သော မဟာနာမ်မင်းကြီး၏သမီးတည်းဟု ဆို၏။ ထိုမင်းချင်းကစ၍ မကြာမီပင် လူအများတို့သိလေသည်နှင့် အုတ်အုတ်ကျက်ကျက် ဖြစ်သွားလေ၏။

ဝိဍူချာဘကြားသော် ငါထိုင်သောနေရာကို သာကီဝင်တို့သည် နို့ရည်ဖြင့် ဆေးနှင့်စေဦး။ ငါမင်းဖြစ်သောအခါမှ သာကီဝင်တို့၏ လည်ချောင်းသွေးဖြင့် ထိုငါထိုင်သောနေရာကို ဆေးအံ့ဟု စိတ်ထား၍ ပြန်ခဲ့၏။

ထိုအကြောင်းကို ကောသလမင်းကြီးကြားသော် သာကီဝင်တို့အား အမျက်ထွက်သဖြင့် ဝါသဘခတ္တိယာနှင့် ဝိဍူချာဘတို့အား ပေးထားသော အဆောင်အယောင်တို့ကို နုတ်၍ ကျွန်မျှလောက်ဖြင့်သာ ထားလေ၏။

နှစ်ရက်သုံးရက်လွန်သော် ကောသလမင်းကြီးသည် မြတ်စွာဘုရားအား အရှင်ဘုရား၊ အရှင်ဘုရား၏ ဆွေတော်မျိုးတော်တို့သည် အကျွန်ုပ်အား ကျွန်မ၏သမီးကို လှည့်ဖြား၍ပေး၏။ ယခုသိရသဖြင့် သားအမိနှစ်ဦးလုံးကို ကျွန်မျှလောက်ဖြင့်သာ ထားပါသည်ဟု လျှောက်၏ ။

မြတ်စွာဘုရားကလည်း မြတ်သောမင်းကြီး၊ သာကီဝင်တို့သည် မသင့်သောအမှုကိုပြု၏။ သို့ရာတွင် ကျွန်မသမီးပင် ဖြစ်သော်လည်း

အဖ မဟာနာမ်မင်းကြီးမှာ အမျိုးမြတ်၏။ တစ်ဖန် ဝါသဘခတ္တိယာသည် ရေမြေကိုအစိုးရသော အသင်မင်းကြီးနန်းတော်၌ ဘိသိက်သွန်းခြင်းကို ခံရ၏။ သားတော်ဝိဋူဍဘသည်လည်း အသင်မင်းကြီးကိုစွဲ၍ ရ၏။ အမိအမျိုးဖြင့် အဘယ်မူအံ့နည်း။ အဖမျိုးသာ ပဓာနလိုရင်းတည်း။ သို့ကြောင့် ယုတ်ကျသည်ဟု မမှတ်ရာ။ ရှေးပညာရှိတို့သည် ဆင်းရဲလှစွာသော ထင်းခွေမအား မိဖုရားကြီးအရာကို ပေးဖူး၏။ ထိုထင်းခွေမ၏ဝမ်း၌ဖြစ်သောသားအား တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်၌ မင်းအဖြစ်ကိုပေး၍ ကဋ္ဌဝါဟနမင်းဟု ကျော်စောဖူး၏ဟု ကဋ္ဌဝါဟနဇာတ်ကို ဟောတော်မူသည်။

ကောသလမင်းကြီးလည်း အဖမျိုးသာပဓာနဖြစ်ကြောင်း ကြားသိရသော် ဝမ်းမြောက်ဝမ်းသာရှိ၍ သားအမိတို့အား ပကတိအတိုင်း ချီးမြှောက်ပြန်၏။

## စစ်သူကြီးဗန္ဓုလအကြောင်း

ကောသလမင်းကြီး၏ စစ်သူကြီးဖြစ်သော မဟာဗန္ဓုလသည် မလ္လိကာမည်သော မိမိမယားကို သင်သည် မြုံ၏။ သင့်မိဘအိမ်သို့ သွားလေတော့ဟု ကုသိနာရုံပြည်သို့ လွှတ်၏။ မလ္လိကာလည်း မြတ်စွာဘုရားအား ဖူးမြင်ပြီးမှ သွားအံ့ဟု ဝင်ရောက်ဖူးမြင် အကြောင်းမျိုးကို လျှောက်သော် မြတ်စွာဘုရားက သားမရသောကြောင့် သွားမည်ဖြစ်လျှင် မသွားလင့်တော့ ပြန်လေတော့ဟု မိန့်တော်မူ၏။

မလ္လိကာလည်း ဝမ်းမြောက်ဝမ်းသာနှင့် ပြန်ခဲ့၍ မကြာမီပင် သန္ဓေတည်လေရာ ဝေသာလီပြည် လိစ္ဆဝီမင်းတို့၏ ဘိသိက်သွန်းရာဖြစ်သော မင်္ဂလာရေကန်တွင်း၌ ရေချိုးလိုသော ချင်ခြင်းဖြစ်ပေါ်လာလေ၏။

ထိုအခါ ဗန္ဓုလသည် ဗိုလ်တစ်ထောင်နိုင်သောလေးကိုယူ၍ မိဖုရားနှင့်တကွ ရထားဖြင့် ဝေသာလီပြည်သို့ဝင်၏။

ထိုအခါ ကောသလမင်းနှင့်လည်းကောင်း၊ ဗန္ဓုလစစ်သူကြီးနှင့်လည်းကောင်း တစ်ဆရာတည်း အတတ်သင်ဖက်ဖြစ်သော မဟာလိမည်သော လိစ္ဆဝီမင်းသည် မျက်စိမမြင်သည်ဖြစ်၍ လိစ္ဆဝီမင်းတို့အား အကျိုးအကြောင်းဆုံးမလျက် မြို့တံခါး၌နေ၏။ ထိုမဟာလိသည် ဗန္ဓုလရထား၏တံခါး၌ ထိခိုက်သံကိုကြားလျှင် ဤရထားသံကား ဗန္ဓုလ၏ရထားသံတည်း။ ယနေ့ လိစ္ဆဝီမင်းတို့ ဘေးဖြစ်လတ္တံ့ဟု ဆို၏။

အဆိုပါရေကန်၏အတွင်းအပ၌ အစောင့်အရှောက် လုံခြုံစွာထား၍ ရေကန်ထက်၌ သံကွန်ယက်ကို ကြက်ထား၏။ ငှက်မျှသော်လည်း မဝင်နိုင်ကုန်။

ဗန္ဓုလသည် ရထားမှဆင်း၍ အစောင့်အရှောက်တို့အား သန်လျက်ဖြင့်ပုတ်ခတ်လျက် ပြေးစေပြီးမှ သံကွန်ယက်ကို ဖြတ်၍ နှစ်ယောက်လုံး သောက်ချိုးပြီးနောက် လာလမ်းဖြင့် ပြန်ခဲ့ကြ၏။

ထိုအကြောင်းကို လိစ္ဆဝီမင်းတို့ကြားသော် အမျက်ပြင်းစွာထွက်ကြလျက် ရထားငါးရာကိုစီး၍ ဗန္ဓုလကိုဖမ်းရန် လိုက်ကြကုန်၏။ ထိုအခါ မဟာလိက အသင်တို့မလိုက်ကြလင့်။ လိုက်လျှင် အသင်တို့မုချပျက်စီးလတ္တံ့ဟု ဆို၏။ လိစ္ဆဝီမင်းတို့လည်း မနာယူဘဲ လိုက်အံ့ဟုသာဆို၏။

ထိုအခါ မဟာလိက ထိုသို့တပြီးကား ရထားလှည်းဘီးသည် ပုံတောင်းတိုင်အောင် မြေ၌နစ်သောအရာကိုမြင်သော် ပြန်ခဲ့ကြလော့။ ထိုအရပ်မှ မပြန်လိုသော် ရှေ့မှ မိုးကြိုးသံကဲ့သို့သောအသံကိုကြားလျှင် ပြန်ခဲ့ကြလော့။ ထိုအရပ်မှမပြန်ခဲ့သည်ရှိသော် သင်တို့၏ရထားဦးတို့

၌ အပေါက်ကိုမြင်သော် ပြန်ခဲ့ကြကုန်။ ရှေ့သို့တိုး၍ မလိုက်ကြလေလင့်ဟု ဆိုလေ၏။

လိစ္ဆဝီမင်းတို့သည်ကား မဟာလိစကားကိုမယူဘဲ လိုက်လာကြသည်ကို မလ္လိကာမြင်၍ ဗန္ဓုလအား ကြား၏။ ဗန္ဓုလလည်း ရထားအပေါင်းတို့သည် တစ်တန်းတည်းနေ၍ တစ်စီးတည်းကဲ့သို့ထင်သောအခါ ငါ့အားကြားလော့ဟု မှာထား၏။

မကြာမီပင် တစ်စီးတည်းကဲ့သို့ထင်သည်ကို ကြားပြော၍ သိရလျှင် ဗန္ဓုလသည် ရထားထက်၌ရပ်လျက် လေးကိုတင်လေသော် ရထားဘီးသည် ပုံတောင်းတိုင်အောင် မြေသို့ဝင်၏။ လိစ္ဆဝီမင်းတို့သည် ထိုနစ်ရာကို မြင်သော်လည်း မပြန်ကြကုန်။

အတန်ငယ်သွားကြ၍ ဗန္ဓုလ၏ မိုးကြိုးသံကဲ့သို့သော လေးညို့ကို ဖြန့်သောအသံကို လိစ္ဆဝီမင်းတို့ကြားသောအခါ၌လည်း မပြန်ကြကုန်။

ထိုအခါ ဗန္ဓုလသည် ရထားပေါ်မှနေလျက် လိစ္ဆဝီမင်းတို့၏ ရထားများသည် တစ်စီးတည်းကဲ့သို့ ထင်သောအခါ၌ မြားတစ်စင်းဖြင့် ပစ်ရာ ထိုမြားသည် ရထားငါးရာတို့၏ ရထားဦးတို့ကိုဖောက်၍ လိစ္ဆဝီမင်းငါးရာတို့၏ ပျဉ်ဝတ်ချပ်တန်ဆာဖွဲ့ရာ အရပ်တို့၌ ဖောက်ထွင်းပြီးမှ မြေသို့ဝင်လေ၏။

လိစ္ဆဝီမင်းတို့သည်ကား မိမိတို့အား မြားဖောက်ထွင်းသွားသည်ကို မသိကြဘဲ ဟယ်– လူပျက်၊ ရပ်လော့ဟုဆို၍ လိုက်ကြကုန်၏။

ထိုအခါ ဗန္ဓုလက မိမိ၏ရထားကိုရပ်၍ သင်တို့ သေကုန်ပြီ။ သူသေတို့နှင့် ငါစစ်မထိုးလိုဟုဆို၏။ အသို့လျှင် ငါတို့သူသေဖြစ်နိုင်အံ့နည်း။ မယုံလျှင် သင်တို့သည် နောက်ဆုံးလူ၏ ချပ်ဝတ်တန်ဆာကို ဖြေ၍ကြည့်လော့ဟု ဆို၏။ ဆိုတိုင်းဖြေသည်နှင့် တစ်ပြိုင်နက်ထိုသူ သေ၍လဲလေ၏။

ထိုအခါမှ ဗန္ဓုလက သင်တို့လည်း ဤအတူသေကုန်သည် သာတည်း။ သင်တို့အိမ်များသို့ ပြန်သွားကြပြီးလျှင် စီရင်မှာထားဖွယ်တို့ကို မှာထား၍ သားမယားတို့ကို ဆုံးမပြီးမှ ပျဉ်ချပ်ဝတ်တန်ဆာတို့ကို ဖြေကြလေကုန်ဟု ဆိုလိုက်၏။

လိစ္ဆဝီမင်းတို့လည်း ဗန္ဓုလဆိုတိုင်းပြုပြီးနောက် အသက်ကုန်ခြင်းသို့ ရောက်ကြလေ၏။ ဗန္ဓုလနှင့် မလ္လိကာတို့လည်း သာဝတ္ထိပြည်သို့ ကောင်းစွာပြန်ရောက်ကြလေ၏။

ထိုမလ္လိကာမိဖုရားသည် သားနှစ်ယောက်စီ တစ်ဆယ့်ခြောက်ကြိမ်ဖွားသဖြင့် သားသုံးဆယ့်နှစ်ယောက် ရလေ၏။ ထိုသားတို့သည် ပညာတတ်မြောက်ရဲရင့်လျက် တစ်ယောက်တစ်ယောက်မှာ အခြွေအရံတစ်ထောင်စီရှိ၏။ ဗန္ဓုလသည် ထိုသားတို့နှင့် မင်းထံသို့သွားရောက်ခစားလေ့ရှိရာ ထိုအခြွေအရံတို့ဖြင့်သာ မင်းရင်ပြင်၌ ပြည့်နှက်ရှိလေ၏။

တစ်နေ့သော် ကောက်ကျစ်သော တရားသူကြီးတစ်ယောက်သည် တရားမမှန်ဆုံးဖြတ်သဖြင့် တရားရှုံးက ငိုကြွေးလျက် ဗန္ဓုလအား လျှောက်ကြား၏။ ဗန္ဓုလက ထိုတရားကို တစ်ဖန်မှန်ကန်အောင်ဆုံးဖြတ်လိုက်သည်နှင့် လူအပေါင်းတို့ ကောင်းချီးပေးသံကို မင်းကြား၍မေးမြန်းသိရသော် ထိုတရားသူကြီးကိုပယ်၍ ဗန္ဓုလကို တရားသူကြီးခန့်အပ်လေ၏။

ထိုတရားသူကြီးဟောင်းသည် ဗန္ဓုလအားအငြိုးထား၍ ဗန္ဓုလသည် မင်းအဖြစ်ကို ကြံစည်လျက်ရှိပါသည်ဟု ကောသလမင်းထံ၌ကုန်းချောလေ၏။ အဖန်ဖန်ရှိလတ်သော် မင်းကြီးယုံကြည်သည်နှင့် ဥပါယ်တံမျဉ်ဖြင့် သတ်အံ့ဟု မင်းစေ ခိုးသူတို့ကို မြို့စွန်၌ တိုက်ခိုက်စေ၍ ဗန္ဓုလလာသောအခါ ပြေးကြလေကုန်ဟု မှာထားပြီးလျှင် ဗန္ဓုလကို သားတို့နှင့်တကွ သွားရောက်ဖြိုဖျက်ရန် လွှတ်လိုက်၏။ ရဲရင့်

သန်မာသူ သူရဲကောင်းများစွာတို့ကိုလည်း ဗန္ဓုလနှင့်တကွ သားတို့ကို လမ်းတွင်သတ်ဖြတ်ပစ်ရန် စကားထည့်၍ ဗန္ဓုလနှင့်တကွပင် ထည့်လိုက်လေ၏။

မင်းကြီးစီမံသည့်အတိုင်း အထမြောက်သည်နှင့် ဗန္ဓုလနှင့်တကွ သားသုံးဆယ့်နှစ်ယောက်တို့ သေကျေပျက်စီးကြလေ၏။

ထိုနေ့တွင် မလ္လိကာသည် ရဟန်းငါးရာနှင့်တကွ အဂ္ဂသာဝက နှစ်ပါးတို့ကို ဆွမ်းလုပ်ကျွေးနေစဉ် ထိုသို့ လင်နှင့်သားတို့ သေကျေကြောင်း စာရောက်လာ၏။ မလ္လိကာလည်း ထိုစာကိုဖတ်ကြည့်ပုံ၍ အကြောင်းအရာကိုသိသော်လည်း တစ်စုံတစ်ရာ ပူပန်ခြင်းကိုမပြ။ မည်သူ့အားမျှလည်း ထိုအကြောင်းနှင့်စပ်၍ တစ်စုံတစ်ရာမပြောဆိုဘဲ စာကို ခါးပိုက်၌ထည့်ထား၍ ဆွမ်းကျွေးမြဲ လုပ်ကျွေးနေလေ၏။

ဆွမ်းလုပ်ကျွေးပြီးနောက် ထောပတ်အိုးတို့ကို အစေခံတို့ သယ်ဆောင်ယူခဲ့ရာ မထေရ်တို့ရှေ့၌ ထောပတ်အိုးတို့ကျ၍ ကွဲကုန်၏။ ထိုအခါ ရှင်သာရိပုတ္တရာက ဒါယိကာမ၊ ကွဲပြိုတတ်သောသဘောသည်ကွဲပြိုတတ်၏။ မစိုးရိမ်လင့်ဟု မိန့်တော်မူ၏။ ထိုအခါ မလ္လိကာသည် ခါးပိုက်မှစာကို ထုတ်ပြပြီးလျှင် သုံးကျိပ်နှစ်ယောက်သော သားတို့နှင့်တကွ ချစ်လင်၏ဦးခေါင်းတို့ ပြတ်လေကုန်ပြီဟု ဤစာဖြင့် ကြားသိလျက်လည်း တစ်စုံတစ်ရာ စိုးရိမ်ခြင်းမဖြစ်ပါ။ ထောပတ်အိုးကွဲရုံမျှဖြင့် အသို့လျှင် စိုးရိမ်ပူပန်အံ့နည်းဟု လျှောက်ပေ၏။

ရဟန်းတို့ ကျောင်းတော်သို့ပြန်ကြွပြီးနောက် မလ္လိကာသည် သုံးကျိပ်နှစ်ယောက်ကုန်သော ချွေးမတို့ကိုခေါ်၍ သင်တို့၏လင်တို့သည် မိမိတို့၏ရှေ့ကံအကျိုးကို ရကြကုန်၏။ သင်တို့မစိုးရိမ်ကြလင့်။ မင်း၏အပေါ်၌လည်း ပြစ်မှားသောစိတ် မထားကြလင့်ဟု ဆုံးမ၏။

ထိုစကားကိုမင်းချင်းတို့မှတစ်ဆင့် မင်းကြီးကြားသော် ထိတ်လန့်လျက် မလ္လိကာ၏အိမ်သို့သွားရောက်၊ မလ္လိကာကိုလည်းကောင်း၊

ချွေးမတို့ကိုလည်းကောင်း တောင်းပန်သည်းခံစေပြီးလျှင် မလ္လိကာအား ဆုပေး၏။ မလ္လိကာကား မိမိနှင့်တကွ ချွေးမတို့ကိုပါ မိဘအိမ်သို့ ပြန်ရောက်နေထိုင်ရန် ခွင့်တောင်း၍ရလျှင် မလ္လိကာသည် ကုသိနာရုံပြည်သို့ ပြန်ရောက်နေထိုင်လေ၏။

နောက်အခါ မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြု၍ အလောင်းတော်ကို ဥယျာဉ်မှ မြို့ပြင်သို့ထုတ်ရန် မြို့ကိုလှည့်၍ ဆောင်ယူရာ မလ္လိကာသည် မိမိ၏လင် သေဆုံးသည်မှစ၍ မဝတ်ဆင်ဘဲထားသော ဝိသာခါ၏တန်ဆာနှင့်တူသော မဟာလတာတန်ဆာကို နံ့သာရေဖြင့် ဆေးပြီးသော် အလောင်းတော်ကို ဦးခေါင်းမှစ၍ ဖဝါးတိုင်အောင် ဖွပ်၍ ပူဇော်လေ၏။

ရွှေအဆင်းနှင့်တူသော ကိုယ်တော်ဝယ် ရတနာခုနစ်ပါးတို့ဖြင့် စီမံအပ်သော တန်ဆာကို ဆင်လတ်သော် အလွန်လျောက်ပတ်တင့်တယ်ခြင်းသည် ဖြစ်၏။ မလ္လိကာလည်း အလွန်ဝမ်းမြောက်ကြည်နူးလျက် ဤကောင်းမှုကြောင့် ဘဝတိုင်းဝယ် တန်ဆာမဆင်ဘဲ တင့်တယ်ရပါလို၏ဟု ဆုတောင်းလေ၏။

ကောသလမင်းသည် ဗန္ဓုလစစ်သူကြီး၏တူဖြစ်သော ဒီဃကာရာယနအား စစ်သူကြီးအရာကို ဆက်လက်ပေး၏။ ဒီဃကာရာယနကား ဤမင်းသည် ငါ၏ဦးရီးကို သတ်လေသည်ဟု မင်းအား သတ်ခွင့်ကို ရှာလျက်နေ၏။

ကောသလမင်းကြီးသည် အပြစ်မရှိသော ဗန္ဓုလစစ်သူကြီးကို သတ်ပြီးသည့်နောက်မှစ၍ နောင်တရလျက် စိတ်ချမ်းသာခြင်းမရှိ။ မင်းစည်းစိမ်ကို မခံစားနိုင်ဘဲ သာကီဝင်မင်းမျိုးတို့၏ ဝေဠုမည်သော နိဂုံးကိုမှီ၍ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားထံသို့ အခြွေအရံနှင့် သွားရောက်လေ၏။

ကျောင်းတော်နှင့် မနီးမဝေးသို့ရောက်သော် တပ်ချ၍ မင်းမြှောက်တန်ဆာတို့ကို ထိုဒီဃကာရာယနအား ပေးအပ်ထားပြီးလျှင် မင်းကြီးတစ်ပါးတည်း ဂန္ဓကုဋီတိုက်တော်သို့ ဝင်လေ၏။

ထိုသို့ဝင်နေစဉ် စစ်သူကြီးသည် မင်းမြှောက်တန်ဆာတို့ကို သားတော် ဝိဋူဍဘအားပေး၍ မင်းပြုစေပြီးလျှင် မင်းကြီး၏မြင်းတော်နှင့် အလုပ်အကျွေးတစ်ယောက်ကိုသာ ထားခဲ့၍ သာဝတ္ထိပြည်သို့ ပြန်သွားကြလေ၏။

ကောသလမင်းကြီးသည် မြတ်စွာဘုရားထံမှ ထွက်လာခဲ့၍ အကြောင်းမျိုးစုံကို သိရသော် ငါ၏တူတော် ရာဇဂြိုဟ်ပြည်ဘုရင် အဇာတသတ်ကိုခေါ်လာ၍ ဝိဋူဍဘကိုဖမ်းအံ့ဟု ကြံပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ လာခဲ့၏။

အချိန်မဲ့တွင်ရောက်၍ မြို့တံခါးပိတ်နှင့်သည်နှင့် မြို့တွင်းသို့ မဝင်နိုင်ဘဲ တစ်ခုသောဇရပ်တွင် အိပ်ရလေ၏။ ထိုအခါ လေပူနေပူတို့ကြောင့် အလွန်ပင်ပန်းသည်ဖြစ်၍ ထိုညဉ့် ထိုဇရပ်၌ပင် သေလေ၏။

အဇာတသတ်မင်းကြားသိသော် လာရောက်၍ ကောင်းစွာ သင်္ဂြိုဟ်လေသတည်း။

ဝိဋူဍဘသည် မင်းအဖြစ်ကိုရလျှင် သာကီဝင်တို့အပေါ်၌ စွဲမှတ်ထားသော ရန်ငြိုးကိုသတိရ၍ အလုံးစုံသော သာကီဝင်တို့ကို သတ်အံ့ဟု များစွာသော စစ်သည်ဗိုလ်ပါနှင့် ထွက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့ ပျက်စီးအံ့သည်ကို မြင်တော်မူ၍ ဝိဋူဍဘလာရာလမ်းအနီး အရိပ်ပါးသော သစ်ပင်၊ အရိပ်ထူသောသစ်ပင် နှစ်ပင်ရှိရာ အရိပ်ပါးသော သစ်ပင်အောက်၌ နေတော်မူလင့်၏။

ဝိဓုရပဏ္ဍိတမြင်သော် ချဉ်းကပ်၍ အရှင်ဘုရား၊ အဘယ်ကြောင့် အေးသောသစ်ပင်ရိပ်၌ မနေမူ၍ ပါးသောပူသော သစ်ပင်ရိပ်တွင် နေတော်မူပါသနည်းဟု လျှောက်၏။ မြတ်သောမင်းကြီး၊ ဆွေမျိုးတို့၏အရိပ်သည် အလွန်အေးချမ်းပေ၏ဟု မိန့်တော်မူ၏။ ဝိဓုရပဏ္ဍိတလည်း ဆွေတော်မျိုးတော်တို့ကို စောင့်ရှောက်ခြင်းငှာ ကြွလာတော်မူကြောင်းကို သိရှိသည်နှင့် ပြန်သွားလေ၏။

ကာလအတန်ငယ်စီခြား၍ ဒုတိယ၊ တတိယ သုံးကြိမ်မြောက်ဤသို့လာပြန်ခဲ့၍ လေးကြိမ်မြောက်ထွက်သောအခါ၌ကား မြတ်စွာဘုရားသည် ဆွေတော်မျိုးတော် သာကီဝင်တို့၏ ရှေးကံကို ဆင်ခြင်သော် မြစ်၌ အဆိပ်ခတ်၍ သတ္တဝါတို့အား သေစေဖူးသောကံကို တားမြစ်ခြင်းငှာ မတတ်နိုင်သောအဖြစ်ကိုမြင်တော်မူ၍ ထိုလေးကြိမ်မြောက်၌ကား လျစ်လျူရှု၍ နေတော်မူရလေ၏။

ဝိဓုရပဏ္ဍိတသည်လည်း သာကီဝင်တို့ကို နို့စို့သူမကျန် အလုံးစုံအကုန်သတ်၍ လည်ချောင်းသွေးဖြင့် ယခင်ကနေရာပျဉ်ကို ဆေး၍ ပြန်ခဲ့၏။

မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့အတွက် အစီးအပွားကို ကြိုးစားပြုတော်မူကြောင်း ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ ရှေးကလည်း ပြုတော်မူဖူးကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် တိုင်တစ်လုံးတည်းသာရှိသော တစ်ပင်တိုင်နန်းပြာသာဒ် ဆောက်လို၍ သစ်ရှာစေရာ အဆင်မသင့်နိုင်သည်နှင့် ဥယျာဉ်တော်ရှိ အလွန်ကြီးမားတင့်တယ်၍ လူတို့ပူဇော်မြတ်နိုးအပ်သော အင်ကြင်းပင်ကြီးတစ်ပင်ကို ခုတ်ယူရန် အမိန့်ပေးလိုက်၏။

ထိုအခါ အင်ကြင်းပင်စောင့်နတ်သည် ဤသစ်ပင်ကို ခုတ်ယူကြသော် ငါ၏အသက်လည်း ပျက်စီးရလတ္တံ့။ ထိုမှတစ်ပါးလည်း ဤသစ်ပင်ကို ခြံရံ၍တည်သော သစ်ပင်ငယ်တို့၌လည်း ငါ၏အဆွေမျိုးနတ်တို့သည် နေကုန်၏။ သစ်ပင်ကြီးပျက်လျှင် သစ်ပင်ငယ်တို့လည်း ပျက်ကုန်လတ္တံ့။ ထိုအခါ ငါ၏ဆွေမျိုးတို့လည်း ပျက်စီးကုန်လတ္တံ့။ သို့ကြောင့် ငါသည် ဆွေမျိုးတို့၏အသက်ပေးအံ့ဟု-

ညဉ့်အခါ မင်းကြီး၏တိုက်ခန်းသို့ လာရောက်၍ မိမိ၏ဗိမာန်ဖြစ်သော အင်ကြင်းပင်ကြီးကို မခုတ်ယူရန် ဆိုလာလေ၏။

ထိုအခါ မင်းကြီးက အရှင်နတ်မင်း၊ ဗိမာန်အတွက် မစိုးရိမ်ပါလင့်။ ထိုအင်ကြင်းပင်ဖြင့် ဆောက်အပ်သော ပြာသာဒ်ပြီးသောအခါ အရှင်နတ်မင်း လာရောက်နေပါလော့ဟု ဆို၏။

အရှင်မင်းကြီး၊ ထိုသို့ကားမဟုတ် သစ်ပင်နှင့် ငါ၏အသက်သည် တစ်ဆက်တည်းဖြစ်၏။ သစ်ပင်ကိုခုတ်ယူသော် ငါသေရမည် အမှန်တည်း။ သို့ရာတွင် အကယ်၍ ခုတ်ယူမည်ပင်ဖြစ်က အရင်းက တစ်ခါတည်းမဖြတ်လှဲပါလင့်။ ဖြတ်လှဲလျှင် အနီးအနားရှိ သစ်ပင်ငယ်တို့အပေါ်သို့ ကျရောက်သဖြင့် သစ်ပင်ငယ်တို့ ပျက်စီးလတ္တံ့။ ထိုအခါ ထိုသစ်ပင်ငယ်တို့၌နေသော ငါ၏ဆွေမျိုးတို့လည်း ပျက်စီးကြပါလတ္တံ့။ သို့ပါသောကြောင့် အထက်အဖျားကစ၍ အဖျားတစ်ပိုင်း၊ အလယ်တစ်ပိုင်းဖြတ်ပြီးမှ အရင်းပိုင်းကို ဖြတ်လှဲပါလော့ဟု ဆိုလေ၏။

မင်းကြီးလည်း ဤနတ်မင်းကား မိမိ၏အဆွေအမျိုးတို့အကျိုးကိုကြည့်ပေ၏။ ဤသူတော်ကောင်းနတ်မင်း၏ ဗိမာန်ကို ငါမဖျက်ဆီးထိုက်ပေဟု နတ်မင်းကို သက်သာရာရစေ၍ အင်ကြင်းပင်ကြီးကို မခုတ်ဖြတ်ရန် အမိန့်ထပ်မံထုတ်လေသတည်း။

ဇာတ်ပေါင်းသော်-
မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
နတ်မင်း၏အဆွေအမျိုးတို့သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။
ဘဒ္ဒသာလမည်သော အင်ကြင်းပင်စောင့်နတ်သည် ဘုရားဖြစ်လာ၏။

❐

## ဒွါဒသကနိပါတ်

### ၂၁၆။ သမုဒ္ဒဝါဏိဇဇာတ် ၃

### (သမုဒ္ဒ = သမုဒ္ဒရာ။ ဝါဏိဇ = ကုန်သည်။)

### လာဘ်လာဘကိုငဲ့၍ ပျက်စီးရခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်သည် လာဘ်လာဘကိုငဲ့၍ ဘေးဖြစ်ရခြင်းအကြောင်းနှင့်ပတ်သက်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီပြည်မှ မနီးမဝေးအရပ်၌ နေကြသော လက်သမားအဆွေအမျိုး တစ်ထောင်ခန့်တို့သည် ကြွေးပူသည်နှင့် အရပ်တစ်ပါးသို့ လှေဖြင့်ထွက်သွားကြရာ သမုဒ္ဒရာအတွင်း အသီးအနှံ၊ စပါးဆန်ပေါသော ကျွန်းငယ်တစ်ခုသို့ ရောက်သွားကြလေ၏။

ထိုကျွန်းသို့ ရှေးမဆွကရောက်နှင့်သော၊ သင်္ဘောပျက်သော ယောကျ်ားတစ်ယောက်ထံမှ ထိုကျွန်း၌ အစားအစာပေါကြောင်း၊ ဘေးအန္တရာယ်မရှိကြောင်း၊ သို့ရာတွင် ထိုကျွန်းကို ဘီလူးစောင့်ကြောင်း၊ ကျင်ကြီးကျင်ငယ်တို့ကို ဘီလူးတို့သည် စက်ဆုပ်ကြသည်ဖြစ်၍ ကျင်ကြီးကျင်ငယ်တို့ကို သဲတွင်ယက်၍ ဖုံးလွှမ်းကြရမည့် အကြောင်းများကို ကြားသိရလေ၏။

ထိုတစ်ထောင်သောအမျိုး၌ ငါးရာစီဖြစ်သော အမျိုးတို့၏ အကြီးအမှူးနှစ်ယောက် ရှိသည့်အနက် တစ်ယောက်ကား မိုက်၏။ အရသာ၌ တပ်မက်၏။ တစ်ယောက်ကား လိမ္မာ၏။ အရသာ၌ မတပ်မက်။ အတန်ကြာသော် ကြံရည်ကိုသေအရက်ပြု၍ သောက်စား မူးယစ် သီကကြပြီးလျှင် ကျင်ကြီးကျင်ငယ်တို့ကို မဖုံးလွှမ်းဘဲထား ကြကုန်၏။

ထိုအခါ နတ်တို့သည် အမျက်ထွက်သဖြင့် နောက် ၁၅ ရက် အရောက်တွင် သမုဒ္ဒရာရေကို တက်စေ၍ အလုံးစုံသောသူတို့ကိုသေ စေလျက် ကျွန်းဆေးအံ့ဟုဆုံးဖြတ်ကြကုန်၏။

ထိုနတ်တို့တွင် တရားစောင့်သော နတ်တစ်ပါးသည် ထိုသူတို့ ကိုမပျက်စီးစေလို၍ ထိုသူတို့ထံသို့ လာရောက်ဘေးဖြစ်မည့်အကြောင်း အလုံးစုံကို ပြောပြ၏။ ၁၅ ရက်မတိုင်မီတွင် ပြေးကြရန် နှိုးဆော် လေ၏။

ထို့နောက် ကြမ်းကြုတ်သောနတ်တစ်ပါးသည် လာရောက်ပြန် ၍ ပထမပြောသွားသော နတ်သားသည် သင်တို့ကိုမုန်း၍ ပြောဆိုခြင်း ဖြစ်၏။ ဤကျွန်းတွင်နေကြလော့။ တစ်စုံတစ်ရာ ဘေးမရှိဟု ဆိုလေ ၏ ။

ပညာရှိသော အကြီးအမှူးသည် ထိုစကားနှစ်ရပ်ကို ကြားလျှင် အချင်းတို့၊ ငါတို့သည် လှေတို့ကို အသင့်စီရင်၍ ထားကြကုန်အံ့" ပထမစကားမှန်သော် ရေတက်သောအခါ လှေဖြင့်သွားကြကုန်အံ့။ ဒုတိယစကားမှန်သော် လှေတို့ကို တော်သင့်ရာ၌ထား၍ ဤကျွန်းတွင် ပင် နေကြကုန်အံ့ဟုဆို၏။

မိုက်သောအကြီးအမှူးသည်ကား အချင်း၊ သင်သည် ရေခွက်၌ မိကျောင်းကို မြင်ပေ၏။ ပထမနတ်သားသည် ငါတို့အား မုန်း၍ဆို ၏။ ဒုတိယနတ်သားသည်ကား ချစ်၍ဆို၏။ ဤမွန်မြတ်သောကျွန်း ကို အဘယ်ကြောင့် စွန့်ရအံ့နည်း။ လှေလုပ်ရန်မလိုဟုဆို၏။

ပညာရှိအကြီးအမှူးသည် မိမိပရိသတ်ငါးရာကိုယူ၍ လှေစီးရင် ပြီးလျှင် စာရေးရိက္ခာအပြည့်အစုံနှင့် အဆင်သင့်ပြုလုပ်၍ထား၏။

၁၅ ရက်အလွန်တွင် သမုဒ္ဒရာရေတက်၍ ခါးတိုင်အောင် ရောက်လျှင်ပင် ပညာရှိအကြီးအမှူးနှင့် ၎င်း၏လူစုတို့သည် လှေတို့ကို လွှတ်၏။ အကြီးအမှူးမိုက်၏ အသင်းအပင်းတို့သည်ကား ကျွန်းကို ရေဆေးခြင်းမျှသာ ဖြစ်၏။ တိုး၍ရေမြင့်မည်မဟုတ်ဟု နေကြ၏။ မကြာမီပင် ခါးတိုင်အောင်၊ လည်တိုင်အောင်၊ တစ်ရပ်တစ်သူတိုင်အောင်၊ ထန်းတစ်ဖျားတိုင်အောင် သမုဒ္ဒရာရေတက်လေ၍ လက်သမားမိုက် ငါးရာတို့သည် ပျက်စီးခြင်းသို့ ရောက်ကြလေကုန်သတည်း။

**လာလတ္တံ့သောဘေးကို အဝေးကရှောင်ရာသည်။**

ဇာတ်ပေါင်းသော်–

လက်သမားမိုက်သည် ဒေဝဒတ် ဖြစ်လာ၏။

ကြမ်းကြုတ်သောနတ်သားသည် ကောကာလိက ဖြစ်လာ၏။

တရားစောင့်သောနတ်သားသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

ပညာရှိလက်သမားသည် ဘုရား ဖြစ်လာ၏။

□

## ဒွါဒသကနိပါတ်

### ၂၁၇။ မဟာပဒုမဇာတ် ၉

### စိဉ္စမာနအကြောင်းနှင့် မဟာပဒုမမင်းသားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မြတ်စွာ ဘုရားအား များစွာသောသူတို့သည် ကြည်ညိုကြ၍ ပူဇော်သက္ကာရ

များပြား၏။ ထိုအခါ တိတ္ထိတို့မှာ နေထွက်ရာတွင် ပိုးစုန်းကြုးကဲ့သို့ တန်ခိုးသေးမှိန်လျက် လာဘ်သပ်ပကာ နည်းကုန်၏။

ထိုအခါ တိတ္ထိတို့သည် တိုင်ပင်ကြ၍ အဆင်းအင်္ဂါနှင့်ပြည့်စုံသော စိဉ္စမာနဝိကာမည်သော ပရိဗိုဇ်မနှင့် တိုင်ပင်၍ ရဟန်းဂေါတမ၏ ဂုဏ်ကျေးဇူး ပျက်စီးရာပျက်စီးကြောင်း၊ လာဘ်သပ်ပကာနည်းကြောင်းကို ပြုလေလော့ဟု စေကြကုန်၏။

လူတို့လည်း ညချမ်းအခါ ဇေတဝန်ကျောင်းတော်မှ တရားနာပြီး၍ အပြန်တွင် စိဉ္စမာနသည် တင့်တယ်စွာ တန်ဆာဆင်ယင်၍ ပန်းနံ့သာလက်စွဲလျက် ကျောင်းတော်သို့ ရှေးရှုလာခဲ့၏။ လူတို့က အဘယ်သို့သွားအံ့နည်းဟုမေးသော် ငါသွားရာအရပ်ဖြင့် အသင်တို့၌ အဘယ်အကျိုးရှိအံ့နည်းဟု ထင်ယောင်ထင်မှား ဖြစ်အောင်ဆိုကာ ကျောင်းတော်သို့ ဝင်သကဲ့သို့ပြု၍ ကျောင်းတော်အနီးအနားရှိ တိတ္ထိတို့၏ ကျောင်း၌ အိပ်နေလေ၏။

နံနက်တွင် ကျောင်းတော်သို့ လူတို့လာကြသည့်အခါ စိဉ္စမာနသည် ဇေတဝန်ကျောင်းတော်မှ ထွက်လာသည့်အဟန်ပြု၍ မြို့သို့ ဝင်လေ၏။

ဤသို့ နေ့စဉ်ပြု၍ လေးလခန့်ရှိသော် လူတို့မေးသောအခါ ရဟန်းကြီး ရှင်ဂေါတမနှင့် တစ်ခုသော ကုဋီ၌ အတူနေ၏ဟုဆို၏၊ လူအချို့တို့သည် မြတ်စွာဘုရားအပေါ်၌ ယုံမှားရှိလာကြလေ၏။

နောက်လေးလ လွန်ပြန်သောအခါ အဝတ်နွမ်းကို ခါး၌ပတ်ပြီးလျှင် ကိုယ်ဝန်ရှိသည့်အဟန်ပြု၍ ရှင်ဂေါတမနှင့်ရသော ကိုယ်ဝန်ဖြစ်သည်ဟု လူတို့အားပြော၏။ အချို့လူတို့လည်း ယုံကြည်ကြ၏။

၈ လ၊ ၉ လလွန်သော် သစ်သားဝိုင်းကို ဝမ်း၌ချည်၍ အဝတ်ဖုံးလွှမ်းပြီးလျှင် လက်ခုံတို့ကို နွားမေးရိုးဖြင့်ရိုက်၍ ဖောရောင်စေလျက်

ညစ်နွမ်းညှိုးငယ်သော မျက်နှာနှင့် ရင့်သောကိုယ်ဝန်ရှိဟန်ပြုပြီးနောက် ညချမ်းအခါ မြတ်စွာဘုရားသည် တရားပလ္လင်၌ ပရိသတ်တို့အား တင့်တယ်စွာ တရားဟောနေရာသို့ လာရောက် ရှေ့တွင်ရပ်ပြီးမှ ရဟန်းကြီး၊ တရားဟောကောင်းပါပေ၏။ အသံလည်း သာယာပါပေ၏။ ကောင်းစွာထိသော သွားဖုံး၊ နှုတ်ခမ်း ရှိပါပေ၏။ သို့ရာတွင် ငါ့၌မူကား သင်ရဟန်းကြီးကိုစွဲ၍ ကိုယ်ဝန်ရသဖြင့် ကိုယ်ဝန်ရင့်လေပြီ။ သားဖွားရန်အတွက် အိမ်ဆောက်ရန် စသော တစ်စုံတစ်ရာကို ယခု တိုင်မပြုသေး။ မိမိကိုယ်တိုင်မပြုနိုင်လျှင်လည်း ကောသလမင်းကြီး ကိုဖြစ်စေ၊ အနာထပိဏ်သူဌေးကိုဖြစ်စေ၊ ဝိသာခါဒါယိကာမကြီးကို ဖြစ်စေ ပြုလေလော့ဟုလည်း သင်မဆို။ ကာမဂုဏ်၌ မွေ့လျော်ခြင်းကို သာ သင်သိသလောဟု မြတ်စွာဘုရားကို ပရိသတ်အလယ်၌ ဝံ့ဝံ့ စားစား စွပ်စွဲလေ၏။

မြတ်စွာဘုရားလည်း တရားကိုဖြတ်၍ ကေသရာဇာခြင်္သေ့မင်း ကဲ့သို့ ရဲရင့်တည်ကြည်စွာဖြင့် နှမ၊ သင်၏စွပ်စွဲခြင်းသည် မှန်သည် မမှန်သည်ကို သင်နှင့် ငါသာ သိ၏ဟု မိန့်တော်မူသော်။ ရဟန်း ကြီး၊ ဩော်–ဟုတ်၏။ ငါတို့နှစ်ယောက်အမှုကို ငါတို့နှစ်ယောက်သာ လျှင် သိမည်မှန်၏ဟု ထပ်၍ဆိုပြန်လေ၏။

ထိုခဏ၌ သိကြားမင်းသိရှိ သုတ်သင်အံ့ဟု နတ်သားလေး ယောက်နှင့် လာပြီးလျှင် နတ်သားလေးယောက်တို့ကို ကြွက်အဟန် ဖန်ဆင်းစေ၍ သစ်သားဝိုင်းကို ဖွဲ့ချည်ထားသောကြိုးတို့ကို တစ်ပြိုင် နက် ကိုက်ဖြတ်စေ၏။

ထိုအခါ ပတ်ရုံထားသောအဝတ်ကို လေကတိုက်လွှင့်လိုက် ၏။ သစ်သားဝိုင်းလည်း စိဉ္စမာန၏ခြေဖမိုးပေါ်သို့ ပြုတ်ကျ၍ ခြေဖျားနှစ်ဖက်တို့ ပြတ်လေကုန်၏။

ထိုအခါ လူတို့သည် ထကုန်၍ ဟယ်–အယုတ်မ၊ နင်သည် အဘယ်ကြောင့် မြတ်စွာဘုရားကို မဟုတ်မမှန် စွပ်စွဲရသနည်းဟု ဦးခေါင်းထက်၌ တံတွေးထွေး၍ အုတ်ခဲ လှံတံတို့ဖြင့် ကျောင်းတော်မှ နှင်ထုတ်ကြလေ၏။

ထိုသို့နှင်ထုတ်၍ မြတ်စွာဘုရား မြင်တော်မူရာအရပ်ကိုလွန်သောခဏ၌ မြေကြီးသည်ကွဲ၍ အဝီစိမှငရဲမီးလျှံ တက်ပြီးလျှင် စိဋ္ဌမာနကို ခြုံရုံလျက်ယူသွားလေသတည်း။

ဤသို့ စိဋ္ဌမာနကို မြေမျိုသည့်အကြောင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားက ရှေးကလည်းဤသို့ပင် ပျက်စီးဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ မိဖုရားကြီးမှ ဖွားသော မင်းသားသည် ပဒုမ္မာကြာ၏အသရေနှင့် တူသောကြောင့် မဟာပဒုမမင်းသားဟု တွင်၏။ ထိုမင်းသားအရွယ်သို့ရောက်သော် မယ်တော်မိဖုရားကြီးနတ်ရွာစံသည်နှင့် မင်းကြီးသည် မင်းသမီးတစ်ပါးကို မိဖုရားကြီးမြှောက်ထားလေ၏။ သားတော်ကိုလည်း အိမ်ရှေ့အရာ ပေးထားလေ၏။

တစ်ခါသော် မင်းကြီးသည် သားတော်ကို မြို့စောင့်ထားခဲ့၍ နယ်ပယ်၌ သူပုန်တို့ကို သွားရောက်နှိမ်နင်း ပြန်လာပြီးလျှင် မြို့ပြင်တွင် တပ်ချနေလေ၏။ ထိုအခါ သားတော်သည် မင်းကြီးကိုကြိုဆိုရန် မြို့ကို တန်ဆာဆင်ယင်စီမံပြီးနောက် မိဖုရားကြီးထံသို့ ကြားလျှောက်ရန် ဝင်ခဲ့၏။

မိဖုရားသည် အဆင်းတင့်တယ်သော အိမ်ရှေ့မင်းကို တပ်မက်သဖြင့် အမျိုးမျိုး ဖြားယောင်းသွေးဆောင်သော်လည်း မိမိအလိုသို့ မလိုက်မပါနိုင်သည်နှင့် အမျက်ဒေါသထွက်ပြီးလျှင် မင်းကြီးလာရောက်

သောအခါ မင်းကြီးမရှိစဉ် အိမ်ရှေ့မင်းသားက မိမိအား ကျူးလွန် စော်ကားပါကြောင်းနှင့် မင်းကြီးအား ကုန်းချော၍ လျှောက်လေ၏။

မင်းကြီးသည် ဒေါသအမျက် ပြင်းစွာထွက်လျက် ဆင်ခြင် စစ်ဆေးခြင်းမရှိ မိဖုရားစကားကို ယူပြီးလျှင် သားတော်ကို တောင်ကမ်း ပါးပြတ်၌ ပစ်ချသတ်ဖြတ်လေလော့ဟု အမိန့်ပေးလေ၏။

နန်းတွင်းနန်းပြင် လူအများက သားတော်သည် အကျင့်သီလ သိက္ခာနှင့် ပြည့်စုံသောသူမြတ်ဖြစ်ပါကြောင်း၊ စုံစမ်းမေးမြန်းပြီးမှ အမိန့်တော်ထားထိုက်ကြောင်း စသည်ဖြင့် လျှောက်ထားတောင်းပန် ကြသော်လည်း အမျက်တည်းဟူသော အဆိပ်မွှန်နေသည်ဖြစ်၍ မရဘဲ အမိန့်အတိုင်း သူသတ်တို့သည် မင်းသားကို တောင်ကမ်းပါးပြတ်မှ ထိုးချကြလေ၏။

မင်းသား၏ မေတ္တာအာနုဘော်ကြောင့် တောင်စောင့်နတ်သည် လက်ဖြင့်ခံယူ၍ တောင်ခြေရှိ နဂါးမင်း၏ပါးပျဉ်းတိုက်၌ ထား၏။ နဂါးမင်းလည်း မင်းသားကို နဂါးပြည်သို့ ဆောင်ယူသွားလျှင် မိမိ၏ စည်းစိမ်တစ်ဝက်ကို ခွဲ၍ပေး၏။

နဂါးပြည်၌ တစ်နှစ်ခန့်နေပြီးမှ လူ့ပြည် ဟိမဝန္တာသို့လာရောက် ၍ ရသေ့ပြုကာ ဈာန်အဘိညာဉ်တို့ကို ဖြစ်၍နေ၏။

ထိုအခါ ဗာရာဏသီပြည်မှ မုဆိုးတစ်ယောက်သည် မင်းသား ရသေ့ကို တွေ့ရှိ မင်းကြီးအားလျှောက်သဖြင့် ဗိုလ်ပါနှင့် လာရောက်ပြီး လျှင် မိုက်မှားမိသောအပြစ်ကို သည်းခံရန် တောင်းပန်ကန်တော့လေ ၏။ သားတော်ရသေ့လည်း သည်းခံတော်မူ၏။ ပြီးမှ တိုင်းပြည်ကို လက်ခံသိမ်းပိုက်ပါရန် တောင်းပန်သောအခါ လက်မခံ ပယ်လေသည် နှင့် မင်းကြီး ငိုယို၍ပြန်ခဲ့ရ၏။

မင်းကြီး၌ ဤမိဖုရားကိုစွဲ၍ ဤသို့သောဆင်းရဲကို ရ၏ဟု မှူးမတ်တို့နှင့်တိုင်ပင်၍ မိဖုရားကို ယခင်တောင်ကမ်းပါးပြတ်၌ပင် ထိုးချ ပျက်စီးစေလေသတည်း။

ဇာတ်ပေါင်းသော်–
မိဖုရားသည် စိဉ္စမာန ဖြစ်လာ၏။
မင်းသည် ဒေဝဒတ် ဖြစ်လာ၏။
နဂါးသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
တောင်စောင့်နတ်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
မဟာပဒုမမင်းသားသည် ဘုရား ဖြစ်လာ၏။

❒

## တေရသကနိပါတ်

## ၂၁၈။ အမ္ဗဇာတ် ၁
## (အမ္ဗ = သရက်)

## အချိန်မဲ့ သရက်သီး သီးစေတတ်သော မန္တန်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် ဆရာ ဘုရားကို ပြစ်မှား၍ ပျက်စီးရသောအကြောင်းနှင့် စပ်ပြီးလျှင် အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ လုလင်ငယ်တစ်ယောက်သည် အခါမဲ့ အသီးကို သီးစေနိုင်သော မန္တန်ကို ရလို၍ ဒွန်းစဏ္ဍားတစ်ယောက်ထံ၌ အမှုကြီးငယ်ကို ဆောင်ရွက်၍နေ၏။

ဒွန်းစဏ္ဍားသည်ကား ဤသူသည် သူယုတ်တည်း။ မန္တန်မြဲမည်မဟုတ်ဟုထင်၍ မပေးဘဲနေရာ မယားက တိုက်တွန်းသည်နှင့် နောက်ဆုံး၌ ပေးလေ၏။ ထိုသို့ပေးသောအခါ သင်သည် လူတို့မေး

လျှင် ဒွန်းစဏ္ဍားထံမှရကြောင်းကို မှန်သည့်အတိုင်းပြောလေ။ ရှက်စနိုး၍ ကွယ်ဝှက်ဆိုလျှင် မန္တန်ပြယ်လိမ့်မည်ဟု ဆုံးမ၍လွှတ်လိုက်၏။

လုလင်လည်း မင်းထံသို့သွားရောက် မန္တန်အကြောင်းကို လျှောက်ကြည့်တော်မူလိုသည်ဆို၍ ပြအံ့သောငှာ။

ဥယျာဉ်တော်အတွင်းရှိ သရက်ပင်တစ်ပင်သို့သွား၍ ခုနစ်ဖဝါးအကွာတွင်ရပ်လျက် မန္တန်ကိုရွတ်ပြီးလျှင် သရက်ပင်ကို ရေတစ်လက်ဖက်ဖြင့် ဖြန်း၏။ ထိုခဏ၌ သရက်ပင်သည် ရွက်ဟောင်းကြွေကျရွက်သစ်ထလျက် ပွင့်စဖူးငုံ ဖြစ်ပြီးတုံ၍ အလုံးစုံသော အပင်ကြီး၌ အသီးပြည့်နှက်လျက်နေလေ၏။ မင်းနှင့်တကွ လူအပေါင်းတို့သည် ကောင်းချီးပေးကြလျက် ချီးမွမ်းသြဘာပြုကြကုန်၏။ မင်းကလည်း ဆုလာဘ်ပကာ များစွာသနားတော်မူ၏။

ပြီးမှ မင်းကြီးက အမောင်၊ ဤမျှထူးဆန်းအံ့သြဖွယ်ကောင်းသော မန္တန်ကို အဘယ်မှရသနည်းဟုမေးရာ သူယုတ်မာသည် ဒွန်းစဏ္ဍားထံမှရကြောင်း လျှောက်ရမည်ကို ရှက်စနိုး၍ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှရ၏ဟု မုသားဖြင့်လျှောက်လေ၏။

နောက်တစ်နေ့ မင်းကြီးသည် သရက်သီးပွဲတော်တည်လို၍ မန္တန်ကို ရွတ်စေ၏။ လုလင်သည် မန္တန်ကိုရွတ်အံ့ဟု ဆင်ခြင်သော် မန္တန်မထင် ကွယ်လေသောအဖြစ်ကို သိသည်နှင့် တွေ၍ရပ်နေလေ၏ ။

မင်းက အကြောင်းကိုမေးသော် မုသားဖြင့်လှည့်စားဦးအံ့ဟု အရှင်မင်းကြီး၊ နက္ခတ်ယှဉ်ခြင်းကို စောင့်ပါသည်။ ယခု နက္ခတ်မယှဉ်သေးပါ။ ယှဉ်သောအခါမှ သရက်သီး သီးပါစေမည်ဟု လျှောက်၏။

ထိုအခါ မင်းက သင်သည် ရှေးက နက္ခတ်မစောင့်ဘဲ ယခု အဘယ်ကြောင့် စောင့်ရသနည်းဟု မေးပြန်သော် မလှည့်စားသာပြီ

ဖြစ်၍ဆရာကိုပယ်သဖြင့် မန္တန်ကွယ်လေကြောင်းကို မှန်သည့်အတိုင်း လျှောက်ရလေ၏။

မင်းကြီးကလည်း ဟယ်-သူပျက်၊ မိုက်ဖွတကား၊ ဆရာကို အဘယ်ကြောင့် ပယ်သနည်း။ မည်မျှယုတ်သောသူထံမှ ရသည်ဖြစ်စေ ပညာသည်သာ ပဓာနဖြစ်၏။ ဥပမာ- ကြက်ဆူပင်၊ တမာပင် စသည်တို့၌ ပျားရှိ၏။ ပျားရည်ကိုလိုသောသူသည် ထိုကြက်ဆူ၊ တမာ တို့၏ ခါးသောအရသာကို မကြည့်ဘဲ ပျားကိုသာယူသကဲ့သို့လည်း ကောင်း၊ ထိုကြက်ဆူ တမာတို့သည် ပျားရည်ကိုရှာသောသူ၏အတွက် သစ်ပင်မြက်တို့ ဖြစ်သကဲ့သို့လည်းကောင်း သင်သည် သဘောထားရာ၏။ သို့ကြောင့် သင်သည်ဆရာ့ထံသို့ ပြန်သွား ကျေနပ်အောင်ပြု၍ မန္တန်ကိုရလျှင် ပြန်ခဲ့လော့။ မရလျှင် မလာလင့်တော့ဟု ဆိုလျက် လည်ကိုကိုင်ငင်၍ ထုတ်စေ၏။

လုလင်လည်း ဆရာ့ထံသို့ပြန်သွား၏။ ထိုသို့လာလတ်သော လုလင်ကို ဆရာဒွန်းစဏ္ဍားမြင်လျှင် ရှင်မ၊ ကြည့်လော့။ ထိုသူသည် မန္တန်မှယုတ်သည်ဖြစ်လျက် လာ၏ဟုဆိုနှင့်၏။

လုလင်လည်း ရောက်လျှင် ငိုယိုလျက် အကြောင်းကိုပြန်ကြား၍ မန္တန်ကို ထပ်မံပေးပါရန် တောင်းပန်လေ၏။ ထိုအခါ ဆရာက သင့်ကို မဆွကပင် ငါသတိပေး၏။ သင်တရားမစောင့်လေ။ ဤသို့ တရားမစောင့်သော ကျေးဇူးမသိတတ်သူကို မန္တာန်ပေး၍ အကျိုးရှိမည် မဟုတ်။ ငါမပေးတော့ပြီ သွားလေတော့ဟု နှင်လိုက်လေ၏။

ထိုလုလင်သည်လည်း ကိုးကွယ်ရာမရသည်ဖြစ်၍ တောသို့ဝင်ပြီးလျှင် သေဆုံးပျက်စီးရလေသတည်း။

ဇာတ်ပေါင်းသော်-

လုလင်သည် ဒေဝဒတ် ဖြစ်လာ၏။

မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ဆရာဒွန်းစဏ္ဍားသည် ဘုရား ဖြစ်လာ၏။

□

## တေရသကနိပါတ်

### ၂၁၉။ ဖန္ဒနဇာတ် ၂
### (ဖန္ဒန = ကြို့ပင်။)

### ကြို့နှင့် ဝံအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဆွေတော်မျိုးတော်တို့ ခိုက်ရန်ဖြစ်ကြသည်နှင့် ဆုံးမတော်မူရန် အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဝံတစ်ကောင်သည် ကြို့ပင်အောက်၌ အိပ်နေစဉ် လေတိုက်ခတ်သဖြင့် သစ်ကိုင်းခြောက်တစ်ခုသည် ကျိုး၍ ဝံ၏ ကျောထက်၌ ကျ၏။ ဝံသည်လည်း အတန်ငယ်နာကျင်၍ ကြောက်လန့်တကြား ပြေးသွားပြီးမှ ပြန်၍ကြည့်ရာ တစ်စုံတစ်ဦးသောရန်သူကို မျှ မမြင်လေလျှင် ခြင်္သေ့၊ သစ်၊ ကျား စသော ရန်သူမဟုတ်တန်ရာ။ ဤကြို့ပင်စောင့်နတ်သည် ငါအပင်အောက်၌ အိပ်နေသည်ကို မလိုယောင်တကား။ ဟယ်- သစ်ပင်စောင့်နတ်၊ ငါသည် သင်၏သစ်ရွက်ကို မစား၊ အခက်ကိုမချိုး၊ သို့ပါလျက်နှင့် ငါ့ကို နှိပ်စက်ဘိ၏။ နေလင့်ဦး။ မကြာမီ နင့်သစ်ပင်ကို ပျက်စီးစေအံ့ဟု အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့၍သွားလေ၏။

လမ်းတွင် လှည်းရထားလုပ်သော လက်သမားတစ်ယောက်နှင့် တွေ့၍ မေးမြန်းသဖြင့် လှည်းရထားကွပ်ပြုရန် သစ်ရှာလာကြောင်း ကြားသိရသော် ဝံသည် ငါ၏အလိုပြည့်တော့မည်ဟု အဆွေ၊ ရထားကွပ်ပြုရန် ကြို့သားသည် အကောင်းဆုံးဖြစ်၏။ ကြို့ပင်ကို ငါပြအံ့ဟု ယခင်ကြို့ပင်ကို ပြလေ၏။

လက်သမားသည် ဝမ်းမြောက်ဝမ်းသာ ကြို့ပင်ကိုကပ်လျက် ခုတ်လှဲမည်ပြုလျှင် ကြို့ပင်စောင့်နတ်သည် အကြောင်းအလုံးစုံကို သိ၍ ဤဝံသည် အရာမဟုတ်သည်၌ ငါ့ကို ရန်ငြိုးဖွဲ့၏။ သင်းကိုလည်း ပျက်စီးစေအံ့ဟု တောသွားယောကျ်ားယောင်ဆောင်လျက် လက်သမားသို့ကပ်၍ အဆွေ၊ ဤကြို့ပင်ကို အဘယ်ကြောင့် ခုတ်လှဲမည်နည်းဟု မေး၏။

လှည်းရထားကွပ်ပြုရန် ခုတ်လှဲမည်ပြု၏။

ကြို့သားကောင်းကြောင်း မည်သူပြောသနည်း။

ဝံတစ်ကောင် ပြောပါသည်။

ဝံပြောခြင်းမှန်၏။ ကြို့သားသည် စင်စစ်ကောင်းလှ၏။ သို့ရာတွင် ဝံရေကို လေးသစ်ခန့် လေးသစ်ခန့် ရထားကွပ်၌ ပတ်ရစ်ရသည် ရှိသော် ပိုမို၍ခိုင်လတ္တံ့။ လှည်းရထားအဖိုးလည်း ပိုမို၍ရလတ္တံ့။

အဆွေ၊ ဝံရေ အဘယ်မှာရနိုင်အံ့နည်း။

သင့်အား ကြို့ပင်ကိုပြသောဝံကိုပင် မည်သည့်နေရာ၌ဖြတ်ရန် ပြလှည့်ပါဟု လှည့်ဖြားခေါ်ငင်၍ သတ်ဖြတ်ပြီးလျှင် အသားကိုစား၍ အရေကိုယူလော့ဟု ဆိုလေ၏။

လှည်းသမားလည်း ဩော်– အံ့ဖွယ်ရှိစွတကား။ ယနေ့သည် ငါ့အား မင်္ဂလာရှိသောနေ့ပေတည်းဟု ဆိုပြီးလျှင် ဝံကိုလည်းသတ်၊ ကြို့ပင်ကိုလည်းဖြတ်၍ ဝမ်းမြောက်စွာယူသွားလေသတည်း။

သူ့ကိုငါဖျက်၊ ငါလျှင်ပျက်။
ဇာတ်ပေါင်းသော်–
ထိုအကြောင်းကို မျက်မှောက်ပြုရသော ထိုတောအုပ်၌နေသော နတ်သည် ဘုရား ဖြစ်လာ၏။

❐

## တေရသကနိပါတ်

### ၂၂၀။ ဇဝနဟံသဇာတ် ၃
### (ဇဝန = မြန်သော။ ဟံသ = ဟင်္သာ။)

### ဇဝန ဟင်္သာမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အာယုသင်္ခါရ (အသက်ပြုပြင်မှု = သေမှု) လျင်မြန်ခြင်းနှင့်ပတ်သက်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ စိတ္တကုဋ်တောင်၌ ဟင်္သာကိုးသောင်း အခြွေအရံနှင့်နေသော ဇဝနဟင်္သာမင်းသည် ဗာရာဏသီမင်းနှင့် အဆွေခင်ပွန်း ဖြစ်ကြ၏။

တစ်နေ့သော် ထိုဟင်္သာမင်း၏ညီဖြစ်သော ဟင်္သာနှစ်ခုသည် ဟင်္သာမင်း၏စကားကို နားမထောင်ဘဲ နေနှင့်အပြေးပြိုင်ကြရာ ညီငယ်သည် မွန်းလတ်အချိန်အထိသာ ပျံနိုင်၍ ပင်ပန်းပျက်စီးအံ့ဆဲဆဲတွင် ဟင်္သာမင်းသည် အတောင်ဖြင့်ပိုက်ကာ ကယ်ယူ၍ စိတ္တကုဋ်တောင်သို့ ဆောင်ခဲ့ရလေ၏။ ညီအကြီးသည်လည်း မွန်းတည့်အချိန်ထိသာ ပျံနိုင်၍ ရှေးနည်းအတိုင်း ကယ်ဆယ်ရလေ၏။

ထို့နောက် ဟသ်ာမင်းသည် မိမိ၏အားကို စုံစမ်းရန် နေနှင့် အပြေးပြိုင်အံ့ဟု ရံခါ နေ၏ရှေ့က၊ ရံခါ နေ၏နောက်က ပျံလေ၏။ အတန်ကြာသော် ငါသည် နေနှင့်အပြေးပြိုင်၍ အဘယ်အကျိုးရှိအံ့နည်း။ ငါ၏အဆွေ ဗာရာဏသီမင်းထံသို့သွားရောက် အကျိုးအကြောင်းနှင့်စပ်သော စကားတို့ကို ဆွေးနွေးရသော် အကျိုးရှိလတ္တံ့ဟု မင်းထံသို့ လာခဲ့၏။

မင်းကြီးနှင့် ချစ်ဖွယ် နှစ်သက်ဖွယ်သော စကားတို့ကို ပြောဟောကြပြီးနောက် မင်းကြီးက အဘယ်အရပ်မှ လာခဲ့သနည်းဟု မေး၏။ အကြောင်းကိုပြန်သော် အဆွေဟသ်ာမင်း၊ နေနှင့်အပြေးပြိုင်သော အားအဟုန်ကို ငါ့အားပြပါလော့ဟု ဆို၏။ မြတ်သောမင်းကြီး၊ ထိုအဟုန်ကို ပြခြင်းငှာ မတတ်ကောင်း။ သို့ရာတွင် အတုမျှကို ပြအံ့ဟုဆို၍ အောက်ပါအတိုင်းပြ၏။

လျှပ်တစ်ပြက်ကို အချက် အသောင်းအသိန်း ပစ်နိုင်သော အက္ခဏဝေဓိ လေးသမားလေးယောက်တို့ကို တစ်ခုသောကျောက်တိုင်ကို မှီ၍ အရပ်လေးမျက်နှာကို ရှေးရှုနေစေ၏။

ဟသ်ာမင်းသည် မိမိ၏လည်၌ ဆည်းလည်းဆွဲစေ၍ ကျောက်တိုင်ထက်၌နေပြီးမှ ဟသ်ာမင်းက၊ မြတ်သောမင်းကြီး ဤလေးယောက်ကုန်သော လေးသမားတို့အား တစ်ပြိုင်နက်တည်း အရပ်လေးမျက်နှာသို့ မြားတို့ကို ပစ်စေကုန်လော့။ အကျွန်ုပ်သည် ထိုလေးစင်းသောမြားတို့ကို မြေသို့မကျမိယူ၍ ထိုလေးသမားတို့ခြေရင်းတို့၌ ချပါအံ့။ ထိုသို့ မြားကိုယူရန် အကျွန်ုပ်ပျံသွားသည်ကို မြင်နိုင်မည်မဟုတ်။ ဆည်းလည်းသံဖြင့်သာ သိတော်မူပါလော့ဟုဆိုပြီးလျှင် ထိုလေးသမားတို့ ပစ်အပ်သော မြားတို့ကိုယူ၍ တစ်ဟုန်တည်းဖမ်းယူ လေးသမားတို့

၏ ခြေရင်း၌ချထားပြီးမှ ကျောက်တိုင်ထက်၌ နေမြဲတိုင်းသာနေ၍ ကိုယ်ကိုပြ၏။

ပြီးမှ မြတ်သောမင်းကြီး၊ ဤအကျွန်ုပ်၏ လျင်မြန်ခြင်းမှာ အယုတ် အလတ် အမြတ်သုံးပါးတွင် အယုတ်မျှသာရှိလေသေးသည်။ ဤသို့အားဖြင့် အကျွန်ုပ်၏ လျင်မြန်ခြင်းကို သိတော်မူပါလော့ဟု ဆိုလေ၏။

မင်းကြီးလည်း အလွန်အံ့ဩလျက် ထိုဟင်္သာမင်း၏ လျင်မြန်ခြင်းထက် ပိုမိုသော လျင်မြန်ခြင်းများ ရှိပါသေးသလောဟု မေးသော အခါ အရှင်မင်းကြီး၊ ရှိသေး၏။ သတ္တဝါတို့၏ အသက်ပျက်စီး သေဆုံးခြင်းကား အကျွန်ုပ်၏ လျင်မြန်ခြင်းထက် ဆ–ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်းမက လျင်မြန်လေသည်တကားဟု သေခြင်းတရား နှင့်တကွ အခြားအကျိုးအကြောင်းနှင့်စပ်သော တရားဓမ္မတို့ကို ဟောပြ ပြီးနောက် မိမိနေရာ စိတ္တကုဋ္ဌတောင်သို့ ပျံသွားလေသတည်း။

ဇာတ်ပေါင်းသော်–

ဗာရာဏသီပြည်မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ညီတော်အငယ်သည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
ညီတော်အကြီးသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ဟင်္သာအပေါင်းတို့သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။
ဇဝနဟင်္သာမင်းသည် ဘုရား ဖြစ်လာ၏။

❒

## တေရသကနိပါတ်

## ၂၂၁။ တက္ကာရိယဇာတ် ၈

## နှုတ်မစောင့်၍ ပျက်စီးခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် နှုတ်မစောင့်သောကြောင့် ပျက်စီးရသော ကောကာလိကကို အစွဲပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်း၌ အစွယ်ခေါ်ခေါ်ထွက်သော ပိင်္ဂလမည်သော ပုရောဟိတ်ပုဏ္ဏားသည် ရှိ၏။ ထိုပုရောဟိတ်ပုဏ္ဏား၏ မယားသည် ထိုပုရောဟိတ်ကြီးနှင့် အသွင်အပြင် ပုံပန်းတူသော အခြားပုဏ္ဏားငယ်တစ်ယောက်နှင့် အကျွမ်းတဝင်ရှိလွန်းသည်ကို မလိုသဖြင့် ထိုပုဏ္ဏားငယ်ကို ဥပါယ်တံမျဉ်ဖြင့် သတ်အံ့ဟုကြံပြီးလျှင်။ မင်းကြီးကိုကပ်၍ အရှင်မင်းကြီး၊ မြို့တော်၏တောင်တံခါးသည် အနေအထားမသင့် မင်္ဂလာမရှိသဖြင့် အစွယ်ခေါ်ခေါ်ထွက်သော၊ မျက်စိကြော့သွေးရှိသော(မျက်စိကြောင်သော) အမျိုးစင်ကြယ်သော ပုဏ္ဏားတစ်ယောက်ကို စတေး၍ တံခါးအသစ်ပြုအပ်၏ဟု လျှောက်၏။ မင်းကြီးလည်းယုံ၍ အလိုရှိတိုင်းပြုလေဟု မိန့်တော်မူလေ၏။

ပုရောဟိတ်သည် နက်ဖြန်၌ ငါ၏ရန်သူ ပျက်စီးတော့မည် တကားဟု ဝမ်းမြောက်ဝမ်းသာ နှုတ်မစောင့်ဘဲ မိမိ၏မယားအား ဟယ်–အယုတ်မ၊ နက်ဖြန်၌ သင်၏လင်ငယ် ပျက်စီးတော့လတ္တံ့ဟု အလုံးစုံကို ဖွင့်၍ပြောလေ၏။

ပုဏ္ဏေးမလည်း ပုဏ္ဏားငယ်ထံ တိတ်တဆိတ် လူလွှတ်၍ အကြောင်းကိုပြောပြလျက် ထိုညဉ့်ပင် ပြေးစေလေ၏။

နက်ဖြန်နေ့ကျကာလ တံခါးပေါင်းကိုပယ်၍ တွင်းတူးပြီးမှ စတေးရန် ပုဏ္ဏားငယ်ကို ဖမ်းစေသည်ရှိသော် မတွေ့မရသည်နှင့် မှူးမတ်တို့က ပုရောဟိတ်ပုဏ္ဏားကြီးမှတစ်ပါး ထိုသို့သဘောရှိသော အခြားပုဏ္ဏားမရှိကြောင်း ပုရောဟိတ်ကိုငဲ့၍ တံခါးမပြီးသော် ရန်သူ ဝင်လာမည်ကို စိုးရိမ်ရကြောင်း၊ သို့ကြောင့် ပုဏ္ဏားကြီးကို စတေးလျက် ၎င်း၏တပည့် တက္ကာရိယကို ပုရောဟိတ်ပြု၍ တံခါးကို စီရင်ပါစေ လော့ဟု လျှောက်ကြ၏။

မင်းကြီးလည်း မလွှဲသာပြီဖြစ်၍ ထိုသို့ပင် အမိန့်ပေးရလေ၏။ ပုရောဟိတ်ကိုနှောင်ဖွဲ့၍ တွင်းအနီးတွင် တင်းတိမ်ကာရံလျက် တက္ကာ ရိယနှင့်အတူ ထားလေ၏။

ထိုအခါ ပုရောဟိတ်သည် တွင်းကိုကြည့်ကာ ထိတ်လန့်လျက် တပည့်၊ ငါသည် နှုတ်မစောင့်၍ ပျက်စီးရတော့မည်တကားဟု ဆိုလေ ၏ ။

ဆရာ မှန်ပေ၏။ နှုတ်မစောင့်၍ ပျက်စီးရသောထုံးပုံတို့ကို အကျွန်ုပ်ပြောပြအံ့ဟုဆို၍ အောက်ပါတို့ကို ပြောပြလေ၏။

(က) ရှေးသောအခါ ဆိတ်နစ်ကောင်တို့ ခတ်နေသည်ကို နွားမြီးဆွဲငှက်တစ်ကောင်သည် ထိုဆိတ်တို့ သေမည်စိုး၍ အမျိုးမျိုး အကြိမ်ကြိမ် တားမြစ်တောင်းပန်သော်လည်း မရနိုင်သည်နှင့် ငါ တောင်းပန်၍ မရနိုင်ပြီ ငါ့ကိုပင်ခတ်၍ သတ်ကြလော့ဟုဆိုကာ ဦးခေါင်းနှစ်ခုကြားသို့ ဝင်၏။ ညက်ညက်ကျေ၍ သေလေ၏။ ဆရာ လည်း ဤသို့ပင် မိမိအမှုဖြင့် မိမိပျက်စီးရ၏။

(ခ) ရှေးသောအခါ နွားကျောင်းသားတို့သည် အသီးရှိသော ထန်းပင်ကိုမြင်၍ တစ်ယောက်အား တက်စေ၏။ တက်သူအထက်၌

ရှိနေစဉ် အပင်ရင်းမှ မြွေဟောက်တစ်ကောင်ထွက်၍ အပင်သို့တက်လေသည်ကို အောက်က အဖော်များက တုတ်လုံးတံတို့ဖြင့် မြစ်သော်လည်း မရလိုက်၊ တက်သွားလေရာ အထက်ကလူသည် အော်ဟစ်လေ၏။

ထိုအခါ အောက်ကအဖော်တို့သည် ပုဆိုးတစ်ထည်ကို အနားလေးထောင့်၌ တင်းစွာကိုင်ထား၍ အထက်ကလူကို ပုဆိုးအလယ်သို့ ခုန်ချစေ၏။ ထိုသို့ခုန်ချရာ အဟုန်ပြင်းသည်နှင့် ငါးယောက်သားတို့ ဦးခေါင်းချင်းခတ်မိ၍ သေကြလေ၏။ ဆရာသည်လည်း ဤသို့ပင် မိမိ၏အမှုဖြင့်ပင် မိမိပျက်စီးရ၏။

(ဂ) ရှေးသောအခါ ခိုးသူတို့သည် ဆိတ်တစ်ကောင်ကိုခိုးပြီး၍ သတ်စားမည်ရှိရာ လက်နက်တစ်စုံတစ်ရာ မပါသည်နှင့် ဆိတ်ကို လွှတ်လိုက်ရလေ၏။ ဆိတ်သည်လည်း ဝမ်းမြောက်ဝမ်းသာ ခုန်ပေါက်၍ ပြေးရာ တစ်ခုသောဝါးရုံပင်ကို ခြေကန်မိသည်တွင် သူတစ်ပါးဝှက်ထားခဲ့သော ဓားတစ်စင်းကို ကန်မိ၍ ခိုးသူတို့ဓားသံကြားလျှင် ဆိတ်ကိုတစ်ဖန် ဖမ်းယူ ထိုဓားဖြင့် သတ်ဖြတ်စားကြလေ၏။ ဆရာလည်း ဤသို့ပင် မိမိ၏အမှုဖြင့် မိမိပျက်စီးရ၏။

(ဃ) ရှေးသောအခါ ဗာရာဏသီပြည်မှ မုဆိုးတစ်ယောက်သည် ဟိမဝန္တာတောမှ ကိန္နရာဖိုမတို့ကိုဖမ်း၍ မင်းကြီးအား ဆက်လာပြီးလျှင် ကိန္နရာတို့သည် သီခြင်း ကခြင်း၌ လူတို့ထက်ပင် သာပါကြောင်း လျှောက်လေ၏။

မင်းကြီးလည်း ဝမ်းမြောက်လျက် ကိန္နရာတို့ကို အသီအက ခိုင်းလေ၏။ ကိန္နရာကား လူတို့ဘာသာကို ပီသမှန်ကန်စွာမဆိုတတ်လျှင် ကဲ့ရဲ့မည်စိုး၍လည်းကောင်း၊ စကားများလျှင် အပြစ်များမည်ကို

မြင်၍လည်းကောင်း သတ်လိုလျှင် သတ်စေတော့ဟု မသိမက နေကြလေ၏။

မင်းကြီးလည်း အဖန်ဖန်ခိုင်း၍မရသော် အမျက်ထွက်သည်နှင့် ဤကိန္နရာတို့သည် လူလည်းမဟုတ်၊ နတ်လည်းမဟုတ် တိရစ္ဆာန်တို့သာတည်း။ တစ်ကောင်ကို နံနက်စာ၊ တစ်ကောင်ကို ညစာချက်လေလော့ဟု ဆိုလေ၏။

ထိုအခါမှ ကိန္နရာမသည် ယခုသော် စကားကိုဆိုခြင်းငှာ သင့်ပြီဟု အရှင်မင်းကြီး၊ အကျွန်ုပ်တို့သည် တောတွင်ကြီးရပါသည်။ စကားကောင်းစွာ မပြောတတ်ကြပါ။ အမှားမှား အချွတ်ချွတ်ဖြစ်မည် စိုးရိမ်လှပါသည်။ အထူးကား မကောင်းသောစကား အခွန်းတစ်သိန်းတို့သည် ကောင်းသောစကားတစ်ခွန်း၏ ၁၆ စိတ်တစ်စိတ်ကိုမှ မတန်လေ။ မကောင်းသောစကားကို ပြောခြင်းသည်ညစ်ညူးတတ်ပါသည်။ သို့ကြောင့် စကားမပြောဘဲနေခြင်းဖြစ်ပါသည်ဟု လျှောက်လေ၏။

မင်းကြီးလည်း နှစ်သက်၍ ကိန္နရာမကို လွှတ်စေပြီးလျှင် ကိန္နရာဖိုကို နံနက်စာချက်လော့ဟု ဆိုပြန်လေ၏။

ထိုအခါ ကိန္နရာဖိုသည်လည်း စကားဆိုရန်သင့်ပြီဟု အရှင်မင်းကြီး၊ လောက၌ လူတို့တွင် စိတ်အမျိုးမျိုး အလိုအမျိုးမျိုး ရှိကြပါသည်။ တစ်ဦးနှစ်သက်သည်ကို တစ်ဦးမနှစ်သက် ရှိတတ်ပါသည်။ လူတို့၏ ကဲ့ရဲ့ခြင်းမှလွတ်ရန် အလွန်ခဲယဉ်းပါသည်။ ဤသို့လျှင် အပြစ်များစွာဖြစ်မည်ကိုစိုးရိမ်၍ စကားမဆိုဘဲနေမိပါသည်ဟု လျှောက်လေ၏။ မင်းကြီးလည်း နှစ်သက်၍ ကိန္နရာဖိုကိုလည်း လွှတ်လေ၏။

ဆရာ၊ ဤသို့လျှင် အခွင့်အရေးကိုကြည့်၍ စကားဆိုသဖြင့် သေဘေးမှလွတ်ရ၏။ ဆရာမှာကား မဆိုသင့်သောအခါ၌ ဆိုသည်ဖြစ်၍ ပျက်စီးရ၏ဟု ဆိုပြီးနောက်။

ဆရာ၊ မစိုးရိမ်လင့်။ ဆရာ့အသက်ကို အကျွန်ုပ်ပေးပါအံ့ဟု ဆို၍ အခါနက္ခတ်သည် ညဉ့်အခါ၌သာရသည်ဟု အချိန်လွှဲပြီးလျှင် ညဉ့်အခါ၌ ဆရာကို ဝေးရာသို့လွှတ်၍ ဆိတ်သေတစ်ခုကို စတေးလျက် မြို့တံခါးကို ပြုလေသတည်း။

ဇာတ်ပေါင်းသော်–
ပုရောဟိတ်ပုဏ္ဏားသည် ကောကာလိက ဖြစ်လာ၏။
တက္ကာရိယာသည် ဘုရား ဖြစ်လာ၏။

❐

## ပကိဏ္ဏကနိပါတ်

## ၂၂၂။ ကောဒါရဇာတ် ၁
## (ကောဒါရ = လယ်ပြင်။)

## ကျေးမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အမိအဖကို လုပ်ကျွေးသော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ကြီးမားတင့်တယ် ရှုချင်ဖွယ်ရှိသော ကျေးမင်းသည် များသောအခြွေအရံရှိလျက် အိုမင်းသော မိဘတို့ကို လုပ်ကျွေးကာနေ၏။

တစ်နေ့သော် လူတို့စိုက်ပျိုးအပ်သော ကောက်သလေးလယ်တို့၌ သွားရောက်စားသောက်ကြရာ လယ်စောင့်သည် ခြောက်သော်လည်း မရနိုင်။ ကျေးတို့သည် အဝစား၍ပြန်ကြကုန်၏။ ကျေးမင်း

ကား အဝစားရုံမျှမက များစွာသော သလေးနှံတို့ကိုလည်း ကိုက်ချီ၍ ဆောင်ယူသွားလေသေး၏။

ထိုအကြောင်းကို လယ်စောင့်သည် လယ်ရှင်အား ပြောကြားလေလျှင် ကျေးမင်းကိုထောင်ဖမ်းစေရာ အဆင်သင့်ပင် ကျေးမင်းကို မိလေ၏။

ကျေးမင်းသည် မိမိ၏ခြေတွင် ကျော့ကွင်းမိကြောင်းသိသော်လည်း ကျေးတို့အစာမဝမီ ပျံပြေးကြမည်ကိုစိုး၍ ကျေးတို့အစာဝချိန်လောက်မှ အော်လေ၏။ ထိုအခါ ကျေးတို့သည် ကျေးမင်းအား ပြန်မကြည့်ဘဲ ပျံပြေးကြလေ၏။

လယ်စောင့်သည် ကျေးမင်းကိုယူ၍ လယ်ရှင်အား ပြပေ၏။ လယ်ရှင်သည်လည်း တင့်တယ်ကြီးမားသော ကျေးမင်းကိုမြင်လျှင် အလွန်ချစ်ခင်နှစ်သက် ဝမ်းမြောက်လျက် အမောင်ကျေးသား၊ အမောင်သည် ဝမ်းဝရုံစားသည်သာမဟုတ် ကောက်သလေးနှံတို့ကို သယ်ဆောင်၍လည်း သွားသေး၏ဟု ငါကြားသိရ၏။ အသို့နည်း။ အသင်၌ ကျီကျထား၍ ကောက်သလေးတို့ကို သိမ်းလေသလောဟု မေး၏။

အရှင်၊ ငါသည် ကျီကျထား၍ သိမ်းသည်မဟုတ်ပါ။ ထိုသို့ အပိုဆောင်ယူသွားသည်မှာ အချက်သုံးရပ်ရှိပါသည်။ ၎င်းတို့ကား။

(၁) ကြွေးမြီဟောင်းကိုလည်း ဆပ်ရ၏။

(၂) ကြွေးမြီသစ်ကိုလည်း ချေးပေးရ၏။

(၃) အစဉ်လိုက်သော ရွှေအိုးကိုလည်း မြှုပ်ရ၏ဟု ဆို၏၊

လယ်ရှင်ကလည်း အမောင်၊ သင်ဆိုသောအချက်သုံးရပ်၏ အဓိပ္ပာယ်ကို ရှင်းပါဦးလော့ဟု ဆို၏။

(၁) ထိုအခါမှ ကျေးမင်းက ငါ၌ အိုမင်းမစွမ်းသော အမိအဖတို့သည် ရှိကုန်၏။ ၎င်းတို့ကို ပြန်၍လုပ်ကျွေးရခြင်းသည် အမိအဖတို့၏ ကျေးဇူးမြီဟောင်းကို ဆပ်သည်မည်၏။

(၂) ငါ့၌ အရွယ်မရောက်သေးသော ကျေးသားငယ်တို့သည် ရှိကုန်၏။ ထိုသားငယ်တို့အား လုပ်ကျွေးရခြင်းသည် နောင်အခါ၌ ထိုသားတို့က ကျွေးမွေးတုံ့ပြုမည်ဖြစ်၍ ကြွေးမြီချပေးသည်မည်၏။

(၃) ငါတို့နေရာအရပ်၌ အိုမင်းမစွမ်းသော ကျေးအိုတို့သည် ရှိကုန်၏။ ထိုကျေးအိုတို့အားလည်း ပေးလှူရ၏။ ဤသို့ ပေးလှူခြင်းသည် အစဉ်လိုက်သောရွှေအိုးကြီးကို မြှုပ်သည်မည်၏ဟု ဆိုပေ၏။

လယ်ရှင်ယောကျ်ားလည်း အတိုင်းထက်အလွန် နှစ်သက်ကြည်ညိုလျက် ကျေးမင်းအား အလိုရှိတိုင်းသုံးဆောင်လေလော့ဟု ရှစ်ပယ်မျှသောလယ်ကို ပေးလှူပူဇော်လေသတည်း။

ဇာတ်ပေါင်းသော်–
ကျေးတို့သည် ဘုရားပရိသတ် ဖြစ်လာ၏။
မိဘအိုတို့သည် မြတ်သောမင်းမျိုးတို့ ဖြစ်လာ၏။
လယ်စောင့်သည် ဆန္နအမတ် ဖြစ်လာ၏။
လယ်ရှင်သည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ကျေးမင်းသည် ဘုရား ဖြစ်လာ၏။

❐

## ပကိဏ္ဏကနိပါတ်

### ၂၂၃။ စန္ဒကိန္နရီဇာတ် ၂

မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက် ပထမအကြိမ် နေရင်းကပိလဝတ်ပြည်တော်သို့ကြွ၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏နန်းတော်၌ ဆွမ်းစားပြီးမှ ခမည်းတော် အဂ္ဂသာဝကနှစ်ပါးတို့နှင့်တကွ ရာဟုလာမယ်တော် ယသော်ဓရာထံသို့ ကြွတော်မူ၏။

ရာဟုလာမယ်တော်သည်လည်း မိမိနှင့်တကွ အထောင်အသောင်းသော အခြွေအရံတို့အား ဖန်ရည်စွန်းသောအဝတ်ကို ဝတ်စေ၍ နေလင့်ကုန်၏။ မြတ်စွာဘုရားရောက်တည့်လျှင်ပင် တစ်နန်းတော်လုံး အုန်းအုန်းကျွက်ကျွက် ပင့်သက်လှိုက်ဖို ငိုယိုကြကုန်၏။

သက်သာရာကို အတန်ငယ်ရကြသောအခါမှ ခမည်းတော်မင်းကြီးသည် ချွေးမတော်၏ ဂုဏ်ကျေးဇူးကိုဆိုခြင်းငှာ အရှင်ဘုရား၊ အကျွန်ုပ်၏ ချွေးမသည် အရှင်ဘုရား ဖန်ရည်စွန်းသောအဝတ်ကို ဝတ်၏ဟု ကြားလျှင် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ပါ၏။ ပန်းပန်ခြင်း စသည်ကို စွန့်၏ဟု ကြားလျှင် ပန်းပန်ခြင်း စသည်တို့ကို စွန့်၏။ မြေ၌အိပ်၏ဟုကြားလျှင် မြေ၌အိပ်ပါ၏။ အရှင်ဘုရား ရဟန်းပြုသောကာလ၌ မုဆိုးမဖြစ်၍ တစ်ပါးသောမင်းတို့ စေအပ်သော လက်ဆောင်ကိုမယူပါ။ ဤသို့လျှင် အကျွန်ုပ်၏ ချွေးမတော်သည် အရှင်ဘုရားအပေါ်၌ မတွန့်မတို ကြည်ညိုစွဲမြဲသောစိတ်ရှိပါ၏ဟု အထူးထူး အပြားပြားဖြင့် ဂုဏ်ကျေးဇူးတို့ကို ဆိုပေ၏။

ထိုအခါ မြတ်စွာဘုရားက မြတ်သောမင်းကြီး၊ ဤရာဟုလာမယ်တော်သည် ယခုဘဝဝယ် ငါ့အပေါ်၌ မြတ်နိုးကြင်နာ တည်ကြည်ခြင်း၊ သူတစ်ပါးတို့ ဆောင်ခြင်းငှာ မတတ်နိုင်ခြင်းသည် အံ့ဖွယ်မရှိသေး။ ရှေးတိရစ္ဆာန်ဘဝ၌ဖြစ်စဉ်က တည်ကြည်စွဲမြဲခြင်းသည်သာလျှင် အထူးအံ့ဖွယ်ဖြစ်ပေသည်ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးလက်ထက် ဟိမဝန္တာအရပ် စန္ဒမည်သော ငွေတောင်၌ ကိန္နရာဖိုမတို့သည် နေကြကုန်၏။ ကိန္နရာမကား စန္ဒာအမည်ရှိ၏။

တစ်နေ့သော် ဗြဟ္မဒတ်မင်းကြီးသည် တောကစားထွက်လာရာ ထိုကိန္နရာတို့နေရာတောင်သို့ ရောက်လာလေ၏။

ကိန္နရာတို့သည် မိုးအခါ မသက်မူ၍ နွေအခါ၌ တောင်မှ သက်ကြပြီးလျှင်

ထိုထိုသောအရပ်တို့၌ နံ့သာတို့ကိုလိမ်းလျက်။
ထိုထိုသောအရပ်တို့၌ ပန်းဝတ်မှုံကိုစားလျက်။
ပန်းပုဆိုးတို့ကို ဝတ်ရုံလျက်။
နွယ်ပုခက်၊ ဒန်း စသည်တို့ကိုစီးလျက်။
သာယာစွာသီဆိုလျက်။

မြစ်ကွေ့ရှိ ရေ၌လည်းကောင်း၊ သဲသောင်ပြင်၌လည်းကောင်း၊ ပန်းတို့ကို ကြဲကာ ကစားလျက်။

စန္ဒကိန္နရာသည် တစ်ခုသော ဝါးလုံးကိုတီးကာ သီဂျက်။

စန္ဒကိန္နရီသည် သာယာစွာ သီကျူး၊ နူးညံ့ပျော့ပျောင်းစွာ ကလျက် နေကြလေ၏။

ထိုဗာရာဏသီမင်းသည် မြင်လေသော် စန္ဒကိန္နရီ၌ တပ်စွန်းခြင်း ရှိသည်ဖြစ်၍ ကိန္နရာဖိုကို သတ်ပြီးလျှင် ကိန္နရီမကိုယူအံ့ဟု ကိန္နရာဖိုကို လေးဖြင့်ပစ်လေ၏။ ကိန္နရာလည်း မြားထိ၍ ပန်းမွေ့ရာထက်၌ လူးလဲ၍နေရလေ၏။

ထိုအခါ ကိန္နရီမသည် အလျင်အမြန်ပွေ့ပိုက်၍ ကြည့်ရှုရာ မြားဒဏ်ရာကို တွေ့ရှိ၊ သည်းစွာငိုကြွေးလျက်နေစဉ် ဗြဟ္မဒတ်မင်းသည် မိမိ၏ကိုယ်ကိုပြလေ၏။ ကိန္နရီမလည်း ဤသူကား ငါ၏လင်ကို ပစ်သတ်သောသူပင်တည်းဟု ဆဲရေးလိုရကား။

ဟယ်- ယုတ်မာသောယောကျာ်း၊ သင်သည် ငါ့ကိုလို၍ ငါ၏ အပြစ်မရှိသောလင်ကိုသတ်၏။ ယခု ငါပူဆွေးစိုးရိမ်ရသကဲ့သို့ သင်၏ အမိ မယားတို့လည်း ပူဆွေးရပါစေသတည်းဟု ကျိန်ဆဲလေ၏။

ထိုအခါ မင်းက ရှင်မစန္ဒာ၊ ငါသည် ဗာရာဏသီမင်းတည်း။ မစိုးရိမ်လင့်။ သင့်အား ငါသည် မိဖုရားအရာကိုပေး၍ ကြီးစွာသော စည်းစိမ်ဖြင့် ချီးမြှောက်ထားပါအံ့ဟု ဆိုလေ၏။ ကိန္နရီမကလည်း

ရဲရင့်တင်းမာသောအသံဖြင့် အသင်မင်းသား၊ စင်စစ်သော်ကား ငါသည် မကြာမီသေလတ္တံ့။ အသို့လျှင် သင်၏မိဖုရားဖြစ်အံ့နည်းဟုဆိုလေ၏။

ထိုအခါ မင်းသည် ကိန္နရီမကို အလိုမရှိတော့ဘဲ၊ ဟယ်-သစ်ရွက်ကိုစားသော ကိန္နရီမ၊ သင့်ကို ငါအလိုမရှိပြီ။ သွားလေတော့ဟု ဆို၍ လွှတ်လိုက်ပြီးနောက် ထွက်သွားလေ၏။

ကိန္နရီမလည်း မိမိလင်ရှိရာသို့လာ၍ အထူးထူးအပြားပြား ငိုကြွေးလျက် ရင်ကို စမ်းသပ်ကြည့်ရှုသော် ပူနွေးလျက်ပင်ရှိသေးရကာ နတ်တို့ကို တိုင်ကြားလေ၏။

ထိုအခါ သိကြားမင်း၏နေရာပူ၍ လာရောက် ရေစင်ဖျန်းသဖြင့် အသက်ရှင်လေ၏။ ကိန္နရာဖိုမတို့လည်း ရွှင်လန်းဝမ်းမြောက်စွာ ငွေတောင်သို့ ပြန်တက်ကြလေသတည်း။

ဇာတ်ပေါင်းသော်-
မင်းသည် ဒေဝဒတ် ဖြစ်လာ၏။
သိကြားသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။
စန္ဒကိန္နရီသည် ရာဟုလာမယ်တော် ဖြစ်လာ၏။
စန္ဒကိန္နရာသည် ဘုရားဖြစ်လာ၏။

❐

## ပကိဏ္ဏကနိပါတ်

### ၂၂၄။ မဟာဥက္ကုသဇာတ် ၃
### (မဟာ = ကြီးသော။ ဥက္ကုသ = ဝံလိုင်ငှက်။)

## မိတ်ဆွေသုံးဦးနှင့် ဝံလိုင်ငှက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အမျိုးကောင်းသား သီတင်းသည်တစ်ယောက်သည် တစ်ယောက်သော အမျိုးသမီးကို

တောင်းရာ အမျိုးသမီးက အရေးရှိသောအခါ အကူအညီရနိုင်သော အဆွေခင်ပွန်းကောင်းများ ရှိ၏လောဟုမေး၏။ မရှိဟုဆိုလျှင် ထိုသို့တပြီးကား အဆွေခင်ပွန်းတို့ကို ရှေးဦးစွာရှာဦးလော့ဟု ဆိုလေ၏။

သိတင်းသည်လည်း မိန်းမ၏စကားကိုယူ၍ ရှေးဦးစွာ တံခါးစောင့်လေးယောက်နှင့် မိတ်ဖွဲ့၏။ ထို့နောက် မြို့စောင့်အမတ်၊ စစ်သူကြီး၊ အိမ်ရှေ့မင်း၊ ရစ်ကျိုပ်သော မဟာထေရ်၊ အရှင်အာနန္ဒာ၊ မြတ်စွာဘုရားအထိ အစဉ်အတိုင်း အဆွေခင်ပွန်း ဖွဲ့လေ၏။

မြတ်စွာဘုရားက သိတင်းသည်အား သရဏဂုံသီလတို့ကို၊ မင်းက ဥစ္စာစည်းစိမ်တို့ကို ပေး၏။ ပြီးမှ အမျိုးသမီးကို ဆောင်လေ၏။ ပို့လာသော လက်ဆောင်တို့လည်း လှည့်လည်လျက်ပေးကမ်းသည်နှင့် တစ်မြို့လုံးသည် ထိုသိတင်းသည်၏ အဆွေခင်ပွန်းဖြစ်လေ၍ မိတ္တဗန္ဓကဟူသောအမည်ဖြင့် ထင်ရှားလေ၏။

ထိုသို့ မယားကိုမှီ၍ ချမ်းသာကြီးပွားကြောင်းကို ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ ရှေးကလည်း ဤသို့ပင်ဟု အောက်ပါဇာတ်ကို မြတ်စွာဘုရား ဟောတော်မူသည်။

ရှေးသောအခါ အိုင်ကြီးတစ်ခု၏ အရပ်လေးမျက်နှာ၌ စွန်ဖို စွန်မ၊ ခြင်္သေ့၊ ဝံလိုင့က လေးဦးတို့သည်လည်းကောင်း၊ ၎င်းအိုင်၏ အလယ် မြင့်ရာအရပ်၌ လိပ်သည်လည်းကောင်း အသီးသီးနေကြကုန်၏။

တစ်နေ့သော် စွန်ဖိုက စွန်မအား လင်မယားအဖြစ်ဖြင့် နေရန် ပြောသောအခါ စွန်မက အသင့်၌ အရေးရှိသောအခါ အကူအညီရရန် မိတ်ဆွေမရှိသေး။ သို့ကြောင့် ရှေးဦးစွာ ဤအိုင်ဝန်းကျင်၌နေသော ခြင်္သေ့၊ ဝံလို၊ လိပ်တို့နှင့်ပင် မိတ်ဆွေဖွဲ့ထားလော့ဟု ဆိုလေ၏။

ဆိုတိုင်းဖွဲ့ထားပြီးနောက် ထိုစွန်နှစ်ခုတို့သည် ထိုအိုင်အတွင်း ရှိကျွန်းငယ်တစ်ခု၌ပေါက်သော ထိန်ပင်ပေါ်တွင် အသိုက်ပြု၍နေကြကုန်၏။ မကြာမီပင် စွန်ငယ်နှစ်ခုတို့ကို ပေါက်ဖွားကုန်၏။

ထိုအခါ အနီးအနားရှိရွာမှ ရွာသားတို့သည် တစ်နေ့ပတ်လုံး တော၌ လှည့်လည်လာရာ တစ်စုံတစ်ရာမရသည်နှင့် ငါးလိပ်တို့ကို ဖမ်းအံ့ဟု ထိုကျွန်းသို့ကူး၍ ထိန်ပင်အောက်၌ အိပ်ကြ၏။

ညဉ့်အခါမှ မှက်ခြင် အစရှိသည်တို့ကို ပြေးစိမ့်သောငှာ မီးထည့်ကြကုန်၏။ မီးခိုးမွှန်၍ စွန်ငယ်တို့မြည်သံကိုကြားကြလျှင် ငှက်ငယ်တို့ကို စားကုန်အံ့ဟု ရွာသားတစ်ယောက်ကို မီးရှူးနှင့် ထိန်ပင်သို့ တက်စေရာ အသိုက်အနီးသို့ ရောက်လာလေ၏။

စွန်မသည် အကြောင်းကိုသိရသဖြင့် ဝံလိုငှက်ထံသို့ စွန်ဖိုကို စေလိုက်၏။ ဝံလိုငှက်သည် ရေအိုင်မှရေကို နှုတ်သီးဖြင့်လည်းကောင်း၊ အတောင်ဖြင့်လည်းကောင်း ဆောင်၍ မီးရှူးထက်သို့ လောင်းချ ရိုက်ခတ် မီးကိုငြိမ်းစေ၏။

ရွာသားကလည်း စွန်ငယ်နှင့်တကွ ဝံလိုငှက်ကိုပါစားအံ့ဟု သက်၍ တစ်ဖန် မီးရှူးနှင့်တက်ပြန်၏။ ဝံလိုငှက်လည်း ငြိမ်းစေပြန်၏။ ဤနည်းဖြင့် အကြိမ်ကြိမ်ငြိမ်းစေရာ သန်းခေါင်အချိန်သို့ ရောက်လာလေ၏။

ထိုအခါ ဝံလိုငှက်သည် အလွန်ပင်ပန်းလာပြီဖြစ်၍ စွန်မက လိပ်ထံသို့ စွန်ဖိုကို စေလိုက်ပြန်၏။ အကြောင်းမျိုးကို ကြားရသော် လိပ်ကြီး၏သားငယ်က ဖခင်အတွက် မိမိကူညီလိုကြောင်း ပြောသော်လည်း လိပ်ကြီးကိုယ်တိုင် လိုက်လာပြီးလျှင် ညွန်တွင်လူး၍ မှော်တို့ကို ယူငင်လာလျက် မီးဖိုတွင်းသို့ ဝင်ရောက်တိုးဖျက် မီးကိုငြိမ်းစေလေ၏။

ရွာသားတို့လည်း ငှက်ငယ်တို့ကို အသို့ပြုအံ့နည်း။ လိပ်ကို စားအံ့ဟု လိပ်ကိုဖမ်းဆီး နွယ်ဖြင့်ဖွဲ့နှောင်၍ လိမ့်ကြရာ မလိမ့်နိုင်ဘဲ လိပ်ကြီးငင်ရာ ရေသို့ပါရောက် နစ်မွန်းသဖြင့် လိပ်ကိုလွှတ်၍ တက်ခဲ့ကြရ၏။ ဤသို့အားဖြင့် အရုဏ်တက်ဆဲအချိန်သို့ ရောက်လေ၏။

ရှာသားတို့လည်း တစ်ဖန် ငှက်ငယ်တို့ကိုပင် စားအံ့ဟု ဆို ကြပြန်သည်ကို စွန်မ ကြားသော် ခြင်္သေ့မင်းထံသို့ ပေလိုက်ပြန်၏။ ခြင်္သေ့မင်း လိုက်လာသောအခါ၌ကား ရှာသားတို့သည် ဆောက်တည် ရာမရ ကြောက်လန့်တကြား ဦးတည်ရာသို့ ပြေးကြလေ၏။

ခြင်္သေ့၊ လိပ်၊ ဝံလို၊ စွန်တို့ ဆုံမိကြသောအခါ အဖြစ်အပျက် တို့ကို ပြန်ပြောကြလျက် ခြင်္သေ့မင်းက မိတ်ဆွေကောင်းရှိရခြင်း၏ အကျိုးသည် မျက်မြင်ဒိဋ္ဌဖြစ်ကြောင်း၊ သို့ကြောင့် အဆွေခင်ပွန်းမပျက် တိုးတက်ကြင်နာ ပေါင်းသင်းရာ၏ဟု ကောင်းစွာဟောပြ ဆုံးမလေ သတည်း။

ဇာတ်ပေါင်းသော်–
စွန်ဖို စွန်မတို့သည် သီတင်းသည်လင်မယား ဖြစ်လာ၏။
လိပ်ငယ်သည် ရာဟုလာ ဖြစ်လာ၏။
လိပ်ကြီးသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
ဝံလိုငှက်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ခြင်္သေ့သည် ဘုရား ဖြစ်လာ၏။

❐

## ပကိဏ္ဏကနိပါတ်

### ၂၂၅။ ဘီသဇာတ် ၅
### (ဘီသ = ကြာစွယ်)

### လောကကို ကြောက်သောသူတို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကိလေသာကြောင့် သာသနာ၌ ငြီးငွေ့သော ရဟန်းတစ်ပါးကိုစွဲ၍ ရှေး

ပညာရှိတို့သည် ဝတ္ထုကာမ ကိလေသာကာမတို့၌ ရွံရှာကြကြောင်း အောက်ပါ ဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ၌ အလွန်ကြွယ်ဝ၍ အမျိုးမြတ်သော မောင်နှနစ်ယောက်၊ နှမတစ်ယောက် ပေါင်းရှစ်ယောက်တို့သည် အိမ်ရာ ထောင်ခြင်း စသော လောကီအမှုကို စက်ဆုပ်သဖြင့် ရှိသမျှသော ဥစ္စာပစ္စည်းတို့ကို စွန့်ပစ်၍ ကျွန်ယောကျ်ားတစ်ယောက်၊ ကျွန်မိန်းမ တစ်ယောက်၊ အဆွေခင်ပွန်းတစ်ယောက်တို့ကိုပါ ယူလျက် တောထွက် ရသေ့ရဟန်းပြုကာ နေကြလေ၏။ နောင်တော်အကြီးဆုံးကား မဟာ ကဉ္စနမည်၏။ ဒုတိယညီတော်ကား ဥပကဉ္စနမည်၏။ အငယ်ဆုံးနှမ တော်ကား ကဉ္စနဒေဝီ မည်၏။

ထိုသို့ တောထွက်၍ တစ်ခုသောကြာအိုင်ကြီးအနီး၌ နေကြ ၏။ သစ်သီးကြီးငယ် ရှာဖွေသောအခါ တစ်စုတစ်ဝေးသွားကြ ပြောကြ ဆိုကြလျက် သစ်သီးတို့ကို ဆွတ်ခူး၍ စားကြကုန်၏။

ထိုသို့ပြုမူကြသည်ကို ရသေ့ကြီး မနှစ်သက်လေ။ ငါတို့သည် အတိုင်းမသိသော စည်းစိမ်ဥစ္စာကိုစွန့်လျက် တောထွက်ခဲ့ကြ၏။ ယခု ကဲ့သို့ လျှပ်ပေါ်စွာဖြင့် ပြုမူနေကြခြင်းသည် မသင့်ဟု ကြံ၍ ရသေ့တို့ ကို ခေါ်ပြီးလျှင် ဤနေ့မှစ၍ သင်တို့ သစ်သီးရှာမထွက်ကြလင့် ငါရှာ၍ကျွေးအံ့ဟု ဆိုလေ၏။

ရသေ့တို့ကလည်း ဆရာ၊ ဆရာနှင့်တကွ နှမငယ်တို့သည် ကျောင်းမှာနေပါလော့။ ကျွန်မိန်းမသည်လည်း နှမငယ်နှင့် နေပါစေ လော့။ ကျန်သော ကျွန်ပ်တို့ရှစ်ယောက်က တစ်နေ့တစ်ယောက် အလှည့်ကျ သစ်သီးရှာဖွေ၍ လုပ်ကျွေးပါအံ့ဟု တောင်းပန် အခွင့်ရပြီး သော်။

အလှည့်ကျ သစ်သီးတို့ကိုရှာ၍ တစ်ခုသော ကျောက်ဖျာပေါ်၌ ထိုသစ်သီးတို့ကို ဆယ့်တစ်စုထားပြီးမှ ကျောက်စည်တီးသောအခါ ရသေ့တို့သည် လာရောက် မိမိတို့၏ဝေစုကို ငြိမ်သက်စွာ ယူငင်စား သောက်ကြပြီးနောက် တရားအားထုတ်၍ နေကြလေ၏။

ဤနည်းဖြင့်နေကြ၍ အတန်ကြာသော် ကြာစွယ်ကြာရင်းမျှတို့ ကိုသာ စားသောက်နေကြလေ၏။

ထိုအခါ သီလပြင်းသည်အဖြစ်ကြောင့် သိကြား၏နေရာ တုန် လှုပ်၍ ထိုရသေ့တို့သည် မည်မျှ ကိလေသာကို စက်ဆုပ်ကြောင်း စုံစမ်းအံ့ဟု မိမိအာနုဘော်ဖြင့် နောင်တော်အကြီးဆုံး မဟာကဉ္စနရသေ့ ၏အစုကို သုံးရက်ဆက်၍ ကွယ်ထားလေ၏။

မဟာကဉ္စနရသေ့ကား ပထမနေ့၌ ဝေသူမေ့လျော့၍ ဖြစ်လိမ့် မည်ဟုကြံ၏။ ဒုတိယနေ့၌ ငါ့အား တစ်စုံတစ်ရာအပြစ်ရှိ၍ငါ့အတွက် အစုမထားယောင်တကားဟု ကြံ၏။ တတိယနေ့၌ကား အကယ်၍ ငါ့အပြစ်ရှိသော် ထိုရသေ့တို့အား တောင်းပန်၍ သည်းခံစေအံ့ဟု ကြံ၏။ ကြံပြီးမှ ရသေ့တို့ကို စည်းဝေးစေ၍ စုံစမ်းမေးမြန်းသော် မမေ့မလျော့ ဝေစုနေ့စဉ်ထားကြောင်းကို အလှည့်ကျသူတို့က လျှောက် ထားကြ၏။

ထိုအခါ ရသေ့ကြီးက အသင်တို့ ငါ၏ဝေစု မရသည်မှာ သုံးရက်ရှိလေပြီ။ ခိုးသူရှိတန်ရာ၏။ များစွာသော ဥစ္စာစည်းစိမ်ကိုဗွန့် ခဲ့လျက် ကြာရိုးကြာစွယ်မျှကို ယူခြင်းသည် မသင့်ဟု ဆိုလေ၏။

ရသေ့အပေါင်းလည်း အလွန်ထိတ်လန့်ခြင်းသို့ရောက်ကုန်၏။ ထိုရသေ့တို့ထံ၌ ရက္ခစိုးနတ်တစ်ပါးသည်လည်းကောင်း၊ လူတို့နှိပ်စပ် လွန်းသဖြင့် ပြေးလာသော ဆင်တစ်ကောင်သည် လည်းကောင်း၊ အလမ္ပာယ်လက်မှ လွတ်လာသော မျောက်တစ်ကောင်သည်လည်း

ကောင်း လာရောက်နေကြ၏။ သိကြားမင်းသည်လည်း စုံစမ်းရန်အလို့ ငှာ မထင်မရှားသောကိုယ်ဖြင့် တည်၏။

ထိုအခါ ဥပကဋ္ဌနရသေ့သည်ရှိခိုးလျက် နောင်တော်၊ အကျွန်ုပ် သည် ကျိန်ဆို၍ သုတ်သင်ခြင်းငှာ ရပါအံ့လောဟုမေး၏။ ရနိုင်၏ဟု ဆိုသော်။

(၁) အကျွန်ုပ်သည် အကယ်၍ ကြာစွယ်ကြာရင်းတို့ကိုခိုးအံ့။ မြင်း နွား ရွှေငွေ သားမယားတို့နှင့် ပြည့်စုံစွာနေရပါစေသတည်းဟု ကျိန်ဆိုလေ၏။ ရသေ့တို့လည်း ရှင်ရသေ့၊ မဆိုလင့်၊ အလွန်ဝန်လေး သော ကျိန်ခြင်းကို သင်ပြု၏။ ငါတို့မကြားဝံ့ဟုဆို၍ နားကို ပိတ် ကြကုန်၏။ နောင်တော်ရသေ့ကလည်း ဥပကဋ္ဌန၊ သင်၏ကျိန်ခြင်း သည် အလွန်ဝန်လေး၏။ သင်ခိုးယူမည်မဟုတ်ရာ။ သင်သည် အပြစ် ကင်းသောအဖြစ်ဖြင့် နေလေတော့ဟု ဆို၏။

(၂) တတိယညီတော်ကလည်း အကယ်၍ ခိုးအံ့။ ပန်းနံ့သာ အမွှေးအထုံ၊ သားမယား စသော ကာမတို့၌ အလိုရှိသည် ဖြစ်စေ သတည်း။

(၃) စတုတ္ထညီက– အကယ်၍ခိုးအံ့။ လယ်ယာချောင်းမြောင်း၊ သားမယား အခြွေအရံနှင့် ပြည့်စုံ၍ အရွယ်လွန်သည်တိုင်အောင် အိမ်၌နေရစေသတည်း။

(၄) ပဉ္စမညီက– အကယ်၍ ခိုးအံ့။ မင်းတကာတို့၏ အပူ ဇော်ကိုခံရသော နိုင်ထက်ကလူပြုမှုတတ်သော မင်းဖြစ်ရစေသတည်း။

(၅) ဆဋ္ဌမညီက– အကယ်၍ ခိုးအံ့။ မင်း၏အချီးအမြှောက် ကိုခံရသော ပုရောဟိတ် ဖြစ်ပါစေသတည်း။

(၆) သတ္တမညီက– ဗေဒင်တတ်သော ခြိုးခြံသောအကျင့်ရှိသောပုဏ္ဏားဟု ကျော်စော၍ လူအပေါင်းတို့သည် အပူဇော်ကို ခံရစေသတည်း။

(၇) မိတ်ဆွေက– အကယ်၍ ခိုးအံ့။ လူ စပါး ထင်း ရေ ဤလေးပါးနှင့် ပြည့်စုံသောရွာကို စားရ၍ ထိုရွာကို တစ်သက်လုံး တပ်မက်ခြင်းဖြစ်ပါစေသတည်း။

(၈) ကျွန်ယောကျ်ားက– အကယ်၍ ခိုးအံ့။ အတီးအမှုတ်အကအခုန်တို့ကို နှစ်သက်သော ရွာသူကြီးဖြစ်၍ မင်းထံမှ တစ်စုံတစ်ရာသောဘေးကို မရသည်ဖြစ်စေသတည်း။

(၉) နမကဥ္စနဒေဝီက– အကယ်၍ ခိုးအံ့။ မိန်းမအပေါင်းတို့ထက် မြတ်သော မြေအပြင်ကို အစိုးရသောမင်း၏ မိဖုရားကြီးဖြစ်ပါစေသတည်း။

(၁၀) ကျွန်မိန်းမက– အကယ်၍ခိုးအံ့။ အလုံးစုံ အညီအညွတ်စည်းဝေးကုန်သော ရသေ့တို့၏အလယ်၌ ကောင်းမြတ်သော အစာအာဟာရတို့ကို မကြောက်မရွံ့ စားရစေသတည်း။ လာဘ်လာဘကိုငဲ့၍ အံ့ဖွယ်သရဲသောအမှုကို ပြုရစေသတည်း။

(၁၁) ရက္ခစိုးက– အကယ်၍ ခိုးအံ့။ ကျောင်းပျက်ကြီးတစ်ခု၌ သုတ်သင်ရသော ရဟန်းဖြစ်၍ အမှုသစ်တို့ကို လုပ်ရခြင်း၊ လေသွန်တံခါးကို တစ်နေ့ချင်းပြီးအောင်လုပ်ရခြင်းတို့ကို ပြုရစေသတည်း။

(၁၂) ဆင်က– အကယ်၍ခိုးအံ့။ ခြေလေးချောင်း လည်ခါး ဤခြောက်ဌာနတို့၌ ကြိုးလွန်တို့ဖြင့်ဖွဲ့၍ တောမှ မင်းနေပြည်သို့ဆောင်စေသတည်း။ လှံ၊ ချွန်းတို့ဖြင့် ညှဉ်းဆဲစေသတည်း။

(၁၃) မျောက်က– အကယ်၍ခိုးအံ့။ ပန်းတို့ကို ပန်ဆင်၍ လှံတံဖြင့် ပုတ်ခတ်အပ်သည်ဖြစ်၍ မြေ၏ခံတွင်းသို့ ကပ်ရပါစေ သတည်း။ ခါး၌ ကြိုးချည်၍ ခရီးဆုံးသည့်တိုင်အောင် ယူဆောင်ခြင်း ကို ခံရပါစေသတည်း။

(၁၄) ထိုတစ်ဆယ့်သုံးဦးတို့ ကျိန်ဆိုပြီးနောက် မဟာကဉ္စန ရသေ့ကလည်း ငါသည် မပျောက်ဘဲလျက် ပျောက်သည်ဟု သင်တို့ အား ပြောသည်ဖြစ်အံ့။ ကာမဂုဏ်ကိုရ၍ စံစားလျက် လူ့ဘောင်၌သာ သေပါစေသတည်းဟု ကျိန်ဆိုလေ၏။

ထိုသို့ ရသေ့တို့ကျိန်ဆိုသံကိုကြားသော် သိကြားသည် ငါသည် အလွန်လျှင် ကာမဂုဏ်ကို ရွံရှာသော၊ သီလနှင့်ပြည့်စုံသော ရသေ့တို့ ကို ပြစ်မှားမိချေပြီဟု မိမိကိုယ်ကိုပြ၍ ရသေ့ကြီးအား အရှင်ဘုရား အကျွန်ုပ်သည် စုံစမ်းရန်အလို့ငှာ အရှင်ဘုရား၏ဝေစုကို ဝှက်ထားမိ ပါသည်။ သည်းခံတော်မူပါဟု တောင်းပန်ကန်တော့လေ၏။

ရသေ့ကြီးနှင့်တကွ အလုံးစုံသောရသေ့တို့သည်လည်း မေတ္တာ ဖြင့် သည်းခံကြလေသတည်း။

ဇာတ်ပေါင်းသော်–

၁။ မဟာကဉ္စနသည် ဘုရား ဖြစ်လာ၏။

၂။ ဥပကဉ္စနသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

၃။ တတိယညီသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။

၄။ စတုတ္ထညီသည် ရှင်မဟာကဿပ ဖြစ်လာ၏။

၅။ ပဉ္စမညီသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။

၆။ ဆဋ္ဌမညီသည် ရှင်ပုဏ္ဏ ဖြစ်လာ၏။

၇။ သတ္တမညီသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

၈။ နှမကဉ္စနဒေဝီသည် ဥပ္ပလဝဏ် ဖြစ်လာ၏။

၉။ ကျွန်မသည် ခုဇ္ဇုတ္တရာထေရီ ဖြစ်လာ၏။
၁၀။ ကျွန်ယောက်ျားသည် စိတ္တသူကြွယ် ဖြစ်လာ၏။
၁၁။ ရက္ခစိုးသည် သာတာဂိရိဘီလူး ဖြစ်လာ၏။
၁၂။ ဆင်သည် ပါလိလေယျကဆင် ဖြစ်လာ၏။
၁၃။ မျောက်သည် ပျားလှူသော ပေါင္ခပါဒမျောက် ဖြစ်လာ၏။
၁၄။ သိကြားသည် ကာဠုဒါယီ ဖြစ်လာ၏။

□

## ပကိဏ္ဏကနိပါတ်

### ၂၂၆။ သုရုစိဇာတ် ၂

### မဟာပနာဒမင်းသားအကြောင်း

မြတ်စွာဘုရားသည် ပုပ္ဖာရုံကျောင်း၌ နေတော်မူစဉ် ဝိသာခါဒါယိကာမကြီးအား ဆုပေးခြင်းနှင့်စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ မိထိလာပြည် သုရုစိမည်သောမင်း၏ သုမေဓာမည်သော မိဖုရားကြီးသည် တိုင်းသူပြည်သားတို့ တိုက်တွန်းချက်အရ သားဆုတောင်းရာ သိကြားမင်းက ဘုန်းတန်ကြီးမားသော နတ်သားတစ်ယောက်ကို တောင်းပန်၍ ထိုမိဖုရားကြီး၏ဝမ်း၌ ဖြစ်စေ၏။

ထိုသားဖွားသော် မဟာပနာဒဟူသောအမည်ဖြင့် ကြီးစွာ ချီးမြှောက်၍ထား၏။ သိကြားမင်းသည် ဝိသကြုံအား ဖန်ဆင်းစေ၍ ပေးအပ်သော ပြာသာဒ်မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ ဤသုံးရပ်မင်္ဂလာကို တစ်ပြိုင်တည်းဖြစ်စေ၏။ မင်္ဂလာပြုရာ၌ ခုနစ်နှစ်တိုင်တိုင် ပွဲလမ်းသဘင် ပျော်ကြစေ၏။

ခုနစ်နှစ်တိုင်သော် လူတို့သည် အဘယ်အခါမျှ ပွဲလမ်းသဘင် ဆုံးနိုင်ပါအံ့နည်းဟု ကြွေးကြော်ကြပြန်၏။ ထိုအခါ မင်းကြီးက အမောင်တို့ ဤမျှလောက်သော ကာလပတ်လုံး ငါ၏သားသည် မပြုံးမရယ်စဖူး၊ သို့ကြောင့် အကြင်အခါ ငါ့သားပြုံးရယ်၏။ ထိုအခါ ပွဲလမ်းသဘင်ပြီးကြကုန်လော့ဟု ဆိုလေ၏။

ထိုအခါ လူတို့သည် စည်လည်စေ၍ သဘင်သည်များစွာတို့အား က ပြကြစေသော်လည်း မင်းသားကို ပြုံးရယ်အောင် မတတ်နိုင်ကြလေ။ အကြောင်းသော်ကား ထိုမင်းသားသည် နတ်ပြည်တွင် နတ်ကချေသဘင်တို့ကို မြင်ရဖူးသည်ဖြစ်၍ လူသဘင်တို့ကို မနှစ်သက်နိုင်ခြင်းဖြစ်၏။

ထို့နောက် ကျော်စောသောသဘင်သည်ကြီး နှစ်ယောက်အနက် ပထမတစ်ယောက်သည် မင်းသားရှေ့၌ ကြီးစွာသော သရက်ပင်ကြီးကို ဖန်ဆင်းပြီးလျှင် ချည်လုံးဖြင့်ပစ်၍ အခက်၌ငြိစေပြီးမှ ချည်တန်းဖြင့် သရက်ပင်ပေါ်သို့တက်၏။ သရက်ပင်သည် ဝေဿဝဏ်နတ်မင်းကြီး၏ သရက်ပင်ဖြစ်၍ ထိုနတ်ကြီး၏ ကျေးကျွန်တို့က သဘင်သည်ကို ဖြတ်ချလိုက်ဟု ဆို၏။ ခြေ လက် ဦးခေါင်း စသောအင်္ဂါတို့သည် ပြတ်၍ပြတ်၍ ကျလာကုန်၏။ ထိုအခါ တစ်ပည့်တို့က ထိုခြေလက်စသည်တို့ကိုစု၍ ရေသွန်းသည်ရှိသော် သဘင်သည်သည် အသက်ရှင်လျက် က လျက်ထလာ၏။ ဤကိုမြင်၍လည်း မင်းသားမပြုံးလေ။

ထိုအခါ ဒုတိယသဘင်သည်သည် မင်းသားရှေ့၌ ထင်းမီးပုံကြီးကိုပြု၍ မိမိ၏ပရိသတ်နှင့်တကွ မီးတွင်းသို့ဝင်၏။ ထိုမီးငြိမ်း၍ ရေဖြင့်သွန်းသည်ရှိသော် သဘင်သည်သည် မိမိ၏ ပရိသတ်နှင့်တကွ က လျက်ထ၏။ ဤကိုမြင်၍လည်း မင်းသားမပြုံးလေ။

ဤသို့လျှင် သဘင်မပြီးနိုင်၍ လူတို့ဆင်းရဲခြင်းဖြစ်ကြသော အခါမှ သိကြားမင်းက နတ်သဘင်သည်တစ်ယောက်ကို စေလွှတ်

လိုက်၏။ ထိုနတ်သဘင်သည်ကား မင်းရင်ပြင် ကောင်းကင်၌ရပ် လျက်၊ ထက်ဝက်သောကိုယ်ကိုသာပြ၍ ခြေတစ်ဖက်၊ လက်တစ်ဖက်၊ မျက်စိတစ်ဖက်၊ အစွယ်တစ်ဖက်တို့ဖြင့်သာ ကဲ၍ပြ၏။ ကိုယ်ထက် ဝက် တုန်လှုပ်၏။ အခြားတစ်ဝက်ကား မတုန်လှုပ်ရှိ၏။

ဤကိုမြင်သော် မဟာပနာဒမင်းသားသည် အတန်ငယ်ပြုံးလေ၏။ လူအများတို့သည်ကား ဣန္ဒြေမဆည်နိုင်။ လက်ပစ် ခြေပစ် ရယ်မော၍ လဲကြကုန်၏။

ပွဲသဘင်လည်း ပြီးလေတော့သတည်း။

ဇာတ်ပေါင်းသော်–
မဟာပနာဒမင်းသားသည် ဘဒ္ဒိဇိ ဖြစ်လာ၏။
သုမေဓာမိဖုရားကြီးသည် ဝိသာခါ ဖြစ်လာ၏။
ဝိသကြုံသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
သိကြားသည် ဘုရား ဖြစ်လာ၏။

❐

## ပကိဏ္ဏကနိပါတ်

### ၂၂၇။ မဟာဝါဏိဇဇာတ် ၁၀

### အလိုကြီးသဖြင့် ပျက်စီးသော ကုန်သည်တို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သာဝတ္ထိပြည်မှ ကုန်သည်တို့သည် ကုန်သွယ်သွားရာ လမ်းမှား၍ နဂါးစောင့်သော ညောင်ပင်တစ်ပင်ကို တွေ့ရှိ အကိုင်းတို့မှ အစာရေစာ၊ သမီးကညာ၊ ရတနာ ရွှေငွေတို့ကိုယူ၍ ပြန်ခဲ့ကြ၏။

ထိုအကြောင်းကို မြတ်စွာဘုရားအားလျှောက်သော် သင်တို့ လောဘ နည်း၍ ရခဲ့ကြခြင်းဖြစ်၏။ ရှေးကမူကား လောဘကြီး၍ ပျက်စီးရလေသည် ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီပြည်မှ ကုန်သည်တို့သည် ကုန် သွယ်သွားရာ လမ်းမှားလျက် နဂါးစောင့်သော ညောင်ပင်တစ်ခုသို့ ရောက်ကြ၏။ အရိပ်ခိုနေကြပြီးနောက် စွတ်စိုသောညောင်ပင်၏ အကိုင်းကို ခုတ်ရသော် ရေရလတ္တံ့ဟု တိုင်ပင်ကြပြီးလျှင် အရှေ့ကိုင်း ကို ခုတ်ကြ၏။ ကြည်လင်အေးမြသောရေထွက်လာ၍ သောက်ချိုး သုံးဆောင်ကြရ၏။

တစ်ဖန် လောဘတက်၍ တောင်ကိုင်းကိုဖြတ်ကြရာ ထမင်း၊ ဟင်း စားဖွယ်သောက်ဖွယ်တို့ ထွက်လာသဖြင့် သုံးဆောင်ကြရလေ ၏ ။

တစ်ဖန် လောဘတက်၍ အနောက်ကိုင်းကိုဖြတ်ကြရာ လှပ တင့်တယ်သော မိန်းမပျိုတို့ ထွက်လာကုန်၏။

တစ်ဖန် လောဘတက်၍ မြောက်ကိုင်းကို ဖြတ်ကြရာ ရွှေငွေ ရတနာ အဝတ်အစားတို့ ထွက်ကုန်၏။

ထိုမှဖြင့် မတင်းတိမ်ဘဲ လောဘအလွန်တက်၍ သစ်ပင်ရင်းကို ဖြတ်ကြမည်ရှိရာ လှည်းကုန်သည်မှူးက အချင်းတို့၊ မပြုကြလင့်၊ ထိုသစ်ပင်မှ အစာရေစာ၊ မိန်းမကညာ၊ ရတနာရွှေငွေတို့ကို ရလေပြီ။ အရိပ်၌လည်း ခိုရပြီ။ ထိုသို့ကျေးဇူးများသောသစ်ပင်ကို ဖြတ်လှဲခြင်း ငှာ မသင့်ဟု တားမြစ်လေ၏။

ကုန်သည်တို့ကား လောဘအလိုသို့လိုက်၍ နားမထောင်ဘဲ ဖြတ်အံ့သောငှာ ပြုကြကုန်၏။ ထိုအခါ နဂါးသည် အမျက်ထွက်၍ နဂါးစစ်သည်သူရဲတို့ကို ထွက်စေ၍ လှည်းမှူးမှတစ်ပါး အလုံးစုံသော

ကုန်သည်တို့ကို သတ်ဖြတ် ပျက်စီးစေကုန်၏။ ထို့နောက်မှ နဂါးတို့သည် လှည်းမှူးကြီးနှင့်တကွ အဝတ်အစား ရတနာရွှေငွေတို့ကို လှည်းမှူးကြီးအိမ်သို့ အရောက်လိုက်ပို့လိုက်ကြလေသတည်း။

ဇာတ်ပေါင်းသော်–
နဂါးမင်းသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
လှည်းမှူးသည် ဘုရား ဖြစ်လာ၏။

❒

# ပကိဏ္ဏကနိပါတ်

## ၂၂၈။ သာမိနဇာတ် ၁၁

## လူအဖြစ်ဖြင့် နတ်ပြည်သို့ရောက်သော သာမိနမင်းကြီးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဥပုသ်သည်တို့အား ဥပုသ်၏အကျိုးကိုပြရန် အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ မိထိလာပြည်၌ သာမိနမည်သောမင်းသည် မင်းကျင့်တရားနှင့်အညီ ကျင့်၍ တစ်နေ့တစ်နေ့လျှင် ၆ သိန်း၊ ၆ သိန်းသော ဥစ္စာတို့ကိုပေးလှူ၏။ ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကိုထိန်း၏။ ဤမင်းကိုမှီ၍ လူတို့ ဒါနသီလပြုကြသည်နှင့် နတ်ပြည်၌ စည်ကားလေ၏။

တစ်နေ့သော် ထိုမင်းကြီး၏ ဂုဏ်ကျေးဇူးနှင့်စပ်၍ ပြောဆိုကြရာတွင် နတ်အပေါင်းတို့သည် ထိုမင်းကြီးကို ဖူးမြင်လိုကြောင်း

လျှောက်ကြသည်နှင့် သိကြားမင်းသည် မာတလိနတ်သားကိုစေ၍ အပင့်ခိုင်းလိုက်၏။

မာတလိနတ်သားလည်း ဝေဇယန္တာရထားကို က ၍ လပြည့်နေ့ ညချမ်း လထွက်စဉ် လနှင့်တကွ နှင်လာသည်ကို လူတို့မြင်ကြသော် လနှစ်စင်းထွက်၏ဟု ဆိုကြစဉ် ရထားသည် လဝန်းကိုလွန်၍လာ၏။ ထိုအခါ လူတို့သည် လ မဟုတ်။ ရထားတည်း။ ငါတို့မင်းကြီးအတွက် ဖြစ်လိမ့်မည်ဟု ရှိခိုးကြ၏။

ရထားဆိုက်မှ မာတလိနတ်သားသည် မင်းကြီးအား သိကြားမင်းနှင့်တကွ နတ်အပေါင်းတို့က ဖူးမြင်လိုကြသဖြင့် ကြွပါမည့်အကြောင်းနှင့် ပင့်ခေါ်၍ ရထားဖြင့် ဆောင်ခဲ့လေ၏။ ရောက်သော်နတ်တို့၏ အဖူးအမြော်ကိုခံ၍ တရားစကား ဆွေးနွေးကြပြီးနောက် သိကြားမင်းက နတ်ပြည်၌ သိကြားစည်းစိမ်ကို တစ်ဝက်ခွဲ၍ ပေးလေ၏။

ဤသို့စည်းစိမ်ကိုခံစား၍နေသည်မှာ လူတို့အရေအတွက်အားဖြင့် အနှစ်ခုနစ်ရာလွန်လေသော် နတ်ပြည်၌ နေရအံ့သော ကံကုန်သဖြင့် မပျော်မွေ့သည်နှင့် မင်းကြီး၏ဥယျာဉ်သို့ ရထားနှင့်ပင် ပြန်၍ပို့စေ၏။

ဥယျာဉ်သို့ရောက်သော် ဥယျာဉ်မှူးသည်မေးမြန်းသိရ၍ သာဓိနမင်းကြီး၏ ခုနစ်ဆက်မြောက်ဖြစ်သော မြစ်တော် နာရဒမင်းအား လျှောက်လာ၏။

နာရဒမင်းကလည်း သာဓိနမင်းကြီးအတွက်လည်းကောင်း၊ ငါ့အတွက်လည်းကောင်း ဥယျာဉ်၌ နှစ်နေရာခင်းထားလော့ဟု ဆို၏။ ဥယျာဉ်မှူးလည်း ခင်း၏။

သာဓိနမင်းကြီးကမေးသော် ဥယျာဉ်မှူးက အရှင်မင်းကြီးအတွက်လည်းကောင်း၊ အကျွန်ုပ်တို့အရှင် နာရဒမင်းကြီးအတွက်

လည်းကောင်း ဖြစ်ပါသည်ဟုဆိုသော် ငါရှိစဉ် ငါ့အနီး၌ အဘယ်သူ နေရအံ့နည်းဟု ဆိုပြီးလျှင် တစ်နေရာတွင်ထိုင်၍ တစ်နေရာတွင် ခြေကိုထား၏။

နာရဒမင်းလည်း လာရောက်၍ သင့်တော်သောနေရာမှ ရှိခိုး၍ နေ၏။ ထို့နောက် သာမိနမင်းကြီးသည် နာရဒနှင့်အတူ ဥယျာဉ်တွင် လှည့်ရာ များစွာပြောင်းလဲနေသော နေရာတို့ကိုမြင်၍ အသို့နည်း အရာခပ်သိမ်းတို့ ပြောင်း၍နေ၏။ ငါ၏အလုပ်အကျွေးတို့ကိုလည်း မမြင်တကားဟုဆို၏။

ထိုအခါမှ နာရဒမင်းက အရှင်မင်းကြီး၊ နတ်ပြည်မွေ့လျော်နေ့ သည်မှာ ခဏမျှဟု အရှင်မင်းကြီးထင်ရသော်လည်း ဤလူ့ပြည်တွင် ကား အနှစ် ၇၀၀ လွန်လေပြီ။ အကျွန်ုပ်ကား အရှင်မင်းကြီးမှ ၇ ဆက်မြောက် မြစ်တော်တည်း။ အလုပ်အကျွေးတို့လည်း သေကြလေ ပြီ။ ယခုသော် ပြည်တော်ကို ပြန်လည်သိမ်းပိုက်တော်မူပါလော့ဟု လျှောက်၏။

သာမိနမင်းကြီးကလည်း ငါသည် ပြည်ကိုအုပ်စိုးရန်လာသည် မဟုတ်၊ ကောင်းမှုကုသိုလ်ပြုခြင်းငှာသာ လာ၏ဟု ဆို၍ ၇ ရက်ပတ် လုံး ကြီးစွာသောအလှူကြီးကို ပေးပြီးနောက် အနိစ္စရောက်၍ တာဝတိံ သာ နတ်ပြည်၌ ဖြစ်လေသတည်း။

ဇာတ်ပေါင်းသော်–

နာရဒသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

သိကြားသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။

သာမိနသည် ဘုရား ဖြစ်လာ၏။

❒

# ဝီသတိနိပါတ်

## ၂၂၉။ မာတင်္ဂဇာတ် ၁

### မာတင်္ဂအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အရှင်ပိဏ္ဍောလမထေရ်သည် ကောသမ္ဗီပြည် ဥတေနမင်း၏ ဥယျာဉ်၌ နေ့သန့်၍ နေတော်မူရာ ဥတေနမင်းသည် ဥယျာဉ်ပျော်ပွဲစား ထွက်လာပြီးလျှင် မူးယစ်ကာ မိန်းမတစ်ယောက်၏ရင်ခွင်၌ အိပ်ပျော်လျက်နေစဉ် ကချေသည်တို့သည် အရှင်ပိဏ္ဍောလမထေရ်ထံသို့ သွားရောက်ဖူးမြော် တရားနာကာ နေကြလေ၏။

ဥတေနမင်းနိုးသော် ကချေသည်တို့ကိုမမြင်၍ ရှာဖွေတွေ့ရှိ ထိုမထေရ်အား ဆဲရေးရေရွတ်လျက် ခါချဉ်ထုပ်ဖြင့် မထေရ်အထက်သို့ ပစ်ချ၏။

ထိုအခါ မထေရ်သည် ဈာန်ဖြင့် ကောင်းကင်သို့ ပျံတက် ဆုံးမပြီးနောက် ဘုရားထံသို့ ကြွရောက်လျှောက်လေရာ ဤမင်းသည် ရှေးကလည်း ညှဉ်းဆဲဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမြို့၏အပ၌ သိကြားလိမ္မာသော မာတင်္ဂမည်သော ဒွန်းစဏ္ဍားသည် နေ၏။

တစ်ခါသော် သူဌေးသမီး ဒိဋ္ဌမင်္ဂလိကာသည် အခြွေအရံများစွာနှင့် ဥယျာဉ်ကစားထွက်လာရာ မာတင်္ဂလည်း မြို့တွင်းသို့ ကိစ္စတစ်စုံတစ်ရာကြောင့် ဝင်သောအခါနှင့် မြို့တံခါးဝတွင် ဆုံမိ၍ မာတင်္ဂသည် အလျင်အမြန်ပင် သင့်လျော်သောအရပ်သို့ ပြေးသွားလျက် ပုန်းကွယ်ကာ နေ၏။

ဒိဋ္ဌမင်္ဂလိကာသည်ကား တင်းတိမ်ပေါက်ဖြင့်ကြည့်၍ မြင်တွေ့မေးမြန်း ဒွန်းစဏ္ဍားဖြစ်ကြောင်း သိရသော် ငါကား၊ ယနေ့၌ မမြင်

ကောင်းသော သူယုတ်ကို မြင်ရ၏။ မကောင်းတကားဟု မျက်နှာကို နံ့သာရေဖြင့်ဆေး၍ ထိုမြင်ရာအရပ်မှ ပြန်လေ၏။

ထိုအခါ ဒိဋ္ဌမင်္ဂလိကာ၏ ပရိသတ်သည် ဟယ်–ယုတ်မာသော ဒွန်းစဏ္ဍားၤ သင့်ကြောင့် ငါတို့၏ပျော်ပွဲ ပျက်ခဲ့ပြီတကားဟု ဆွဲငင်ပုတ်ခတ် ရိုက်နှက်၍ မိန်းမောစေပြီးမှ ဖဲကြလေ၏။

မာတင်္ဂသည် အတန်ငယ်ကြာမှ သတိရ၍ ဒိဋ္ဌမင်္ဂလိကာ၏ ပရိသတ်သည် ငါ့ကို အပြစ်မရှိဘဲ ပုတ်ခတ်ညှဉ်းဆဲ၏။ သို့ကြောင့် ဒိဋ္ဌမင်္ဂလိကာကိုမရလျှင် ငါမထပြီဟု မိဋ္ဌာန်ပြီးလျှင် ဒိဋ္ဌမင်္ဂလိကာ၏ အဖ အိမ်ဝ၌ သွားရောက်အိပ်နေလေ၏။

အဖသိသော် ဆွဲငင်ပုတ်ခတ် မြိမ်းခြောက်သော်လည်း မရ၊ အိပ်မြဲသာ အိပ်၍နေလေ၏။ ဤသို့လျှင် တစ်ရက် နှစ်ရက် စသည်ဖြင့် ခြောက်ရက်လွန်၍ ခုနစ်ရက်မြောက်သောနေ့၌ကား ကြောက်လန့်စိုးရိမ်ကြသဖြင့် ဒိဋ္ဌမင်္ဂလိကာကို ပေးရလေ၏။

ဒိဋ္ဌမင်္ဂလိကာလည်း အရှင်သား၊ ထတော်မူပါလော့။ အိမ်သို့ သွားကြပါကုန်အံ့ဟု ဆို၏။ နှမ၊ သေအရက်သောက်သော သင်၏ ပရိသတ်သည် ငါ့ကို ပုတ်ခတ်ထားသည်ဖြစ်၍ ငါသည် အားနည်းလှ၏။ မထနိုင်ပါ။ ငါ့ကို ပွေ့ချီပိုက်ဖက်၍ ကျောက်ကုန်းထက်၌ တင်ယူသွားပါလော့ဟု ဆိုလေ၏။ ဒိဋ္ဌမင်္ဂလိကာလည်း ဆိုတိုင်းပင် လူအများတို့ရှေ့၌ ယူသွားရလေ၏။

ဒွန်းစဏ္ဍားရွာသို့ရောက်သော် ဒိဋ္ဌမင်္ဂလိကာအား အမျိုးပျက်အောင် ကျူးလွန်ခြင်းကို မပြုဘဲ နှစ်ရက်သုံးရက်နေစေပြီးမှ ငါသည် ဒိဋ္ဌမင်္ဂလိကာအား များမြတ်သော အခြွေအရံရောက်စေခြင်းငှာ ရဟန်းပြုဦးအံ့ဟု နှမ၊ ငါသည် တောသို့ တစ်စုံတစ်ရာရှာဖွေရန် သွားဦးအံ့။ ကောင်းစွာနေရစ်လော့ဟု မှာထားပြီးလျှင် တောသို့သွားရောက် ရဟန်း

နှင့်တူစွာ ပရိဗိုဇ်ရဟန်းပြု၍ ခုနစ်ရက်အတွင်း၌ အဘိညာဉ်သမာပတ်တို့နှင့် ပြည့်စုံလေ၏။ ပြီးမှ ယခုသော် ငါသည် ဒိဋ္ဌမင်္ဂလိကာ၏ ကိုးကွယ်ရာဖြစ်နိုင်ပြီဟု ပြန်ခဲ့၏။

ဒိဋ္ဌမင်္ဂလိကာလည်း အရှင့်သား၊ အကျွန်ုပ်ကိုးကွယ်ရာမဲ့ဖြစ်အောင် အဘယ်ကြောင့် ပြုလေသနည်းဟု ငို၏။ နှမ၊ မစိုးရိမ်လင့်၊ သင့်အား ကြီးစွာသောအခြွေအရံဖြစ်စေအံ့။ သင်သည် ငါ၏လင်ကား မာတင်္ဂမဟုတ်၊ မဟာဗြဟ္မာတည်း။ ယခု ဗြဟ္မာ့ပြည်သို့သွား၏။ ခုနစ်ရက်မြောက်သောနေ့၌ ပြန်လာလတ္တံ့ဟု လူအပေါင်းတို့အလယ်တွင် ပြောရစ်လော့ဟု မှာထားခဲ့ပြီးလျှင် ဟိမဝန္တာသို့ သွားလေ၏။

ဒိဋ္ဌမင်္ဂလိကာလည်း မှာတိုင်းပြော၏။ လူတို့လည်း ယုံကြ၏။ ခုနစ်ရက်မြောက် လပြည့်နေ့ဝယ် လ ကောင်းကင်၌တည်စဉ် မာတင်္ဂသည် ဗြဟ္မာ့သဏ္ဌာန် ဖန်ဆင်း၍ လဝန်းကိုဖောက်ကာ ဆင်းလာပြီးလျှင် အိမ်သို့ ဝင်လေ၏။

ထိုအခါ တိုင်းပြည်အလုံး အုတ်အုတ်ကျက်ကျက်ဖြစ်၍ ပုဏ္ဏားတို့လည်း အိမ်သို့လာရောက် သုတ်သင်ရှင်းလင်း တန်ဆာဆင်ကြကုန်၏။

မာတင်္ဂသည် ဒိဋ္ဌမင်္ဂလိကာ၏ ချက်ကို လက်မဖြင့် သုံးသပ်၍ ကိုယ်ဝန်တည်ခြင်းကို ဖြစ်စေ၏။ ပြီးမှ နှမ သင့်အား သားရလေပြီ။ သားယောကျ်ားဖွားလတ္တံ့။ သင်တို့သားအမိအား ကြီးစွာသော လာဘ်သပ်ပကာ စည်းစိမ်အခြွေအရံသည် ဖြစ်လတ္တံ့ဟု ဆိုပြီးနောက် လူတို့မျက်မှောက်တွင် ကောင်းကင်သို့ပြန်တက်၍ လဝန်းသို့ ဝင်သွားလေ၏။

ထိုအခါဆီက မဟာဗြဟ္မာကို ကိုးကွယ်ကြသည်ဖြစ်၍ လူအပေါင်းတို့သည် ဒိဋ္ဌမင်္ဂလိကာကို မဟာဗြဟ္မာ၏ မယားအနေနှင့်

ရွှေထမ်းစင်ထက်သို့ တင်လျက် ဦးခေါင်းဖြင့်ရွက်၍ ဆောင်ကြကုန်၏ ။

လူအပေါင်းတို့လည်း သူ့ထက်ငါကောင်း ရှိခိုးပူဇော်ကြကုန်၏။ ခြေဖမိုး၌ ဦးခေါင်းကိုထား၍ ရှိခိုးသောသူတို့မှာ အသပြာတစ်ထောင်ပေးရ၏။ အသံကြားရာမှ ရှိခိုးခွင့်ရသူတို့သည် အသပြာတစ်ရာပေးရ၏။ မျက်စိဖြင့်မြင်ရာမှ ရှိခိုးခွင့်ရသောသူတို့သည် တစ်သပြာပေးရ၏။ ဤသို့လျှင် တစ်ပြည်လုံးက ပူဇော်ကြရာ ၁၈ ကုဋေတိုင်တိုင်သော ဥစ္စာကို ရလေ၏။

ထိုအခါ လူတို့သည် ဒိဋ္ဌမင်္ဂလိကာကိုထားရန် ပြည်၏အလယ်၌ မဏ္ဍပ်ဆောက်၍ ထိုမဏ္ဍပ်အလယ်၌ ပြာသာဒ်ကြီးစွာဆောက်ရန် စီမံနေစဉ် ဒိဋ္ဌမင်္ဂလိကာသည် သားယောကျ်ားကို ဖွား၏။ မဏ္ဍပ်၌ ဖွားသည်ဖြစ်သောကြောင့် မဏ္ဍဗျသတို့သားဟု အမည်မှည့်၏။

ထိုမဏ္ဍဗျအား ပုဏ္ဏားတို့သည် ဗေဒင် စသောအတတ်တို့ကို သင်ပေး၍ အသက်တစ်ဆယ့်ခြောက်နှစ်သားအရွယ်ကစ၍ တစ်သောင်းခြောက်ထောင်သော ပုဏ္ဏားတို့ကို ဆွမ်းဝတ်မပြတ်ပြု၍ ကိုယ်တိုင်စီမံလျက် လုပ်ကျွေး၏။

ထိုအခါ မာတင်္ဂသည် ဟိမဝန္တာမှနေ၍ မိမိ၏သားကိုကြည့်သော် အရာမဟုတ်သည်၌ အားထုတ်၍နေသည်ကိုမြင်လျှင် ထိုထက်မြတ်သော အလှူခံတို့အား ပေးလှူသင့်ကြောင်း ဟောပြောရန် ကောင်းကင်ဖြင့်လာ၍ အလှူဇရပ် တံခါးဝ၌ ရပ်လေ၏။

မဏ္ဍဗျမြင်သော် အို– ညစ်နွမ်းစုတ်ချာလှသောရဟန်း၊သင်ကား ယုတ်ညံ့သောအလှူခံဖြစ်၏။ မလာလင့်ဟု ဆို၏။ ထိုအခါ မာတင်္ဂက အယုတ်အလတ် အမြတ်မရွေး လှူထိုက်ကြောင်း၊ မိမိကိုလည်း လှူပါမည့်အကြောင်းပြောရာ မဏ္ဍဗျသည် အမျက်ထွက်သဖြင့် မိမိ၏

အစေခံတို့အား ထိုရဟာန်းကို ရိက်ပုတ်နှင်ထုတ်ရန်ခိုင်း၍ နှင်ထုတ်မည် အပြုတွင် ကောင်းကင်သို့ ပြန်တက်၍ ဆင်းသောခြေရာ မြေ၌ထင်စေ သတည်းဟု မိန့်ခန်ခဲ့ပြီးလျှင် ဇရပ်တစ်ခုတွင် အခြားမှရသောဆွမ်းကို စားလျက်နေ၏။

ထိုအခါ မြို့စောင့်နတ်တို့သည် မဏ္ဍဗျအား အမျက်ထွက်ကြသဖြင့် မဏ္ဍဗျနှင့်တကွ အခြားပုဏ္ဏားတို့ကိုပါ လည်ကိုတွန်းလှဲ၍ စကားမပြောနိုင် မလှုပ်နိုင် တောင့်တင်း၍နေအောင် ပြုလုပ်ထား ကြလေ၏။

ဒိဋ္ဌမင်္ဂလိကာကြားသော် မာတင်္ဂပင်ဖြစ်ရာ၏ဟု လိုက်လံရှာဖွေ တွေ့ရှိ သည်းခံရန် တောင်းပန်လေ၏။

ထိုအခါ မာတင်္ဂသည် မိမိစားကြွင်းဆွမ်းတို့ကိုပေး၍ တစ်ဝက် ကို မဏ္ဍဗျခံတွင်း၌ သွန်းလောင်းလေ၊ တစ်ဝက်ကို ရေဖျော်၍ကြွင်း သော ပုဏ္ဏားတို့ခံတွင်း၌ သွန်းလောင်းလေ၊ သက်သာရာရကြလတ္တံ့ ဟု ဆိုပြီးလျှင် ဟိမဝန္တာသို့ ကြွလေ၏။ ဆိုတိုင်းပြုသော် ပုဏ္ဏားတို့ သက်သာလေကုန်၏။ သို့ရာတွင် အခြားသောပုဏ္ဏားတို့က ဒွန်းစဏ္ဍား ၏ စားကြွင်းကိုစားသဖြင့် ဇာတ်ပျက်လေပြီဟု အပေါင်းအဖော်မပြု ကြသည်နှင့် ရှက်စနိုး၍ မဇ္ဈိမတိုင်းသို့ သွားရောက်နေကြလေ၏။

ထို့နောက် မာတင်္ဂသည် ဝေတ္တာမြစ်နား၌နေသော ရသေ့၏ အလွန်ကြီးသော အမျိုးဇာတိမာန်ကို ချိုးဖျက်ရန် မြစ်ညာမှနေ၍ ဒန်ပူ ကို ခဲပြီးလျှင် မြစ်၌မျှောလိုက်၏။ ဒန်ပူသည် ရေချိုးနေသော ဇာတိ မန္တရသေ့၏ ဆံကျစ်၌ ငြိလေ၏။ အမျက်ထွက်၍ အဘယ်သူပစ်ချ သနည်းဟုဆင်ခြင်သော် ဒွန်းစဏ္ဍား မာတင်္ဂဖြစ်ကြောင်းသိလျှင် ပိုမို အမျက်ထွက်လျက် ဟယ်-ဒွန်းစဏ္ဍား၊ မြစ်ညာတွင်မနေလင့်၊ အကြေ သို့ သွားလေဟု ဆိုလေ၏။

အကြော်ဘွဲ့နေသော်လည်း ဓိဋ္ဌာန်၍ချသဖြင့် ဒန်ပူသည် ဆံကျစ်၌ ငြိသည်သာတည်း။ ဇာတိမန္တရသေ့လည်း ဟယ်–သူပျက်၊ ဤအရပ်၌ သင်နေအံ့။ ၇ ရက်မြောက်၌ သင်၏ဦးခေါင်း ၇ စိတ်ကွဲလတ္တံ့ဟု ကျိန်လေ၏။

မာတင်္ဂလည်း အကယ်၍ ငါအမျက်ထွက်အံ့။ ငါ၏သီလ ပျက်လတ္တံ့။ သို့ကြောင့် ဥပါယ်တံမျဉ်ဖြင့်သာ ထိုရသေ့၏မာနကို ဖျက်အံ့ဟု ၇ ရက်မြောက်သောနေ့၌ နေထွက်ခြင်းကို တားထားလေ၏။

လူတို့လည်း နေမထွက်နိုင်သဖြင့် ဇာတိမန္တရသေ့သို့ ကပ်၍ အရှင်ဘုရားသည် နေထွက်ခြင်းကို မြစ်ပါသလော့ဟုမေး၏။ ငါမမြစ်၊ ဒွန်းစဏ္ဍားတစ်ယောက်ကား ဤအရပ်တွင်နေ၏။ ထိုသူမြစ်သည် ဖြစ်လိမ့်မည်ဟု ဆို၏။

လူတို့လာရောက်မေးလျှောက်သော် မာတင်္ဂက မှန်၏။ သင်တို့၏ ဆရာရသေ့သည် အပြစ်မရှိသောငါ့ကို ကျိန်ဆဲ၏။ ငါ၏ခြေရင်း၌ ကန်တော့တောင်းပန်မှ နေကိုလွှတ်မည်ဟုဆို၏။

လူတို့လည်း ဇာတိမန္တရသေ့ကို ဆွဲငင်ခေါ်လာ၍ ကန်တော့တောင်းပန်စေ၏။ ဇာတိမန္တရသေ့၏ဦးခေါင်း ၇ စိတ်ကွဲမည်စိုးသောကြောင့် မြေစိုင်ခဲကို ဦးခေါင်း၌ရွက်၍ ရေတွင်နေစေပြီးမှ နေကိုလွှတ်လျှင် နေရောင်ထိကာမျှဖြင့် မြေစိုင်သည် ၇ စိတ်ကွဲ၏။ ရသေ့လည်း ရေတွင် ငုပ်လေ၏။

ထိုသို့ ဇာတိမန္တရသေ့ကို ဆုံးမပြီးနောက် ၁၆၀၀၀ သောပုဏ္ဏားတို့ကိုကြည့်သော် မဇ္ဈမင်းအထံ၌မြင်၍ ဆုံးမရန် လာခဲ့၏။ ပုဏ္ဏားတို့မြင်သော် ဤရသေ့ ငါတို့ပြည်၌နေလျှင် ငါတို့ပျက်စီးလတ္တံ့။ အရှင်မင်းကြီး မာယာအတတ်ဖြင့် လှည့်ပတ်တတ်သော ဝိဇ္ဇာဓိုရ်

တစ်ယောက်လာ၏။ ထိုသူကို ဖျောက်ဖျက်ပါလော့ဟု ကုန်းချောတိုက် တွန်းကြလေ၏။ မင်းလည်း မင်းချင်းတို့ကိုစေ၍ မာတင်္ဂဆွမ်းစား နေစဉ် သတိအလစ်၌ သန်လျက်ဖြင့် ခုတ်သတ်စေ၏။ ဤတွင် သတိလစ်သောအခါဖြစ်၍ လည်းကောင်း၊ ဆုံးမသြဝါဒပျက်သည် ပေါက်သည် ကျိုးသည်ဖြစ်သောကြောင့်လည်းကောင်း သေရခြင်း ဖြစ်၏။

ထိုအခါ နတ်တို့သည် အမျက်ထွက်၍ မဇ္ဈပြည်အလုံးကို ပြာပူမိုးဖြင့် ဖျက်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်-
မဏ္ဍဗျသည် ဥဒေန ဖြစ်လာ၏။
မာတင်္ဂသည် ဘုရား ဖြစ်လာ၏။

❐

## ဝီသတိနိပါတ်

## ၂၃၀။ သိဝိဇာတ် ၃

## သိဝိမင်းကြီးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကောသလ မင်းကြီးသည် အသဒိသဒါနကြီးကို ပြုပြီးနောက် မရောင့်ရဲနိုင်ဘဲ ကိုယ်ဝတ် စလျားကို မြတ်စွာဘုရားအား လှူပြန်ကြောင်းကို ရဟန်းတို့ဆောင်၌ စကား ဖြစ်ကြရာ မြတ်စွာဘုရားက အပအလှူထက် အတွင်းအလှူကမြတ်ကြောင်း နှင့် အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ သိဝိတိုင်း အရိဋ္ဌပူရပြည်၌ သိဝိမင်းကြီးသည် အလှူအတန်း ပေးကမ်းခြင်း၌ ရက်ရောလျက် တစ်နေ့လျှင် ခြောက်သိန်း ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်ကြဲ၏။

တစ်နေ့သော် သိဝိမင်းကြီးသည် ငါကား အပအလှူမျိုးစုံ လှူဖူးပြီ။ ယနေ့သော်ကား အသွေးအသား စသော အတွင်းအလှူကို တောင်းခံသူလာလျှင် လှူအံ့ဟု စိတ်ဆုံးဖြတ်၍ ထားလေ၏။

ထိုအခါ သိကြားမင်းသည် စုံစမ်းရန်အလို့ငှာ မျက်စိကန်းသော ပုဏ္ဏားအိုဟန် ဖန်ဆင်းလျက် လာရောက်၍ အရှင်မင်းကြီး၊ အကျွန်ုပ်၌ မျက်စိသည် ကန်းပါ၏။ အရှင်မင်းကြီး၏ တစ်လုံးသောမျက်စိကို လှူပါလော့ဟု အလှူခံလေ၏။

မင်းကြီးလည်း ငါ၏အကြံ ပြည့်တော့မည်ဟု ဝမ်းမြောက်ဝမ်းသာ အသင်ပုဏ္ဏား၊ တစ်လုံးမဟုတ် နှစ်လုံးလှူအံ့ဟုဆို၍ တိုင်းသူပြည်သားတို့ ငိုယိုကာ မလှူရန် တောင်းပန်ကြစဉ်တွင်ပင် သိဝိကမည်သော ဆေးသမားအား အချင်း၊ ငါသည် သဗ္ဗညုတဉာဏ်ကို ပို၍လိုချင်သောကြောင့် မျက်စိတို့ကိုလှူအံ့၊ ဆုတ်ဆိုင်းခြင်းမရှိဘဲ ငါ၏မျက်စိတို့ကို ထုတ်လော့ဟု ဆိုလေ၏။

ထိုအခါ ဆေးသမားက ဆင်ခြင်တော်မူရန် တောင်းပန်သော်လည်း မရသည်နှင့် ငါကဲ့သို့သော ဆရာကောင်းသည် မျက်စိကို ဓားဖြင့် ထုတ်ခြင်းငှာမသင့်။ ဆေးဖြင့်သာထုတ်အံ့ဟု လက်ယာမျက်စိအတွင်းသို့ ဆေးခတ်လေ၏။ မျက်စိသည် လှည့်လည်၍ ပြင်းစွာသော နာကျင်ခြင်းဖြစ်၏။ ထိုအခါ ဆေးသမားက အရှင်မင်းကြီး၊ ပကတိဖြစ်အောင် ပြုနိုင်ပါသေး၏။ ဆင်ခြင်တော်မူပါလော့ဟုဆို၏။ အမောင်၊ စကားမဆိုလင့်၊ ထုတ်သာထုတ်လော့ဟု မိန့်တော်မူ၏။

ဒုတိယအကြိမ် ဆေးခတ်သောအခါ မျက်စိသည် မျက်ကွင်းမှ ထွက်၏။ ဆေးသမားတောင်းပန်သော်လည်း မရဘဲ တတိယအကြိမ် ခတ်ရသောအခါ မျက်စိသည် မျက်ကွင်းမှလွတ်ထွက်၍ အကြောအမျှင်တို့ဖြင့် တွဲလွဲဆွဲ၍ တည်လေ၏။

ထိုအခါ ဆေးသမားက အရှင်မင်းကြီး၊ ဆင်ခြင်တော်မူပါဦးလော့။ အကျွန်ုပ်သည် ပကတိဖြစ်အောင် ပြုနိုင်ပါသေး၏ဟု လျှောက်၏။ မရလျှင်၊ မျက်ကြောတို့ကို ဓားငယ်ဖြင့်ဖြတ်၍ မင်းကြီး၏လက်၌ ထားလေ၏။

မင်းကြီးသည် လက်ဝဲမျက်စိဖြင့်ကြည့်၍ သဗ္ဗညုတဉာဏ်ကို တောင့်တကာ ပုဏ္ဏားအား လှူပေ၏။ ပုဏ္ဏားလည်း ထိုမျက်စိကို မိမိ၏မျက်ကွင်း၌ထည့်လိုက်သောအခါ သိကြား၏အာနုဘော်ကြောင့် အလွန်ကြည်လင်လှပသော မျက်စိသည်ဖြစ်၏။

ထိုသို့တင့်တယ် ကြည်လင်သည်ကို မင်းကြီးမြင်သောအခါ သဒ္ဓါထက်၍ ကျန်သော လက်ဝဲမျက်စိကိုလည်း လှူပြန်လေ၏။ သိကြားပုဏ္ဏားလည်း မျက်စိအစုံကိုယူ၍ လူအများတို့မြင်စဉ် မြို့မှ ထွက်၍ နတ်ပြည်သို့ ပြန်လေ၏။

မင်းကြီးသည်လည်း သူကန်းသည် မင်းပြု၍ အဘယ်အကျိုးရှိအံ့နည်းဟု တိုင်းပြည်ကို မှူးမတ်တို့အား အပ်ပြီးလျှင် ဥယျာဉ်သို့ ထွက်၍ ရဟန်းပြုကာနေလေ၏။ ထို့နောက် သိကြားမင်းသည် လာရောက်၍ အရှင်မင်းကြီးပြုအပ်သော ဒါနကို သစ္စာပြု၍ မျက်စိတို့ကို ဖြစ်ပါစေလော့ဟု ဆိုလေ၏။

ထိုအခါ မင်းကြီးသည် ငါ့ထံသို့လာသော အမျိုးမျိုးသော အလှူခံတို့အား ငါသည် ချစ်နှစ်သက်သောစိတ် ရှိပါ၏။ ဤစကားမှန်သော် ငါ၏မျက်စိသည် ဖြစ်မြဲဖြစ်ပါစေသတည်းဟု သစ္စာပြုလေ

လျှင် မျက်စိတစ်လုံးသည် ဖြစ်ပေါ်လာလေ၏။ တစ်ဖန်ထပ်၍ ငါ၏ မျက်စိတို့ကို လှူသောအခါ၌ မတွန့်တိုဘဲ များစွာနှစ်သက်ကြည်ညို ခြင်း ဖြစ်ပါသည်။ ဤစကားမှန်သော် ဒုတိယမျက်စိသည် ဖြစ်ပါစေ သတည်းဟု သစ္စာပြုပြန်လျှင် ဒုတိယမျက်စိ ဖြစ်ပေါ်လာလေ၏။

ထိုအခါ သိကြားမင်းသည် မိမိ၏အာနုဘော်ဖြင့် တိုင်းသူပြည် သားတို့ကို ရောက်ရှိစည်းဝေးစေ၍ မင်းကြီး၏ ဂုဏ်ကျေးဇူးတို့ကို ဆိုလျက် မင်းကြီး၏မျက်စိတို့သည် နတ်မျက်စိကဲ့သို့ နံရံတစ်ဖက်ကို လည်းကောင်း၊ ကျောက်တောင်တစ်ဖက်ကိုလည်းကောင်း၊ တောင် တစ်ဖက်ကိုလည်းကောင်း ဖောက်ထွင်း၍ ယူဇနာတစ်ရာတိုင်တိုင် မြင်စေပါသတည်းဟုဆို၍ နတ်ပြည်သို့ ပြန်လေ၏။

ထိုအခါမှ မင်းကြီးသည် အို–ပြည်သူပြည်သားအပေါင်းတို့၊ ငါသည် မျက်စိအစုံကို လှူသောကောင်းမှုကြောင့် ဤသို့ထူးသန်သော မျက်စိအစုံကိုရ၏။ ဤကိုထောက်၍ သင်တို့လည်း အလှူပေးကြ ကုန်လော့။ မလှူဦးဘဲ တစ်စုံတစ်ရာကိုမျှ စားသောက်သုံးဆောင်ခြင်း ကိုမပြုကြလေလင့်။ တတ်အားသမျှဒါနကို ပြုကြကုန်လော့ဟု အဆုံး အမပေး၍ အသက်၏အဆုံး၌ ကောင်းရာသို့ လားလေသတည်း။

ဇာတ်ပေါင်းသော်–
သိဝိကဆေးသမားသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
သိကြားသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။
ကြွင်းသောပရိသတ်သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။
သိဝိမင်းသည် ဘုရား ဖြစ်လာ၏။

❒

## ဝီသတိနိပါတ်

## ၂၃၁။ ရောဟဏမိဂဇာတ် ၅

## ရောဟဏမိဂ သမင်မင်းအကြောင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ် တိုက်တွန်းချက်ဖြင့် အဇာတသတ်မင်းသည် မြတ်စွာဘုရားကို နင်းသတ်ရန် နာဠာဂီရိဆင်ကိုလွှတ်ရာ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို နင်းခွင့်မပေး၊ မိမိခံအံ့ဟု အားထုတ်ခြင်းနှင့်ပတ်သက်၍ အာနန္ဒာသည် ရှေးကလည်း ဤသို့ပင် အသက်ကိုစွန့်သည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဟိမဝန္တာအရပ် ရောဟဏမည်သော အိုင်ကိုမှီ၍ ရောဟဏမည်သော သမင်မင်းသည် သမင်ရှစ်သောင်း ခြံရံလျက်နေ၏။

တစ်ညဉ့်သော် ဗာရာဏသီမင်း၏ ခေမာမည်သော မိဖုရားကြီးသည် လှပတင့်တယ်သော ရွှေသမင်မင်းသည် ဟောအပ်သော သာယာသောတရားကို နာရသည်ဟု အိပ်မက်၍ အကယ်ဖြစ်သော ရွှေသမင်၏တရားကို နာလိုသော ပြင်းစွာသောချင်ခြင်းဖြစ်ကြောင်းကို လျှောက်သည်နှင့် မင်းကြီးသည် တောကျွမ်းသော မုဆိုးတစ်ယောက်ကို ဖမ်းစေရာ သမင်အပေါင်းနှင့် ရေသောက်အဆင်းတွင် သမင်မင်းကို ကျော့ကွင်းမိလေ၏။

သမင်မင်းလည်း ငါ့ကို ကျော့ကွင်းမိလေပြီ။ သမင်အပေါင်းတို့ ရေဝအောင်သောက်ပြီးမှ သိစေအံ့ဟု သည်းခံနေ၏။ သမင်တို့ရေဝကြသောအခါမှ ကျော့ကွင်းမိကြောင်း အော်မြည်လေ၏။

အလုံးစုံသောသမင်တို့ ကြောက်လန့်၍ပြေးကြ၏။ သမင်မင်း၏ ညီတော်နှင့် နှမတော်တို့ကား သမင်မင်းကို မမြင်မှ ဘေးဖြစ်လေပြီဟု ပြန်လာ၍ မိမိတို့အသက်ကိုမငဲ့ဘဲ သမင်မင်း၏ နံဘေးနှစ်ဖက်၌ တွဲမှီ၍နေကြလေ၏။

သမင်မင်းက ဤအရပ်၌ဘေးရှိ၏။ သွားကြလေဟုအတန်တန်နှင်၏။ ညီနှင့် နှမတို့ကလည်း အတန်တန် တောင်းပန်၍ မသွားဘဲ နေကြလေ၏။

မုဆိုးလည်း ထိုသုံးခုသော သမင်တို့ကိုမြင်လျှင် မေတ္တာစိတ်ဖြစ်လျက် သမင်မင်းအား အခြားသမင်နှစ်ခုတို့သည် ကျော့ကွင်းမမိဘဲ အဘယ်ကြောင့် မပြေးကြသနည်းဟုမေး၏။

အချင်းမုဆိုး၊ ငါ၏ညီနှင့်နှမတို့တည်း။ အသက်စွန့်၍ ငါ့ကိုစောင့်ရှောက်နေကြခြင်း ဖြစ်ပေသည်ဟုဆို၏။ မုဆိုးလည်း တိုး၍ကြင်နာလာ၏။

ထိုအခါ ညီတော်သမင်က အဆွေမုဆိုး၊ ငါ၏နောင်တော်သည်သာမညသမင်မဟုတ်ပါ။ သမင်ရှစ်သောင်းတို့၏ မင်းတည်း။ မျက်မမြင်ဖြစ်သော အမိအဖတို့ကို လုပ်ကျွေးလျက်နေပါ၏။ အကျင့်သီလ ပညာနှင့် ပြည့်စုံပါ၏။ ထိုသို့သောသမင်မင်းကိုသတ်သော် အကျွန်ုပ်တို့ ငါးဦးလုံးကိုသတ်သည်နှင့်တူပါ၏။ သို့ကြောင့် ငါးဦးသောအသက်တို့ကို လှူပါလော့ဟု တောင်းပန်လေ၏။

စိတ်ကောင်းရှိရင်းစွဲဖြစ်သော မုဆိုးသည် ငါသည် အကယ်၍ ဤသမင်တို့ကိုသတ်သော် ကြီးလေးသော အပြစ်ဘေးရောက်ရာ၏။ မင်းပေးသောဥစ္စာဖြင့် အဘယ်မူအံ့နည်းဟု သမင်တို့ကိုနှစ်သိမ့်စေ၍ သမင်မင်းကို ကျော့ကွင်းမှ လွှတ်လေ၏။

ပြီးမှ သမင်မင်းက လာရောက်ဖမ်းဆီးခြင်းအကြောင်းကို မေးမြန်း အလုံးစုံသိရသော် မိမိ၏ကျောမှ ရွှေအဆင်းရှိသော အမွေးတို့ကို

မုဆိုးအားပေးပြီးလျှင် အချင်းမုဆိုး၊ ဤအမွေးတို့ကား ရွှေသမင်မင်း၏ အမွေးတို့တည်းဟုပြ၍ ယခု ငါဟောလိုက်သောတရားတို့ကို မင်းနှင့် မိဖုရားတို့အား သင်က ငါ၏ကိုယ်စား တရားဟောပါလော့ဟု မှာထား ပြီးနောက် ဆိုင်ရာသို့ ခွဲခွာသွားကြလေ၏။

သမင်အို အမိအဖတို့သည် ညီငယ် နှမငယ်တို့ကိုမိ၍ သမင် မင်း လွတ်လာကြောင်း ကြားသိရသောအခါ ဝမ်းမြောက်ကြလေ၏။

မုဆိုးသည်လည်း အလုံးစုံကို မင်းကြီးအားလျှောက်၍ သမင် မင်း၏ ကိုယ်စားအဖြစ်ဖြင့် အောက်ပါအဓိပ္ပာယ်ရှိသော တရားကို ဟောလေ၏။

အရှင်မင်းကြီး မိဘတို့၌လည်းကောင်း၊ သားမယားတို့၌လည်း ကောင်း၊ အဆွေခင်ပွန်းတို့၌လည်းကောင်း၊ ဆင်မြင်းဗိုလ်ပါအစရှိသည် တို့၌လည်းကောင်း၊ ရွာနိဂုံးတို့၌လည်းကောင်း၊ တိုင်းသူပြည်သားတို့၌ လည်းကောင်း၊ ရဟန်းပုဏ္ဏားတို့၌လည်းကောင်း (ပေးလှူခြင်းဖြင့်)၊ သားငှက်တို့၌လည်းကောင်း (ဘေးမဲ့ပေးခြင်းဖြင့်) ဆိုင်ရာဆိုင်ရာပြုအပ် သော ဝတ္တရားတို့ကို ပြည့်စုံကောင်းမွန်စွာ ကျင့်ပါလေလော့။ တရား ကို ကျင့်သဖြင့် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရနိုင်ပါ၏ဟု ဟောပြောလေ၏။

မင်းနှင့်တကွ ပရိသတ်တို့သည် ကောင်းချီးပေးကြကုန်၏။ မိဖုရားကြီးလည်း ချင်ခြင်းပြေ၏။

ပြီးမှ မင်းကြီးက မုဆိုးအား မိန်းမရတနာ၊ ဆင်မြင်းနွားလား ရတနာ၊ ဥစ္စာရွှေငွေတို့ကို ဆုအဖြစ်ဖြင့် ပေးလေ၏။

မုဆိုးကလည်း ရသောဥစ္စာပစ္စည်း သားမယားတို့ကိုစွန့်၍ တောထွက် ရဟန်းပြုသွားလေ၏။

မင်းကြီးအမှူးရှိသောသူတို့သည်လည်း ရွှေသမင်မင်း၏ အဆုံး အမတရား၌ တည်၍ အသက်၏အဆုံး၌ ကောင်းရာသို့လားကြလေ သတည်း။

ဇာတ်ပေါင်းသော်–
မုဆိုးသည် ဆန္နအမတ် ဖြစ်လာ၏။
မင်းကြီးသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ခေမာမိဖုရားသည် ခေမာဘိက္ခုနီ ဖြစ်လာ၏။
သမင်မင်း၏ အမိအဖတို့သည် ဘုရား၏မယ်တော် ခမည်းတော် ဖြစ်လာ၏။
နမတော်သည် ဥပ္ပလဝဏ် ဖြစ်လာ၏။
ညီတော်သည် ရှင်အာနန္ဒာ ဖြစ်လာ၏။
သမင်မင်းသည် ဘုရား ဖြစ်လာ၏။

❐

## ဝီသတိနိပါတ်

## ၂၃၂။ သတ္တိဂုမ္ဗဇာတ် ၇

## ကျေးညီနောင်အကြောင်း

ဒေဝဒတ်သည် မြတ်စွာဘုရားအား ကျောက်တုံးဖြင့် လှိမ့်ချခြင်းနှင့် ပတ်သက်၍ ဒေဝဒတ်သည် ယုတ်မာသောအပေါင်းအဖော်ရှိသဖြင့် ယုတ်မာသောအမှုကိုပြုကြောင်း ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ ရှေးကလည်း ဤသို့ပင်ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ကျေးငယ်ညီနောင်တို့သည် လေပွေလေပြင်းတိုက်ခတ်သည်နှင့် တစ်ကောင်ကား ခိုးသူတို့ရွာ လက်နက်အလယ်သို့ ကျရောက်၍ သတ္တိဂုမ္ဗဟု အမည်တွင်၏။ ခိုးသူတို့နှင့်နေရသည်ဖြစ်၍ ခိုးသူတို့၏ ကြမ်းကြုတ်သောအမှုအရာတို့ကို အလုံးစုံတတ်လေ၏။

တစ်ကောင်ကား ရသေ့တို့၏ ကျောင်းဝန်းအလယ်၌ ကျရောက်၍ ပုပ္ဖကဟု အမည်တွင်၏။ ရသေ့တို့နှင့် နေရသည်ဖြစ်၍ သူတော်ကောင်းတို့၏ အမူအရာအလုံးစုံကို တတ်လေ၏။

တစ်ခါသော် ပဉ္စာလမည်သောမင်းသည် အမဲလိုက်ရာ အဖော်ကွဲလျက် ရထားထိန်းတစ်ယောက်နှင့်သာ ခရီးလွန်၍ ထိုခိုးသူတို့ရွာအနီးသို့ရောက်လာလေ၏။

ထိုအခါ ခိုးသူတို့မရှိခိုက်ဖြစ်၏။ ကျေးသားနှင့် ထမင်းချက်တစ်ယောက်သာ ကျန်ရစ်၏။ မင်းကို ကျေးသားမြင်လျှင် အိုအရှင်ခိုးသားတို့၊ အဝတ်တန်ဆာစုံလင်စွာနှင့် လူမင်းသည် လာ၏။ ထိုမင်းနှင့်တကွ ရထားထိန်းတို့ကို သတ်ဖြတ်၍ အဝတ်တန်ဆာတို့ကို ယူကြလေကုန်လော့ဟု ကြမ်းကြုတ်စွာ ဆိုမြည်လေ၏။

မင်းနှင့် ရထားထိန်းတို့လည်း ဤအရပ်ကား ခိုးသူတို့အရပ်ဖြစ်ရာ၏ဟု ကြောက်လန့်တကြား ပြေးကြလေသည်ကို ကျေးသားမြင်သော် လူမင်းသည် ပြေးလေပြီ။ ခိုးသားတို့မရှိခိုက်ကြုံ၍ လွတ်ရလေ၏။ အို ခိုးသူတို့၊ အမြန်လိုက်၍ သတ်ဖြတ်ယူကြပါလော့ဟု ဟစ်၍ဆိုလိုက်၏။

မင်းလည်းလာခဲ့ရာ ရသေ့ကျောင်းသို့ရောက်၍ ရသေ့တို့မရှိခိုက် ကြုံသဖြင့် ကျောင်း၌ရှိသော ကျေးသားကမြင်လျှင် မြတ်သောမင်းကြီး၊ အရှင်မင်းကြီး၏လာခြင်းကား ကောင်းသောလာခြင်းပေတည်း။ အလိုရှိသည်ကို ဆိုတော်မူလော့။ ကျောင်းတွင်းသို့ဝင်၍ ချိုအေးသော သစ်သီးအမျိုးမျိုးတို့ကိုလည်းကောင်း၊ ကြည်လင်အေးမြသော စမ်းရေတို့ကိုလည်းကောင်း သုံးဆောင်ပါလော့ စသည်ဖြင့် လောကွတ်ပျူငှာ ယဉ်ကျေးစွာဆို၏။

ထိုအခါ မင်းကြီးသည် အလွန်နှစ်သက် ဝမ်းမြောက်လျက် အမောင်ကျေးသား၊ အမောင်ကား ယဉ်ကျေးဖွယ်ရာတရားနှင့် ပြည့်စုံ

စွာ၏။ ငါတို့သည် ခိုးသူရွာ၌ တွေ့ခဲ့ရသောကျေးသားကား အလွန်ကြမ်းကြုတ်၏။ သင်နှင့်ကွာလှမ်းလှသည်တကားဟု ဆိုလေ၏။

အရှင်မင်းကြီး၊ ထိုကျေးနှင့် အကျွန်ုပ်ကား တစ်မိတစ်ဖတည်းမှ ပေါက်သော ညီအစ်ကိုအရင်းဖြစ်၏။ သို့ရာတွင် ငယ်စဉ်ကကွဲ၍ ထိုကျေးမှာ ခိုးသူလက်သို့ရောက်ရှိ၊ ခိုးသူ၏အမူအရာကို တတ်လေသည်။ အကျွန်ုပ်ကား သူတော်ကောင်းတို့ထံသို့ရောက်၍ သူတော်ကောင်း အမူအရာကို တတ်ပါသည်။ အရှင်မင်းကြီး၊ လောက၌ ဤသို့ဖြစ်တတ်သည်ကား ဓမ္မတာတည်း။ ဥပမာသော်ကား ငါးပုပ်ကိုထုပ်သော အရွက်သည် အပုပ်နံ့ရသကဲ့သို့လည်းကောင်း၊ ပန်းမွှေးကိုထုပ်သော အရွက်သည် အမွှေးနံ့ရသကဲ့သို့လည်းကောင်း ဤနည်းတူစွာ လူတို့တွင် ကောင်းသူနှင့်ပေါင်းသော် အကောင်းဖြစ်ရ၏။ အဆိုးနှင့် ပေါင်းသော် အဆိုးဖြစ်ရ၏။ သို့ကြောင့် အရှင်မင်းကြီးသည် သူတော်ကောင်းပညာရှိတို့နှင့်သာ ပေါင်းသင်း၍ တရားစောင့်တော်မူလေလော့ဟု ဆိုလေ၏။

မင်းကြီးလည်း ကျေးသားကိုကြည်ညို၍ ရသေ့တို့လာသောအခါ တောင်း၍ ကျေးသားအား ဘေးမဲ့လွှတ်တော်မူ၏။ ရသေ့တို့အားလည်း မြို့သို့ပင့်၍ ကိုးကွယ်ထားလေသတည်း။

ဇာတ်ပေါင်းသော်–

သတ္တိဂုမ္ဘကျေးသားသည် ဒေဝဒတ် ဖြစ်လာ၏။

ခိုးသူတို့သည် ဒေဝဒတ်၏ပရိသတ် ဖြစ်လာ၏။

မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

ရသေ့တို့သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

ပုပ္ဖကကျေးသားသည် ဘုရား ဖြစ်လာ၏။

□

# ဝိသတိနိပါတ်

## ၂၃၃။ ဘလ္လာတိယဇာတ် ၈

## အလွန်ချစ်သော ကိန္နရာဖိုမတို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် တစ်နေ့၌ ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားကြီးတို့သည် မသင့်မတင့်ဖြစ်၍ မခေါ်မပြော ရှိနေကြသည်တွင် မြတ်စွာဘုရားက အသင်မင်းကြီးသည် ရှေးကိန္နရာဖြစ်စဉ်က တစ်ညဉ့်မျှ တဦးနှင့်တစ်ဦး ကင်းသည်ကို အနှစ်ခုနစ်ရာပတ်လုံး ငိုကြွေးရသည့်တိုင်အောင် ချစ်ခင်သည်မဟုတ်ပါလောဟု မိန့်တော်မူ၍ မင်းတောင်းပန်အပ်သည့်အတိုင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘလ္လာတိယမည်သောမင်းသည် တောလည်ထွက်ရာတွင် ကိန္နရာဖိုမတို့သည် အချင်းချင်း လည်ကိုဖက်၍ အမျိုးမျိုး မြည်တမ်းငိုကြွေးလျက်နေကြသည်ကို တွေ့မြင်သော် အဘယ်ကြောင့်နည်းဟု မေး၏။

ထိုအခါ ကိန္နရာမက အမောင်မဆိုး၊ အကြောင်းကို ငါပြောအံ့။ သင်မြင်ရသောမြစ်သည် တောင်မှကျသောမြစ်ဖြစ်၍ လျင်မြန်သောတောင်ကျရေသည် လာတတ်၏။ တစ်ညနေ၌ ထိုမြစ်တွင် ရေနည်းစဉ်အခါ ငါ၏လင် ကိန္နရာဖိုသည် ငါ နောက်က ပါသည်အထင်နှင့် မြစ်ကိုကူး၏။ ငါသည်ကား ပန်းမန်ခူး၍ ကျန်ရစ်၏။ ထိုခဏ၌ ကြီးစွာသော လေမိုးကျ၍ ပြင်းသောရေတို့သည် မြစ်ပြည့်လျှမ်းအောင် ကျလာလေ၏။ ထိုအခါ ငါတို့နှစ်ဦးမှာ ကွဲ၍ ကမ်းတစ်ယောက်တစ်ဖက်၌ ရှိနေကြလျက် လျှပ်စစ်ပြက်သောအခါမှသာ မြင်ကြ၍ ရံခါ ငိုကြရ၏။ ရံခါ ရယ်ကြရ၏။ ဤသို့လျှင် တစ်ညဉ့်ပတ်လုံး

ဆင်းရဲငြိုငြင်စွာ နေကြရ၏။ အမောင်မှုဆိုး၊ နံနက်နေထွက်သောအခါမှ ရေလည်းနည်း ကျသွားပြီဖြစ်သဖြင့် မြစ်ကိုကူးကြ၍ အချင်းချင်း လည်ကိုဖက်လျက် ရှုံခါလည်း ငိုကြရ၏။ ရှုံခါလည်း ရယ်ကြရ၏။ ထိုကဲ့သို့သော ညဥ့်မျိုးရောက်လာမည်ကို စိုးရိမ်သဖြင့် တအုံနွေးနွေး ထွေး၍ထွေး၍ ငိုကြရခြင်းဖြစ်၏။ ဤသို့ ငါတို့သည် မခွဲသောဖက်ခြင်းဖြင့် ငိုကြွေးကြသည်မှာ အနှစ်ခုနစ်ရာပြည့်ရန် သုံးရက်သာ လိုတော့၏။ ငါတို့အသက်တန်းကား အနှစ်တစ်ထောင်ဖြစ်၏။ သင်တို့ အသက်တန်းကား တစ်ရာသာဖြစ်၏။ ထိုသို့လျက် သင်သည်အဘယ် ကြောင့် ချစ်စွာသောမယားနှင့် ခွဲခွာ၍နေဘိသနည်းဟု ဆိုလေ၏။

ထိုအခါ မင်းကြီးသည် သတိရ၍ ငါတို့အသက်တန်းကား တိုစွာ၏။ ထီးနန်းစည်းစိမ်ကိုစွန့်၍ တော၌လည်နေခြင်းသည် မသင့်တကားဟု တိုင်းပြည်သို့ ပြန်ရောက်၊ ဒါနသီလပြုလျက် မင်းစည်းစိမ်ကို ခံစားလေသတည်း။

ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားတို့သည် တရားတော်၌ ကြည်နူး နှလုံးအေးချမ်းကြလျက် တစ်ဖန် ညီညွတ်သင့်မြတ် ချမ်းသာကြလေ၏။

ဇာတ်ပေါင်းသော်–

ကိန္နရာဖိုသည် ကောသလမင်း ဖြစ်လာ၏။

ကိန္နရာမသည် မလ္လိကာမိဖုရား ဖြစ်လာ၏။

ဘလ္လာတိယမင်းသည် ဘုရား ဖြစ်လာ၏။

❐

## ဝိသတိနိပါတ်

## ၂၃၄။ စမ္မေယျဇာတ် ၁၀

## စမ္မေယျနဂါးမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဥပုသ်ဆောက်တည်ခြင်းနှင့် ပတ်သက်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ အင်္ဂတိုင်းနှင့် မဂဓတိုင်းအကြားရှိ စမ္ပာမြစ်အတွင်း၌ နဂါးပြည်ရှိ၏။ ထိုနဂါးပြည် စမ္မေယျမည်သော နဂါးမင်း၌ နတ်စည်းစိမ်ကဲ့သို့သော စည်းစိမ်ရှိ၏။

စမ္မေယျနဂါးသည် ဥပုသ်ဆောက်တည်ခြင်း၌ မွေ့လျော်သဖြင့် နဂါးပြည်၌ ဆောက်တည်ရာ မိဖုရား အခြွေအရံသင်းပင်းတို့၏ အနှောင့်အယှက်များသည်နှင့် လူ့ပြည်သို့ လာရောက်၍ တစ်ခုသော တောင်ပို့၌ မည်သည့်ရန်သူပင် ငါ့အား နှိပ်စက်သော်လည်း အမျက်မထွက်ဘဲ သီလကိုစောင့်အံ့ဟု ဓိဋ္ဌာန်၍ ဥပုသ်သီလစောင့်နေလေ၏။

နဂါးမိဖုရားကြီး သုမနဒေဝီသည် နဂါးမင်းအား ဘေးရန်ရောက်သော် အသို့သိရပါအံ့နည်းဟု မေးလျှောက်ရာ ငါတို့၏ မင်္ဂလာရေကန်ကိုကြည့်လေ။ ငါ့ကို တစ်စုံတစ်ယောက်သောသူ ညှဉ်းဆဲအံ့၊ ရေနောက်လတ္တံ့။ ဂဠုန်ဖမ်းသော် ကျိုက်ကျိုက်ဆူလတ္တံ့။ မြွေသမားဖမ်းသော် သွေးကဲ့သို့ နီလတ္တံ့ဟု မှာထားခဲ့လေ၏။

ထိုအခါ ဗာရာဏသီပြည်သား လုလင်တစ်ယောက်သည် တက္ကသိုလ်ပြည်မှ အလမ္ပာယ်အတတ်ကို သင်ပြီးနောက် ပြန်လာခဲ့ရာ လမ်းတွင် စမ္မေယျနဂါးမင်းကို တွေ့မြင်လေသော် ဖမ်းဆီးအံ့ဟု မန္တန်ကို ရွတ်သောအသံသည် နဂါးမင်း၏နား၌ သံတံကျင်ကို လျှို

သကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မယ်နန္နက်သကဲ့သို့လည်းကောင်း ဖြစ်၏။

နဂါးမင်းသည်ကား အလမ္ဗာယ်ကိုမြင်လျှင် ငါ့အမျက်ထွက်အံ့ ထိုသူ ဖွဲပြာဖြစ်လတ္တံ့။ သို့ရာတွင် သီလကို ငါမဖျက်သာလျှင်သတည်းဟု မျက်စိကို မှိတ်၍နေတော်မူ၏၊

အလမ္ဗာယ်လည်း ဆေးဝါးမန္တရားစီရင်၍ နဂါးမင်းကိုဖမ်း၏။ ဆေး၊ တံတွေးတို့ဖြင့် လိမ်းကျံရာ အလွန်နာကျင်သောဝေဒနာသည် ဖြစ်၏။ ခံတွင်းကိုဖွင့်၍ အစွယ်ကို ချိုးပြီးလျှင် ပြင်းထန်သော ဆေး၊ တံတွေးတို့ကို ထည့်၏။ သွေးသန်တို့သည် ထွက်ကုန်၏။ အားနည်းအောင်ပြုအံ့ဟု အမြီးမှ ဦးခေါင်းတိုင်အောင် သိသိညက်ညက် နင်းနယ်၏။ ရစ်ပတ်ခွေလိပ်ခြင်းကို ပြု၏။ အမြီးကိုကိုင်၍ ခဝါဖွပ်သကဲ့သို့ ဖွပ်၏။ ဤသို့ပြုသည်ရှိသော် သွေးလိမ်းကျံသောကိုယ်ရှိလျက် ကြီးစွာသော ဝေဒနာကို ခံရလေ၏။

ပြီးမှ နွယ်ပခြုပ်တွင်ထည့်၍ ယူသွားပြီးလျှင် ရွာငယ်ဇနပုဒ်တို့၌ ပြလေ၏။ နဂါးမျိုးဖြစ်၍ ကိုယ်ကိုငယ်ခြင်း၊ ကြီးခြင်း၊ အလုံး၊ လေးထောင့်၊ အပြားပြုခြင်း၊ အညို၊ အရွှေ၊ အပြာ စသော အရောင်အမျိုးမျိုးဖြစ်စေခြင်း၊ ပါးပျဉ်းတစ်ခု၊ နှစ်ခု၊ တစ်ရာ၊ နှစ်ရာ၊ တစ်ထောင်၊ နှစ်ထောင်ဖြစ်စေခြင်းတို့ကို ပြုနိုင်လေသတည်း။ လူတို့သည် နဂါးကြီးအား သနားကြည်ညိုလျက် များစွာသော ပူဇော်သက္ကာ ဥစ္စာတို့ကို ပေးကြကုန်၏။

အလမ္ဗာယ်သမားလည်း ဖားတို့ကိုသတ်၍ နဂါးမင်းအားကျွေးရာ ငါ့ကြောင့် ဖားတို့သေလတ္တံ့ဟု မစားလေ။ ပျားပေါက်ပေါက်စသည်တို့ကို ပေးသောအခါ ငါစားလျှင် ပခြုပ်တွင်းက လွတ်တော့မည်မဟုတ်ဟု မစားဘဲသာနေ၏။

ထို့နောက် အလမ္ပာယ်သည် မင်းထံ၌ပြုရသော ကြီးစွာသော လာဘ်သပ်ပကာရလတ္တံ့ဟု ဗာရာဏသီပြည် ဥဂ္ဂသေနမင်းကြီးထံသို့ သွားရောက်ပြသလေ၏။ မင်းနှင့်တကွ လူတို့သည် အလွန်ကြည်ညို သနားကြသည်ဖြစ်၍ ဆောက်တည်ခြင်းငှာ မနေနိုင်ဘဲ ဥစ္စာရတနာ ရွှေငွေတို့ကို အတိုင်းမသိ ပေးကြကုန်၏။ ဤသို့လျှင် နဂါးမင်းသည် အစာရေစာမရဘဲ တစ်လတိတိ ကြာသွားလေ၏။

သုမနဒေဝီမိဖုရားကြီးလည်း နဂါးမင်းသွားသည်မှာ ကြာလေပြီဟု ရေကန်တွင်ကြည့်သော သွေးအဆင်းရှိနေသည်ကို တွေ့မြင် အလမ္ပာယ်ဖမ်းကြောင်း သိသည်နှင့် ငိုယိုလျက် လူ့ပြည်သို့ လိုက်လာခဲ့၏။

ဥပုသ်စောင့်ရာ၊ ညှင်းဆဲရာ စသောအရပ်တို့ကို တွေ့မြင်၍ အစဉ်အတိုင်း လိုက်လာခဲ့ရာ မင်းရှေ့၌ ကပြလျက်ပင်ရှိသော နဂါးမင်းကို မြင်သော် ငိုယိုပြီးလျှင် ကောင်းကင်၌ ရပ်၏။

နဂါးမင်းမြင်လျှင် ရှက်စနိုး၍ ပခြုပ်တွင်းသို့ ရုတ်တရက် ဝင်သွားလေ၏။ ထိုအခါ မင်းသည် အကြောင်းအသို့နည်းဟု၊ ဤမှ ထိုပုကြည့်သော် သောက်ရှုးကြယ်ကဲ့သို့ လုပတင့်တယ် ရှုချင်ဖွယ် သော နဂါးမိဖုရားကိုမြင်၍ အသင်၊ သင်သည် လူလော နတ်လောဟု မေး၏။

သုမနဒေဝီကလည်း အရှင်မင်းကြီး၊ အကျွန်ုပ်ကား နဂါးမျိုး တည်း။ ယခုကပြလျက်ရှိသော စမ္ပေယျနဂါးမင်း၏ မိဖုရားကြီးဖြစ်ပါ ၏။ အရှင်မင်းကြီး၊ အကျွန်ုပ်၏လင်ကို အနှောင်အဖွဲ့မှ လွှတ်ပါစေ လောဟု ငိုယို၍တောင်းပန်၏။

မင်းကြီးကလည်း နဂါးမိဖုရား၊ သင်တို့နဂါးမျိုးသည် အလွန် တန်ခိုးကြီးလျက် အသို့လျှင် အထီးကျန်သောမြွေသမား၏ ဖမ်းဆီး နှိပ်စက်ခြင်းကို ခံရလေသနည်းဟု မေး၏။

အရှင်မင်းကြီး၊ အကျွန်ုပ်၏လင် နဂါးမင်းသည် စင်စစ် တန်ခိုးကြီးမား ပြင်းထန်လှပါ၏။ ထိုမြွေသမားမျှမဟုတ်၊ တစ်ပြည်လုံးကိုပင် ဖွဲပြာ ဖြစ်စေနိုင်ပါ၏။ သို့ရာတွင် ဥပုသ်စောင့်သုံးနေသည့်အခါဖြစ်၍ သည်းခံခြင်းဖြစ်ပါသည်။ အရှင်မင်းကြီး၊ ထိုသူတော်ကောင်းနဂါးမင်းအား လွှတ်ပါစေလော့ဟု ဆိုလေ၏။

မင်းကြီးလည်း သနားကြည်ညိုစွာဖြင့် မြွေသမားအား ဥစ္စာရွှေငွေပေး၍ ရွေးယူပြီးလျှင် လွှတ်တော်မူ၏။

ထိုအခါ လွတ်ပြီးသောနဂါးမင်းသည် လုလင်သဏ္ဍာန်ဖန်ဆင်း၍ မင်း၏ရှေ့၌ ရှိခိုးလျက်ရပ်၏။ မိဖုရားလည်း ကောင်းကင်မှဆင်း၍ နဂါးမင်းအနီး၌ ရှိခိုးလျက် ရပ်၏။

ပြီးမှ နဂါးမင်းက ကျေးဇူးဥပကာရ များစွာတင်ပါသဖြင့် မိမိ၏ နဂါးပြည် ထီးနန်းစည်းစိမ်တို့ကို ပြလိုပါကြောင်း ပင့်ခေါ်လေရကား။ မင်းသည် ကိုယ်ရံသင်းပင်း မောင်းမမိဿံ မှူးမတ်ဗိုလ်ပါနှင့်တကွ လိုက်သွားလေ၏။

နဂါးပြည်သည် ကြီးကျယ်ခမ်းနားစွာ ကြိုဆိုစေ၍ နတ်တို့၏နေရာနှင့်တူသော ထီးနန်းနေရာ အစားအသောက်၊ အဝတ်တန်ဆာတီးမှုတ်တို့ဖြင့် ဧည့်ခံပေ၏။

ဤသို့ ခမ်းနားမွန်မြတ်သော စည်းစိမ်ကိုမြင်ရလျှင် အဆွေနဂါးမင်း၊ ဤမျှသော စည်းစိမ်ကိုစွန့်၍ အဘယ်ကြောင့် တောင်ပို့၌ ဥပုသ်စောင့်လေသနည်းဟု မေး၏။ အရှင်မင်းကြီး၊ အကျွန်ုပ်သည် ဥစ္စာစည်းစိမ် အသက်ကိုလို၍ စောင့်သည်မဟုတ်ပါ။ လူဖြစ်လိုသောကြောင့် စောင့်ခြင်းဖြစ်ပါသည်။ အဆွေ၊ အဘယ်ကြောင့် လူဖြစ်လိုပါသနည်း။ အရှင်မင်းကြီး၊ လူ့ပြည်သည် မဂ်ဖိုလ်နိဗ္ဗာန်ရရာရကြောင်းနေရာကောင်းဖြစ်၏။ ထိုလူ့ပြည်၌ ဒါန၊ သီလ၊ ဘာဝနာတို့ကို ဖြည့်ကျင့်ရလျှင် နိဗ္ဗာန်အရသာကို ရတော့သည်သာတည်းဟု ဆို၏။

ပြီးမှ မင်းကြီးသည် များစွာသော လက်ဆောင်ပဏ္ဏာဥစ္စာတို့ကို ယူ၍ လူ့ပြည်သို့ ပြန်ခဲ့လေသတည်း။

ဇာတ်ပေါင်းသော်–
မြွေသမားသည် ဒေဝဒတ် ဖြစ်လာ၏။
သုမနဒေဝီသည် ရာဟုလာမယ်တော် ဖြစ်လာ၏။
ဥဂ္ဂသေနမင်းသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
စမ္မေယျနဂါးမင်းသည် ဘုရား ဖြစ်လာ၏။

❐

## ဝီသတိနိပါတ်

### ၂၃၅။ ဟတ္ထိပါလဇာတ် ၁၃

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် တောထွက်ခြင်းနှင့်ပတ်သက်၍ ရှေးကလည်း မြတ်သောတောထွက်ခြင်းကို ပြုသည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဧသုကာရီမည်သော မင်းနှင့် ငယ်စဉ်က အဆွေခင်ပွန်းဖြစ်သော ပုရောဟိတ်တို့တွင် ထီးမွေ နန်းမွေဆက်ခံရန် သားသမီးတစ်ယောက်မျှ မရှိကြလေသဖြင့် မင်းကြီးက သင်သားရသော် ငါ့သားပြုအံ့။ ငါသားရသော် သင့်သားပြုအံ့ဟု ကတိကဝတ် အချင်းချင်းထားကြ၏။

တစ်နေ့၌ ပုရောဟိတ်သည် မိမိစားသောရွာမှ ပြန်လာရာ မြို့တံခါးအနီး၌ ဗဟုပုတ္တိကမည်သော သူဆင်းရဲမတစ်ယောက်ကိုမြင်၏။ ထိုမိန်းမ၌ သားခုနစ်ယောက်မျှရှိ၍ ၎င်းတို့ကို ချီပိုးလက်ဆွဲလျက် တစ်မြို့တစ်သိက် လာလေ၏။

ထိုအခါ ပုရောဟိတ်သည် နှမ၊ ဤကလေးတို့၏အဖကား အဘယ်မှာနည်းဟု မေး၏။ အရှင်၊ မြဲသောအဖမရှိပါဟု ဆို၏။ ထိုသို့တပြီးကား ဤသားငယ်တို့ကို မည်သို့ရသနည်းဟု မေးပြန်သော် သူဆင်းရဲမသည် အခြားစွဲစရာမရှိသည်နှင့် မြို့တံခါးအနီးရှိ ပညောင်ပင်ကိုပြ၍ ထိုပညောင်ပင်စောင့်နတ်မင်းထံ၌ တောင်း၍ရပါသည်ဟု ဆိုလေ၏။

ထိုအခါ ပုရောဟိတ်ပုဏ္ဏားသည် ထိုသူဆင်းရဲမကို လွှတ်၍ ပညောင်ပင်သို့ ကပ်ပြီးလျှင် ပညောင်ခက်ကိုကိုင်လှုပ်လျက် ဟယ်-ပညောင်နတ်၊ သင်သည် ငါတို့မင်းကြီးထံမှ အဘယ်ကို မရဘဲရှိသနည်း။ မင်းကြီးသည် သင့်အား တစ်နှစ်တစ်ကြိမ် ဥစ္စာတစ်ထောင်ကုန် ပူဇော်သက္ကာရကိုပြု၏။ သို့လျက်နှင့် မင်းကြီးအားကား သားတို့ကို သင်မပေး၊ ဤဆင်းရဲစွာသောမိန်းမအား အဘယ်ကျေးဇူးကို ထောက်၍ သား ၇ ယောက်တိတိ သင်ပေးသနည်း။ ဟယ်-ပညောင်စောင့်နတ်၊ အကယ်၍ ငါတို့မင်းကြီးအား သားကိုမပေးအံ့။ ဤနေ့မှ ၇ ရက်မြောက်၌ သင့်ပညောင်ပင်ကို အမြစ်နှင့်တကွဖြတ်၍ အပိုင်းပိုင်းပြုအံ့ဟု ပညောင်ပင်စောင့်နတ်ကို ကြိမ်းမောင်း၍ သွားလေ၏။

အထက်နည်းအတိုင်း ၆ ရက်လုံးလုံး နေ့စဉ်သွားရောက်၍ ကြိမ်းမောင်း၏။ ၆ ရက်မြောက်သောနေ့၌ အခက်ကိုကိုင်လှုပ်၍ ဟယ်-ပညောင်စောင့်နတ်၊ တစ်ရက်သာကျန်တော့၏။ ငါတို့အရှင်မင်းကြီးအား သားမပေးအံ့။ နက်ဖြန် သင်၏သစ်ပင်ကို အဆုံးစီရင်အံ့ဟု ဆိုလေ၏။

ထိုအခါ ပညောင်ပင်စောင့်နတ်သည် ဤပုဏ္ဏားကား အကြောင်းမဲ့ပြောသော ထိုမိန်းမစကားကိုယူ၍ နက်ဖြန်သားမရသော် ကေန် ငါ၏ဗိမာန်ကို ဖျက်ဆီးလတ္တံ့။ သားရနိုင်အောင် မည်သို့ပြု

ရပါအံ့နည်းဟု စတုမဟာရာဇ်နတ်မင်း လေးယောက်ထံသို့လည်း ကောင်း၊ နောက်နှစ်ကျိပ်ရှစ်ယောက်သော နတ်စစ်သူကြီးတို့ထံသို့လည်း ကောင်းကပ်၍ အကြောင်းမျိုးကိုလျှောက်ရာ သားမပေးနိုင်ကြသည်နှင့် နောက်ဆုံး၌ သိကြားမင်းထံသို့ ရောက်လာလေ၏။

ထိုအခါ သိကြားမင်းသည် ဘုန်းရှိသော နတ်သားလေးယောက် အား ဧသုကာရီမင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်ရန် တိုက်တွန်းတောင်းပန် ရာ လူ့ပြည်၌ ဖြစ်ပါအံ့။ သို့ရာတွင် မင်းအိမ်၌ မဖြစ်လို။ ပုရောဟိတ် အိမ်၌သာဖြစ်၍ ငယ်ရွယ်စဉ်က တောထွက်၍ ရဟန်းပြုလိုပါသည်ဟု ဆိုကြလေ၏။

သိကြားမင်းကလည်း ထိုဝန်ခံချက်ကိုယူ၍ ပညောင်စောင့်နတ် အားပြန်ကြား၏။ နတ်သည်လည်း နှစ်သက်ဝမ်းမြောက်လျက် မိမိ ဗိမာန်သို့ ပြန်ခဲ့၏။

၇ ရက်မြောက်နေ့၌ ပုရောဟိတ်သည် လူစုလူဝေးနှင့် ပုဆိန်၊ ပဲခွပ်၊ ဓား စသည်တို့ယူကာ ပညောင်ပင်သို့ လာရောက်၊ ညောင်ခက် ကို ကိုင်လျက် ဟယ်- ညောင်စောင့်နတ်၊ ယနေ့ ၇ ရက်စေ့ပြီ။ အသို့နည်းဟု မေး၏။

ထိုအခါ ပညောင်နတ်သည် ကိုယ်ကိုပြ၍ အသင်ပုဏ္ဏား၊ သားတစ်ယောက်မျှမက လေးယောက်တိတိ သင့်အားပေးအံ့။

ငါအလိုမရှိ၊ ဧသုကာရီမင်းကြီးအား ပေးလော့။

သင့်ကိုသာ ငါပေးအံ့။

သို့ဖြစ်လျှင် ငါ့အား နှစ်ယောက်၊ မင်းကြီးအား နှစ်ယောက် ပေးလော့။

သင့်အားသာလျှင် လေးယောက်လုံးကိုပေးအံ့။ ထိုလေးယောက် ကိုလည်း သင်သည် ရကာမျှသာဖြစ်လတ္တံ့။ စင်စစ်သော်ကား ငယ် ရွယ်စဉ်ကပင် တောထွက်၍ ရဟန်းပြုကြလတ္တံ့။

အသင် ပညောင်ပင်နတ်၊ သားရလျှင်တော်ပြီ။ ရဟန်းပြုခြင်း မပြုခြင်းကား ငါတို့၏တာဝန်တည်းဟု ဆို၏။

ထို့နောက် နတ်နှင့်ပုဏ္ဏားတို့ ဖဲကြကုန်၏။ ထိုနေ့မှစ၍ပညောင်ပင်၌ ပူဇော်သက္ကာရ များကုန်၏။

အကြီးဆုံးနတ်သားသည် စုတေ၍ ပုရောဟိတ်ပုဏ္ဏေးမဝမ်း၌ ဖြစ်လာ၍ ဖွား၏။ ရဟန်းမပြုစိမ့်သောငှာ ဆင်ထိန်းတို့ထံ၌ အပ်ထားသည်ဖြစ်ရကား ဟတ္ထိပါလဟု အမည်တွင်၏။

ဒုတိယသားဖွားပြန်သော် မြင်းထိန်းတို့ထံ၌ ထားသည်ဖြစ်၍ အဿပါလဟု တွင်၏။

တတိယသားကား နွားထိန်းတို့ထံ၌ ထားသည်ဖြစ်၍ ဂေါပါလဟု တွင်၏။

စတုတ္ထသားကား ဆိတ်ထိန်းတို့ထံ၌ ထားသည်ဖြစ်၍ အဇပါလဟု တွင်၏။

ထိုသားတို့သည် ကြီးပြင်းကြ၍ ဟတ္ထိပါလ ၆ နှစ်ရွယ်သို့ ရောက်သော် မင်းနှင့် ပုဏ္ဏားတို့သည် ဤသို့ပင်တိုင်ပင်ကြ၏။ ယခု ထီးနန်းနှင်းချိန်သို့ရောက်ပြီ။ သို့ရာတွင် မင်းအဖြစ်ကိုပေးပြီးမှ တစ်နည်းနည်းဖြင့် ရဟန်းတို့ကိုမြင်၍ ရဟန်းပြုခဲ့သော် တိုင်းပြည်ချောက်ချားရာ၏။ သို့ကြောင့် မင်းအဖြစ်ကိုမပေးမီ ရဟန်းကိုမြင်လျှင် မည်သို့စိတ်ထားမည်ကိုသိရန် စုံစမ်းကြအံ့ဟု မင်းနှင့်ပုဏ္ဏားတို့သည် ရသေ့အသွင်ကိုယူ၍ ဟတ္ထိပါလထံသို့ လာခဲ့၏။

ဟတ္ထိပါလကလည်း မင်းနှင့် အဖဖြစ်ကြောင်းကိုမသိ။ ရသေ့ရဟန်းပင်ထင်မှတ်၍ နေရာထိုင်ခင်းပေးပြီးလျှင် ပူဇော်သက္ကာရဖြင့် ဖိတ်၏။

ထိုအခါ ပုရောဟိတ်သည် မိမိတို့ ရသေ့ရဟန်းမဟုတ်ကြောင်း စုံစမ်းရန်လာရောက်ကြောင်း အလုံးစုံပြန်ပြောသော် ဖခင်တို့၊ အကျွန်ုပ်

သည် မင်းအဖြစ်ကို အလိုမရှိ။ ယနေ့ပင် ရသေ့ရဟန်းပြုတော့အံ့ဟု ဆိုလေ၏။

ပုရောဟိတ်က ချစ်သား၊ ယခုအရွယ်သည် တောထွက်ရသော အရွယ်မဟုတ်သေး။ ဗေဒင်သင်၍ ဥစ္စာပစ္စည်း စုဆောင်းပြီးလျှင် သားမယားနှင့်တကွ လောကီစည်းစိမ်ကို ခံစားပြီးမှ အိုမင်းသောကာလ၌ ရဟန်းပြုခြင်းသည်သာ သင့်လျော်၏ဟု ဆို၏။

ဖခင်၊ ဗေဒင်တို့သည် နတ်ရွာ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို မပေးနိုင်ကုန်။ ဥစ္စာပစ္စည်းတို့ကား ရန်သူမျိုးငါးပါးနှင့် ဆက်ဆံ၏။ မယားသားသမီးရခြင်းဖြင့် အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတို့ကို မတားမြစ်နိုင်။ သတ္တဝါတို့မှာ မိမိပြုသောကံ၏အကျိုးတို့သာ ရကြ၏ဟုဆို၏၊

ထိုအခါ ဧသုကာရီမင်းကြီးက ချစ်သား၊ သင်ဆိုတိုင်းမှန်ပါ၏။ သို့ရာတွင် သင်၏အမိအဖတို့သည် အိုမင်းကုန်ပြီ။ မိဘတို့သည် အသက်ရှည်၍ အနာမရှိသော သင်ချစ်သားကို မြင်လိုကုန်၏။ သင်သည်လည်း အသက်ရှည်၍ မိဘတို့ကို လုပ်ကျွေးပါဦးလော့ဟုဆို၏။

ထိုအခါ ဟတ္ထိပါလက အရှင်မင်းကြီး၊ မိဘတို့နှင့် အသက်ရှည်စွာ နေရမည်ဆိုရာ၌ ဟုတ်နိုင်မည်မထင်။ အကျွန်ုပ်တို့သည် အိုခြင်းသေခြင်းတို့နှင့် မိတ်ကျွမ်းတဝင်ဖြစ်၍ မည်သည့်အခါ သေမည် စသည်ဖြင့် ပြောထားသည်မဟုတ်ရကား၊ အသက်ရှည်စွာနေရမည်ဟု အကျွန်ုပ်တို့ မဆိုနိုင်ဟု ဆိုလေ၏။

ထိုသို့ဆိုပြီးနောက် အရှင်မင်းတို့ နေရစ်တော်မူတော့။ အကျွန်ုပ် ရဟန်းပြုတော့အံ့ဟုဆိုကာ အလုပ်အကျွေး နောက်လိုက်နောက်ပါများနှင့် တောထွက်ရဟန်းပြု၍ ဂင်္ဂါမြစ်နား၌ နေလေ၏။

မင်းကြီးနှင့်ပုရောဟိတ်လည်း အဿပါလသို့ ရှေးနည်းအတိုင်း သွား၍ ရှေးနည်းအတိုင်းဆိုသော်။ ဖခင်တို့၊ နောင်တော် ထွေးပြီးသော တံတွေးကို မမျိုလိုပါ။ ထိုးနန်းစည်းစိမ် ကာမဂုဏ်တို့ကိုလည်း မလို

ပါ။ ယခုပြောဟောစဉ်ပင် အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတို့သည် နီးကပ်၍လာလေကုန်ပြီ။ နေရစ်တော်မူကြတော့ဆို၍ ရှေးနည်းအတိုင်း ရဟန်းပြု၍ နောင်တော်အနီးအနား၌ နေလေ၏။

မင်းကြီးနှင့် ပုရောဟိတ်တို့လည်း ဂေါပါလထံသို့သွားပြန်၏။ ဂေါပါလကလည်း နောင်တော်လမ်းပြလျက်ရှိ၍ ပြုအပ်သောကိစ္စကို နက်ဖြန်သန်ဘက်မဆိုင်းဘဲ ရဟန်းပြုတော့အံ့ဆို၍ နောင်တော်များ နောက်သို့လိုက်၍ ရဟန်းပြုလေ၏။

ထို့နောက် အဇပါလထံသို့ သွားကြပြန်၏။ အဇပါလက လည်း ရဟန်းပြုပါအံ့ဟုဆိုရာ ခမည်းတော်တို့က ငယ်ပါသေးသည်ဟု ဆိုလျှင် ကြီးသည်ငယ်သည်မဟုတ်၊ သေကြသည်သာတည်း။ ငယ်ရွယ် စဉ်က သေသူတို့လည်း ပေါများစွာ၏ဟုဆို၍ နောင်တော်တို့နောက်သို့ လိုက်၍ ရဟန်းပြုလေ၏။

ထိုသို့ဖြစ်ပျက်ပြီးနောက် အတန်ကြာသော် ခမည်းတော် ပုရော ဟိတ်သည်လည်း တရားရ၍ ပုဏ္ဏေးမအား ဥစ္စာပစ္စည်း အလုံးစုံပေးခဲ့ ၍ သားတော်တို့နောက်သို့လိုက်၍ တောထွက်လေ၏။

ထို့နောက် ပုဏ္ဏေးမသည်လည်းကောင်း၊ နောက် ဧသုကာရီ မင်းကြီးသည်လည်းကောင်း၊ မှူးမတ်နှင့်တကွ သားမယားတို့သည် လည်းကောင်း တစ်တိုင်းပြည်လုံးသည် ရှိရှိသမျှသော အိမ်ဥယျာဉ်၊ ဆင်မြင်းကျွဲနွား၊ ရတနာရွှေငွေတို့ကိုစွန့်၍ တောထွက်ကြလေ၏။

ထိုသို့ ကာသိတိုင်းအလုံး တောထွက်ကြသည်ဟု ကြားလျှင် ပြည်နီးချင်းဖြစ်သော ခြောက်ပြည်ထောင်တို့လည်း လိုက်၍ တောထွက် ကြကုန်၏။

ထိုအခါ ဟတ္ထိပါလထံ၌ အလွန့်အလွန်များပြားစွာသောရသေ့ ရဟန်းတို့သည် ဖြစ်ကုန်၏။ ဤကြီးစွာသော ပရိသတ်တို့ကို ဟတ္ထိ ပါလသည် တရားပြသ ဆုံးမရလေ၏။

အလုံးစုံသော ပရိသတ်တို့သည် သေလွန်သော် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော အပါယ်လေးပါးမှကင်းလျက် အချို့ ဗြဟ္မာ့ပြည်၌၊ အချို့ နတ်ပြည်၌၊ အချို့ လူ့ပြည်၌ အသီးသီး အထိုက်အလျောက် ဖြစ်ကြလေသတည်း။

ဇာတ်ပေါင်းသော်–
သေကာရီသည် သုန္ဒေါဒန ဖြစ်လာ၏။
မိဖုရားကြီးသည် မယ်တော်မာယာ ဖြစ်လာ၏။
ပုရောဟိတ်သည် ရှင်မဟာကဿပ ဖြစ်လာ၏။
ပုဏ္ဏေးမသည် ဘဒ္ဒကာပိလာနီထေရီမ ဖြစ်လာ၏။
အဇပါလသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။
ဂေါပါလသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
အဿပါလသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ဟတ္ထိပါလသည် ဘုရား ဖြစ်လာ၏။

❐

## တိံသနိပါတ်

### ၂၃၆။ ကိံဆန္ဒဇာတ် ၁
### (ကိံဆန္ဒ = အဘယ်ကိုလိုသနည်း။)

### တံစိုးစားသော တရားသူကြီးအကြောင်း
### (အသူရကာယ်ပြိတ္တာ။)

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဥပုသ်ဆောက်တည်ရခြင်းအကျိုးဆက်နှင့် စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် တရားနှင့်အညီ မင်းပြု၍ မိမိကိုယ်တိုင် သီလစောင့်သုံးသည်မှတစ်ပါး အခြားမှူးမတ်စသောသူတို့ကိုလည်း ဥပုသ်သီလ ဆောက်တည်စေ၏။

ထိုမင်းကြီး၌ တံစိုးစား၍ တရားစီရင်တတ်သော ပုရောဟိတ်တစ်ယောက်ရှိရာ မင်းကြီးတိုက်တွန်းအပ်သည်ဖြစ်၍ တစ်နေ့တွင် နေ့တစ်ဝက် (တစ်ညနေ) ဥပုသ်စောင့်၏။

ငင်းပြင် မိမိတရားစီရင်ရာသို့ တရားဆိုရန်လာရသော သီလသည် မိန်းမတစ်ယောက်သည် မွန်းတည့်လုနီးအထိ အိမ်သို့ပြန်၍ အစာစားခွင့်မရသည်နှင့် ထိုတရားသူကြီးကပင် သရက်သီးတို့ကို ပေးလှူသဖြင့် ထိုမိန်းမသည် နှစ်သက်စွာ စားသောက် ဥပုသ်ဆောက်တည်ရ၏။

ထိုပုရောဟိတ်သေသော် ဟိမဝန္တာအရပ် ကောသိကာမည်သော မြစ်ကမ်းနား၌ နှလုံးမွေ့လျော်ဖွယ်ရှိသော သရက်ဥယျာဉ်တွင် ဗွေ့မာန်နှင့်တကွ ဖြစ်လေ၏။ တင့်တယ်လှပသော နတ်သမီးများစွာ ခြံရံလျက် ကြီးစွာသော စည်းစိမ်ကို ခံရလေ၏။

ထိုသို့သောစည်းစိမ်ကို ညဉ့်အခါ၌သာ စံရ၏။ နံနက်အခါ ဥယျာဉ်သို့ဝင်လျှင် နတ်၏ကိုယ်သည်ကွယ်၍ အတောင်ရှစ်ဆယ် ထန်းပင်ပမာရှိသော ကိုယ်သည်ဖြစ်၏။ အလုံးစုံသောကိုယ်သည် ပူလောင်၍ ပင်လုံးကျွတ်ပွင့်သော ပေါက်ပင်ကဲ့သို့ဖြစ်၏။ လက်နှစ်ဖက်တို့၌ လက်ချောင်းတစ်ချောင်းစီသာရှိ၍ ပေါက်တူးမျှရှိသော လက်သည်းတို့သည် ပေါက်ကုန်၏။ ထိုလက်သည်းတို့ဖြင့် မိမိ၏ကျောက်ကုန်းသားကို ခွဲနုတ်၍စားရလျက် ဆင်းရဲသော ဝေဒနာရောက်သည် ဖြစ်၍ သည်းစွာအော်မြည်လျက်ခံရ၏။ နေဝင်သည့်အခါမှ နတ်ကိုယ်ဖြစ်ပြန်၍ ယခင်အတိုင်း စည်းစိမ်ကို စံရပြန်၏။

ဤတွင် သရက်သီးလှူရသောအကျိုးကြောင့် သုံးယူဇနာရှိသော သရက်ဥယျာဉ်ကိုရ၏။ နေ့တစ်ဝက်သော ဥပုသ်၏အကျိုးကြောင့် ညဉ့်အခါ၌ စည်းစိမ်ကိုရ၏။ တံစိုးစား၍ တရားစီရင်သည့် အကျိုးကြောင့် မိမိ၏ကျောက်ကုန်းသားကို စားရခြင်းဖြစ်၏။

မင်းကြီးသည် နောင်အခါ၌ ရသေ့ရဟန်းပြု၍ ထိုမြစ်၏အကြေ၌နေရာ တစ်နေ့တွင် ထိုဥယျာဉ်မှ သရက်သီးတစ်လုံး မျောလာ ဆယ်ယူ သုံးဆောင်ရသော တဏှာဖြင့် ဆင်းရဲစွာရှိသည်တွင်မှ မြစ်စောင့်နတ်သမီးက ပို့ဆောင်၍ ထိုသရက်ဥယျာဉ်သို့ ရောက်ရှိစားသုံးနေလေ၏။

ထို့နောက် ဥယျာဉ်၌လှည့်လည်သော် ထိုညဉ့်စံ၍ နေ့ခံရသော အသူရကာယ်ပြိတ္တာကို တွေ့ရှိမေးမြန်းသော် မိမိ၏ပုရောဟိတ်ဟောင်းဖြစ်ကြောင်းကို သိရလေ၏။

ပုရောဟိတ်လည်း မိမိ၏ ခံရပုံ စံရပုံ အကျိုးဆက်တို့ကို ပြန်ပြော၍ ထိုသရက်ဥယျာဉ်၌ ရသေ့ကို ကိုးကွယ်ထားလေသတည်း။

ဇာတ်ပေါင်းသော်-

မြစ်စောင့်နတ်သမီးသည် ဥပ္ပလဝဏ် ဖြစ်လာ၏။

မင်းကြီးရသေ့သည် ဘုရား ဖြစ်လာ၏။

❒

# တိံသနိပါတ်

## ၂၃၇။ ကုမ္ဘဇာတ် ၂
## (ကုမ္ဘ = အိုး)

## သေရည်သေရက်၏အစဖြစ်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဝိသာခါ ဒါယိကာမသည် မိမိ၏အဆွေခင်ပွန်း မိန်းမငါးရာတို့ကို တရားနာရန် ကျောင်းတော်သို့ ခေါ်သွား၏။ ၎င်းတို့မှာ သေသောက်သဘင်အခါကျသည် နှင့် မူးယစ်နေကြသည်ဖြစ်၍ ဘုရားသခင်၏ ရှေ့တော်၌ ကခြင်း၊ သီခြင်း၊ လှုပ်ပေါ်ခြင်း စသော မရိုမသေတို့ကို ပြုကြရာ မြတ်စွာဘုရားသည် ညိုသော ရောင်ခြည်တော်ကိုလွှတ်သော် အမိုက်တိုက်သည်ဖြစ်၏။ ထိုအခါ ထိုမိန်းမ တို့သည် ထိတ်လန့်လျက် သေဘေးမှ ကြောက်ကုန်သည်ဖြစ်၍ အယစ်ပြေ ကြလေကုန်၏။

မြတ်စွာဘုရားသည်လည်း နေတော်မူရာ ပလ္လင်တော်မှ ကွယ်ခဲ့၍ မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူပြီးလျှင် လင်းသောရောင်ခြည်တော်ကို လွှတ်လျက် ချစ်သမီး ဒါယိကာမတို့၊ သင်တို့အား ရာဂမီး အစရှိသော မီးတို့သည် အမြဲတောက်လောင်နေပါလျက် အဘယ်ကြောင့် ရွှင်မြူးနေကြ သနည်း။ မောဟတည်းဟူသော အမိုက်တိုက်ဖြင့် မြှေးယှက်ဖုံးလွှမ်းလျက် ရှိသော သင်တို့သည် အဘယ်ကြောင့် ပညာတည်းဟူသော အလင်းကို မရှာကြကုန်သနည်းဟု ဟောတော်မူ၏။ ဒါယိကာမတို့လည်း တရားရ ကြကုန်၏။

ပြီးမှ ဝိသာခါဒါယိကာမကြီးက အရှင်ဘုရား၊ အရှက်အကြောက် ကို ဖျက်ဆီးတတ်သော ဤသေသောက်ခြင်းသည် အဘယ်ကာလကစ၍ ဖြစ်ပါသနည်းဟု မေးလျှောက်သဖြင့် မြတ်စွာဘုရားသည် အောက်ပါဇာတ် ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ကာသိတိုင်း၌နေသော သုရာမည်သော မုဆိုးတစ်ယောက်သည် ဆင်စွယ်၊ စာမရီမြီး စသည်တို့ကို ရှာဖွေရန် ဟိမဝန္တာသို့ သွား၏။

ထိုဟိမဝန္တာတွင် သစ်ပင်တစ်ပင်သည် တစ်ရပ်တစ်သူလောက်၌ ခက်မသုံးခုရှိ၍ ထိုသုံးခွဆုံ၌ အိုးစရည်းပမာဏရှိသော အခေါင်းသည် ရှိ၏။ မိုးရွာသောအခါ ရေဖြင့်ပြည့်၏။

ထိုသစ်ပင်ကို ရံလျက်တည်သော သဖန်း၊ သျှစ်သျှား၊ ငရုတ်ချိုပင်တို့မှ အသီးမှည့်တို့သည်လည်း ကြွေလွင့်၍ ထိုသစ်ခေါင်း၌ ကျ၏။ ထိုသစ်ပင်အနီး အလေ့ကျပေါက်သော သလေးခင်းမှ သလေးနှံတို့ကို ငှက်တို့သည် ယူဆောင်၍ ထိုသစ်ပင်၌စားရာ သလေးဆန်တို့လည်း ထိုသစ်ခေါင်း၌ ကျ၏။

ဤသို့လျှင် ထိုရောနှောသောရေသည် နေပူဖြင့်ကျက်ရာ သေပေါက်၍ နီသောအဆင်းရှိ၏။ နွေအခါ ရေငတ်သော ငှက်၊ မျောက်စသော တိရစ္ဆာန်တို့သည် ထိုရေကိုသောက်သော် မူးယစ်၍ သစ်ပင်ရင်း၌ကျပြီးလျှင် အတန်ငယ်အိပ်ပျော်ပြီးမှ ထ၍တွန်မြူးလျက်သွားကြကုန်၏။

မုဆိုးသည် ထိုအခြင်းအရာကိုမြင်သော် ဤရေသည် အကယ်၍ အဆိပ်ဖြစ်အံ့။ ဤသတ္တဝါတို့ သေကုန်ရာ၏။ ယခုမူကား ခဏသာ အိပ်ပျော်၍ မြူးထူးလျက်သွားကြကုန်သည် အဆိပ်ရေမဟုတ်တန်ရာဟုကြံ၍ မိမိလည်း အတန်ငယ်သောက်ကြည့်ရာ ယစ်လာလေ၏။ ထိုအခါ သစ်ပင်ရင်း၌ကျကုန်သော ချိုးခါ၊ ကြက် စသည်တို့ကို မီးကင်၍ စားလိုက်သောက်လိုက်နှင့် နှစ်ခြိုက်စွာ နေလေ၏။

နှစ်ရက်သုံးရက်လွန်သော် ထိုသစ်ပင်အနီးရှိ ဝရုဏမည်သော ရသေ့တစ်ယောက်ထံသို့လည်း သေရည်နှင့်တကွ အမဲကင်ကိုယူသွား၍ နှစ်ဦးသား ပျော်ပါးစွာ သောက်စားကြလေ၏။

ထိုသို့ သုရာမည်သောမုဆိုး၊ ဝရုဏမည်သော ရသေ့တို့ စ၍ တွေ့သောအရည်ဖြစ်သောကြောင့် သုရာဟူ၍လည်းကောင်း၊ ဝရုဏ ဟူ၍လည်းကောင်း အမည်တွင်လေသတည်း။

ထို့နောက် သုရာမုဆိုးနှင့် ဝရုဏရသေ့တို့သည် သေရည်ကို ကျည်တောက်ဖြင့်ထည့်၍ ပစ္စန္တရာဇ်မြို့တစ်ခုသို့ သွားပြီးလျှင် သေကို စီရင်တတ်သူတို့ရောက်၏ဟု မင်းအား ကြားလေသည်။

မင်းသည်လည်း ထိုသူတို့ကို ခေါ်ယူ နှစ်ကြိမ်သုံးကြိမ်သောက်၍ ယစ်၏။ ယူလာသော သေကုန်လျှင် နောက်တစ်ကြိမ် ဟိမဝန္တာသို့ သွား၍ ယူပေးရလေ၏။ နောက်တစ်ကြိမ်မူကား နောက်ထပ်သွား ရောက် မယူရအောင် သေ၏အဆောက်အဦတို့ကို မှတ်ခဲ့ပြီးလျှင် မြို့၌ သေကို ချက်လေ၏။

ဤသို့အားဖြင့် မြို့သူမြို့သားတို့သည် သေကိုသောက်၍ မေ့လျော့ခြင်းသို့ ရောက်ကြသည်နှင့် ဆင်းရဲကြကုန်၏။ မကြာမီပင် မြို့သည် သုဉ်းခြင်းသို့ရောက်လေ၏။

ထိုအခါ မုဆိုးနှင့် ရသေ့တို့သည် ထိုမြို့မှပြေး၍ ဗာရာဏသီ ပြည်သို့ လာရောက်၊ ရှေးနည်းအတိုင်း ဗာရာဏသီ ပျက်စီးလေ၏။

တစ်ဖန် သာကေတပြည်သို့ ရောက်လာကြပြန်၏။ မင်းသည် လည်း ၎င်းတို့အား ချီးမြှောက်ထောက်ပံ့လျက် များစွာသောသေတို့ကို ချက်စေကုန်၏။ သေတို့ကို အိုးကြီးငါးရာနှင့် ထည့်၍ ကြွက်တို့ မသောက်စိမ့်သောငှာ ထိုအိုးတို့အနီး၌ ကြောင်တို့ကို ချည်ထား၏။ ဝေ၍ကျသော သေရည်တို့ကို ကြောင်တို့သည် သောက်၍ ယစ်သည် နှင့် အိပ်ပျော်ကြလေ၏။ ထိုအခါ ကြွက်တို့သည် လာရောက်၍ ထို ကြောင်တို့၏ နားနှာခေါင်း၊ အမြီးတို့ကို ကိုက်စား၍ သွားကြကုန်၏။

ထိုအခါ မှူးမတ်တို့က ကြောင်တို့သည် သေကိုသောက်သဖြင့် သေလေကုန်ပြီဟု မင်းအားလျှောက်သော် အဆိပ်ဖြစ်လတ္တံ့ဟု မုဆိုး

နှင့် ရသေ့တို့၏ဦးခေါင်းကို ဖြတ်စေ၏။ ထိုနစ်ယောက်လည်း အရှင်မင်းကြီး၊ အလွန်ချိုမြိန်ပါ၏ဟု ဆိုမြည်တမ်းလျက်သာ သေလေကုန်၏ ။

သေပြီးနောက် မကြာမီပင် ကြောင်တို့သည် အယစ်ပြေသဖြင့် ထ၍ ကစားမြူးထူးကြ၏။ ထိုအခါမှ မင်းသည် အဆိပ်မဟုတ်ကြောင်းကိုသိ၍ သေသောက်အံ့ဟု မြို့ကို တန်ဆာဆင်ယင် မဏ္ဍပ်ဆောက်၍ မှူးမတ်တို့နှင့်တကွ သေသောက်အံ့ဟု အားထုတ်လေ၏။

ထိုအခါ သိကြားမင်းသည် လူ့ပြည်သို့ ကြည့်မြင် လူအပေါင်းတို့ ပျက်စီးခြင်းကို တားမြစ်အံ့ဟု ထိုမင်း၏ရှေ့ ကောင်းကင်၌ပုဏ္ဏားအသွင်ဖြင့် ရပ်လာ၏။ ပြီးမှ သေအိုးတစ်လုံးကို လက်ဝါးပြင်၌ထား၍ ဤအိုးကို ဝယ်ကြလော့ဟု ဆိုလာ၏။

ထိုအခါ မင်းကြီးက မည်သို့သောအိုးဖြစ်ကြောင်း မေးမြန်းလျှင် သိကြားက အောက်ပါအတိုင်း ပြောကြားပေ၏။

(က) အခြားမဟုတ် သေအိုးဖြစ်၏။ ထိုသေ၏ သတ္တိမှာ သောက်၍သွားလျှင် ဖဝါးလှမ်းတိုင်းလဲရာ၏။ ကမ်းပါးပြတ်၊ တွင်း၊ လိုဏ်ခေါင်း၊ ရွံ့ညွန်စေး၊ ဆန်ဆေးရည် စသည်တို့ကိုသွန်ရာသို့ ကျတတ်၏။

(ခ) မစားသင့်သော အစားအသောက်တို့ကို စားသောက်မိတတ်၏။

(ဂ) သောက်မိလျှင် စိတ်ကိုအစိုးမရဘဲ အဟောင်းဖြစ်သော မြက်ဖတ်တို့ကိုစားသော နွားကဲ့သို့ ဖြစ်၏။

(ဃ) ကိုးကွယ်ရာမရှိသောသူကဲ့သို့ လှည့်လည်တတ်၏။

(င) သီခြင်း၊ ကခြင်းကို အရှက်အကြောက်မရှိ ပြုတတ်၏။

(စ) တိတ္ထိတက္ကတွန်းကဲ့သို့ အဝတ်အစားမရှိ၊ ရွာ၌လည်းကောင်း၊ ခရီးတို့၌လည်းကောင်း လှည့်လည်တတ်၏။

(ဆ) တွေဝေသောစိတ်ရှိသည်ဖြစ်၍ အလွန်အကျူး အိပ်တတ်၏။

(ဇ) မထိန်းသိမ်းဘဲ ခေါင်းခါ၊ ခြေခါ၊ လက်ခါ လှုပ်ရှားလျက် ကသကဲ့သို့ သွားတတ်၏။

(ဈ) သေကိုသောက်သဖြင့် မီးလောင်၍ သေတတ်၏။ မြေခွေးတို့ စားကုန်ရာ၏။

(ည) နှောင်ဖွဲ့ခြင်း၊ သတ်ပုတ်ညှဉ်းဆဲခြင်း၊ စည်းစိမ်ယုတ်ခြင်းသို့ ရောက်တတ်ကုန်၏။

(ဋ) သဘင်အလယ်၌ မဆိုအပ်သောစကားကို ဆိုမိ၍ အဝတ်အချည်းစည်းဖြစ်လျက်။ မိမိ၏အန်ဖတ်၌လဲသဖြင့် အန်ဖတ်ဖြင့် လိမ်းကျံကာ အိပ်ရ၏။

(ဌ) သေယစ်လျှင် နီသောမျက်စိရှိလျက် စိတ်တက်ကြွပြီးလျှင် ငါနှင့်တူသောသူ ဇမ္ဗူတွင်မရှိ၊ ငါအမြတ်ဆုံးဟု မာန်တက်ကြွတတ်၏။

(ဍ) ပကတိသော မာန်၊ အလွန်သော မာန်မူခြင်းတို့ကိုပြုတတ်၏။ ငြင်းခုံခြင်း၊ ကုန်းတိုက်ခြင်း၊ အဆင်းမလှခြင်း၊ အဝတ်မရှိခြင်း၊ ပြေးလွှားခြင်းတို့ကို ပြုတတ်၏။

(ဎ) ခိုးသူအဖြစ် သေသောက်ကြူးအဖြစ်သို့ ရောက်တတ်၏။

(ဏ) အမျိုးစည်းစိမ် အရောင်အဝါတို့ဖြင့် တင့်တယ်သော အမျိုးတို့၏ အမွေခံပြတ်ခြင်းကို ပြုတတ်၏။

(တ) အမျိုးတို့၌ လယ်ယာမိုးမြေ၊ မြင်းနွား၊ ရွှေငွေ စသော ဥစ္စာပစ္စည်းတို့ကို ပြုန်းတီးပျက်စီးစေတတ်၏။

(ထ) သေသောက်မိလျှင် တွေဝေမိုက်မဲခြင်းသို့ ရောက်သည်ဖြစ်၍ အမိအဖတို့ကို ဆဲရေးမိတတ်၏။ ယောက္ခမ၊ ချွေးမတို့ကို ကျူးလွန်မိတတ်၏။

(ဒ) သေသောက်မိလျှင် ရဟန်း၊ ပုဏ္ဏား စသော သူတော်ကောင်းတို့အား ဆဲရေးသတ်ပုတ် ညှဉ်းဆဲတတ်၏။ ကိုယ်နှုတ်နှလုံးတို့ဖြင့် မကောင်းမှုကို ပြုတတ်သဖြင့် အပါယ်သို့ရောက်လေ၏။ သေသောက်သောမိန်းမသည် ယောက္ခမမိဘတို့ကို မရိုသေဘဲ အကျင့်ဖောက်ပြန်တတ်၏။

(ဓ) ဥစ္စာရွှေငွေပေး၍ခိုင်းသော်လည်း မုသားကိုမဆိုတတ်သောသူသည် အကယ်၍ သေသောက်အံ့။ မုသားကို အလွယ်ဖြင့်ဆို၏။

(န) သတိကို မေ့လျော့စေ၏။ အရက်အကြောက်ကို မဲ့စေတတ်၏။ စကားများတတ်၏။

(ပ) အမျိုးယုတ်သူနှင့်အတူ ပေါင်းသင်း၍ အိပ်တတ်၏။ အစာရေစာမရှိ၊ ဆင်းရဲစွာ မြေ၌အိပ်ရခြင်း၊ အဆင်းမလှခြင်း၊ ကဲ့ရဲ့ခြင်းသို့ ရောက်တတ်၏။

(ဖ) သေကိုသောက်သဖြင့် ငိုက်စိုက်ကျသော လည်ရှိသည်ဖြစ်၍ လည်၌ဖွဲ့သော ယန္တရားဖြင့် ညှဉ်းဆဲအပ်သောနွားမတို့ကဲ့သို့ အိပ်ရ၏။ သေကဲ့သို့ လူကိုဖျက်တတ်သောအရာသည် မရှိ။

(ဗ) သေကိုသောက်သဖြင့် အဏ္ဏဝကမ္ဘာသားဖြစ်ကုန်သော ညီနောင်တစ်ကျိပ်တို့သည် သမုဒ္ဒရာအနီး၌ အချင်းချင်း ကျည်ပွေ့ဖြင့် ရိုက်ပုတ်ကြကုန်၏။

(ဘ) ဤသေကိုသောက်၍ အသူရာတို့သည် တာဝတိံသာမှ ရွေ့လျောရကုန်၏။

မြတ်သောမင်းကြီး ဤသည်တို့ကား ဤအိုးတွင်ပါသော သေ၏ အကျိုးအပြစ်တို့တည်းဟု ဆိုလေ၏။

ထိုအခါ သဗ္ဗမိတ္တမင်းကြီးသည် အပြစ်ကိုပြလာသော ပုဏ္ဏားအား များစွာနှစ်သက်ကျေးဇူးတင်သဖြင့် ကျေးရွာ၊ ကျွန်၊ မြင်း၊ နွား၊ ရထား၊ ဥစ္စာများစွာတို့ကို ပေးပေ၏။

ထိုအခါ သိကြားမင်းသည် မိမိသိကြား.ဖြစ်ကြောင်းပြ၍ မြတ်သောမင်းကြီး၊ ငါသည် သိကြားတည်း။ သင်ပေးအပ်သောဥစ္စာတို့ကို အသင်သာယူပါလော့၊ သေအရက်ကိုမသောက်လင့်။ အခြားများမြတ်သော သားပြွမ်းထမင်း၊ ဃနာထမင်း၊ တင်လဲ၊ ပျား၊ သကာ၊ မုန့်ပဲတို့ကိုသာ သုံးဆောင်လေလော့။ ဤအပြစ်များစွာသော သေရည်ကို ရှောင်လေလော့ဟုဆို၍ နတ်ပြည်သို့ ပြန်လေ၏။

မင်းကြီးလည်းသေအိုးတို့ကို ခွဲစေ၏။ သို့ရာတွင် သေသောက်ခြင်းအမှုသည်ကား ဖြစ်တည် ပြန့်ပွားလေသည်သာလျှင်သတည်း။

ဇာတ်ပေါင်းသော်–
သဗ္ဗမိတ္တမင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
သိကြားသည် ဘုရား ဖြစ်လာ၏။

❒

## တိံသနိပါတ်

### ၂၃၈။ ဇယဒ္ဒိသဇာတ် ၃
(ဇယ = အောင်နိုင်ခြင်း။ ဒိသ = ရန်သူ)

### အလီနသတ္တုမင်းသားအကြောင်း
(အလီန = မတွန့်မကြောက်သော။ သတ္တု = ရန်သူ။)

မြတ်စွာဘုရားသည် ပုပ္ဖာရုံကျောင်း၌ နေတော်မူစဉ် အမိအဖကို လုပ်ကျွေးသော ရဟန်းတစ်ပါးကိုအကြောင်းပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ကပိလတိုင်း ဥတ္တရပဉ္စာလမြို့၌ ပဉ္စာလမည်သော မင်းကြီး၏ မိဖုရားသည် သားဖွားရာတွင် ရှေးဘဝက ရန်သူမိန်းမဖြစ်၍ ထိုမိဖုရား၏သားတို့ကို စားရလိုသောဟု ဆုတောင်းခဲ့ဖူးသော ဘီလူးမသည် လာရောက်လုယူစားလေ၏။ ဒုတိယသားကိုလည်း ဤသို့ပင်စား၏။ တတိယသားကိုကား မြဲမြံစွာ အစောင့်အရှောက်နှင့် ထား၏။

ထိုအခါ ဘီလူးမသည် လုယူပြန်ရာ အစောင့်အရှောက်တို့သည် မိဖုရားပေးသောအမှတ်ဖြင့် လိုက်သည်ဖြစ်၍ ပြေးလွှားရသည်တွင် သားငယ်သည် မိခင်အမှတ်ဖြင့် ဘီလူးမ၏နို့ကို စို့၏။ ဘီလူးမလည်း သားရင်းကဲ့သို့ချစ်လေသည်နှင့် သုသာန်သို့ ယူဆောင် လူသားဖြင့် ကျွေးမွေး၍ ကြီးစေ၏။

ထိုသူငယ်ကြီးသော် ဘီလူးမ၏သားပင်ဟု မှတ်ထင်လျက်ရှိ၏။ ဘီလူးမကလည်း ကိုယ်ပျောက်နိုင်သော ဆေးကို ပေး၍ထား၏။ ကာလကြာသော် ဘီလူးမ သေခဲ့၏။

ထိုအခါ ဘီလူးမသားသည် ဆေးမြစ်ပျောက်၍ ကိုယ်ကို မဖျောက်နိုင်ရကား လူတို့တွေ့မြင် လိုက်လံကြသည်နှင့် တောနက်ရာသို့ ပြေးဝင်ပြီးလျှင် ခရီးသွားတို့ကိုဖမ်းစားကာ နေ၏။

မိဖုရားကြီးမှာလည်း စတုတ္ထသားကိုဖွားရာ ဘီလူးမ၏ရန်ကို အောင်ပြီဖြစ်၍ ဇယဒိသဟု တွင်၏။ ထိုမင်းသားကြီး၍ ထီးနန်းကို စိုးစံသောအခါ အလီနသတ္တုမည်သောသားကို အိမ်ရှေ့အရာပေးထား၏ ။

တစ်နေ့သော် ဇယဒိသမင်းသည် သမင်လိုက်ထွက်ရာ ထိုသို့ထွက်ကာမျှ၌ တက္ကသိုလ်ပြည် အမိအဖကို လုပ်ကျွေးသော နန္ဒမည်သော ပုဏ္ဏားတစ်ယောက်သည် တစ်ဂါထာလျှင် တစ်ရာစီထိုက်သော

လေးဂါထာကိုယူခဲ့၍ မင်းအား ဖူးမြင်လာ၏။ ထိုအခါ မင်းကြီးက ငါပြန်လာမှ အသင်၏ဂါထာကို နာအံ့ဟုဆို၍ ပုဏ္ဏားအား အလုပ်အကျွေးနှင့် ထားခဲ့ပြီးလျှင် သမင်လိုက်ထွက်လေ၏။

မင်းကြီး၏တာမှ ချေတစ်ကောင်လွတ်သွားသည်ကိုတစ်ယောက်တည်းလိုက်သဖြင့် အဖော်ကွဲနေစဉ် ထိုဘီလူးနှင့်တွေ့ရှိ စားမည်ရှိရာ နန္ဒပုဏ္ဏားအားပေးခဲ့သော ကတိကို သတိရသဖြင့် ပုဏ္ဏားထံမှ ဂါထာကိုယူ၍ များစွာသောဥစ္စာကိုပေးရန် ဝန်ခံကတိပြုခဲ့ခြင်းကိုဖြည့်ရန် လွှတ်ပါမည့်အကြောင်း၊ ပြီးမှတစ်ဖန် အစားခံလာရောက်မည့်အကြောင်း ခွင့်တောင်းလေ၏။ ဘီလူးလည်း ဝန်ခံချက်ကိုယူ၍ လွှတ်လိုက်၏။

မြို့တော်သို့ပြန်ရောက် ပုဏ္ဏား၏အလိုကို ဖြည့်ပြီးနောက် သားတော်ကို အကျိုးအကြောင်းပြောပြ၍ ထီးနန်းကို အပ်လေ၏။ သားတော် အလီနသတ္တုကလည်း ခမည်းတော်အတွက် မိမိသွား၍အစားခံရပါမည့်အကြောင်း အကြိမ်ကြိမ် တောင်းပန်လေရကား၊ သားတော်၏ အစွမ်းကိုလည်း ယုံကြည်တော်မူသည်နှင့် အခွင့်ပေးလိုက်၏။

မင်းသားထွက်လာသောအခါ မယ်တော်၊ နမတော်၊ အိမ်ရှေ့မိဖုရားတို့သည် ငိုကြွေးလျက် ဆုတောင်းမေတ္တာ ပို့လိုက်ကြ၏။

သားတော်လည်း ဘီလူးထံသို့ရောက်လျှင် ခမည်းတော်အတွက် အစားခံရန်လာကြောင်း ပြောပြလေ၏။

ဘီလူးလည်း ထိုရဲရင့်သောမင်းသားကို မြင်လျှင် အဆွေ၊ သင်သည် သေရမည်ကိုမကြောက်သလောဟု မေး၏။ သင်္ခါရတရားကို သေချာစွာသိမြင်သော ငါသည် သေရမည်ကို အဘယ်ကြောင့်ကြောက်အံ့နည်းဟု ဆို၏။

ထိုအခါ ဘီလူးသည် ရဲရင့်တည်ကြည်သောမင်းသားကို မစားဝံ့သည်နှင့် ဥပါယ်တံမျဉ်ဖြင့် ပြေးခွင့်ရအောင်ပြုအံ့ဟု အသင်မင်းသား၊

ငါသည် သင့်ကိုစားအံ့။ သင်သည် ထင်းတို့ကို တောသို့ရှာ၍ မီးပြုလော့ဟု ဆိုလေ၏။

မင်းသားလည်း နှောင့်နှေးခြင်းမရှိ၊တောတွင်ထင်းရှာ၍ မီးထည့်ပြီးမှ လာရောက်၍ ပြီးကြောင်းပြော၏။

ဘီလူးလည်း များစွာအံ့ဩကြောက်လန့်လျက် ကြည့်၍သာနေ၏။ မင်းသားက အကြိမ်ကြိမ် စားရန်တိုက်တွန်းလေသော် ဘီလူးက အသင်မင်းသား၊ အသင်ကဲ့သို့သောသူကို ငါမတွေ့ဖူးချေ။ အသင်ကဲ့သို့ ရဲရင့်တည်ကြည် သီလတည်သောသူကိုစားအံ့။ ငါ၏ဦးခေါင်းခုနစ်စိတ် ကွဲရာ၏ဟု ဆိုလေ၏။

မင်းသားက ထိုသို့လျက် အဘယ်ကြောင့် ငါ့ကို မီးထည့်စေသနည်းဟု မေးသော် သင် ပြေးခွင့်ရအောင် ပြုခြင်းသာတည်းဟုဆို၏။

ထိုအခါမှ မင်းသားက ယခုလူ့ဘဝတွင် မဆိုလင့်ဦး၊ တိရစ္ဆာန်ယုန်မင်းဘဝကပင် သိကြား၏စုံစမ်းခြင်းကို အခွင့်မပေးသည်သာတည်းဟု ဆို၏။ (စတုကနိပါတ်၊ ဇာတ်တော်နံပါတ်ရင်း ၁၆ ကိုကြည့်။)

ထိုအခါ ဘီလူးသည် မစားဝံ့တော့ဘဲ မင်းသားကို လွှတ်လေ၏။ မင်းသားလည်း ဘီလူးစင်စစ် ဟုတ်၏လောဟု ဆင်ခြင်သော် မျက်စိမနီ၊ မျက်တောင်ခတ်၏။ အရိပ်ထွက်၏။ ကြောက်တတ်၏ဟု သိမြင်မှ လူဖြစ်ကြောင်းသိရ၏။ ပြီးမှတစ်ဖန် ငါ့ခမည်းတော်၏ နှောင်တော်သုံးယောက်ကို ဘီလူးမယူ၏ဟုကြား၏။ ကေန်၊ နောက်ဆုံးတစ်ယောက်ဖြစ်ရာ၏ဟု ကြံပြီးလျှင် အချင်း ပေါရိသာဒ(လူသားစား)၊ သင်သည် ဘီလူးမဟုတ်၊ လူတည်း။ စင်စစ်သော်ကား ငါ၏ဘကြီးတည်းဟု အလုံးစုံကို ပြန်ကြား၏။

ပေါရိသာဒလည်း မယုံကြည်နိုင်သဖြင့် အနီးအနားရှိ ဒိဗ္ဗစက္ခုရသေ့ထံ ခေါ်သွား၍ အမှန်ကို မိန့်စေတော်မူမှ ယုံကြည်လေ၏။

မင်းသားက တိုင်းပြည်သို့ မင်းပြုရန် ခေါ်သောအခါ ချစ်သား၊ သင်သာသွားလေတော့။ ငါသည် တစ်ဘဝတည်း၌ပင် နှစ်ပါးပြား သောကိုယ်ရှိ၏။ ငါသည် မင်းအဖြစ်ကို အလိုမရှိပြီ။ ဤဒိဗ္ဗစက္ခုရသေ့ ထံ၌သာ ရသေ့ရဟန်းပြုတော့အံ့ဟု ဆို၍ ရသေ့ပြုလေ၏။

မင်းသားလည်း ခမည်းတော်ထံပြန်ရောက်၍ အကြောင်းအလုံးစုံ ကိုလျှောက်သော် ခမည်းတော်ကိုယ်တိုင် ထိုရသေ့ထံသို့ လာခဲ့၏။ ထီးနန်းကို ပေးသော်လည်း လက်မခံလေ။ ဥယျာဉ်တော်သို့ ကြွရောက် သီတင်းသုံးရန် တောင်းပန်သောအခါလည်း မလိုက်လိုသည်နှင့် ထို ရသေ့ ကျောင်းအနီး၌ ရွာတည်ပေး၍ ဆွမ်းဝတ်တို့ကို ပြုစေလေ သတည်း။

ဇာတ်ပေါင်းသော်–

မယ်တော် ခမည်းတော်တို့သည် သာကီဝင်မျိုး ဖြစ်လာ၏။

ဒိဗ္ဗစက္ခုရသေ့သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

ပေါရိသာဒသည် အင်္ဂုလိမာလ ဖြစ်လာ၏။

နှမငယ်သည် ဥပ္ပလဝဏ် ဖြစ်လာ၏။

အိမ်ရှေ့မိဖုရားသည် ရာဟုလာမယ်တော် ဖြစ်လာ၏။

အလီနသတ္တုသည် ဘုရားဖြစ်လာ၏။

❐

# တိံသနိပါတ်

## ၂၃၉။ ဆဒ္ဒန္တဇာတ် ၄

## ဆဒ္ဒန်ဆင်မင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း တရားဟောပလ္လင်၌ တရားဟောနေတော်မူစဉ် မိန်းမငယ်တစ်ယောက်သည် အတိုင်းအရှည်မရှိသော ဘုန်းတော် ပါရမီတော်ကြောင့်ဖြစ်သော မြတ်သောအဆင်းတော်ကိုကြည့်၍ သံသရာ၌ ကျင်လည်ရသောငါသည် ဤယောကျ်ားမြတ်၏မယား ဖြစ်ဖူး၏လောဟု ဇာတိဿရဉာဏ်ဖြင့် ဆင်ခြင်သော် ဆဒ္ဒန်ဆင်မင်း၏ဘဝ၌ မယားဖြစ်ဖူးကြောင်းမြင်လျှင် ဝမ်းမြောက်သည်ဖြစ်၍ ပြုံး၏။ တစ်ဖန် ထိုမယားဖြစ်စဉ်က ထိုဆင်မင်း၏အကျိုးကို ပြုသလော အပြစ်ကိုပြုသလောဟု ဆင်ခြင်ပြန်သော် အပြစ်ပြုမိကြောင်းမြင်မှ စိတ်မချမ်းမသာ၍ ငိုလေ၏။

ထိုသို့ ပြုံးသည်ငိုသည်ကို မြတ်စွာဘုရား မြင်တော်မူ၍ ပြုံးတော်မူသည်ကို ရဟန်းတို့က မေးလျှောက်သည်ဖြစ်၍ အောက်ပါအတိတ်ဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဟိမဝန္တာအရပ် ဆဒ္ဒန်အိုင်အနီး ရွှေဂူ၌ ကိုယ်လုံးဆွတ်ဆွတ်ဖြူ၍ ကြီးမားတင့်တယ် ရှုချင်ဖွယ်သော ဆဒ္ဒန်ဆင်မင်းသည် ရှစ်ထောင်သော ဆင်အခြွေအရံနှင့်နေ၏။ ထိုဆင်မင်း၌ စူဠသုဘဒ္ဒါ မဟာသုဘဒ္ဒါမည်သော မိဖုရားတို့ရှိကုန်၏။

တစ်နေ့၌ ဆင်မင်းသည် အင်ကြင်းပင်တစ်ခုကို ဦးကင်းဖြင့် ပွတ်တိုက်ရာ လေညာနံပါး၌နေသော စူဠသုဘဒ္ဒါ အထက်သို့ သစ်ကိုင်းခြောက် သစ်ရွက်ခြောက် ခါချဉ်တို့သည် ကျလေ၏။ လေကြေနံပါး၌နေသော မဟာသုဘဒ္ဒါအထက်သို့ကား အင်ကြင်းပန်းဝတ်မှုံတို့သည် ကျကုန်၏။ ထိုသို့ မတော်တဆဖြစ်ရသည်ကို စူဠသုဘဒ္ဒါသည်

ငါ့ကိုမုန်း၍ မဟာသုဘဒ္ဒါကိုချစ်သောကြောင့် ဤသို့ သက်သက်ကျ စေသည်ဟု အယူရှိပြီးလျှင် ရန်ငြိုးထားလိုက်လေ၏။

နောက်တစ်ဖန် ဆင်မင်းသည် ပဒုမ္မာကြာတစ်ပွင့်ကို သုဘဒ္ဒါ အား ပေးလိုက်သည်ကို စူဠသုဘဒ္ဒါမြင်လျှင် ချစ်သူကိုသာပေးသည် ဟု ရန်ငြိုးထပ်၍ ဖွဲ့ပြန်လေ၏။

တစ်နေ့၌ စူဠသုဘဒ္ဒါသည် ပစ္စေကဗုဒ္ဓါတို့အား သစ်သီးကြီး ငယ်တို့ကိုလှူ၍ ဤကောင်းမှုကြောင့် နောင်ဘဝ၌ ဗာရာဏသီမင်းတွင် သုဘဒ္ဒါမည်သော မိဖုရားကြီးဖြစ်၍ ဤဆင်မင်းကိုသတ်ပြီးသော် အစွယ်တို့ကိုယူနိုင်သောကိုယ် ဖြစ်ရပါလို၏ဟု ဆုတောင်းလေ၏။

ထိုသို့ဆုတောင်းပြီးနောက် အစာရေစာမယူ၊ ခြောက်ကပ်သဖြင့် မကြာမီ သေလေ၍ ဆုတောင်းသည့်အတိုင်း ဗာရာဏသီမင်း၏မိဖုရား ကြီးဖြစ်လေ၏။ မင်းကြီးလည်း အလွန်မြတ်နိုး၏။

ဆုတောင်းရှိသည်နှင့် ရှေးဘဝကို ထင်စွာမြင်၍ ဆင်မင်းကို သတ်လိုသည်ဖြစ်ရကား ဘုရင်အား မာယာအမျိုးမျိုးဖြင့် ဖြားယောင်း ပူဆာလျက် မိမိအလိုသို့လိုက်စေ၍ အလွန်ကြီးမား၊ ထွားကျိုင်းသန်မာ ရန့်ရင်းကြမ်းတမ်းသော သောဏုတ္တရမည်သော မုဆိုးကြီးကို ဆဒ္ဒန် ဆင်မင်း၏နေရာသို့ သွားရောက်နိုင်ရန် သေချာစေ့ငစွာပြောကြားညွှန်ပြ ပြီးနောက် မည်သည့်အခါတွင် မည်သည့်နေရာ၌ မည်သို့ ဆင်မင်းကို ပစ်သတ်ရန်တို့ကိုလည်း စုံလင်ကျနစွာ မှာကြားလိုက်လေ၏။

မုဆိုးလည်း လိုအပ်သော လက်နက်တန်ဆာပလာ စားရေ ရိက္ခာတို့ကို ယူ၍သွားလေရာ အလွန်ခဲခက်သောခရီးဖြစ်၍ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ကြာမှ ဆဒ္ဒန်ဆင်မင်းနေရာသို့ ရောက်လေ၏။

ရောက်လျှင် ဆင်မင်း၏အနေအစားကို သေချာစွာ ကြည့်ရှု သော် ဆဒ္ဒန်အိုင်မှ ရေချိုးပြီးနောက် တက်လာ၍ ပညောင်ပင်ကြီး

အောက်၌ ရပ်နားနေတတ်သည်ကို သိရလေ၏။ ထိုအခါ ထိုနေရာ၌ တွင်းတူးပြီးလျှင် အပေါ်က ပျဉ်ချပ်တို့ကို ဖုံးလွှမ်း၍ ထိုပျဉ်ချပ်ကို အထက်က မြေတို့ကို တွင်းမရှိယောင် ဖုံးလွှမ်းကြဲထားလျက် မြားထွက်သာရုံ အပေါက်ငယ်တစ်ခု ဖောက်ထား၏။ ပြီးမှ မုဆိုးသည် ဖန်ရည်စွန်းသောအဝတ်တို့ကို ဝတ်၍ ထိုတွင်းထဲမှ ပုန်းအောင်းစောင့်နေလေ၏။

ဆင်မင်းလည်း အခြွေအရံနှင့် ရေချိုးရာမှ တက်လာပြီးလျှင် ထိုတွင်းနှင့်တည့်တည့်အထက်၌ ခါတိုင်းကဲ့သို့ ရပ်နေလေ၏။ ထိုအခါ မုဆိုးသည် ဆိပ်လူးမြားဖြင့်ပစ်လိုက်ရာ ချက်မှဖောက်၍ ကောင်းကင်သို့ ထွက်လေ၏။

ဆင်မင်းသည် ပြင်းစွာသောဝေဒနာကိုရလျက် သည်းစွာသောအသံဖြင့် သုံးကြိမ်မြည်ဟီးလေ၏။ ဆင်အပေါင်းတို့လည်း ဘေးရှိကြောင်းသိသဖြင့် ရန်သူကို ဖမ်းအံ့ဟု ပြေးထွက်ကြကုန်၏။ မဟာသုဘဒ္ဒါဆင်မ သာလျှင် ဆင်မင်းကို တွဲမှီ၍ ကျန်ရစ်၏။

ထိုအခါ ဆင်မင်းသည် အကယ်၍ နောက်ထပ်မြားလာသော် ဆင်မိဖုရားကို ထိမည်စိုးသည်နှင့် သုဘဒ္ဒါ၊ ရှစ်ထောင်သောဆင်တို့သည် ငါ၏ရန်သူကိုရှာရန် သွားကြလေပြီ။ သင်ကား အဘယ်ကြောင့် မသွားသေးသနည်းဟု ဆိုလေ၏။ သုဘဒ္ဒါလည်း အရှင်ဆင်မင်း၊ ဖေးမရန် ကျန်ခဲ့ခြင်းသာဖြစ်ပါသည်ဟုဆို၍ ထွက်သွားလေ၏။

ထိုအခါ ဆင်မင်းသည် ယခုမြားသည် အောက်မှနေ၍လာ၏။ ထို့ကြောင့် ရန်သူသည် အောက်တွင်ရှိရာ၏ဟု ခြေဖြင့်လှပ်သည့်ရှိသော် ပျဉ်ချပ်ပေါ်၍ မုဆိုး ငုတ်တုတ်ပေါ်လေ၏။ သတ်အံ့ဟု နှာမောင်းဖြင့် ငင်သည်ရှိသော် မုဆိုးသည် သင်္ကန်းကို နှာမောင်းထက်သို့ တင်လေ၏။

ဆင်မင်းသည် သက်န်းကိုမြင်သော် သူတော်သူမြတ်တို့၏ အဝတ်တည်း။ထိုအဝတ်ကို ငါရိုသေအပ်၏ဟု အမျက်ကိုဖြေ၍ မုဆိုးအား အသင်မုဆိုး၊ ဤအဝတ်သက်န်းသည် မသူတော်တို့နှင့် မထိုက်။ သူတော်သူမြတ်တို့နှင့်သာထိုက်၏။ သင်သည် အဘယ်ကြောင့် ငါ့ကို သတ်သနည်းဟု မေးတော်မူ၏။ စူဠသုဘဒ္ဒါက အစွယ်ကိုလို၍ အသတ်ခိုင်းသဖြင့် သတ်ရပါကြောင်း အလုံးစုံကို ပြန်ကြားလျှောက်ထား၏။

ဆင်မင်းလည်း စူဠသုဘဒ္ဒါ၏လက်ချက်ဟု ထင်လင်းစွာသိသည်နှင့် အသင်မုဆိုး၊ သုဘဒ္ဒါသည် ငါ၏အစွယ်ကိုလိုသည်မဟုတ်၊ ငါ့ကိုသတ်လို၍ မာယာဖြင့် အသတ်ခိုင်းခြင်းဖြစ်သည်။ စင်စစ် အစွယ်ကိုလိုအံ့။ ငါတို့၏ရွှေဂူ၌ ငါတို့၏ ဘိုးဘွားမိဘတို့၏အစွယ်တို့ များစွာရှိသည်ကို သုဘဒ္ဒါ ကောင်းစွာသိ၏။ ကောင်းပြီ၊ အသင်မုဆိုး၊ သုဘဒ္ဒါအလိုအတိုင်း ယခုပင် လွှဖြင့်ဖြတ်၍ယူလော့ဟု မုဆိုးမီသာအောင် ကိုယ်ကိုညွတ်၍ ဦးဆောက်ဝပ်ပေးလေ၏။

မုဆိုးလည်း လွှကို ခံတွင်းသို့သွင်း၍တိုက်ရာ သွေးတို့သည် ချောင်းရေကျသကဲ့သို့စီးကျ၏။ သို့ရာတွင် အရာမျှထင်အောင် မတိုက်နိုင်လေ။

ထိုအခါ ဆင်မင်းက အချင်းမုဆိုး၊ သင်မဖြတ်နိုင်သော် ငါဖြတ်၍ပေးအံ့။ ငါ၏နှာမောင်းကို မသယ်နိုင်ရှိခဲ့ပြီ။ နှာမောင်းကိုချီ၍ လွှအစွန်းကို ကိုင်စေလော့ဟု ဆို၏။ မုဆိုးလည်း ဆိုတိုင်းပြု၏။ ထိုအခါ ဆင်မင်းသည် သတိဆောင်၍ နှာမောင်းဖြင့် လွှကို ထိုမှဤမှလှုပ်ရာ လွယ်ကူစွာဖြင့် ပြတ်လေ၏။

ထို့နောက် ဆင်မင်းသည် အသင်မုဆိုး၊ ဤအစွယ်တို့ကို ငါ မနှစ်လို၍ လှူသည်မဟုတ်။ လူ၊ နတ်၊ ဗြဟ္မာတို့၏ စည်းစိမ်ကိုလည်း

ရည်၍ ပေးလှူသည်မဟုတ်။ သဗ္ဗညုတဉာဏ်ကိုလို၍ ပေးလှူခြင်း ဖြစ်၏ဟု ဆိုကာ ပေးလှူပေ၏။

ပြီးမှ အသင်သည် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်လာခဲ့ရသည့် ခရီးကို ဤအစွယ်၏တန်ခိုးတို့ကြောင့် ခုနစ်ရက်ဖြင့် ဗာရာဏသီသို့ ရောက်လတ္တံ့ဟုဆို၍ အရံအတား ပရိတ်တို့ကိုပေး၍ လွှတ်လိုက်လေ၏။

ဆင်မိဖုရားနှင့် ဆင်အပေါင်းတို့ ပြန်ရောက်သော် ဆင်မင်း အနိစ္စရောက်နှင့်သည်ကို တွေ့၍ ပြင်းစွာငိုကြွေးကြလျက် ပစ္စေကဗုဒ္ဓါတို့အား ပင့်ဖိတ်၍ ဆင်မင်း၏အလောင်းကို ကောင်းမွန်ကြီးကျယ်စွာ သင်္ဂြိုဟ်ကြလေသတည်း။

မုဆိုးလည်း ခုနစ်ရက်ဖြင့်ပြန်ရောက်၍ ဆင်မင်းကို မည်သို့ သတ်ပုံ၊ မည်သို့အစွယ်တို့ကိုယူပုံ၊ ဆင်မင်းမှာပုံများကို အလုံးစုံ ပြန်ကြားလျှောက်ထားလျက် ဆင်စွယ်အစုံကို စူဠသုဘဒ္ဒါအား ဆက်လေ၏။

သုဘဒ္ဒါလည်း ခြောက်ပါးသောရောင်ခြည်တို့ဖြင့် ဆန်းကြယ်စွာသော အရောင်တို့ကို ပတ္တမြားစီယပ်ဖြင့်ခံ၍ ပေါင်ထက်၌ထားလျက် ရှေးဘ၀က မိမိ၏ချစ်လှစွာသော လင်၏အစွယ်တို့ကို ကြည့်သည်ရှိသော် ဤမျှတင့်တယ်မြင့်မြတ်တော်မူပေသော ချစ်လင်ဆင်မင်းကို ငါသည် သတ်ရက် သတ်မိလေပြီတကားဟု အောက်မေ့ပူဆွေးလှရကား။ နှလုံးကွဲ၍ ထိုနေ့ပင် သေဆုံးရလေသတည်း။

ဇာတ်ပေါင်းသော်–

စူဠသုဘဒ္ဒါသည် ရဟန်းမိန်းမငယ် ဖြစ်လာ၏။

သောဏုတ္တရမုဆိုးသည် ဒေ၀ဒတ် ဖြစ်လာ၏။

ဆဒ္ဒန်ဆင်မင်းသည် ဘုရား ဖြစ်လာ၏။

❐

# တိံသနိပါတ်

## ၂၄၀။ မဟာကပိဇာတ် ၆
(မဟာ = ကြီးမြတ်သော။ ကပိ = မျောက်။)

## ပုဏ္ဏားနှင့် မျောက်အကြောင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားအား ကျောက်ဖြင့်လှိမ့်ချ၍ သတ်ရန် လုံ့လပြုသည်နှင့်စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးလွန်လေပြီးသောအခါ ပုဏ္ဏားတစ်ယောက်သည် နွားပျောက်၍ နွားရှာရာ တော၌ မျက်စိလည်လမ်းမှားလျက် ၇ ရက်ပတ်လုံး အစာမစားရဘဲ နောက်မှ တည်ပင်တစ်ခုကိုတွေ့၍ တက်ရောက်၊ တည်သီးကိုစားစဉ်တွင် အလွန်နက်သော ချောက်ထဲသို့ လိမ့်ကျသွားလေ၏။

ချောက်တွင် အစာရေစာမရဘဲ ဆယ်ရက်မျှလွန်သော် မျောက်ကြီးတစ်ကောင်သည် တွေ့၍ သစ်သီးကြီးငယ်တို့ကိုပေးလျက် ပုဏ္ဏားကို ကျောက်ကုန်းတွင်ပိုး၍ ချောက်မှဆယ်တင်ပြီးလျှင် ကျောက်ဖျာတစ်ခု၌ နေစေ၏။

ပြီးမှ အို-ပုဏ္ဏား၊ ငါမောပန်းလှ၏။ တစ်ခဏမျှအိပ်အံ့။ ငါ့ကို စောင့်ပါလော့ဟုဆို၍ အိပ်ပျော်လေ၏။ ပျော်လျှင်ပင် ပုဏ္ဏားယုတ်သည် မျောက်ကြီးကို သတ်ရလျှင် စားရန်ရလတ္တံ့ဟု၊ မျောက်၏ ဦးခေါင်းကို ကျောက်ခဲဖြင့် ပေါက်ခွဲလေ၏။

မျောက်ကြီးလည်း လန့်နိုး၍ သစ်ပင်ထက်သို့ ပြေးတက်ပြီးမှ အသင်ပုဏ္ဏား၊ အသင်သည် ကျေးဇူးမဲ့တကား။ သို့ရာတွင် သင့်အား

လမ်းကိုပြမပေးလျှင် အသင်သည် ဤတောတွင် ပျက်စီးလတ္တံ့။ သို့ကြောင့် သစ်ပင်ထက်မှနေ၍ သင့်ကို လမ်းပြလိုက်အံ့ဟုဆို၍ လူတို့ခရီးသို့ရောက်အောင် ပို့လိုက်၏။

ပုဏ္ဏားသည် မျောက်မင်းကို ပြစ်မှားသော မကောင်းမှုကြောင့် နူ၍ ဘဝမခြားဘဲ လူပြိတ္တာဖြစ်လေ၏။ ဤသို့ ဆင်းရဲကြီးစွာဖြင့် ၇ ရက်မျှ လှည့်လည်လျက် ဗာရာဏသီပြည်မိဂါဇိန်ဥယျာဉ်သို့ ဝင်ပြီးလျှင် တံတိုင်းအကြား၌ ငှက်ပျောရွက်ကို ခင်း၍ အိပ်နေရလေ၏။

ထိုအခါ ဗာရာဏသီမင်းသည် ဥယျာဉ်လှည့်လည်ရာ ထိုသူကို တွေ့ရှိမေးမြန်းလေသော် အလုံးစုံအဖြစ်အပျက်တို့ ပြန်ကြား၍ အဆွေခင်ပွန်းကို ပြစ်မှားသဖြင့် နူသောအဖြစ်သို့ရောက်၍ ပျက်စီးရကြောင်းကို နောင်တရစွာဖြင့် လျှောက်ထားပေ၏။

ထိုသို့လျှောက်ထားပြီးသည်နှင့်တစ်ပြိုင်နက် ထိုပြိတ္တာကို မြေမျိုယူသွားလေသတည်း။

ဇာတ်ပေါင်းသော်–

ပုဏ္ဏားသည် ဒေဝဒတ် ဖြစ်လာ၏။

မျောက်သည် ဘုရား ဖြစ်လာ၏။

❐

# တိံသနိပါတ်

## ၂၄၁။ ပဏ္ဍရကဇာတ် ၈

## နဂါး၊ ဂဠုန်၊ တက္ကတွန်းတို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်သည် မုသားကိုဆိုသဖြင့် မြေမျိုခြင်းနှင့်စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ သမုဒ္ဒရာ၌ သင်္ဘောပျက်သဖြင့် ငါးရာကုန်သော သင်္ဘောသားတို့တွင် တစ်ယောက်တည်းသာရှင်၍ ထိုသူသည် လေ၏အဟုန်ဖြင့် ကရမ္ဗိယမည်သော သင်္ဘောဆိပ်သို့ ရောက်လာလေ၏။

ထိုသူသည် အဝတ်အစား တစ်စုံတစ်ရာမရှိဘဲ တက္ကတွန်းကဲ့သို့ သင်္ဘောဆိပ်သို့တက်လာသည်ကို လူတို့မြင်ကြလျှင် ဤရဟန်းကား အလိုနည်းပေ၏။ ရောင့်ရဲလွယ်ပေ၏ဟု ချီးမွမ်းကုန်၍ များစွာသော ပူဇော်သက္ကာရတို့ကိုပြုကြကုန်၏။ ထိုသူသည် ငါကား အသက်မွေးရန် အကြောင်းရပြီဟုကြံ၍ လူတို့က အဝတ်အစားပေးသော်လည်း မယူ၊ မဝတ်ဘဲ အချည်းစည်းသာနေ၏။

လူတို့လည်း ဤရဟန်းထက် အလိုနည်းသူမရှိပြီဟု ကြည်ညိုကြလျက် ကျောင်းဆောက်ကိုးကွယ်ထား၍ ကမ္ဗိယတက္ကတွန်းဟု ကျော်စော၏။

ထိုတက္ကတွန်းထံသို့ ဂဠုန်မင်း၊ နဂါးမင်းတို့လည်း လာရောက်ခစားလေ့ရှိ၏။ နဂါးမင်းကား ပဏ္ဍရကမည်၏။ တစ်နေ့၌ ဂဠုန်မင်းသည် တက္ကတွန်းသို့ ချဉ်းကပ်၍ အရှင်ဘုရား၊ အကျွန်ုပ်တို့ဂဠုန်

များသည် နဂါးကိုဖမ်းရာတွင် သေကျေပျက်စီးကြသည် များပါသည်။ ဖမ်းနည်းမမှန်၍ ဖြစ်ပါလိမ့်မည်။ သို့ကြောင့် နဂါးမင်းလာသောအခါ လျှို့ဝှက်သောဖမ်းနည်းကို မေးမြန်း၍ အကျွန်ုပ်အားပြောပါလော့ဟု ဆိုလေ၏။ တက္ကတွန်းလည်း ဝန်ခံလိုက်၏။

နဂါးမင်းလာသောအခါ တက္ကတွန်းကမေးလျှင် အကျွန်ုပ်တို့၏ ပျက်စီးရာပျက်စီးကြောင်းဖြစ်၍ မပြောလိုကြောင်း ငြင်းဆို၏။ တက္ကတွန်းလည်း နေ့ဆက်ရက်ဆက် အထပ်ထပ်ဖြားယောင်း၍ မေးလေရကား နဂါးမင်းသည် ထိုတက္ကတွန်းထံမှ သူတစ်ပါးအား မပြောပါဟူသောဝန်ခံခြင်းကို ယူပြီးမှ။

အရှင်ဘုရား၊ အကျွန်ုပ်တို့သည် လေးအောင် ကြီးသော ကျောက်ခဲတို့ကို ငုံ၍ ဂဠုန်တို့လာသောအခါ ခံတွင်းကိုဟ၍ ဂဠုန်တို့ကို ကိုက်အံ့သကဲ့သို့နေပါသည်။ ထိုအခါ ဂဠုန်တို့သည် အကျွန်ုပ်တို့၏ ဦးခေါင်းကိုဖမ်းယူလေရာ အလွန်လေးသည်ဖြစ်၍ အကျွန်ုပ်တို့ကို အလွယ်ဖြင့် မဆောင်ယူနိုင်ဘဲ ရေနစ်၍သေကြရပါသည်။ အကျွန်ုပ်တို့ကို ရအောင်ဖမ်းလိုလျှင် အမြီးကိုဖမ်း၍ စောက်ထိုးပြုလျက် အစာတို့ကို အန်စေခြင်းဖြင့် ပေါ့စေပြီးမှ ဖမ်းယူပါက အလွယ်နှင့် ရနိုင်ပါသည်ဟု တက္ကတွန်းအား ပြောပြလေ၏။

သစ္စာမစောင့်သော တက္ကတွန်းသည် ဂဠုန်လာသောအခါ အလုံးစုံ ပြောပြလေ၏။ ဂဠုန်လည်း နဂါးမင်းသည် မပြောအပ်သည်ကို မပြောအပ်သူအား ပြောပြဘိ၏။ နဂါးမျိုးတို့ ပျက်စီးလတ္တံ့။ ယခုပင် နဂါးမင်းကအစပြု၍ ဖမ်းအံ့ဟု အမြီး၌ဖမ်း၍ ကောင်းကင်သို့ ပျံတက်လေ၏။

နဂါးမင်းသည် ငါကား မပြောအပ်သည်ကိုပြောမိ၍ ဤဆင်းရဲကို ရ၏။ ငါ့ဆင်းရဲကို ငါပင်ပြုဘိ၏တကားဟု ငိုယို၏။

ဂဠုန်မင်းကလည်း နဂါးမင်း မှန်၏။ လောက၌ လျှို့ဝှက်အပ်သောစကားကို မည်သူ့အားမျှ မပြောရာ။ ပြောလျှင် စင်စစ် ပျက်စီးတတ်၏ဟု ဆို၏။

နဂါးမင်းကလည်း ငါသည် ထိုတက္ကတွန်း သီလရှိသည်ထင်၍ ပြောမိခြင်းဖြစ်၏။ ယခုမှ သီလမရှိကြောင်း သိရပါသည်။ ငါ၏ အသက်ကိုလွှတ်ပါလော့ဟု တောင်းပန်လေ၏။ ထိုအခါ ဂဠုန်မင်းသည် မိတ်ဖွဲ့၍ ကြည်နူးစွာပင် လွှတ်လိုက်၏။

ထို့နောက် ကာလအတန်ကြာသော် ဂဠုန်မင်းသည် နဂါးမင်းအား စုံစမ်းအံ့ဟု နဂါးပြည်သို့သွား၍ ဂဠုန်တို့၏ လေအဟုန်ကို ပြု၏။

ထိုအခါ နဂါးမင်းသည် ဂဠုန်မင်းကိုမြင်၍ ဖမ်းရန်လာသည်အထင်နှင့် အလံတစ်ထောင်ရှိသောကိုယ်ကို ဖန်ဆင်း၍ ကျောက်ခဲစသည်တို့ကို မျိုပြီးလျှင် အမြီးကိုအခွေ၏အောက်၌ ဝှက်ထား၍ အခွေထက်က ပါးပျဉ်းမိုးလျက် ဂဠုန်မင်းကို ကိုက်သတ်အံ့ဟု အသင့်ပြင်ဆင်ထားလေ၏။

ဂဠုန်မင်းက အဆွေ၊ ငါတို့သည် မိတ်ဖွဲ့ပြီးဖြစ်လျက် အဘယ်ရန်ကိုမြင်၍ ရန်ပြုနေသနည်းဟု မေး၏။

အဆွေ ဂဠုန်မင်း၊ ရန်သူ၌လည်းကောင်း အဆွေခင်ပွန်း၌လည်းကောင်း သတိကို မပြတ်ပြုအပ်၏။ အဆွေခင်ပွန်းမှသော်လည်း ဘေးဖြစ်တတ်၏။ ရှေးက ခိုက်ရန်ဖြစ်ဖူးသောသူတို့၌ကား အဘယ်ကြောင့် ကာကွယ်ခြင်းသတိကို မပြုဘဲနေအပ်အံ့နည်းဟု ဆိုပေ၏။

ပြီးမှ နှစ်ဦးညီညွတ်စွာ ပြောဟောကြ၍ တက္ကတွန်းထံသို့ သွားကြပြီးလျှင် နဂါးမင်းသည် တက္ကတွန်းအား ဟယ်-သီလသစ္စာမရှိသော တက္ကတွန်း၊ ယခု ငါသည် ဘေးမှလွတ်လေပြီ။ သင့်အားလည်း မေတ္တာပျက်လေပြီဟု ဆိုလေ၏။

တက္ကတွန်းကလည်း ငါသည် သင်၏လျှို့ဝှက်အပ်သောစကားကို မသိ မိုက်မဲ၍ ဂဠုန်မင်းအား ပြောသည်မဟုတ်။ စင်စစ်ကား ငါသည် ဂဠုန်မင်းကို ပို၍မေတ္တာရှိသောကြောင့်သာ ပြောခြင်းဖြစ်သည်ဟု ရက်ဆေးချေ ပြောလေ၏။

ထိုအခါ နဂါးမင်းက သင်သည် အဆွေခင်ပွန်းကိုလည်း ပြစ်မှားတတ်၏။ ကုန်းလည်းချောတတ်၏။ ဤငါဆိုသောသစ္စာစကားကြောင့် သင်၏ဦးခေါင်း ခုနစ်စိတ်ကွဲစေသတည်းဟု ကျိန်ဆဲလေ၏။

ထိုခဏ၌ တက္ကတွန်း၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲ၍ ထိုင်ရာအရပ်၌ပင် မြေမျိုသွားလေသတည်း။

ဇာတ်ပေါင်းသော်-
အစေလက တက္ကတွန်းသည် ဒေဝဒတ် ဖြစ်လာ၏။
ပဏ္ဍရကနဂါးသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ဂဠုန်မင်းသည် ဘုရား ဖြစ်လာ၏။

❐

# တိံသနိပါတ်

## ၂၄၂။ သမ္ဗုလာဇာတ် ၉

## သောတ္ထိသေနမင်းနှင့် သမ္ဗုလာမိဖုရားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မလ္လိကာမိဖုရားကြီးသည် ကောသလမင်းကြီးအား ရိုသေလေးမြတ်စွာ လုပ်ကျွေးကြောင်းကို ရဟန်းတို့ ချီးမွမ်းကြရာ ရှေးကလည်း ဤသို့ပင်ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၌ သောတ္တိသေနမည်သော သားတော်အိမ်ရှေ့မင်းသည် ရှိ၏။ ထိုအိမ်ရှေ့မင်း၏ မိဖုရားကြီးကား သမ္ဗုလာအမည်ရှိ၍ အကျင့်သီလနှင့် ပြည့်စုံ၏။ အထူးကား မြတ်သောအဆင်းကို ဆောင်သည်ဖြစ်၍ လေတိတ်ရာ၌ ထွန်းအပ်သော မီးလျှံကဲ့သို့ ထင်ရ၏။

တစ်ခါသော် အိမ်ရှေ့မင်း၌ နူနာစွဲကပ်ရာ ဆေးဝါးကုသသော်လည်း မရသည်နှင့် စည်းစိမ်ကိုစွန့်၍ တောထွက်ခဲ့၏။ သမ္ဗုလာမိဖုရားကြီးလည်း ယောက္ခမ မင်းမိဖုရား စသူတို့က တားမြစ်လျက်လည်း မနေရစ်ဘဲ အိမ်ရှေ့မင်းနောက်သို့သာလိုက်၍ သစ်သီးရှာဖွေလုပ်ကျွေး ဝတ်ကြီးဝတ်ငယ်တို့ကို ပြုကာနေလေ၏။

တစ်နေ့၌ သမ္ဗုလာဒေဝီသည် သစ်သီးရှာသွားရာတွင် ဒါနဝဘီလူးနှင့်တွေ့၍ ဘီလူးက တပ်မက်သည်နှင့် လက်ကိုဆွဲကိုင်ပြီးလျှင် မိမိမယားပြုရန် ဖြားယောင်းခြိမ်းခြောက်လေ၏။

မင်းသမီးလည်း ကြောက်လန့်တုန်လှုပ်လျက် နတ်တို့အား ငိုယိုတိုင်တန်းလေ၏။ ထိုအခါ သိကြားမင်းသည် နေရာတုန်လှုပ်၊ သိရှိ၊ ဘီလူး၏ထိပ်ထက်၌ရပ်လျက် ဟယ်-ရက်စက်ဘီလူး၊ ဤမိန်းမကား မိန်းမတကာတို့ထက် သာလွန်မြင့်မြတ်သော မိန်းမမြတ်တည်း။ မလွှတ်လျှင် သင်၏ဦးခေါင်းကို ဝရဇိန်လက်နက်ဖြင့် ခုနစ်စိတ်ခွဲအံ့ဟု ခြိမ်းခြောက်လေ၏။ ဘီလူးသည်လည်း ထိတ်လန့်၍ မင်းသမီးကို လွှတ်ရလေ၏။

သမ္ဗုလာသည် ထိုသို့ ဘီလူးဖမ်းထားသည်ဖြစ်၍ နေဝင်ခါနီးမှ သောတ္တိသေနကျောင်းသို့ ရောက်လာနိုင်လေ၏။ ထိုအခါ သောတ္တိသေနမင်းက အဘယ်ကြောင့် နောက်ကျကြောင်းမေးသော် အလုံးစုံကို ပြန်ကြားပေ၏။

ထိုအခါ သောတ္ထိသေနမင်းက အဘယ်၊ မိန်းမတို့သည် မာယာများလှ၏။ ဤဟိမဝန္တာတောဌ် မုဆိုး၊ ရသေ့၊ ဝိဇ္ဇာဓိုရ် စသောသူတို့သည် ပေါများကုန်၏။ သင့်အား ငါမယုံတကားဟုဆို၏။

သမ္ဗုလာကလည်း အရှင့်သား၊ အကျွန်ုပ်ကိုမယုံသော် သစ္စာပြုပါအံ့။ ထိုသို့သစ္စာပြုခြင်းဖြင့်လည်း အရှင်၏ရောဂါကို ကုစားပါအံ့ဟုဆို၍ ရေအိုးတစ်လုံးကိုကိုင်လျက်။

အကျွန်ုပ်သည် အရှင့်သားထက်ပို၍ မည်သူ့ကိုမျှ မချစ်ဖူးပါ။ သစ္စာကိုလည်း မဖျက်ဖောက်ပါ။ ဤအကျွန်ုပ်ဆိုသော သစ္စာစကားသည် အကျွန်ုပ်ကို အစဉ်စောင့်ပါစေသတည်း။ ဤဆိုသောသစ္စာစကားကြောင့် အရှင့်သား၏ နူနာရောဂါသည် ကင်းပါစေသတည်းဟု ဆို၍ ရေကို မင်းသားအထက်ဌ် လောင်းကာမျှဖြင့် အချဉ်ထိသော ကြေးညှိပျောက်ပြယ်သကဲ့သို့ နူနာရောဂါသည် ခဏချင်းဖြင့် ပျောက်ကင်းလေ၏။

ထိုသို့ပျောက်ကင်းပြီးနောက် သုံးလေးရက်နေ၍ တိုင်းပြည်သို့ ပြန်လာသောအခါ ခမည်းတော်သည် သားတော်အား ထီးနန်းပေးအပ်ပြီးလျှင် ရသေ့ရဟန်းပြု၍ ဥယျာဉ်တော်ဌ်ပင် နေလေ၏။

သောတ္ထိသေနမင်းသည် သမ္ဗုလာအား မိဖုရားကြီးအရာကို ကား ပေး၏။ သို့ရာတွင် မြတ်နိုးတနာမရှိဘဲ အခြားမိဖုရားငယ်တို့နှင့်သာ ပျော်ပါးမေ့လျော့၍ နေသည်နှင့် မိဖုရားကြီးမှာ စိတ်လက်မချမ်းမသာ ကြုံလှီဖျော့တော့သော ကိုယ်ရှိလျက် ထိုအကြောင်းကို ခမည်းတော်ရသေ့အား တိုင်ကြားလျှောက်ထားလေ၏။

ထိုအခါ ခမည်းတော်ရသေ့က သားတော်အား မိဖုရားကြီး၏ ကျေးဇူးသစ္စာ အကျင့်သိက္ခာဂုဏ်တို့ကို ဖော်ပြ၍ ဆုံးမလေမှ သောတ္ထိသေနသည် သမ္ဗုလာအားတောင်းပန်၍ မြတ်နိုးကြည်ညိုစွာ ချီးမြှောက်ထားလေသတည်း။

ဇာတ်ပေါင်းသော်–
သမ္မုလာသည် မလ္လိကာ ဖြစ်လာ၏။
သောတ္တိသေနသည် ကောသလမင်း ဖြစ်လာ၏။
ခမည်းတော်သည် ဘုရား ဖြစ်လာ၏။

❒

# တိံသနိပါတ်

## ၂၄၃။ ဘဏ္ဍုတိန္ဒုကဇာတ် ၁၀
## (ဘဏ္ဍု = ခေါင်းတုံး၊ ဦးပြည်း။ တိန္ဒုက = တည်ပင်။)

## တရားမစောင့်သော မင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ပသေနဒီကောသလမင်းကြီးအား ဆုံးမသည့်အနေနှင့် အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ကပိလတိုင်း၊ ဥတ္တရပဉ္စာလပြည်၌ ဥတ္တရပဉ္စာလမည်သောမင်းသည် မတရားမင်းပြု၏။ မင်းညီမင်းသားမျူးမတ် စသောသူတို့သည်လည်း လိုက်၍ တရားမစောင့်ကြကုန်၏။

ထိုသို့ တရားမစောင့်ကြသည်ဖြစ်၍ တိုင်းသူပြည်သားတို့ဆင်းရဲပင်ပန်းကြ၏။ အထူးသဖြင့်ကား ကြီးလေးသော အခွန်အတုတ်တို့ကို ပေးဆောင်ရသည်နှင့် နေ့အခါ၌ မင်းမှုထမ်းတို့ကိုကြောက်၍ တောသို့ပြေးပုန်းနေကြရ၏။ နေ့၌ မင်းမှုထမ်းတို့က လုယက်ကြ၏။ ညဉ့်၌ ဓားပြခိုးသူတို့က လုယက်ကြ၏။ ဤသို့အားဖြင့် တိုင်းသူပြည်သားတို့မှာ အလွန်ဆင်းရဲဒုက္ခ ရောက်ကြကုန်၏။

ထိုအခါ မင်း၏အပူဇော်ကိုခံရသော တည်ပင်စောင့်နတ်သည် ကျေးဇူးတရားကိုထောက်၍ မင်းထံသို့ ညဉ့်အခါလာရောက်လျက် မင်းမှုစ၍ လူအပေါင်းတို့ တရားမစောင့်သဖြင့် ပြည်သူပြည်သားတို့ ပင်ပန်းဆင်းရဲ ဆူပူပျက်စီးရကြောင်း မမေ့မလျော့ဘဲ တရားစောင့်သင့်သည် အားလျော်စွာ တိုင်းပြည်သို့ ကိုယ်တိုင်ထွက်၍ အမြန်ကြည့်ရှုသင့်ကြောင်းများကို တိုက်တွန်းနှိုးဆော်ခဲ့၍ ဖဲလေ၏။

မင်းကြီးလည်း ထိတ်လန့်လျက် တိုင်းပြည်ကို မှူးမတ်တို့အား အပ်ခဲ့၍ ပုရောဟိတ်နှင့် နှစ်ယောက်ချင်း ရုပ်ဖျက်၍ စုံစမ်းရန်ထွက်လာခဲ့ကြလေ၏။

တစ်ခုသောရွာငယ်သို့ ရောက်သောအခါ ထိုရွာရှိ သူအိုတစ်ယောက်သည် မိမိ၏အိမ်အဝင်ဝ၌ ဆူးစူးလေသည်ကို နုတ်နေစဉ် ငါ့အားဆူးစူး၍ ဆင်းရဲရောက်သကဲ့သို့ ပဥ္စာလမင်းသည်လည်း ဆင်းရဲကြီးစွာ ရောက်ပါစေသတည်းဟု ကျိန်ဆဲလေ၏။ (တည်ပင်စောင့်နတ်က ပူးဝင်၍ ကျိန်ဆဲစေသည်ဟု ဆိုသည်။)

ထိုစကားကို မထင်ရှားသောအသွင်ဖြင့်ရှိသော မင်းနှင့် ပုဏ္ဏားတို့ကြားလျှင် ပုရောဟိတ်က အချင်းလူအို၊ အသင်မျက်စိမကောင်း၍ ဆူးစူးလေသည်ကို အဘယ်ကြောင့် မင်းအား ကျိန်ဆဲသနည်းဟု မေး၏။

လူအိုကလည်း ချစ်သားပုဏ္ဏား၊ ငါတို့၏ ယုတ်မာသောမင်းသည် တရားမစောင့်သဖြင့် အခွန်အတုတ်ကြီးလေးခြင်း၊ ညဉ့်အခါ ခိုးသားဓားပြတို့ထခြင်း၊ နေ့အခါ မင်းတမန်တို့က လုယက်ခြင်းကို ပြုကြသည်နှင့် နေ့အခါ ရွာတွင် မနေဝံ့၍ ဆူးခက်တို့ဖြင့် ပိတ်ဆီးထားခဲ့ရ၏။ ယခု နေဝင်မှအိမ်သို့ပြန်ခဲ့ရာ ထိုဆူးတို့ စူးသည်ဖြစ်ရကား မင်း၏အပြစ်တည်းဟု ဆိုလေ၏။

ထိုစကားကိုကြားလျှင် မင်းက ဆရာပုရောဟိတ်၊ လူအို၏ စကားသည် ဆိုသင့်သောစကားဖြစ်၏။ ရှေ့သို့သွားကြဦးအံ့ဟုဆို၍ လာခဲ့ကြပြန်ရာ အခြားတစ်ရွာသို့ရောက်လာလေ၏။

ထိုရွာရှိ ဆင်းရဲသော အမယ်အိုတစ်ယောက်သည် အရွယ်ရောက်သော သမီးပျိုနှစ်ယောက်ကို စောင့်ရှောက်လျက် မိမိသာလျှင် တောသို့သွား၍ ထင်း၊ ဟင်းသီးဟင်းရွက် စသည်တို့ကို ဆောင်ယူ၍ ကျွေးမွေးနေ၏။ တစ်နေ့၌ ထိုမိန်းမအိုသည် ချုံတစ်ခုပေါ်သို့တက်၍ ဟင်းရွက်ခူးသည်တွင် လိမ့်ကျလေရာ ဤမင်း၏နိုင်ငံ၌ ငါ့သမီးတို့ လင်မရဘဲနေရ၏။ အကယ်၍ လင်သာရပါအံ့။ ငါ့ကိုလုပ်ကျွေးကြမည်ဖြစ်၍ ငါ ဤသို့ဆင်းရဲရမည်မဟုတ်။ ဤမင်းသည် အဘယ်အခါမှ သေပါအံ့နည်းဟု ကျိန်ဆဲ၍ ငိုကြွေးလေ၏။

ပုရောဟိတ်ကကြား၍ ဟယ်–အကျိုးအကြောင်းကို မသိတတ်သော သူယုတ်မ၊ အသို့လျှင် မင်းက သင်၏သမီးတို့ကို လင်ရှာ၍ပေးအံ့နည်းဟု ဆိုလေ၏။

အသင်ပုဏ္ဏား၊ ငါသည် အကျိုးအကြောင်းကို ကောင်းစွာသိ၏။ မင်းတရားမစောင့်သည်ဖြစ်၍ အခွန်အတုတ်တို့ဖြင့် နှိပ်စက်လျက် လူဆိုးသူဆိုး ပေါများသည်နှင့် တိုင်းပြည်ပျက်စီး၏။ သို့ကြောင့်လည်း လူတို့သည် သားမယားကျွေးမွေးရန် ကျပ်တည်းခဲယဉ်းကြသည်ဖြစ်ရကား ငါ့သမီးတို့သည် အဘယ်မှာ လင်ရနိုင်အံ့နည်းဟု ပြန်၍ဆိုလေ၏။

ထိုအခါ မင်းက ဤမိန်းမအိုကြီး၏စကားသည် သင့်သည်သာတည်း။ ရှေ့သို့ သွားကြဦးစို့ဆို၍ လာခဲ့ရာ။ လယ်ထွန်သမားတစ်ယောက်၏ နွားတစ်ကောင်သည် ထွန်သွားဖြင့် တိုက်ခိုက်မိသဖြင့် လဲရာတွင် လယ်သမားက ´ယခု ငါ့နွားလဲသကဲ့သို့ ပဉ္စာလမင်းသည်လည်း စစ်မြေပြင်၌ လှံထိုးမိ၍ လဲပါစေသတည်းဟု ကျိန်ဆဲလေ၏။

ပုရောဟိတ်ကြားသော် မစပ်ဆိုင်ဘဲ အဘယ်ကြောင့် မင်းကို ကျိန်ဆဲသနည်းဟု မေး၏။ ပုဏ္ဏား၊ မင်းတရားမစောင့်၍ တိုင်းပြည် မငြိမ်ဝပ် သောင်းကျန်းသည်နှင့် ထမင်းပို့မိန်းမသည် အချိန်မှန်မှန် ငါ့ထံသို့ ထမင်းမပို့နိုင်။ ထိုထမင်းပို့မိန်းမကို ကြည့်မျှော်ရသည်နှင့် ငါနွားကို သံထွန်သွားခတ်မိခြင်းဖြစ်သတည်းဟု ဆိုလေ၏။

မင်းကလည်း ဟုတ်ပေ၏ဟု ဆို၍ ရှေ့သို့သွားကြပြန်သော် ရွာတစ်ရွာ၌ လူတစ်ယောက်သည် နွားနို့ညှစ်ရာတွင် နွားမ ကန်သည် ဖြစ်၍ နို့ပုန်းနှင့်တကွ လဲလေရာ ငါ့ကဲ့သို့ပင် ပဉ္စာလမင်းသည်လည်း စစ်မြေပြင်၌ သန်လျက်ထိ၍ လဲပါစေသတည်းဟု ကျိန်ဆဲသည်ကို ကြားရလေ၏။

ပုရောဟိတ်ကမေးသော် အချင်းပုဏ္ဏား၊ မင်းတရားမစောင့်သည် ဖြစ်၍ အခွန်အတုတ်ကြီးလေး၏။ ဤနွားမသည် ကြမ်းကြုတ်ကြောက် ကန်တတ်၍ ရှေးက နို့မညှစ်ပါ။ ယခုမူကား အခွန်တောင်းတို့က နို့လိုသည်ဆို၍ နှိပ်စက်သောကြောင့် ဤနွားမကို ညှစ်ရပါသည်ဟု ဆိုလေ၏။

မင်းလည်း ဆိုသင့်ပေ၏ဟုဆို၍ ရှေ့သို့သွားကြပြန်၏။ ရွာ တစ်ရွာ၌ အခွန်တောင်းတို့က သန်လျက်အိတ်ပြုရန်ဟု ပြောက်ကျား သောအမွေးရှိသော နွားငယ်တစ်ကောင်ကိုသတ်၍ အရေကိုယူကြကုန် ၏။ အမိနွားမသည် မြက်ရေ မစားမသောက်နိုင်။ ငိုမြည်တမ်းလျက် လှည့်လည်သည်တွင် ရွာသားတို့က ဤနွားမကဲ့သို့ ပဉ္စာလမင်းသည် သားနှင့်ကွဲ၍ ဆင်းရဲကြီးစွာရောက်ပါစေသတည်းဟု ကျိန်ဆဲကြလေ ၏။

ပုရောဟိတ်က မြစ်သည်ရှိသော် အသင်ပုဏ္ဏား၊ မင်းတရား မစောင့်သည်ဖြစ်၍ အခွန်တောင်းတို့သည် နိုင်ထက်ကလူပြု၍ နွား ငယ်ကို သတ်ကုန်၏ဟု ဆိုကြလေ၏။

မင်းကလည်း ဆိုသင့်ပေ၏ဟုဆို၍ သွားကြပြန်သော် ရေခြောက်နေသောကန်၌ ဖားတို့ကို ကျီးတို့သည် ထိုးဆိတ်သတ်ဖြတ်လျက် စားကြသည်တွင် ဖားက ငါ့ကို ကျီးတို့ ညှဉ်းဆဲသတ်ဖြတ်သကဲ့သို့ ပဉ္စာလမင်းနှင့်တကွ သားတို့ကို စစ်မြေပြင်၌ ကျီးလင်းတတို့ ခဲပါစေသတည်းဟု ကျိန်ဆဲ၏။

ပုဏ္ဏားကမေးသော် အသင်ပုဏ္ဏား၊ မင်းသည် တရားမစောင့်လေ။ အကယ်၍စောင့်အံ့၊ တိုင်းပြည်ဝပြော၍ အစားအစာပေါလတ္တံ့။ ထိုအခါ ကျီးတို့သည် ထမင်း စသောအစားအစာတို့ကို ရလတ္တံ့။ သို့ဖြစ်လျှင် ငါတို့အား လာ၍စားမည်မဟုတ်ဟု ဆိုလေ၏။ (တည်ပင်စောင့်နတ်၏ အာနုဘော်ဖြင့် ပြောဆိုခြင်းဖြစ်သည်ဟု ဆို၏။)

ထိုအခါမှ မင်းနှင့် ပုဏ္ဏားတို့သည် တိရစ္ဆာန်ဖားကစ၍ ငါတို့ကို ကျိန်ဆဲလေပြီဟု နန်းတော်သို့ပြန်၍ တရားသဖြင့် အုပ်စိုးလေ၏။ ထိုအခါမှစ၍ သတ္တဝါတို့ ချမ်းသာကြလေသည်။

ဇာတ်ပေါင်းသော်–

တည်ပင်စောင့်နတ်သည် ဘုရား ဖြစ်လာ၏။

❐

## စတ္တာလီသနိပါတ်

## ၂၄၄။ သရဘင်္ဂဇာတ် ၂

### ရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုခန်း။

## ဓောတိပါလ လေးသမားအကြောင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်မောဂ္ဂလာန်မထေရ်သည် ဣသိဂိလိတောင်၏ နံပါး၌ ညိုသောအဆင်းရှိသော ကျောက်ဖျာအပြင်ဝယ် နေတော်မူ၏။

အရှင်မောဂ္ဂလာန်ကား လက်ဝဲရံ အဂ္ဂသာဝက အကြီးဆုံး ဖြစ်၏။ တန်ခိုးအရာ၌ လွန်ကဲ၏။ မိမိကြွရောက်စဉ်က နတ်ပြည်၌ မြတ်စွာဘုရား၏ တပည့်သားတို့ကို များမြတ်သော စည်းစိမ်ချမ်းသာနှင့် တွေ့ခဲ့ရကြောင်း။ ငရဲပြည်၌ တိတ္ထိတို့၏တပည့်များ ဆင်းရဲကြီးစွာ ခံနေရသည်ကို တွေ့ခဲ့ရကြောင်းများကို လူ့ပြည်၌ ဟောပြောရာ များစွာသော တိတ္ထိတို့၏တပည့်တပန်းတို့သည် မြတ်စွာဘုရားသာသနာသို့ ပြောင်းဝင်ကြလျက် ဘုရားတပည့်သားတို့အား များစွာသော ပူဇော်သက္ကာရသည်ဖြစ်၏။

ထိုအခါ တိတ္ထိတို့သည် အရှင်မောဂ္ဂလာန်အား သတ်ပစ်အံ့ဟု သမဏဂုတ္တကမည်သော ခိုးသူကို ဥစ္စာပေး၍ အသတ်ခိုင်းလေ၏။

သမဏဂုတ္တကလည်း မိမိ၏တပည့်လက်သားတို့နှင့် ရိုက်သတ်ရန် ကျောက်ဖျာသို့ လာလျှင် အရှင်မောဂ္ဂလာန်သည် တန်ခိုးဖြင့် ကောင်းကင် ပျံကြွသွားလေ၏။ ခိုးသားတို့သည် သတ်ခွင့်ကိုမရဘဲ ဤသို့ ခြောက်ရက်တိုင်တိုင်သွားပြီးမှ ၇ ရက်မြောက်သောနေ့၌ကား ထိုအရှင်၏ ရှေးက မကောင်းမှုကံသည် အကျိုးပေးခွင့်ရလေရကား မိမိ၏မကောင်းမှုကံ ဝင်လေသည်ကိုလည်း သိသည်ဖြစ်၍ ဖဲရှောင်တော်မမူ၊ နေမြဲနေတော်မူ၏။

ထိုအရှင်၏ ရှေးမကောင်းမှုကံကား ဤသို့တည်း။ ရှေးဘဝတစ်ခု၌ ထိုအရှင်မောဂ္ဂလာန်အလောင်းသည် မယား၏စကားကို နာယူ၍ မိဘတို့ကိုသတ်ရန်ဟု တောသို့ဆောင်ယူသွားပြီးလျှင် ခိုးသူတို့ထ လေဟန်ဖြင့် မိမိကိုယ်တိုင် မိဘတို့ကို ပုတ်ခတ်ရိုက်နှက်လေ၏။

အမိအဖတို့ကား မျက်စိသိမှုန် ကောင်းစွာမမြင်သောကြောင့် အကယ်ပင် ခိုးသူရိုက်သည်ထင်၍ မိမိတို့၏သားအတွက် စိုးရိမ်စွာဖြင့် ချစ်သား၊ အသက်မှ လွတ်အောင်ပြေးလေ၊ ငါတို့ကား ကြီးရင့်ပြီ သေစေတော့ဟု ဟစ်ဆိုကြ၏။

ထိုအခါ သားသည် ဩော်-ငါကား မှားလေပြီ။ အမိအဖတို့သည် ငါ့အား ချစ်မြတ်နိုးပေစွတကားဟု ခိုးသူတို့ပြေးလေဟန်ပြု၍ အမိအဖတို့ မစိုးရိမ်လင့်။ ခိုးသူတို့ပြေးလေပြီဟု ပြောဆိုပြီးလျှင် ကောင်းစွာ ခြေဆုပ်လက်နယ်ပြု၍ အိမ်သို့ ကောင်းစွာ ပြန်ယူခဲ့ဖူး၏။

ထိုမကောင်းမှုကံသည် အကျိုးပေးခွင့်ကြုံလာသည်နှင့် အရှင်မောဂ္ဂလာန်သည် ကောင်းကင်သို့မပျံနိုင်ဘဲ ရှိရလေ၏။ နန္ဒောပနန္ဒနဂါးကို ဆုံးမနိုင်သော၊ ဝေဇယန္တာပြာသာဒ်ကို တုန်လှုပ်ခြင်းငှာ စွမ်းနိုင်သော တန်ခိုး၏အရှင်သည် မိဘကို ရိုက်ဖူးသောအကုသိုလ်ကြောင့် တန်ခိုးအားနည်းခြင်းသို့ ရောက်ရလေ၏။

ထိုအခါမှ သမဏဂုတ္တကတို့လူစုသည် အရှင်မောဂ္ဂလာန်ကို ဖမ်း၍ အရိုးစိစိညက်ညက်ကျေအောင် ရိုက်ပုတ်ပြီးမှ သေလေပြီအမှတ်ဖြင့် ချုံတွင်ထိုးထားခဲ့လေ၏။

အရှင်မောဂ္ဂလာန်သည် သတိကိုဖြစ်စေ၍ ဈာန်တည်းဟူသော ကြိုးဖြင့် ကိုယ်တော်ကို ရစ်စည်းခိုင်ခံ့သည်ကိုပြု၍ ကောင်းကင်သို့ ပျံတက်လျက် မြတ်စွာဘုရားထံတော်သို့ ကြွရောက်၊ မိမိပရိနိဗ္ဗာန်ပြုပါတော့အံ့ဟု လျှောက်လေ၏။

ချစ်သား၊ အဘယ်အရပ်၌ ပြုအံ့နည်း။

ဣသိဂိလိတောင်၏ နံပါး၊ ကျောက်ဖျာညိုအပြင်၌ ပြုပါအံ့။

ချစ်သား၊ ထိုသို့တပြီးကား ငါ့အား တရားဟော၍သွားပါလော့။ သင်သို့သောသာဝကကို နောင် တွေ့မြင်ရတော့မည်မဟုတ်ချေ။

ထိုအခါ အရှင်မောဂ္ဂလာန်သည် ဝန်ခံ၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် ကောင်းကင်သို့ပျံတက် အထူးထူးသော တန်ခိုးပြာဋိဟာကို ပြပြီးမှ တရားဟောတော်မူ၏။

ပြီးဆုံးလျှင် မြတ်စွာဘုရားအား ရှိခိုး၍ ဖဲခဲ့လျက် ကျောက်ဖျာညိုဝယ် ပရိနိဗ္ဗာန်ပြုတော်မူလေသတည်း။

ထိုအခါ မြတ်စွာဘုရားအမှူးပြု၍ လူ၊ နတ်၊ ဘီလူး၊ ဂန္ဓဗ္ဗ၊ နဂါး၊ ဂဠုန်၊ ကိန္နရာ စသည်တို့နှင့် စည်ကားသိုက်မြိုက်စွာ သကြိုဟ် ပူဇော်ခြင်းကို ပြုကြလေ၏။ ပြီးမှ မြတ်စွာဘုရားသည် အရှင်မောဂ္ဂလာန်၏ ခါတ်တော်တို့ကိုယူ၍ဝေဠုဝန်ကျောင်းတော်တံခါး မုခ်ဦး၌ စေတီတည်တော်မူလေ၏။

ထိုအခါ ရဟန်းတို့သောင်၌ လက်ယာရံ အရှင်သာရိပုတ္တရာသည် နာဠကရွာ၊ ဖွားရာတိုက်ခန်း၌ ပရိနိဗ္ဗာန်ပြု၏။ မြတ်စွာဘုရား အထံတော်၌ မပြုလေ။ သို့ကြောင့် များစွာသော ပူဇော်သက္ကာရကို မရချေ။ အရှင်မဟာမောဂ္ဂလာန်ကား မြတ်စွာဘုရားထံတော်၌ ပရိနိဗ္ဗာန်ပြုသဖြင့် များစွာသော ချီးမြှောက်ပူဇော်ခြင်းကို ရပေသည်ဟု စကားဖြစ်ကြရာ ရှေးကလည်းရဖူးသည်သာဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ ပုရောဟိတ်၌ သားဖွားရာ ထိုဖွားသောခဏ၌ တစ်ပြည်လုံးရှိလက်နက်တို့ ထွန်းတောက်ပကုန်သည်ဖြစ်၍ ဇောတိပါလဟူသောအမည်ကို မှည့်၏။

အဖပုဏ္ဏားသည် ဖွားနက္ခတ်နှင့်တကွ တိတ်နိမိတ်တို့ကို ထောက်၍ ဇမ္ဗူတွင် အတုမရှိသော လေးသမားဖြစ်ပါလတ္တံ့ဟု မင်းကြီးအား လျှောက်ပြီးနောက် အရွယ်ရောက်သော် တက္ကသိုလ်ပြည်သို့ လေးအတတ်သင်ရန် လွှတ်လိုက်လေ၏။

ဆရာကြီးသည် ဇောတိပါလလုလင်အား သဘောကျသဖြင့် လေးအတတ်ကို အပြီးသင်၍ မိမိစွဲသောသန်လျက်၊ စပ်၍လုပ်သော ဆိတ်ချိုလေး၊ စပ်၍လုပ်သော မြားတောင့်၊ ချပ်တန်ဆာ၊ သင်တိုင်းတို့ကိုပေး၍ လွှတ်လိုက်လေ၏။

ရောက်သော် မင်းကြီးက တစ်နေ့လျှင် အသပြာတစ်ထောင် ပေး၍ မိမိထံ၌ ခစားစေ၏။ အခြားမင်းခယောကျ်ားတို့သည်ကား

ဇောတိပါလသည် မိမိအတတ်ကို မပြသေးဘဲလျက်နှင့် တစ်နေ့လျှင် တစ်ထောင်ရလေသည်ဟု ကဲ့ရဲ့ကြ၏။

ထိုအကြောင်းကို မင်းကြီးကြားသော် ခြောက်သောင်းသော လေးသမားတို့နှင့်တကွ တိုင်းသူပြည်သားတို့ကို စည်းဝေးစေ၍ ဇော တိပါလအား လေးအတတ်ကို ပြစေ၏။

(၁) ထိုအခါ လျှပ်တစ်ပြက်ကို အချက်အသောင်းအသိန်း ပစ်နိုင်သော အက္ခဏဝေဓိလေးသမား၊ သားမြီးမွေးမှင်ကိုလျက် ထက် ဝက်ထွင်းအောင် ပစ်နိုင်သော ဝါလဝေဓိ၊ ရှေ့ပစ်လိုက်သောမြားကို နောက်မြားဖြင့်မှန်အောင် ပစ်နိုင်သော သရဝေဓိ၊ မျက်စိဖြင့်မမြင်ဘဲ အသံကို နားထောင်၍ မှန်အောင်ပစ်နိုင်သော သဒ္ဒဝေဓိလေးသမား။ ဤလေးယောက်သော လေးသမားတို့ကို ထောင့်လေးထောင့်၌နေစေ၍ တစ်ယောက်လျှင် မြားသုံးသောင်းစီနှင့်တကွ မြားပေးယောကျ်ားတစ် ယောက်စီ ပေးထားပါလော့။ အကျွန်ုပ်ကား ဝရဓိနိစည်းသွားတပ်သော မြားကိုကိုင်၍ အလယ်၌နေပါအံ့။ ထိုလေးသမားလေးယောက်တို့ကို တစ်ပြိုင်နက်ချင်းသာလျှင် အကျွန်ုပ်ကို ပစ်ပါစေလော့။ ပစ်အပ်သော မြားအပေါင်းတို့ကို အကျွန်ုပ်မြားတစ်စင်းတည်းဖြင့်သာ တားပါအံ့ဟု လျှောက်လေ၏။

ထိုအခါ လေးသမားတို့က အရှင်မင်းကြီး၊ အကျွန်ုပ်တို့သည် အလွန်ရင့်မာ တတ်ကျွမ်းပြီးသော လေးသမားကြီးများဖြစ်ကြပါသည်။ ဇောတိပါလကား နုပျို၍ မကျွမ်းကျင်သော လေးသမားဖြစ်ပါသည်။ အကျွန်ုပ်တို့၏မြားချက်ကို ခံနိုင်မည်မထင်ပါ။ မပစ်လိုပါဟု လျှောက် ကြ၏။

ထိုအခါ ဇောတိပါလက အသင်တို့ မစိုးရိမ်လင့်။ အသင်တို့ တတ်နိုင်လျှင် ငါ့ကိုပစ်လော့ဟု ရဲဝံ့စွာဆိုမှ ထိုလေးယောက်တို့သည် အစွမ်းကုန် တစ်ပြိုင်နက်ပစ်ကြလေ၏။

ဇောတိပါလလည်း မြားတစ်စင်းတည်းဖြင့်သာ ကွယ်ကာ၍ ကျလိုရာမှာကျစေ၏။ စင်စစ်သော်ကား မိမိ၏ပတ်လည်တွင် မြားသွားချင်း၊ မြားမြီးချင်း၊ မြားရိုးချင်း၊ မြားလွှားချင်းတို့ကို အစီသင့်အစဉ်သင့် ကျစေ၍ မြားတိုက်ကိုပြု၏။ လေးသမားလေးယောက်တို့ ထံ၌ မြားကုန်သောအခါ မြားတိုက်ကို မပျက်စီးစေဘဲ ခုန်ထွက်လာလေ၏။

လူအပေါင်းတို့လည်း ချီးမွမ်းအံ့ဩလျက် လက်ပမ်းပေါက်ခတ်ပွဲတင်ထပ်စေ၍ အဝတ်အစားဥစ္စာတို့ကို ပစ်၍ ချီးမြှောက်ကြသောဥစ္စာတို့သည် တစ်ဆယ့်ရှစ်ကုဋေအရေအတွက် ရှိ၏။

(၂) ထို့နောက် ဇောတိပါလမင်းသားက အရှင်မင်းကြီး၊ ထိုလေးသမားကျော် လေးယောက်တို့သည် အကျွန်ုပ်ကို ထိအောင်မပစ်နိုင်ကြပါ။ အကျွန်ုပ်သည် အလယ်ကနေ၍ မြားတစ်စင်းတည်းဖြင့် ထိုလေးထောင့်၌နေသော လေးသမားလေးယောက်တို့ကို ထိအောင်ပစ်ပါအံ့ဟု လျှောက်သော် လေးယောက်သားတို့ မခံဝံ့ကုန်။

ထိုအခါ ၎င်းတို့နေရာ၌ ငှက်ပျောလေးပင်စိုက်စေပြီးနောက် မြားမြီးတွင် ပိုးကြိုးအနီကိုချည်၍ ငှက်ပျောတစ်ပင်ကိုရွယ်လျက် ပစ်လိုက်၏။ မြားသည် လေးပင်လုံးကို အစဉ်အတိုင်း ကွေ့ဝိုက်ဖောက်ထွင်း၍ ပထမအပင်ကို ပြန်ဖောက်ပြီးမှ လက်တွင်းသို့ ပြန်ရောက်လာ၏။ ပိုးကြိုးနီသည် လေးပင်၌ သီဝိုင်း၍နေသည်ကို မြင်ကြရကုန်၏။ ကောင်းချီးသံတို့သည် ပွဲတင်ထပ်ကုန်၏။ ၎င်းနောက် ဆက်လက်၍-

(၃) မြားကို နွယ်သဏ္ဌာန်ထင်အောင်ပစ်သော အတတ်။

(၄) မြားကို ကြိုးသဏ္ဌာန်ထင်အောင်ပစ်သော အတတ်။

(၅) မြားကို မြားချင်းထွင်းအောင်ပစ်သော အတတ်။

(၆) မြားကို ပြာသာဒ်သဏ္ဌာန်ထင်အောင်ပစ်သောအတတ်။

(၇) မြားကို မလျှပ်သဏ္ဌာန်ထင်အောင်ပစ်သော အတတ်။
(၈) မြားကို စောင်းတန်းသဏ္ဌာန်ထင်အောင်ပစ်သော အတတ်။
(၉) မြားကို တံတိုင်းသဏ္ဌာန်ထင်အောင်ပစ်သော အတတ်။
(၁၀) မြားကို ရေကန်သဏ္ဌာန်ထင်အောင်ပစ်သော အတတ်။ တို့ကို ပြလေ၏။
(၁၁) ထို့နောက် မြားကြာပွင့် ပွင့်စေ၏။
(၁၂) မြားမိုးရွာစေ၏။

ဤသို့အားဖြင့် အခြားလေးသမားတို့မပြနိုင်သော ဤတစ်ဆယ့်နှစ်ပါးသောအတတ်တို့ကို ပြပေ၏။

ပြီးမှတစ်ဖန် ပစ်ခြင်း ၇ ပါးကို ပြပြန်သည်ကား။
(၁) အထုရှစ်လက်သစ်ရှိသော ရေသဖန်းပျဉ်ကိုပေါက်အောင် ပစ်ခြင်း။
(၂) အထုလေးသစ်ရှိသော ပိတောက်ပျဉ်ကို ပေါက်အောင် ပစ်ခြင်း။
(၃) အထုလက်နှစ်သစ်ရှိသော ကြေးနီပြား။
(၄) အထုလက်တစ်သစ်ရှိသော သံပြား။
(၅) တစ်စပ်တည်းသော ပျဉ်ချပ်ရေတစ်ရာ။
(၆) ကောက်ရိုးလှည်း၊ သဲလှည်း၊ ပျဉ်လှည်းတို့ကို ရှေ့က ပစ်၍ နောက်မှ မြားထွက်အောင်ပစ်ခြင်း။
(၇) ရေ၌ လေးဥသဘလည်းကောင်း၊ ကြည်း၌ ရှစ်ဥသဘ လည်းကောင်း ရောက်အောင်ပစ်ခြင်းတို့ကို ပြပေ၏။

ထို့နောက်တစ်ဖန် သားမြီး၌ ဆွဲအပ်သော ခရမ်းသီးအမှတ်ဖြင့် တစ်ဥသဘကွာ၌ရှိသော သားမြီးဖျားကို ထိမှန်အောင်ပစ်ခြင်း၊ မြား

တို့ကိုပစ်၍ ကောင်းကင်၌ မြားပြာသာဒ် စသည်တို့ကိုပြု၍ တစ်ဖန် တစ်ခုသောမြားဖြင့် ထိုမြားတို့ကို ကျစေလျက် ဖျက်ဆီးလေသည်ဖြစ်သောကြောင့် သရဘင်္ဂဟူသောအမည် တွင်လာလေ၏။

ထိုသို့ လေးမြားအတတ်ကိုပြစဉ်တွင် နေဝင်ခဲ့သည်နှင့် မင်းကြီးက နက်ဖြန်နေ့၌ စစ်သူကြီးအရာ အဆောင်အရွက်ကိုနှင်းအံ့။ ယနေ့ ရိက္ခာအလို့ငှာ ဥစ္စာတစ်သိန်းကို ယူသွားလော့ဟု ပေးတော်မူ၏။

ဇောတိပါလသည်ကား ဥစ္စာတို့ကို မလိုဘဲ တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို ဥစ္စာရှင်တို့အား ပြန်ပေးခဲ့၍ အိမ်တော်သို့ ပြန်ခဲ့၏။

ထိုည၌ ဇောတိပါလ စဉ်းစားသည်ကား ငါ့အတတ်၏ အစ၊ အလယ်၊ အဆုံးကို ဆင်ခြင်သော် အစ၌ သူတစ်ပါးကို သတ်ဖြတ်ရ၏။ အလယ်၌ ဥစ္စာစီးပွားရ၍ သားမယားတို့နှင့်တကွ ကိလေသာဖြင့် အချိန်ကုန်ရ၏။ အဆုံး၌ အပါယ်ပဋိသန္ဓေအကျိုးရ၏။ သို့ကြောင့် လေးအတတ်ဖြင့် အသက်မွေး၍ အဘယ်အကျိုးရှိအံ့နည်းဟု မည်သူမျှမသိစေဘဲ တောထွက်ခဲ့၍ ရသေ့ရဟန်းပြုကာ မကြာမီ သမာပတ် အဘိညာဉ်နှင့် ပြည့်စုံလေ၏။

ထိုသို့ တောထွက်သွားသည့်နောက် မိဘဆွေမျိုးနှင့်တကွ တစ်တိုင်းပြည်လုံး နှမြောစုံမက် ပူဆွေးလျက်နေရာ တစ်နေ့၌ မုဆိုးတစ်ယောက်က ထိုဇောတိပါလထေရ်ကို တွေ့ရှိ ပြန်ကြားသည်နှင့် မင်းကြီးသည် ဆွေမျိုးအခြွေအရံတို့နှင့်တကွ လာရောက်ဖူးမြော်လေ၏။

ရောက်၍ တရားနာရလျှင် မင်းကအစပြု၍ အလုံးစုံသောသူတို့ ရသေ့ရဟန်းပြုကြ၏။ ဤကိုကြား၍ အနီးအနားရှိ မင်းတို့သည်လည်း မိမိတို့ပရိသတ်နှင့် လာရောက်ရဟန်းပြုကြရာ ကြီးစွာသော ပရိသတ်ဖြစ်၏။

နေရာမလောက်သည်နှင့် တပည့်ကြီးရသေ့တို့အား အခြားအရပ်တို့သို့ အရာအထောင်သော တပည့်ငယ်တို့ကိုယူ၍ သွားရောက်နေထိုင်စေ၏။

ထိုသို့သွားကြရာတွင် တပည့်ကြီး ကိသဝစ္ဆရသေ့သည် အခြွေအရံနှင့်တကွ ဒဏ္ဍကီမင်း၏နိုင်ငံ ကုမ္ဘဝတီမြို့၌ စစ်သူကြီးကို အမှီပြု၍ ဥယျာဉ်၌ နေတော်မူ၏။

တစ်နေ့သော် ဒဏ္ဍကီမင်းသည် ချီးမြှောက်ထားအပ်သော ပြည့်တန်ဆာမတစ်ယောက်ကို အရာမှချ၏။ ထိုပြည့်တန်ဆာမသည် စိတ်မချမ်းသာဖြစ်လျက် သွားရာ ထိုဥယျာဉ်ရှိ ကိသဝစ္ဆရသေ့ကိုမြင်သော် ဤသူကား သူယုတ်တည်းဟု ဦးခေါင်းထက်၌ တံတွေးချွဲခန်း၊ အညစ်အကြေးတို့ကို ထွေးချခဲ့လေ၏။

မကြာမီပင် ထိုမိန်းမသည် မင်း၏ချီးမြှောက်ခြင်းကို ပြန်ရလေလျှင် ထိုရသေ့ကို ပြုခဲ့သည့်အတွက် ရ၏ဟု မဟုတ်မရာ အထင်ရှိလေ၏။

ထို့နောက် ပုရောဟိတ် အရာကျပြန်ရာ ထိုပြည့်တန်ဆာမ၏ အကြံပေးချက်ဖြင့် ပုရောဟိတ်သည် ထိုရသေ့အထက်၌ အညစ်အကြေး သွန်းလောင်းလေ၏။ အရာကို မကြာမီ ရပြန်လေ၏။

ထို့နောက် ဒဏ္ဍကီမင်းကိုယ်တိုင် သူပုန်တို့ကို ဖြိုဖျက်ရန် စစ်သည်ဗိုလ်ပါနှင့်ထွက်ခဲ့ရာ စစ်အောင်ရန်ဟု ပုရောဟိတ်က အကြံပေးသဖြင့် မင်းနှင့်တကွ စစ်သည်ဗိုလ်ပါတို့သည် ထိုရသေ့အထက်၌ အညစ်အကြေး သွန်းလောင်းကြလေ၏။

နောက်မှ စစ်သူကြီးလာလတ်၍ ရသေ့ကို သန့်ရှင်းရေမိုးချိုးစေပြီးမှ အရှင်ဘုရား၊ မင်းအား မည်သို့ဖြစ်လတ္တံ့နည်းဟု မေးလျှောက်၏။ ဒါယကာ၊ ငါသည် တစ်စုံတစ်ရာ အမျက်မထွက်ပါ။ သို့ရာတွင် နတ်တို့ အမျက်ထွက်လေပြီ။ ဤနေ့မှ ၇ ရက်မြောက်သောနေ့၌ အလုံးစုံသော တိုင်းပြည်သည် ပျက်စီးလတ္တံ့။ သင်သည် သားမယားတို့ကိုယူ၍ အရပ်တစ်ပါးသို့ ပြေးလော့ဟုဆိုလေ၏။

စစ်သူကြီးလည်း ဆိုသည့်အတိုင်း ပြေးလေ၏။ သရဘင်္ဂ ရသေ့လည်း ထိုအကြောင်းကိုမြင်သဖြင့် ကိသဝစ္ဆရသေ့ကို မိမိထံသို့ ဆောင်ယူခဲ့စေ၏။

ဒဏ္ဍကီမင်းသည်လည်း သူပုန်တို့ကို ဖြိုဖျက်ပြီးနောက် မြို့သို့ ပြန်ရောက်လျှင် နတ်တို့သည် ရှေးဦးစွာ မိုးကိုရွာစေ၏။ နောက် သဲဖြူမိုး၊ နတ်ပန်းမိုး၊ ပဲမိုး၊ အသပြာမိုး၊ နတ်ဝတ်တန်ဆာမိုးတို့ကို အစဉ်အတိုင်း ရွာစေ၏။

ထိုအခါ လူတို့သည် ဝမ်းမြောက်ဝမ်းသာ ထွက်၍ကောက်ယူ ကြသည်တွင် လက်နက်မိုးရွာလိုက်သည်နှင့် ကိုယ်တို့သည် အပိုင်းပိုင်း ပြတ်ကုန်၏။ ထို့နောက် မီးကျီးမိုး၊ ပြောင်ပြောင်တောက်သော တောင် ထွတ်မိုး၊ သဲမိုးတို့ ရွာလေ၏။ ဤသို့လျှင် ယူဇနာ ၆ဝ ရှိသောအရပ် သည် ပျက်စီးလေ၏။

ထိုအခါ ထိုတိုင်းပြည်အနီးအနားရှိ လူမင်းသုံးပါးတို့သည် လည်းကောင်း၊ သိကြားမင်းသည်လည်းကောင်း ပြဿနာမေးရန် သရ ဘင်္ဂရသေ့ထံသို့ လာရောက်ကြလေ၏။

ထို့နေ့၌ပင် ကိသဝစ္ဆရသေ့ သေလွန်သည်ဖြစ်၍ များစွာသော တပည့်တပန်းတို့နှင့်တကွ သရဘင်္ဂရသေ့ကြီးကိုယ်တိုင် ကြီးကြပ် သင်္ဂြိုဟ်လေရာ အလွန်ကြီးကျယ်ခမ်းနား များစွာသော ပူဇော်သက္ကာရ သည် ဖြစ်လေ၏။

ပြီးမှ လူမင်းသုံးပါးနှင့် သိကြားမင်းတို့၏ ပြဿနာတို့ကို သရဘင်္ဂဆရာရသေ့သည် ကောင်းမွန်ရှင်းလင်းစွာ ဖြေကြားလိုက်လေ သတည်း။

ဇာတ်ပေါင်းသော်-

တပည့်ကြီးတစ်ပါးသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

အခြားတစ်ပါးသည် ရှင်မဟာကဿပ ဖြစ်လာ၏။

အခြားတစ်ပါးသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။
အခြားတစ်ပါးသည် ရှင်မဟာကဿပ ဖြစ်လာ၏။
အခြားတစ်ပါးသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
အခြားတစ်ပါးသည် ရှင်ဥဒါယီ ဖြစ်လာ၏။
ကိသဝစ္ဆရသေ့သည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
သရဘင်္ဂရသေ့၏ပရိသတ်သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။
သရဘင်္ဂရသေ့သည် ဘုရား ဖြစ်လာ၏။

❒

## ပဏ္ဏာသနိပါတ်

## ၂၉၅။ ဥမ္မာဒန္တီဇာတ် ၂

## ဥမ္မာဒန္တီအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အဆင်းနှင့် ပြည့်စုံသော မိန်းမတစ်ယောက်ကို မြင်သဖြင့် သာသနာ၌ ငြီးငွေ့သော ရဟန်းတစ်ပါးနှင့်စပ်၍ ရှေးပညာရှိတို့ စိတ်ကို ချုပ်တည်းပုံကိုပြအံ့သောငှာ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ သိဝိတိုင်း အရိဋ္ဌပုရမြို့ သိဝိမည်သောမင်း၌ အရွယ်တူ စာသင်ဖက် ငယ်ပေါင်းဖြစ်သော အဘိပါဒကမည်သော စစ်သူကြီးတစ်ယောက်ရှိ၏။

ထိုမြို့တွင် ကုဋေရှစ်ဆယ်ကြွယ်ဝသော တိရိဋိဝစ္ဆသူဌေး၌ ဥမ္မာဒန္တီမည်သော သမီးပျိုတစ်ယောက်ရှိ၏။ ထိုဥမ္မာဒန္တီမှာ လူအဆင်းကို လွန်၍ နတ်အဆင်းကဲ့သို့ လှပ၏။ အထူးကား ပုထုဇဉ်မုန်လျှင်

ဥမ္မာဒန္တီကိုမြင်ရက မိမိကိုယ်ကို မဆောက်တည်နိုင် သူရာယစ်သကဲ့သို့ ကိလေသာဖြင့်ယစ်၍ သတိမေ့လျော့ ဖောက်ပြန်ခြင်းသို့ ရောက်စေနိုင်၏။

တစ်နေ့သ၌ အဖသူဌေးသည် မင်းထံသို့သွား၍ မိမိ၌ ထူးမြတ်သော သမီးရတနာရှိကြောင်း လက္ခဏာဖတ်ပုဏ္ဏားတို့ကို စေလွှတ်စုံစမ်း၍ အလိုရှိတော်မူပါလျှင် သိမ်းပိုက်တော်မူပါဟု လျှောက်လေ၏။

မင်းစေလွှတ်လိုက်သော လက္ခဏာဖတ်ပုဏ္ဏားတို့သည် သူဌေးအိမ်သို့ရောက်ကြ၍ ဧည့်ဝတ်ကျေပွန်အောင် နို့ဃနာထမင်းကို ကျွေးသဖြင့် စားသောက်နေကြစဉ် ဥမ္မာဒန္တီသည် တန်ဆာဆင်၍ အိမ်ခန်းမှ ထွက်လာသော် ပုဏ္ဏားတို့သည် ဣန္ဒြေမဆည်နိုင် ယောင်ယမ်းကြလျက် အချို့သည် ထမင်းထုပ်ကို ဦးခေါင်းထက်သို့ အချို့သည် လက်ကတီးကြားသို့ ထည့်သွင်းကြ၏။ အချို့လည်း လှုပ်ရှားလျက် နံရံကို တိုးဝှေ့ကြကုန်၏။ စင်စစ်သော်ကား ပုဏ္ဏားတို့သည် ရူးခြင်းသို့ ရောက်ကုန်၏။

ထိုအခါ ဥမ္မာဒန္တီသည် ထိုပုဏ္ဏားတို့ကား အရူးသာတကားဟု လည်ကိုင်၍ အိမ်မှထုတ်စေ၏။

ပုဏ္ဏားတို့ နန်းတော်သို့ရောက်သော် အရှင်မင်းကြီး၊ ဥမ္မာဒန္တီကား အမျက်ကြီး၏၊ ကြမ်းကြုတ်၏၊ သူယုတ်မာတည်း။ မိဖုရားဖြစ်ခြင်းငှာ မထိုက်ပါဟု အမျက်ထား၍ လျှောက်ကြလေ၏။

ဤသို့အားဖြင့် မင်းကြီး သိမ်းပိုက်တော်မမူသောအခါ အဘိပါဒက စစ်သူကြီးအား ဆက်လေ၏။ ဥမ္မာဒန္တီကား ဤမင်းသည် ငါ့ကို မိဖုရားမထိုက်ဟု သိမ်းပိုက်တော်မမူ ရှိစေဦး၊ နောင် ငါနှင့်တွေ့မှ သိစေအံ့ဟု စိတ်တွင်ထားလိုက်၏။

ဥမ္မာဒန္တီသည် ရှေးဘဝက ပြင်ြင်ဆင်းရဲ ကာလရှည်စွာ အစေခံပြုလုပ်သဖြင့် ရအပ်သော ဝတ်ပန်းပုဆိုးကို သူခိုးတို့ သက်န်းကို

လုယူလိုက်သဖြင့် သစ်ခက်တို့ကို ဝတ်ကာလျက် လာရသော ရဟန်းအား လှူလေ၏။ ရဟန်းသည် ထိုဝတ်ပန်းပုဆိုးတို့ကို ဝတ်ရုံသောအခါ အလွန်တင့်တယ် သပ္ပာယ်သည်ကို မြင်ရလျှင် အရှင်ဘုရား၊ ဤကောင်းမှုကြောင့် အကျွန်ုပ် ဖြစ်လေရာဘဝ၌ မြတ်သောအဆင်းကို ဆောင်၍ ယောကျ်ားတကာတို့ မူးယစ်အောင် လှပတင့်တယ်ရပါလို၏ဟု ဆုတောင်းဖူး၏။ ဥမ္မာဒန္တီဘဝ၌ ထိုဆုတောင်း ပြည့်လေ၏။

တစ်နေ့သော် တန်ဆောင်မုန်းလ ပွဲတော်ကျ၍ အဘိပါဒက စစ်သူကြီးက ဥမ္မာဒန္တီအား ရှင်မ၊ ယနေ့မင်းကြီးသည် မြို့ကိုလှည့်လတ္တံ့။ ငါတို့အိမ်ရှေ့သို့ရောက်သောအခါ သင့်ကိုယ်ကို မပြလင့်ပါဟု ဆို၏။ အရှင်၊ မစိုးရိမ်လင့်ဟု ဆိုလိုက်၏။

မင်းကြီးလှည့်လာ၍ အိမ်ရှေ့သို့ရောက်သော် ဥမ္မာဒန္တီသည် ယခင်စိတ်ထားအတိုင်း လေသွန်တံခါးဝ၌ တင့်တယ်စွာရပ်လျက် မင်းကြီးကို ပန်းဖြင့် ပစ်လေ၏။

မင်းကြီးလည်း ဥမ္မာဒန္တီကိုမြင်တည့်လျှင် ကိလေသာဖြင့် မူးယစ်မေ့လျော့သည်ဖြစ်၍ မိမိကောင်းစွာသိဖူးသော စစ်သူကြီး၏ အိမ်ကိုပင် မသိတော့ဘဲ မည်သူ့အိမ် မည်သူဖြစ်ကြောင်းတို့ကို သုနန္ဒာ ရထားထိန်းအား အပန်းတကြီး မေးလေ၏။

ရထားထိန်းလျှောက်၍ သိရသော် မင်းကြီးသည် မဆောက်တည်နိုင်ဘဲ ရထားမှူး၊ ငါ မြို့ကိုမလှည့်လိုပြီ၊ နန်းတော်သို့သာ ပြန်တော့အံ့ဟု ဆို၍ ရထားဦး လှည့်ခဲ့လေ၏။

နန်းတော်သို့ရောက်သော် အိပ်ရာထက်၌ ဥမ္မာဒန္တီ၏အကြောင်းကို အမျိုးမျိုး အထွေထွေ မြည်တမ်း လူးလဲလျက်နေရလေ၏။

ထိုအကြောင်းကို မှူးမတ်တို့ကလျှောက်၍ စစ်သူကြီးကြားသော် အိမ်သို့ပြန်လာ၍ ရှင်မ၊ သင်၏ကိုယ်ကို မင်းအား ပြလိုက်သလောဟု မေး၏။ -

အရှင်၊ ရထားစီးလာသော ကြီးသောဝမ်း၊ ကြီးသောအစွယ်ရှိသော ယောကျ်ားတစ်ယောက်သည် အိမ်ရှေ့သို့ရောက်လာ၏။ မင်းဟူ၍လည်းကောင်း၊ မင်းခယောကျ်ားဟူ၍လည်းကောင်း မသိပါ၊ အရှင်တစ်ပါးဟု ဆိုကြသည်နှင့် ပန်းဖြင့်ကား ပစ်လိုက်မိပါသည်ဟု ပြန်ပြောလေ၏။

စစ်သူကြီးလည်း ရှင်မ၊ သင်သည် ငါ့ကို ဖျက်လေပြီတကားဟု ဆို၍ နန်းတော်သို့ သွားလေ၏။

နန်းတော်အိပ်ရာတံခါးဝသို့ရောက်သော် မင်းကြီးသည် ဥမ္မာဒန္တီကို စွဲလမ်းလျက် တမ်းတ လူးလဲနေသည်ကို ကြားရလေလျှင် ဤမင်းကို ငါကယ်ဆယ်အံ့ဟု။

မိမိ၏လူတစ်ယောက်ကို စကားထည့်၍ လူတို့ပူဇော်သော သစ်ပင်၏အခေါင်း၌ ဝင်၍နေစေ၏။ ပြီးမှ စစ်သူကြီးသည် အမတ်တို့နှင့်တကွ ထိုသစ်ပင်သို့သွား၍ အရှင်နတ်မင်း၊ အကျွန်ုပ်တို့၏ မင်းကြီးသည် ပွဲသဘင်ကို မကြည့်ရှုဘဲ အိပ်ရာ၌ ညည်းညူယောင်ယမ်းလျက်နေပါသည်။ အကြောင်းကို လင်းပြတော်မူပါဟုဆိုလေ၏။

သစ်ခေါင်းရှိလူသည်လည်း အသံကိုဖျက်၍ မင်းကြီး၌ အခြားရောဂါမရှိ။ ဥမ္မာဒန္တီကို စွဲလမ်း၍နေ၏။ မရသော် သေလတ္တံ့ဟု ဆိုလေ၏။

စစ်သူကြီးလည်း အမတ်တို့ကို ကြားမှတ်စေ၍ နန်းတော်သို့ လာရောက်ပြီးလျှင် အရှင်မင်းကြီး၊ နတ်မင်းသည် အရှင်မင်းကြီး၏ အကြောင်းအလုံးစုံကို ပြောပြလေပြီ၊ ဥမ္မာဒန္တီကို စွဲလမ်းလျက် မရသော် သေလတ္တံ့ဟု ဆိုပါသည်။ သို့ပါသောကြောင့် ဥမ္မာဒန္တီကို အကျွန်ုပ် ပေးဆက်ပါ၏။ ယူတော်မူပါလော့ဟု လျှောက်လေ၏။

ထိုအခါ သိဝိမင်းကြီးသည် စစ်သူကြီး၊ ငါ ယခုကဲ့သို့ဖြစ်သည်ကို နတ်တို့လည်း သိကြကုန်ပြီလောဟု မေး၏။ သိကြကုန်ပြီဟု

လျှောက်၏။ ထိုသို့တပြီးကား ငါယုတ်မာသောအဖြစ်ကို ခပ်သိမ်းသော လောကသည် သိကုန်သတတ်ဟု မင်းကြီးသည် သတိတရားရ၍ စစ်သူကြီး၊ ငါသတိလစ်လေပြီ။ ငါယူခြင်းငှာမထိုက်ဟု ဆို၍ ပယ်တော်မူ၏။

စစ်သူကြီးလည်း စေတနာဖြင့် အမျိုးမျိုးတင်လျှောက်၍ မိမိ၏ မယားကို အထပ်ထပ် ပေးဆက်၏။ မင်းကြီးကလည်း တရားပြည့်ဝ သတိရသည်နှင့် အကြိမ်ကြိမ် အကြောင်းပြ၍ ပယ်တော်မူသည်သာ တည်း။

ဤသို့လျှင် အဆုံး၌ သိဝိမင်းကြီးသည် အရွယ်တူမိတ်ဟောင်း ဖြစ်သော စစ်သူကြီး အဘိပါဒကနှင့် ချစ်ကြည်လေးမြတ်ခြင်းရှိကြ ပြန်လေသတည်း။

ဇာတ်ပေါင်းသော်-
သုနန္ဒာရထားထိန်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
အဘိပါဒက စစ်သူကြီးသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ဥမ္မာဒန္တီသည် ဥပ္ပလဝဏ် ဖြစ်လာ၏။
သိဝိမင်းသည် ဘုရား ဖြစ်လာ၏။

❐

# သတ္တတိနိပါတ်

## ၂၄၆။ ကုသဇာတ် ၁

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မာတုဂါမကိုစွဲ၍ သာသနာ၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို ဆုံးမရန် အောက်ပါ ဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ မလ္လတိုင်း ကုသဝတီပြည်၌ ဩက္ကာကရာဇ်မင်းကြီးသည် မင်းပြု၏။ ထိုမင်း၏ မိဖုရားကြီး သီလဝတီမှ သိကြားပေးသော သားတော်နှစ်ယောက် ဖွား၏။ အကြီးကုသကား အလွန်အရုပ်ဆိုး၏။ သို့ရာတွင် ဘုန်းပညာကြီး၏။ အငယ် ဇယမ္ပတိကား အလွန်အရုပ်လှ၏။ သို့ရာတွင် ပညာမရှိလေ။

ကုသမင်း အရွယ်ရောက်သော် သင့်လျော်သော မိန်းမနှင့် ထိမ်းမြား၍ ထီးနန်းနှင်းလိုကြောင်း ခမည်းတော် မယ်တော်တို့ကဆိုရာ ငါသည်အဆင်းမလှ။ ငါနှင့်ဆောင်နှင်းသောမိန်းမသည် ငါ့ကိုမြင်လျှင် ပြေးလတ္တံ့။ သို့ဖြစ်သော် ငါအရှက်ရလတ္တံ့။ သို့ကြောင့် အိမ်ရာမထောင်ဘဲ ခမည်းတော် မယ်တော်တို့ကိုသာ လုပ်ကျွေးနေအံ့။ မိဘတို့လွန်မှ တောထွက်ရဟန်းပြုအံ့ဟု ကြံပြီးလျှင် ထိုကြံသည့်အတိုင်း ပြန်ကြားလျှောက်ထားလေ၏။

ခမည်းတော် မယ်တော်တို့လည်း မကျေနပ်ဘဲ အထပ်ထပ်တိုက်တွန်းရာ မိဘစကားကို မပယ်လိုသည်နှင့် ဥပါယ်တံမျဉ်ဖြင့် ပြုအံ့ဟု။

မိမိကိုယ်တိုင် ပြုလုပ်အပ်သော အလွန်လှပသော အသက်ရှင်သော မိန်းမဟု ထင်ရသော ရွှေရုပ်ကိုပြ၍ ဤရွှေရုပ်သို့သော မိန်းမကိုရလျှင်ကား ယူပါအံ့ဟု လျှောက်လေ၏။

ခမည်းတော် မယ်တော်တို့လည်း မှူးမတ်တို့အား ရွှေရုပ်ကိုဆောင်၍ အတိုင်းတိုင်း အပြည်ပြည်၌ ထိုရွှေရုပ်နှင့်တူသော မိန်းမကိုရှာစေ၏။ တွေ့လျှင် ရွှေရုပ်ကိုပေးသွင်းခဲ့၍ ထိမ်းမြားရန်နေ့ရက်ကို ချိန်းခဲ့လော့ဟူ၍လည်း မှာလိုက်၏။

မှူးမတ်တို့လည်း လှည့်လည်ရှာခဲ့ရာ မတွေ့နိုင်ဘဲ မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့သို့ ရောက်လာကြလေ၏။

ထိုသာဂလမြို့၌ မဒ္ဒရာဇ်မင်း၏သမီးတော်ရှစ်ယောက်တို့တွင် အကြီးဆုံးဖြစ်သော ပဘာဝတီမင်းသမီးသည် နတ်သမီးတမျှလှ၏။ ထွန်းလင်းသော ကိုယ်ရောင်ရှိသည်နှင့် လေးတောင်ရှိသောတိုက်ခန်း၌ မီးမထွန်းဘဲလင်း၏။ ထိုပဘာဝတီ၏အထိန်းတော်ကား ခုဇ္ဇာအမည်ရှိ၏။

ထိုနေ့၌ ခုဇ္ဇာနှင့်တကွ ကျွန်မတို့သည် ပဘာဝတီခေါင်းဆေးရန် ရေခပ်ဆင်းလာရာ မှူးမတ်တို့ချထားသော ရွှေရုပ်ကိုမြင်လျှင် ခုဇ္ဇာသည် ပဘာဝတီထင်၍ ဟယ်-သူငယ်မ၊ အဘယ်ကြောင့် ငါတို့အလျင် ရေဆိပ်သို့ တစ်ယောက်တည်းလာခဲ့သနည်း။ ခမည်းတော်သိသော် ငါတို့အား အပြစ်မရောက်လော့ဟု ဆို၍ ရွှေရုပ်ကို လက်ဖြင့်ပုတ်ခတ်၏။ လက်အတန်ငယ်နာသွားမှ ရွှေရုပ်ဖြစ်ကြောင်းသိ၍ ရယ်မောကြ၏။

မှူးမတ်တို့သည် ထိုအခြင်းအရာကိုမြင်၍ အထိန်းတော်အားမေးမြန်းရာ မိမိ၏သခင်မသည် ထိုရွှေရုပ်ထက်ပင် သာလွန်လှပကြောင်းကို ပြောပြလေ၏။

မှူးမတ်တို့လည်း ပြန်၍လျှောက်လျှင် ကုသမင်း၏ခမည်းတော် မယ်တော်တို့ကိုယ်တိုင် သာဂလမြို့သို့ လာရောက် မဒ္ဒရာဇ်မင်းနှင့်တွေ့ဆုံ လက်ထပ်ထိမ်းမြားရေးကို စီမံကြလေ၏။

ထိုအခါ ကုသမင်းမယ်တော်သည် ငါ၏ချွေးမကား အလွန်လှ၏။ ငါ့သားကိုမြင်သော် ထွက်ပြေးမည်ကို စိုးရိမ်ရ၏။ သို့ကြောင့် ဥပါယ်တံမျဉ်ဖြင့်ပြုအံ့ဟု မဒ္ဒရာဇ်မင်းအား အရှင်မင်းကြီး၊ အကျွန်ုပ်တို့အမျိုး၌ ထုံးစံတစ်ခုရှိသည်ကား လင်မယားထိမ်းမြားပြီးနောက် မယား၌ ပထမအကြိမ် ကိုယ်ဝန်တည်သည့်တိုင်အောင် လင်၏မျက်နှာကိုမြင်ခွင့်မရှိပါ။ ထိုထုံးစံလိုက်နာရန် သည်းခံတော်မူစေလိုပါ၏ဟု လျှောက်၏။ မဒ္ဒရာဇ်မင်းနှင့် သမီးတော်လည်း ဝန်ခံလေ၏။

ဤသို့အားဖြင့် ကုသမင်းနှင့် ပဘာဝတီတို့ကို ထိမ်းမြားပြီးနောက် ဩက္ကာကရာဇ်မင်းကြီးက ကုသဝတီပြည်ကိုပေး၍ မင်းပြုစေ၏ ။

ကုသမင်းနှင့် ပဘာဝတီတို့သည် နေ့အခါ၌ တစ်ဦးကို တစ်ဦး မမြင်ကြရသည်ဖြစ်၍ ကုသမင်းသည် ပဘာဝတီကို နေ့အခါ မြင်လိုပါသည်ဟု အကြိမ်ကြိမ် မယ်တော်အား ပူဆာရာ မယ်တော်သည် နောက်ဆုံး၌ ဝန်ခံ၍ ချစ်သား ဆင်တင်းကုပ်တွင် ဆင်ထိန်းအသွင်ဖြင့် နေနှင့်လော့။ ပဘာဝတီနှင့်အတူ ငါတို့ ဆင်ကြည့်လာခဲ့အံ့။ ထိုအခါသင် စိတ်ကျေနပ်အောင် ကြည့်လေဟု ဆိုလိုက်၏။

စီစဉ်ထားသည့်အတိုင်း ကုသမင်းမြင်ရသော် ကြည့်ရုံသာမဟုတ်၊ ပြက်ရယ်ပြုလိုသည့်အနေနှင့် ပဘာဝတီ၏ကျောကို ဆင်ချေးတုံးဖြင့် ပေါက်၍ ကစားလေ၏။ ပဘာဝတီလည်း အမျက်ပြင်းစွာ ထွက်၍ မယ်တော်အားတိုင်၏။ မယ်တော်လည်း ချော့မော့၍ထားရ၏ ။

တစ်ဖန် ပူဆာပြန်သဖြင့် မြင်းတင်းကုပ်၌ ပြုရ၏။ ယခင်ကသို့ပင် မြင်းချေးတုံးနှင့်ပေါက်၏။ မယ်တော်လည်း လှည့်ပတ်ချော့မော့၍ ထားရ၏။

တစ်နေ့သော် ပဘာဝတီက ကုသမင်းကို နေ့အခါမြင်လိုပါသည်ဟု ပူဆာရာ မယ်တော်သည် ညီတော် ဇယမ္ပတိကို မင်းအသွင်ဖြင့် ဆင်ထက်၌ ရှေ့ကနေစေ၍ ကုသမင်းကို ဆင်ထိန်းအသွင်ဖြင့် နောက်ကနေစေ၍ မြို့ကို လှည့်စေပြီးလျှင် ပဘာဝတီအား နန်းတော်လေသွန်တံခါးမှ ကြည့်စေ၏။

ပဘာဝတီလည်း ဇယမ္ပတိကို မိမိလင်ထင်၍အလွန်ဝမ်းမြောက်၏။ ဆင်ထိန်းဟန်ဖြင့် နောက်ကလိုက်သော ကုသမင်းသည်ကား

ပဘာဝတီကို အလိုရှိတိုင်းကြည့်၍ လက်ဖောက်ပြန်ခြင်း၊ မျက်နှာရှုံ့မဲ့ခြင်း စသည်တို့ဖြင့် ပြောင်လှောင်၍သာ လိုက်လေ၏။

ထိုအခါ ပဘာဝတီက မယ်တော်၊ အဘယ်ကြောင့် အရှက်ကွဲစေမည့်သော ဆင်ထိန်းကိုထားသနည်း။ ချစ်သမီး၊ အစောင့်အရှောက်နှင့် နောက်က ဆင်ထိန်းပါမှပင် ဖြစ်မည်ဟု ဆို၏။

ထိုအခါ ပဘာဝတီသည် ထိုဆင်ထိန်းကား ရဲလှ၏။ ကုသမင်း ဖြစ်ဟန်ရှိသည်။ အရုပ်ဆိုးသဖြင့် ငါ့ကို လှည့်ပတ်ထားဟန်တူ၏ဟု ယုံမှားရှိသည်နှင့် ခုဇ္ဇာအား ထိုနှစ်ယောက်အနက် မည်သူမင်းဖြစ်ကြောင်း ကြည့်လေ။ ရှေးဦးစွာ ဆင်မှဆင်းသူသည် မင်းဖြစ်၏ဟု တိတ်တဆိတ် စေလိုက်၏။

ဆင်ထက်မှ ကုသမင်းသည် အလျင်ဆင်းသောအခါ ခုဇ္ဇာကိုမြင်သော် ဤမည်သောအကြောင်းတည်းဟု သိ၍ ခုဇ္ဇာကိုခေါ်ပြီးလျှင် နှုတ်ပိတ်တောင်းပန်လိုက်၏။ ခုဇ္ဇာသည် ရှေ့ကလူ အလျင်ဆင်းပါသည်ဟု လှည့်စားလျှောက်လေလျှင် ပဘာဝတီသည် ယုံကြည်ဝမ်းမြောက်လေ၏။

နောက်များမကြာမီ ကုသမင်းက ပူဆာပြန်သည်နှင့် မယ်တော်က ရေကန်တော်သို့ ပဘာဝတီကိုခေါ်သွား၍ ပဘာဝတီရေကစားနေစဉ် ကြာဖက်ကြား၌ ပုန်းနေနှင့်သော ကုသမင်းသည် ငါကုသတည်းဟု ဆို၍ လက်ကိုဆွဲလေ၏။ ပဘာဝတီလည်း ဘီလူးဆွဲပါသည်ဟု လန့်ဖျပ် မိန်းမောသွားလေ၏။ ထိုအခါမှ ကုသလည်း လက်ကိုလွှတ်လေ၏။

ပဘာဝတီ သတိရသောအခါ ကုသမင်းသည် ငါ့လက်ကိုဆွဲ၏။ ဆင်ချေးတုံး၊ မြင်းချေးတုံးတို့ဖြင့် ပစ်သူသည်လည်းကောင်း၊ ဆင်ထက်က ငါ့ကို ပြောင်လှောင်သူသည်လည်းကောင်း ကုသမင်း

ပင်တည်း။ ဤမျှအရပ်ဆိုးသူကို ငါ လင်မလုပ်လိုပြီ။ ငါ့တိုင်းပြည်ကို ပြန်တော့အံ့ဟု မိမိနှင့်ပါသော မှူးမတ်တို့အား ရထားယာဉ် စသည် တို့ကို ပြင်ဆင်စေ၏။

ကုသမင်းကြားသော် ပဘာဝတီအား ယခုမသွားစေလျှင် နှလုံး ကွဲလတ္တံ့။ သို့ကြောင့် ငါလွှတ်လိုက်အံ့။ နောက်မှ ငါ့အစွမ်းဖြင့် ပြန်၍ဆောင်ယူအံ့ဟု သွားရန် ခွင့်ပေးလိုက်လေ၏။

ကုသမင်း အဆင်းမလှခြင်းနှင့် ပဘာဝတီက ကုသမင်းကို အလိုမရှိခြင်းတို့၏ အကြောင်းရင်းကား ဤသို့တည်း။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်အနီး တစ်ခုသောရွာ၌ လင်မယားနှစ်ယောက်တို့သည် လင်၏ညီနှင့်တကွ နေကြ၏။ တစ်နေ့ ၌ ညီငယ် တောသို့သွားနေစဉ် မုန့်ကို ကြော်ကြပြီးလျှင် ညီငယ် အတွက် မုန့်ကိုထား၍ ကြွင်းသောမုန့်ကို ဝေ၍စားကြ၏။ ထိုခဏ၌ ပစ္စေကဗုဒ္ဓါတစ်ပါးသည် ဆွမ်းအလို့ငှာ အိမ်တံခါးသို့ ကြွလာလေ သော်။ မရီးသည် ငါ၏မတ်အား မုန့်အသစ်ကြော်၍ပေးအံ့ဟုကြံ၍ ထိုမတ်၏ဝေစုမုန့်ကို လှူလိုက်လေ၏။

မကြာမီပင် မတ်ရောက်လာ၍ မရီးကပြောပြသော် မတ်က မကြည်ဖြူနိုင်ဘဲ သင့်အစုကိုစား၍ ငါ့အစုကိုကား လှူလိုက်သလော။ တစ်ပါးသောမုန့်ကို ငါမလိုဟု အမျက်ထွက်ပြီးလျှင် ပစ္စေကဗုဒ္ဓါ နောက်သို့ လိုက်၍ သပိတ်မှမုန့်ကို ယူလေ၏။

ထိုအခါ မရီးသည် မတ်ကို စိတ်နာလျက် လတ်ဆတ်သော ထောပတ်ကိုယူ၍ လောင်းလှူလေ၏။ ထောပတ်ရောင်လှပသည်ကို မြင်မှ အရှင်ဘုရား၊ ဤကုသိုလ်ကြောင့် အကျွန်ုပ် ဖြစ်လေရာဘဝ၌ ကိုယ်မှအရောင်ထွက်၍ မြတ်သောအဆင်းနှင့် ပြည့်စုံရပါလို၏။ ဤ သူယုတ်မာနှင့်လည်း တစ်ရပ်တည်းအတူမဖြစ်ရပါလို၏ဟု ဆုတောင်း လေ၏။

ထိုကိုကြားလျှင် မတ်လည်း သတိရ၍ မိမိ၏မုန့်ကို ထို ထောပတ်ထက်၌ ဖုံးအုပ်၍ လှူပြန်ပြီးမှ အကျွန်ုပ်၏မရီးသည် မည်မျှ ဆေးကွာသောအရပ်၌နေစေကာမူ အကျွန်ုပ်၏မယားအဖြစ်ဖြင့်ဆောင်ယူ နိုင်ပါစေသတည်းဟု ဆုတောင်းလေ၏။

ဤသို့လျှင် အမျက်ထွက်၍ မုန့်ကို လုယူမိသောကြောင့် ကုသမင်းဘဝ၌ အရုပ်ဆိုးရလေသည်။ ပဘာဝတီလည်းရှေးဆုတောင်း ကြောင့် အဆင်းလှပြီးလျှင် ကုသမင်းကို အလိုမရှိလေ။

ပဘာဝတီထွက်သွားပြီးနောက် ကုသမင်းကြီးမှာ အလွန်စိတ် ဆင်းရဲလှသည်ဖြစ်၍ မယ်တော်အား ခွင့်တောင်း၊ တိုင်းပြည်ကိုအပ်ခဲ့ ပြီးလျှင် ကောကနဒမည်သော စောင်းတော်ကိုပိုက်လျက် သာဂလပြည် သို့ လိုက်ခဲ့လေ၏။

ကုသမင်း သာဂလမြို့တွင်းသို့ဝင်မိလျှင် ကုသမင်း၏တန်ခိုး တော်ကြောင့် ပဘာဝတီသည် အိပ်ရာထက်၌ မအိပ်နိုင်ဘဲ မြေ၌ဆင်း ၍ အိပ်ရ၏။

ကုသမင်းသည် ဆင်တင်းကုပ်တစ်ခု၌ ခွင့်တောင်း၊ တည်းနေ ၍ သာဂလတစ်မြို့လုံး ကြားစေသတည်းဟု မိန့်ဆို၍ စောင်းကို တီးလေ၏။ ပဘာဝတီကြားလျှင် ဧကန် ကုသမင်း၏စောင်းသံတည်း ဟု သိလေ၏။

ကုသမင်းသည်လည်း ဆင်တင်းကုပ်တွင်နေ၍ ပဘာဝတီကို မြင်ရမည်မဟုတ်ဟု မင်း၏အိုးထိန်းသည်ထံသို့ ခိုဝင်ပြီးလျှင် အိုးတော် လုပ်ရ၏။ အိုးတို့မှာ အလွန်လှပဆန်းကြယ်၏။ အိုးထိန်းသည်လည်း ထိုအိုးတို့ကို မင်းကြီးအားဆက်လျှင် အလွန်နှစ်သက်သဘောကျ၏။ သမီးတော်အားလည်း ဆက်စေ၏။

ပဘာဝတီသည် အိုးတို့တွင် မိမိအရုပ်၊ ခုဇ္ဇာအရုပ်၊ ကုသမင်း အရုပ်တို့ကိုမြင်သော် ကုသမင်းလုပ်ကြောင်းသိ၍ အမျက်ထွက်ပြီးလျှင် အခြားသူတို့အား ပေးပစ်လေ၏။

အိုးသိန်းအိမ်တွင်နေ၍လည်း မြင်ရပုံမပေါ်သည်နှင့် ဖျာတော်ယက်ထံ ခိုဝင်၊ ပဘာဝတီ စသော အရုပ်ပါသောဖျာကို ယက်ပြီးလျှင် ဖျာတော်ယက်က သွားရောက်ဆက်သရာ ပဘာဝတီအမျက်ထွက်၍ မြေတွင်ပစ်ချလေ၏။

ထိုမှတစ်ဖန် မြင်ရပုံမပေါ်၍ ပန်းကုံးသည်တပည့်ပြုလုပ်ပြီးလျှင် အရုပ်စုံပါသော ပန်းကုံးကိုဆက်သစေရာ ရှေးနည်းအတိုင်း မြေ၌ ပစ်ချခြင်းကို ခံရပြန်၏။

ထိုနေရာမှလည်း မြင်ရပုံမပေါ်၍ စားတော်ချက်ထံသို့ ရောက်လာလေ၏။ ကုသမင်းချက်သောဟင်းနံ့သည် မြို့အလုံးနံ့၏။ အရသာကို မင်းကြီးနှစ်သက်၍ ဤသို့ နေ့စဉ်ချက်ပြီးလျှင် သင်က ငါ့ထံသို့ စားတော်ပို့လော့။ သင့်တပည့်ကိုကား သမီးတော်ထံသို့ ပို့စေလော့ဟု စားတော်ချက်အား မိန့်တော်မူ၏။

ကုသမင်းကြားသော် မြင်ရတော့မည်ဟု ဝမ်းမြောက်ဝမ်းသာဖြင့် ထမင်းခွက်တို့ကို ဆိုင်းထမ်းပိုးဖြင့်ထမ်း၍ ပဘာဝတီထံသို့ သွားလေ၏ ။

ထိုသို့တက်လာသည်ကို ပဘာဝတီမြင်လျှင် အမျက်ပြင်းစွာထွက်လျက် ဤကုသမင်းသည် မပြုအပ်သော ကျွန်အမှုကိုပြု၏။ အကယ်၍ ငါဆိတ်ဆိတ်နေအံ့၊ နှစ်သက်၍နေသည်ထင်မှတ်၍ ငါ့ကိုကြည့်လျက် ဤအရပ်တွင်နေလိမ့်မည်။ သို့ကြောင့် ဆဲရေးရေရွတ်၍ ပြေးစေအံ့ဟု။

ကုသမင်း၊ သင်သည် ရာဂစိတ်ဖြင့် စွဲလမ်းလျက် နေ့နေ့ညဉ့်ညဉ့် စားတော်ကို ထမ်းရသဖြင့် ဆင်းရဲစွာ၏။ အသင်အရုပ်ဆိုးကို ငါအလိုမရှိ၊ သင့်တိုင်းပြည်သို့သာ ပြန်သွားလော့ဟု ဆို၏။

ပဘာဝတီ၊ သင့်အား ငါသည် စွဲစွဲလမ်းလမ်း ချစ်အပ်သည်ဖြစ်၍ အဘယ်အရပ်ကိုမျှ မသွားနိုင်။ ဤတွင်ပင် ငါနေတော့အံ့ဟု ဆို၏။

ထိုအခါ ပဘာဝတီသည် မိမိအား ကုသမင်းက လက်ကိုဆွဲကိုင်သော် မည်သို့မျှ တတ်နိုင်မည်မဟုတ်ဟုတွေး၍ အခန်းတွင်းသို့ ဝင်ပြီးလျှင် တံခါးပိတ်ထားလိုက်လေ၏။

ထိုအခါ ကုသမင်းသည် ပဘာဝတီသည် မိမိအပေါ်၌ မေတ္တာပြတ်မပြတ် စုံစမ်းအံ့ဟု ထမင်းထမ်းနှင့်တကွ ကိုယ်ကိုလှဲ၍ အော်မြည်လျက် မိန်းမောဟန်ပြု၍ နေလေ၏။

ပဘာဝတီသည်လည်း အသံကြား၍ ထွက်ကြည့် မြင်သော်ခြော်–ကုသမင်းသည် တိုင်းပြည်ရှင်ဖြစ်လျက် ငါ့အတွက်ဆင်းရဲရ၏။ အသက်မှ ရှိပါသေး၏လောဟု ကုသမင်းမျက်နှာကို ကပ်၍ကြည့်၏။ ထိုအခါ ကုသမင်းသည် ခံတွင်းပြည့်အောင် တံတွေးကိုငုံ၍ ပဘာဝတီ၏ ကိုယ်၊ မျက်နှာတို့ကို ထွေးလိုက်လေ၏။

ပဘာဝတီသည် အမျက်ပြင်းစွာထွက်လျက် ကုသမင်း၊ အသင်သည် မည်မျှပင် ကြိုးစားစေကာမူ ငါ့ကိုရမည်မဟုတ် မိမိတိုင်းပြည်သို့သာ ပြန်လေတော့ဟု ဆို၏။

ပဘာဝတီ သင့်နောက်သို့ ငါလိုက်ရသဖြင့် ငါအလွန်ဆင်းရဲ၏။ သို့ရာတွင် သင် ကြည်ဖြူပါမူကား ထိုဆင်းရဲခြင်းကိုပင် ချမ်းသာခြင်းဟု ငါထင်၏ဟုဆို၏။

ထိုအခါ ပဘာဝတီသည် ဥပါယ်တံမျဉ်ဖြင့်ဆို၍ ပြေးစေအံ့ဟု ကုသမင်း၊ နိမိတ်ဖတ်တတ်သော ပုဏ္ဏားတို့သည် ငါ၏ကိုယ် ခုနစ်ပိုင်းပြတ်စေကာမူ သင်သည် ငါ၏လင်မဖြစ်ရာဟု ဖတ်ဆိုကြပြီး ဖြစ်သည်ဟု ဆိုလေ၏။

ပဘာဝတီ၊ ငါတို့ကုသဝတီပြည်က နိမိတ်ဖတ်ပုဏ္ဏားတို့ကား သင်သည် ငါမှတစ်ပါး အခြားသောလင်ကိုမရနိုင်ဟု ဖတ်ဆိုကြပြီး ဖြစ်သည်ဟု ပြန်ဆိုလေ၏။

ပဘာဝတီလည်း ဤမင်းကို ပြေးစေခြင်းငှာ မတတ်နိုင်ပြီ။ ပြေးလိုပြေးစေ၊ နေလိုနေစေ၊ ငါမတွေ့ မမြင်လိုပြီဟု အခန်းတွင်းသို့ ဝင်ရောက် တံခါးပိတ်နေလေ၏။

ကုသမင်းလည်း ပြန်ခဲ့ရ၏။ ရာဂကိုစွဲ၍ များစွာ ပင်ပန်းဆင်းရဲ၏။ စားဖိုသည်အိမ်တွင် ထမင်းအိုး၊ ဟင်းအိုးတင်သော အင်းပျဉ်၌ အိပ်ရ၏။ ထင်းခွဲခြင်း၊ အိုးခွက်ဆေးခြင်း၊ ရေခပ်ခြင်း၊ ထမင်းဟင်းချက်ခြင်း စသည်တို့ကို ပြုရရှာလေ၏။

တစ်နေ့သော် ခုဇ္ဇာနှင့်တွေ့၍ မိမိအား သနားသဖြင့် ကူညီစောင်မရန် ပြောသည်နှင့် ခုဇ္ဇာလည်း ပဘာဝတီအား အဆင်းမာန်မတက်ဘဲ ဘုန်းပညာနှင့်ပြည့်စုံသော ကုသမင်းအလိုသို့လိုက်ရန် ဆုံးမလေ၏။ သို့သော်လည်း ချက်ချင်းမရလေ။

ကုသမင်းမှာလည်း ဆင်းရဲကြီးစွာဖြင့် နေရသည်မှာ ခုနစ်လတိုင်တိုင် ရှိလေ၏။ အလွန်စိတ်ဆင်းရဲလျက် ငါရတော့မည်မထင်၊ တိုင်းပြည်သို့ ပြန်တော့အံ့ဟု ကြံလေ၏။

ထိုအခါ သိကြားမင်းသိ၍ ကူညီအံ့သောငှာ မိမိကိုယ်ကို မဒ္ဒရာဇ်မင်း၏ တမန်တော်ဟုန်ပြု၍ အနီးအနားရှိ ခုနစ်ပြည်ထောင်သော မင်းတို့ထံ၌ ပဘာဝတီသည် ကုသမင်းကိုပစ်၍လာ၏။ လာရောက် သိမ်းယူတော်မူပါလော့ဟု တစ်ပါးစီ တစ်ပါးစီ လိုက်၍ ကြားလျှောက်လေ၏။

ခုနစ်ပြည်ထောင်သောမင်းတို့ သာဂလမြို့၌ ဆုံမိကြလျှင် အချင်းချင်း မေးမြန်း၊ အကြောင်းကိုသိရသော် မဒ္ဒရာဇ်မင်းသည် သမီးတစ်ယောက်ကို မင်းခုနစ်ပါးအား ပေးမည်ကြံ၏။ ငါတို့ကို မရိမသေ ချုပ်ချယ်ခြင်းတည်းဟု အမျက်ထွက်ကြလျက် သာဂလမြို့ကို ဝန်းရံထားပြီးလျှင် သမီးကိုလည်း ပေးမည်လော၊ စစ်သော်လည်း ထိုးမည်လောဟု စေလိုက်ကြ၏။

ထိုအခါ မဒ္ဒရာဇ်မင်းသည် ထိတ်လန့်ကြောက်ရွံ့လျက် မှူးမတ်တို့နှင့် တိုင်ပင်ပြီးလျှင် သမီးတော်ကို မင်းတစ်ပါးပါးအားပေးသော် ကျန်ခြောက်ပါးက အေးချမ်းမည်မဟုတ်။ ယခုဖြစ်ရသည်မှာလည်း ပဘာဝတီသည် ဘုန်းရှင်ကံရှင် ကုသမင်းမြတ်ကို စင်လျက် စွန့်ပစ်၍ လာသောကြောင့် ဖြစ်ရ၏။ ထို့ကြောင့် ပဘာဝတီကို· ခုနစ်ပိုင်းပိုင်း၍ ခုနစ်တိုင်းအား ဝေလေလော့ဟု အမိန့်ချမှတ်လေ၏။

ထိုစကား ပျံ့နှံ့သွား၍ ပဘာဝတီကြားသော် မယ်တော့်ထံသို့ ပြေးလာ ငိုကြွေးလေ၏။ မယ်တော်လည်း ချောက်ချားလျက် မင်းကြီးထံသို့ လာရောက်တောင်းပန်လေ၏။

ထိုအခါ မင်းကြီးက ရှင်မိဖုရား၊ သင့်သမီးသည် သူမတူမြတ်သောမင်းကို အဆင်းမာန်ဖြင့် စွန့်၍လာခဲ့၏။ ထိုသို့အရာမဟုတ်သည်၌ ထားသော မာန်၏အကျိုးကို ယခုရလေပြီတကားဟု မိန့်တော်မူ၏။

ထိုအခါ မိဖုရားကြီးသည် ဆောက်တည်ရာမရ ငိုကြွေးလျက် အကယ်၍ ကုသမင်းသာ ငါတို့ပြည်၌ ရှိပါမူကား ထိုခုနစ်ပြည်ထောင်သောမင်းတို့ကို ပြေးစေ၍ ငါ့သမီး၏အသက်ကို ချမ်းသာစေမည်သာတည်းဟု မြည်တမ်းလေ၏။

ထိုအခါမှ ပဘာဝတီက ကုသမင်း သာဂလပြည်၌ရှိကြောင်း ပြော၍ စားဖိုသည်အိမ်၌ ဆင်းရဲစွာနေသည်ကို ပြလေ၏။

မိဖုရားကြီးမြင်ရသော် ဟယ်–အမိုက်မ၊ သင်သည် ကုလီ၊ ဒွန်းစဏ္ဍား၊ အမျိုးယုတ်တို့၏သမီးလော။ မင်း၏သမီးဖြစ်လျက် အဘယ်ကြောင့် လင်ကို ကျွန်ပြုဘိသနည်းဟု ရေရွတ်လေ၏။

မိဖုရားကြီးက လျှောက်၍ မင်းကြီးကြားသော် ပဘာဝတီအား ဟယ်–အမိုက်မ၊ သင်သည် ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံသော

မင်းကို ပြစ်မှားလေပြီ။ မိုက်စွာတကားဟု ဆိုမြည်ပြီးလျှင် ကုသမင်းရှိရာသို့ သွားရောက် တောင်းပန်လေ၏။ ကုသမင်းလည်း ကောင်းစွာပင် သည်းခံ၏။

ပြီးမှ မင်းကြီးသည် ပဘာဝတီအား ဟယ်–အမိုက်မ၊ ယခုပင် ကုသမင်းအား တောင်းပန်ကန်တော့လေလော့ဟု ဆိုလေ၏။

ပဘာဝတီလည်း အခြွေအရံနှင့်တကွ ကုသမင်းထံသို့လာခဲ့လေ၏။ ကုသမင်းကား အကြောင်းကိုမြင်ပြီးဖြစ်သဖြင့် ယနေ့ ပဘာဝတီ၏ မာန်ကို ချိုးအံ့ဟု မိမိခပ်ထားသောရေတို့ကိုလောင်း၍ တလင်းရာမျှလောက်သောမြေခွက်ကို ရွှံ့ပြုလုပ်လျက် ထိုရွှံ့ဗွက်အလယ်၌ နေလင့်၏။

ပဘာဝတီလည်း ထိုရွှံ့ညွှန်တွင်းသို့ဆင်း၍ ခြေရင်း၌ဝပ်ပြီးလျှင် ကန်တော့တောင်းပန်ရလေ၏။ ကုသမင်းလည်း အကယ်၍ ငါခက်ထန်နေအံ့၊ ပဘာဝတီ နှလုံးကွဲရာ၏ဟု ကျေအေးသည်းခံတော်မူလိုက်၏။

ထို့နောက် ကုသမင်းသည် တန်ဆာဆင်၍ ဆင်ထက်၌ ပဘာဝတီနှင့်အတူစီးတော်မူ၍ စစ်မြေပြင်သို့ထွက်စေ၏။ ထိုအခါ သိကြားမင်းသည် နှစ်သက်၍ ပတ္တမြားကိုဆက်၏။

ထိုအခါ ကုသမင်းသည် ပဘာဝတီ၏ညီမခုနစ်ယောက်တို့ကို မင်းခုနစ်ပါးအား တစ်ယောက်စီပေး၍ လွှတ်လိုက်သည်နှင့် မင်းခုနစ်ပါးတို့ အလိုပြည့်ဝမ်းမြောက်လျက် ပြန်ကြလေ၏။

ကုသမင်းနှင့် ပဘာဝတီတို့သည် ရထားစီး၍ ကုသဝတီပြည်ကြီးသို့ ပြန်ခဲ့ကြရာ ပတ္တမြား၏အာနုဘော်ကြောင့် တူမျှသောအဆင်းအသွင် ရှိကြကုန်သည်ဖြစ်၍ အလွန်နှစ်သက်ခြင်း ဖြစ်ကြကုန်၏။

ဤသို့အားဖြင့် မိဘဆွေမျိုးတို့နှင့် ပြန်လည်တွေ့ဆုံလျက် အလုံးစုံ ချမ်းသာခြင်းသို့ ရောက်ကြလေသတည်း။

ဇာတ်ပေါင်းသော်-
မယ်တော် ခမည်းတော်တို့သည် သာကီဝင်မင်းမျိုးတို့ ဖြစ်လာ၏။
သိကြားသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။
ဇယပ္ပတိသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ခုဇ္ဇာသည် ခုဇ္ဇုတ္တရာ ဖြစ်လာ၏။
ပဘာဝတီသည် ရာဟုလာမယ်တော် ဖြစ်လာ၏။
ကုသမင်းသည် ဘုရား ဖြစ်လာ၏။

❒

## သတ္တတိနိပါတ်

### ၂၄၇။ သောဏ နန္ဒဇာတ် ၂

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မိဘကို လုပ်ကျွေးသော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီပြည်သည် ဗြဟ္မဝဍ္ဎနမြို့မည်ဖူး၏။ ထိုဗြဟ္မဝဍ္ဎနမြို့ မနောဇာမည်သော မင်းလက်ထက်တွင် ပုဏ္ဏားလင်မယားနှင့် သောဏ နန္ဒမည်သောသားတို့သည် ရသေ့ရဟန်းပြုကြ၍ ဟိမဝန္တာ၌ နေကြ၏။

သားရသေ့နှစ်ပါးတို့သည် မိဘရသေ့တို့အား ရိုသေစွာ လုပ်ကျွေးကြ၏။ သားငယ်နန္ဒသည် မိဘတို့အား မိမိရှာ၍ရသော သစ်သီးတို့ကို စားစေလိုသည်ဖြစ်၍ အကောင်းအဆိုးမရွေး ရသမျှကို လျင်စွာ ခူးဆွတ်ခဲ့၍ မိဘတို့အား ကျွေး၏။ မိဘတို့လည်း စားသောက်ပြီးနောက် ဥပုသ်ဆောက်တည်၍ နေတတ်ကြ၏။

သားကြီးသောဏသည်ကား ကောင်းနိုးရာရာသော သစ်သီးတို့ ကိုသာရွေး၍ ရှာဖွေနေသည်ဖြစ်၍ မိဘတို့စားသောက် ဥပုသ်စောင့်ပြီး မှ ရောက်လာလေရကား မကျွေးရဘဲရှိလေ၏။

ထိုအခါ သောဏသည် ငါ့မိဘတို့ကား နူးညံ့ကုန်၏။ ငါ့ညီ သည် ဤသို့ပြု၍ ရသမျှတို့ကိုသာ ကျွေးမွေးနေလျှင် မိဘတို့ အသက် ရှည်မည်မဟုတ်ဟု ကြံ၍ ညီအား နှစ်ဦးလုံး သစ်သီးရှာရက ပြန်လာမှ စုံညီကျွေးမွေးကြအံ့ဟု ဆိုလေ၏။

ညီတော်သည်ကား ကုသိုလ်ကောင်းမှုကို အလွန်လိုသည်ဖြစ်၍ နောင်တော်စကားကို နားမထောင်ဘဲ ပြုမြဲလေ၏။ ထိုအခါ နောင် တော်သည် ညီတော်ကို ဆုံးမခက်သည်ဟု နှင်ထုတ်လိုက်လေ၏။

ထိုနေ့၌ပင် ညီတော်သည် တရားအားထုတ်ရာ အဘိညာဉ် သမာပတ်တို့ကို ရလေ၏။ ရပြီးမှ ငါသည် နောင်တော်အား အမျိုးမျိုး ဖြင့် ကန်တော့နိုင်သော်လည်း ဇမ္ဗူဒိပ်တွင် ထင်ရှားသော မနောဇာမင်း နှင့်တကွ အခြားသောမင်းတို့ကိုဆောင်၍ ငါကန်တော့အံ့ဟု ကြံပြီးလျှင် မနောဇာမင်းထံသို့သွား၏။

ရောက်လျှင် အကြောင်းကိုပြောပြ၍ မိမိတန်ခိုးဖြင့် တစ်စုံ တစ်ယောက်သောသူမျှ သေကျေပျက်စီးခြင်းမရှိစေဘဲ ဇမ္ဗူဒိပ်မင်း အလုံးတို့ကို ဆောင်၍ မနောဇာမင်းအား တစ်ကျွန်းလုံး မင်းအဖြစ်ကို ရစေ၏။

ထို့နောက် နန္ဒရသေ့သည် မနောဇာမင်းနှင့်တကွ တစ်ရာ့ တစ်ပါးသောမင်းတို့ကို ဗိုလ်ပါအခြွေအရံနှင့်ဆောင်၍ နောင်တော်ထံ သို့ လာရောက်ကန်တော့ပြီးနောက် မိဘတို့အား လုပ်ကျွေးရခြင်းအကျိုး ကျေးဇူးတို့ကို အကျယ်တဝင့် ပြောဆိုဆွေးနွေးကြပြီးလျှင် လေးဦးသား တို့ ချမ်းသာစွာ နေကြလေသတည်း။

ဇာတ်ပေါင်းသော်–

ခမည်းတော်မယ်တော်တို့သည် သုဒ္ဓေါဒနနှင့် မယ်တော်မာယာ ဖြစ်လာ၏။

နန္ဒရသေ့သည် ရှင်အာနန္ဒာ ဖြစ်လာ၏။

မနောဇာမင်းသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

တစ်ရာ့တစ်ပါးသောမင်းတို့သည် ရှစ်ကျိပ်သော မထေရ်တို့နှင့် အခြားမထေရ်တို့ ဖြစ်လာ၏။

စစ်သည်ဗိုလ်ပါ အခြွေအရံတို့သည် ဘုရားပရိသတ် ဖြစ်လာ၏။

သောဏရသေ့သည် ဘုရား ဖြစ်လာ၏။

❒

## အသီတိနိပါတ်

### ၂၄၈။ စူဠဟံသဇာတ် ၁

## နာဠာဂီရိဆင်ကို မြတ်စွာဘုရားဆုံးမခန်း ဟသာမင်းအကြောင်း

ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်အံ့သောငှာ လေးသမားတို့ကို စေလွှတ်ခြင်း၊ တောင်ထက်မှ ကျောက်တုံးလှိမ့်ချခြင်းတို့ကို ပြုသော်လည်း အထမမြောက်နိုင်သည်ရှိသော် ရှင်ဂေါတမကို လူတို့ မသတ်နိုင်တော့ပြီ။ အဇာတသတ်မင်း၏ ကြမ်းကြုတ်ခက်ထန်သော နာဠာဂီရိဆင်ဖြင့် တိုက်သတ်အံ့ဟု ကြံပြီးမှ အဇာတသတ်မင်းနှင့် တိုင်ပင်၍ မြတ်စွာဘုရားသည် သံဃာများစွာနှင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံအလာတွင် ထိုဆင်ကြမ်းကို နေ့တိုင်းထက် အရက်ပိုမိုတိုက်ပြီး

လျှင် လွှတ်လေ၏။ တိုင်းသူပြည်သားတို့လည်း ထိတ်လန့်တုန်လှုပ် လျက် ထွက်၍ကြည့်ကြကုန်၏။

နာဠာဂီရိဆင်သည်လည်း မြည်ဟည်းလျက် လမ်းတွင် တွေ့သမျှ လှည်း၊ ရထားအိမ်၊ ဈေးဆိုင် စသည်တို့ကို ဖျက်ဆီးကာ အမြီးနှာမောင်းထောင်လျက် ဘုရားသခင်ရှိတော်မူရာသို့ ပြေးလာလေ၏။

ထိုအခါ ရှင်သာရိပုတ္တရာ စသော ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့သည် ထိုဆင်ကြမ်းကို မိမိတို့ဆုံးမရန် ခွင့်တောင်းသော်လည်း ခွင့်ပေးတော်မမူလေ။

ရှင်အာနန္ဒာသည်ကား မြတ်စွာဘုရားအား လွန်စွာကြည်ညိုချစ်ခင်ခြင်းရှိရကား။ ဆင်သည် ငါ့ကို ရှေးဦးစွာသတ်ပါစေဟုကြံ၍ ဘုရားသခင်ရှေ့တော်သို့တက်၏။ မြတ်စွာဘုရားက သုံးကြိမ်တိုင်အောင် တားမြစ်သော်လည်းမရမှ တန်ခိုးတော်ဖြင့် နောက်သို့ ရောက်စေ၏။

ထိုခဏ၌ သားသည် အမေတစ်ယောက်သည် ဆင်ကိုမြင်လျှင် ကြောက်သည်နှင့် သားငယ်ကို မြတ်စွာဘုရား၏ရှေ့တွင် ချထားခဲ့၍ ကိုယ်လွတ်ပြေးလေ၏။

ဆင်သည်လည်း ထိုမိန်းမကိုလိုက်ပြီးနောက် တစ်ဖန် သားငယ်ဘက်သို့ လှည့်ခဲ့ပြန်၏။ ထိုအခါ မြတ်စွာဘုရားသည် နာဠာဂီရိဆင်အား ရည်မှန်းလျက် မေတ္တာတော် ပျံ့နှံ့စေပြီးလျှင် အလွန်သာယာကြည်အေးစွာသော အသံတော်ဖြင့် အို–ချစ်သားနာဠာဂီရိ၊ အသင့်အား အရက်ပိုမိုတိုက်၍ လွှတ်သည်မှာ အခြားသူတို့ကို ဖမ်းရန်မဟုတ်။ ငါ့ကိုရည်၍လွှတ်ခြင်းဖြစ်၏။ သို့ကြောင့် ငါ့ထံသို့သာလာလော့ဟု ခေါ်တော်မူ၏။

မြတ်စွာဘုရား၏ တန်ခိုးတော် မေတ္တာတော်ကြောင့်လည်းကောင်း၊ သာယာငြိမ့်လေး ကြည်အေးသောအသံတော်ကြောင့်လည်း

ကောင်း၊ နာဠာဂီရိဆင်သည် မျက်စိကိုဖွင့်၍ တင့်တယ်သောအဆင်း အသရေကို ကြည့်မိလျက် ထိတ်လန့်လျက် သူရာအယစ်ပြေလေ၏။ အမြီး၊ နားခေါင်း၊ နားရွက်တို့ကိုချလျက် ဘုရားသခင်ခြေရင်းတော်၌ ဝပ်လေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် လက်ယာလက်ဖြင့် ဆင် ဦးခေါင်းကို သုံးသပ်တော်မူလျက် ချစ်သားနာဠာဂီရိ၊ သူတစ်ပါးအား ညှဉ်းဆဲခြင်းကို မပြုလင့်။ ပြုလျှင် ကောင်းသောဘဝသို့မရောက်နိုင်။ မူးယစ်၊ မေ့လျော့၊ ခက်ထန်ကြမ်းတမ်း သတ်ဖြတ်ခြင်းတို့ကို မပြုလေ လင့်။ ပြုလျှင် မကောင်းသောဘဝသို့ ရောက်လတ္တံ့။ မေတ္တာစိတ်ကို ပွားလေလော့ဟု ဆုံးမတော်မူလေ၏။

လူအပေါင်းတို့သည် မြတ်စွာဘုရားသခင်၏ တန်ခိုးတော်ကို မြင်ရသော် ရွှင်လန်းဝမ်းမြောက်ကြလျက် အဝတ်တန်ဆာ ရတနာ ရွှေငွေတို့ကို ဆင်ပေါ်သို့ ပစ်ကြဲကြကုန်သည်မှာဆင်ကိုဖုံးအုပ်မိလေ၏။ ထိုအခါမှစ၍ ဓနပါလဆင်ဟူ၍ တွင်၏။

ဆင်သည်လည်း ဘုရားသခင်ခြေရင်းတော်၌ နှာမောင်းဖြင့် မြေမှုန့်တို့ကိုယူ၍ ဦးခေါင်းထက် ကြဲမြှောက်ပြီးမှ ရိုသေတုပ်ဝပ်လျက် နောက်ဆုတ်သွားကာ မြင်ကောင်းသောအရပ်မှ ရှိခိုးပြီးလျှင် ဆင်တင်း ကုပ်သို့ ပြန်လေ၏။ ထိုအခါမှစ၍ အလွန်လျှင် ယဉ်ကျေးသောဆင် အဖြစ်သို့ ရောက်လေ၏။

ထို့နောက် ရဟန်းတို့ဘောင်၌ အရှင်အာနန္ဒာသည် မြတ်စွာ ဘုရားအတွက် အသက်ကိုစွန့်ရန် ရှေ့တော်သို့တက်ကြောင်း စသည် ဖြင့် အရှင်အာနန္ဒာ၏ဂုဏ်ကျေးဇူးတို့ကို ပြောကြရာ မြတ်စွာဘုရားက ရှေးကလည်း ဤသို့ပင်ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ မုဆိုးတစ်ယောက်သည် ရေအိုင်တစ်ခု အနီး၌ ငှက်ကျော့ကွင်းထောင်ထားရာ စိတ္တကုဋ်တောင်၌နေစမှတ်ပြုသော

ဟင်္သာကိုးသောင်းခြောက်ထောင်တို့အရှင် ဓတရဋ္ဌ ရွှေဟင်္သာမင်းကို မိလေ၏။ ဟင်္သာမင်းသည် အခြားဟင်္သာတို့ အစာမဝမည်ကိုစိုး၍ ဟင်္သာတို့ အစာဝချိန်မှ အော်မြည်လေ၏။

ထိုအခါ ဟင်္သာတို့သည် လန့်၍ပျံပြေးကြ၏။ ထိုပျံသည့် ဟင်္သာတို့တွင် သုမုခမည်သော ဟင်္သာစစ်သူကြီးသည် ရွှေဟင်္သာမင်း မပါလာသည်ကိုသိ၍ ထိုရေအိုင်သို့ ပြန်လာခဲ့ပြီးလျှင် ရွှေဟင်္သာမင်း အနီးသို့ လာရောက်လျက် အရှင်မင်းကြီး၊ စိုးရိမ်တော်မမူလင့်။ အကျွန်ုပ် အသက်ကိုစွန့်၍ အရှင်မင်းကြီးအား ချမ်းသာပါစေအံ့ဟု ဆို၏။

ရွှေဟင်္သာမင်းကလည်း အချင်း၊ မစိုးရိမ်လင့်၊ သင်ဖဲလေလော့။ ငါ့ထံ၌နေသော် အသင့်အား ဘေးရောက်လတ္တံ့ဟု ဆိုလေ၏။

အရှင်မင်းမြတ်၊ အရှင်နှင့်ကွဲ၍နေရခြင်းထက် အတူနေ၍ သေရခြင်းက သာလွန်မြတ်၏ဟု ဆို၍သာနေလေ၏။

ထိုခဏ၌ မုဆိုးသည် လာရောက်၍ စုံစမ်းပြီးလျှင် တစ်ကောင်ကိုသာမိလျက်နှင့် အခြားတစ်ကောင်က အဘယ်ကြောင့်နေလေသနည်းဟု မေးမြန်း၏။

ထိုအခါ သုမုခသည် မိမိအသက်ကို ရွှေဟင်္သာမင်းအတွက် လဲလှယ်၍ပေးရန်နေကြောင်းကို ပြောပြပြီးနောက် ရွှေဟင်္သာမင်း၏ အသက်ကို ချမ်းသာပေးရန် တောင်းပန်လေ၏။ မုဆိုးသည် များစွာ နှစ်သက်သည်နှင့် နှစ်ကောင်လုံးကိုလွှတ်သောအခါ သုမုခက အချင်း မုဆိုး၊ အသင်သည် အဘယ်ကိုလို၍ ငါတို့ကို ဖမ်းသနည်းဟုမေး၏။

ငါသည် ငှက်တို့ကိုဖမ်း၍ ရောင်းစားသောမုဆိုးဖြစ်၏။ ဥစ္စာကို လိုသဖြင့် ဖမ်းခြင်းတည်း။

ထိုသို့တပြီးကား အသင်၏ကျေးဇူးကို ငါတို့ဆပ်အံ့။ ငါတို့ကို ယူ၍ မင်းကြီးထံ၌ ပြလေလော့။ သင်သည် ဥစ္စာများစွာရလတ္တံ့ဟု ဆို၏။

မုဆိုးကလည်း မင်းအားဆက်လျှင် သတ်ဖြတ်စားသောက်မည်ကို စိုးရိမ်သဖြင့် ယူမသွားလိုကြောင်း ပြောသော်လည်း အထပ်ထပ်တိုက်တွန်းသည်နှင့် ယူဆောင်၍ မင်းကြီးအား ဆက်လေ၏။

မင်းကြီးသည် မြင်လျှင်ပင် အလွန်နှစ်သက်ဝမ်းမြောက်လေ၏။ ထို့နောက်မှ ဟင်္သာမင်းသည် မိမိတို့၏အဖြစ်အပျက်တို့ကို ပြောပြ၍ လောကီလောကုတ္တရာအကျိုးများသော တရားဓမ္မတို့ကို ဟောပြရာ မင်းကြီးသည် အလွန်အကျူး အထူးဝမ်းမြောက်သည်နှင့် မုဆိုးအား ကြီးစွာသောစည်းစိမ်ကိုပေးပြီးလျှင် ဟင်္သာမင်းကို ထီးဖြူဖြင့် ပူဇော်၍ မင်းအဖြစ်ကို ပေးလေ၏။

ဟင်္သာမင်းကား ထီးနန်းကိုပြန်အပ်၍ စိတ္တကုဋ်တောင်သို့ ပြန်ကြလေသတည်း။

ဇာတ်ပေါင်းသော်–
မုဆိုးသည် ဆန္နအမတ် ဖြစ်လာ၏။
သုမုခသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ဟင်္သာတို့သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။
ဟင်္သာမင်းသည် ဘုရား ဖြစ်လာ၏။

□

# အသီတိနိပါတ်

## ၂၄၉။ မဟာသုတသောမဇာတ် ၅

## လူသားစား ပေါရိသာဒအကြောင်း
## (အင်္ဂုလိမာလအကြောင်း)

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကောသလတိုင်း၊ သာဝတ္ထိပြည်၊ ကောသလမင်းကြီး၏ ပုရောဟိတ်၌ သားတစ်ယောက် ဖွားမြင်ရာ လူဆိုးသူခိုးနက္ခတ်နှင့် ကြိမ်သည်ဖြစ်၍ ပုရောဟိတ်သည် မင်းကြီးအား လျှောက်ပြီးလျှင် ငယ်စဉ်က ဖျောက်ဖျက်သင့်ကြောင်း လျှောက်လေ၏။

မင်းကြီးက တစ်ယောက်တည်းဆိုးမည်လော၊ အများနှင့် တိုင်းပြည်ကို ပုန်ကန်မည်လောဟုမေးရာ တစ်ယောက်တည်းသာ ဆိုးပါမည်ဟုလျှောက်လျှင် ထိုသို့တပြီးကား မဖျက်လင့်၊ ကောင်းစွာမွေးမြူလေဟု မိန့်တော်မူ၏။

ထိုသူငယ်၏အမည် မှည့်အံ့သောနေ့၌ အမျိုးအနွယ်ကိုမညှဉ်းဆဲရန်ဟု နိမိတ်ယူ၍ အဟိံသကဟူသောအမည်ကို မှည့်၏။

အရွယ်ရောက်သော် တက္ကသိုလ်ပြည်၌ ပညာသင်စေ၏။ ထိုသို့သင်ရာ၌ အခမပေးဘဲ ဆရာအား အလုပ်အကျွေးပြု၍ သင်ရသောတပည့်ဖြစ်၏။

ထိုအဟိံသကသည် တပည့်ဝတ္တရား၌ အလွန်ကျေပွန်လေရကား ဆရာကြီးနှင့်တကွ သားမယားတို့ပါ ချစ်ခင်ကြလေ၏။ ထိုကိုအခြား တပည့်တို့က မလိုသဖြင့် ဆရာကြီးအား အဟိံသကသည် ဆရာကြီး၏မယားနှင့် ချစ်ကျွမ်းဝင်ပြီးလျှင် ဆရာကြီးကို ပြစ်မှားမည်ကြံပါသည်ဟု ကုန်းချောကြလေ၏။

ဆရာကြီးသည် ရှေးဦးစွာ မယုံသော်လည်း အထပ်ထပ် အကြိမ်ကြိမ် ကုန်းချောကြလေသဖြင့် ဆရာကြီး ယုံမှားရှိလာပြီးလျှင် အဟိံသကကို သတ်လိုသောစိတ် ဖြစ်ပေါ်လာလေ၏။

ထိုအခါ ဆရာကြီးသည် ပညာသင်လာသောတပည့်တို့ကို သတ်၏ဟု သတင်းပျံ့၍ ငါ့ထံသို့ တပည့်မလာဘဲရှိလတ္တံ့။ သို့ကြောင့် မျက်ကွယ်၌ သူတစ်ပါးသတ်၍ သေစေအံ့ဟု–

ချစ်သား အဟိံသက၊ သင့်အား ငါနှစ်သက်၏။ အလုံးစုံသော အတတ်တို့ကို ပေးတော့အံ့။ သို့ရာတွင် တစ်စုံတစ်ရာ ပူဇော်မှ ငါ ပေးထိုက်၏။ သို့ကြောင့် လူ့လက်ညှိုးတစ်ထောင်ဖြင့် ပူဇော်လော့ဟု ဆိုလေ၏။

အဟိံသကသည်လည်း အတတ်ကိုလိုသည်နှင့် လက်နက်စွဲ၍ ထွက်ခဲ့ပြီးလျှင် တစ်ခုသောတောအုပ်တွင်နေလျက် လမ်းသွားလမ်းလာတို့ကို ဖမ်းဆီးသတ်ဖြတ် လက်ညှိုးတို့ကို ဖြတ်ယူလေ၏။

ရပြီးသောလက်ညှိုးတို့ကို သစ်ခက်သစ်ခွ စသည်တို့၌ စုထားရာ ကျီးငှက် စသည်တို့စားသဖြင့် လက်ညှိုးတို့ကို ကြိုးဖြင့်သီ၍ လည်ပင်း၌ ပန်းကုံးသဖွယ် ဆွဲထားလေ၏။ ထိုအခါမှ အင်္ဂုလိမာလ ဟု တွင်လေ၏။ (အင်္ဂုလိ–လက်ညှိုး၊ မာလ–ပန်း။)

ထိုသို့ လက်ညှိုးဖြတ်သောသူရှိသည်ဟု ကြားသည်နှင့် လူတို့ ထိတ်လန့်တုန်လှုပ်လျက် ထိုတောအုပ်၌ လူတို့အသွားအလာပြတ်လေ၏။ ထိုအခါ အင်္ဂုလိမာလသည် ရွာတို့သို့ ညဥ့်အခါ ဝင်ရောက်သတ်ဖြတ် လက်ညှိုးတို့ကို ယူလေ၏။ အလွန်အားကြီး လျင်မြန်သည်ဖြစ်၍ တစ်စုံတစ်ယောက်သောသူမျှ လွတ်အောင် မပြေးနိုင်ချေ။

ဤသို့လျှင် မြို့စွန်ရွာဖျား၌ လူတို့မနေဝံ့၍ သာဝတ္ထိပြည်တွင်းသို့ ပြေးဝင်လာကြကုန်၏။

ထိုအကြောင်းကို မင်းကြီးကြားသော် မိမိကိုယ်တိုင် ထိတ်လန့်ကြောက်ရွံ့သော်လည်း လူတို့ကို နှစ်သိမ့်စေအံ့သောငှာ နက်ဖြန်နေ့၌ မြင်းငါးရာနှင့်ထွက်၍ အင်္ဂုလိမာလကို ဖမ်းအံ့ဟုဆိုလေ၏။

ထိုစကားကို ပုရောဟိတ်ကြားလျှင် မိမိမယား မန္တာနီပုဏ္ဏေးမအား အလုံးစုံပြန်ကြားလေ၏။ ပုဏ္ဏေးမလည်း အရှင်၊ ထိုသို့ဖြစ်လျှင် ငါတို့သားကို သွား၍ခေါ်ပါချေဟု ဆို၏။ ရှင်မ၊ လူဆိုးလူသွမ်းကို ငါအလိုမရှိ။ မသွားတော့ပြီဟု ဆိုလေ၏။

ပုဏ္ဏေးမသည်ကား အမိဖြစ်၍ သား၏ချစ်ခြင်းဖြင့် အသက်ကို မငဲ့ဘဲ သားကိုခေါ်ရန်ဟု တောစပ်သို့ လာရောက်လေ၏။

အင်္ဂုလိမာလသည်ကား ဆင်းရဲစွာ နေရစားရသည်မှာ ကြာပြီဖြစ်၍ လက်ညှိုးတစ်ထောင်ပြည့်ရန်လည်း တစ်ယောက်သာလိုတော့ရကား ယနေ့အဖို့၌ မည်သူပင်ဖြစ်စေ ပထမတွေ့သူကိုသတ်၍ တစ်ထောင်ပြည့်အောင်ပြုပြီးလျှင် ဆရာ့ထံ၌ ပူဇော်၊ အတတ်ကိုယူ၊ မိဘထံသို့ ပြန်တော့အံ့ဟု စိတ်ဖြတ်၍ ထားနှင့်လေ၏။

အမိသည်လည်း တောစပ်မှနေ၍ ချစ်သား အဟိံသက၊ ကောသလမင်းကြီးသည် ယနေ့ သင့်ကိုဖမ်းရန် မြင်းငါးရာနှင့်လာလတ္တံ့။ အမိထံသို့ လာခဲ့လော့ဟု ဟစ်၍သွားလေ၏။

အင်္ဂုလိမာလသည် အဝေးမှလာသည်ကိုမြင်လျှင် ဤမိန်းမကိုပင် သတ်၍ လက်ညှိုးကိုဖြတ်ယူအံ့ဟု ကြံ၍နေ၏။

ထိုအခါ မြတ်စွာဘုရားသည် အင်္ဂုလိမာလ အကျွတ်တရားရမည်ကို မြင်တော်မူ၍ ကြွသွားပြီးလျှင် အမိနှင့် အင်္ဂုလိမာလတို့အကြားတွင် ရပ်တော်မူလေ၏၊

အင်္ဂုလိမာလလည်း ဤရဟန်းကိုပင် သတ်အံ့ဟု လိုက်လေ၏။ တန်ခိုးတော်ကြောင့် ဖြည်းဖြည်းသာသာ ကြွတော်မူသည်ကို

အင်္ဂုလိမာလသည် ကြုံးဝါးလျက် အားကုန်ပြေးလိုက်သော်လည်း မမီနိုင်ရှိလေ၏။

ထိုသို့ပြေးလိုက်၍ သုံးယူဇနာမျှရောက်သော် အင်္ဂုလိမာလသည် အလွန်ပင်ပန်းလျက် ခံတွင်းခြောက်ပြီးလျှင် ချွေးပေါက်ချွေးခဲတို့သည် ကျကုန်၏။ ငါသည် ရှေ့က မည်သူ့ကိုမဆို လိုက်လျှင် အလွယ်နှင့်ရ၏။ ယခုမူကား ဤရဟန်းသည် ထူးဆန်းလှ၏တကားဟု ကြံ၍ ရပ်ပြီးမှ အရှင်ရဟန်း၊ ရပ်ဦးလော့ဟု ဆိုလေ၏။

ချစ်သား၊ ငါကားရပ်၏။ သင်သာမရပ်သတည်း။

အရှင်ရဟန်း၊ သင်သည် သွားနေသည်ဖြစ်လျက်၊ အကျွန်ုပ်သည် ရပ်နေသည်ဖြစ်လျက် ချွတ်လွဲသောစကားကိုဆို၏။ ဤကား ရဟန်းတို့အကျင့်လောဟု မေး၏။

ချစ်သား၊ ငါသည် မကောင်းမှုကိုရှောင်သည်ဖြစ်၍ အပါယ်သို့ မလားတော့ဘဲ နိဗ္ဗာန်လမ်းဝ၌ တည်နေသည်ဖြစ်၍ ရပ်သောသူမည်၏။ သင်ကား၊ သတ္တဝါတို့ကို သနားကြင်နာမရှိ၊ သတ်ဖြတ်၍ မကောင်းမှုပြုနေသည်ဖြစ်သောကြောင့် အပါယ်သို့သွားရမည်ဖြစ်ရကား သွားနေသောသူမည်၏။ သို့ကြောင့် ငါရပ်၏၊ သင်မရပ်ဟု ငါဆိုသတည်းဟု မိန့်တော်မူ၏။

ထိုအခါ ပါရမီရင့်ပြီးသော အင်္ဂုလိမာလသည် ဩော်-ထိုစကားသည် သင့်မြတ်သောစကားတည်း။ ထိုအနှစ်သာရရှိ၍ မှတ်သားထိုက်သောစကားကိုဆိုသောသူကား သိဒ္ဓတ်မင်းသား ဘုရားဆိုသော ပုဂ္ဂိုလ်ပင် ဖြစ်ရာသည်။ ငါ့အား သနားတော်မူသောကြောင့် တရားပြရန် ကြွလာခြင်းဖြစ်ပေသည်တကားဟု အလွန်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားရှေ့တော်၌ ဝပ်လျက် အရှင်ဘုရား၊ အကျွန်ုပ်အား ကယ်မ ချီးမြှောက်တော်မူပါ။ အကျွန်ုပ်သည် ယုတ်မာ

သောအကျင့်ကို ပယ်ပါတော့မည်ဟု ဆို၍ လည်မှလက်ညှိုးတို့နှင့် လက်နက်ကို စွန့်ပစ်လိုက်လေ၏။

ဘုရားသခင်သည် အင်္ဂုလိမာလအား အထူးထူးသောတရားတို့ကို ဟောကြားပြသသည့်အဆုံး၌ အင်္ဂုလိမာလသည် လူ့အသွင်ပျောက်၍ သင်္ကန်းသပိတ် ပရိက္ခရာအစုံနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွားလေ၏။

မြတ်စွာဘုရားသည် အင်္ဂုလိမာလကို ကျောင်းတော်သို့ခေါ်၍ လာခဲ့ရာ အမိမန္တာနီပုဏ္ဏေးမသည် နောက်မှလိုက်လျက် ချစ်သား၊ အဟိံသက၊ အမိနှင့် ကွဲနေရသည်မှာကြာပြီ။ အမိအထံသို့ မလိုက်တော့ပြီလောဟု ငိုလျက်လိုက်လာလေ၏။

အင်္ဂုလိမာလမထေရ်ကလည်း အကြောင်းမျိုးကို ပြန်ပြော၍ ဘုရားသခင်သည် ငါ၏ယခုဘဝ၌လည်းကောင်း၊ နောင်ဘဝ၌လည်းကောင်း ချမ်းသာအောင် ချီးမြှောက်တော်မူပေသည်။ သို့ကြောင့် ဘုရားသခင်နောက်တော်သို့သာ လိုက်တော့အံ့ဟု ဆိုလေ၏။

ကျောင်းတော်သို့ရောက်၍ အင်္ဂုလိမာလ ဘုရားကျောင်းတော်၌ ရှိကြောင်း ကောသလမင်းကြီးကြားသော် အခြွေအရံနှင့်လာရောက်၍ ဘုရားသခင်အား မေးလျှောက်နေစဉ် အင်္ဂုလိမာလမထေရ်သည် ဘုရားအားဝတ်ပြုရန် ထွက်လာသော် များစွာသော မှူးမတ်မင်းချင်းအပေါင်းတို့သည် ထိတ်လန့်ကြောက်ရွံ့ကြလျက် ဖရိုဖရဲထ၍ပြေးကြလေ၏။

ကောသလမင်းကြီးကလည်း မြတ်စွာဘုရားအား အရှင်ဘုရား၊ လူများစွာကိုသတ်သောသူကို ရဟန်းမပြုသင့်ပါ။ တပည့်တော် စီရင်ပါအံ့ဟု လျှောက်၏။

မြတ်သောမင်းကြီး၊ မစီရင်ထိုက်ပြီ၊ ဤသူ၏ကံရင်းသည် အကြွင်းမဲ့ပြတ်၍ အရဟတ္တဖိုလ်သို့ ရောက်လေပြီဟု မိန့်တော်မူလိုက်၏။

နောက်နောက်သောနေ့တို့၌ အင်္ဂုလိမာလမထေရ်သည် မြို့တွင်းသို့ ဆွမ်းခံဝင်သည်ရှိသော် မြင်သမျှသောသူတို့သည် ဤသူကား ငါတို့၏အဖကို သတ်၏။ ငါတို့၏အမိကို၊ ငါတို့၏အစ်ကိုကို... သတ်၏ စသည်ဖြင့် ဆိုမြည်ကြလျက် အချို့လည်း တံခါးကိုပိတ်၏။ အချို့လည်း ခဲအုတ်တို့ဖြင့် ပစ်၏။ ဆွမ်း၊ ယာဂု၊ တစ်စုံတစ်ရာမျှ မလောင်းကြလေကုန်။ မြတ်စွာဘုရားကလည်း သည်းခံရန် ဆုံးမတော်မူ၏။

၎င်းနောက် ကျောင်းတော်အနီးတွင် မိန်းမတစ်ယောက် မီးမဖွားနိုင်ရှိသည်တွင် မြတ်စွာဘုရားသည် အင်္ဂုလိမာလမထေရ်အား အောက်ပါ ဂါထာကို သင်ပေးတော်မူသည်။

ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊ နာဘိ ဇာနာမိ သဉ္စိစ္စပါဏံ ဇီဝိတာ ဝေါရောပေတာ။

တေန သစ္စေန သောတ္ထိတေ ဟောတု သောတ္ထိဂဗ္ဘဿ။ **အဓိပ္ပာယ်ကား။** ။ နှမ၊ ငါသည် ရဟန်းအဖြစ်သို့ရောက်သည်မှစ၍ သေစေလိုသောစေတနာဖြင့် တစ်စုံတစ်ခုသော သတ္တဝါကိုမျှ မသတ်စဖူး။ ဤငါဆိုအပ်သော သစ္စာစကားကြောင့် သင်၏သားမဖွားနိုင်သော ဝေဒနာသည် ချမ်းသာပါစေဟူသတည်း။

ဤပရိတ်ဖြင့် မီးမဖွားနိုင်သော မာတုဂါမကို ချမ်းသာစေ၏။ ထိုအခါမှ လူတို့သည် တန်ခိုးကြီးပေစွဟု လှူဒါန်းပူဇော်ခြင်းကိုပြုကြကုန်၏။

ထိုအခါ ရဟန်းတို့ဘောင်၌ ဤသို့ မြတ်စွာဘုရားသည် အင်္ဂုလိမာလ လူဆိုးလူကြမ်းကို ယဉ်ကျေးအောင် ဆုံးမတော်မူခြင်းနှင့် စပ်၍ စကားဖြစ်ကြရာ ရှေးကလည်း ဤသို့ဆုံးမဖူးသည်သာတည်း ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

## ပေါရိသာဒအကြောင်း

ရှေးသောအခါ ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့၊ ကောရဗျမင်း၏ သား သုတသောမနှင့် ဗာရာဏသီပြည် ကာသိမင်း၏သား ဗြဟ္မဒတ် တို့သည် တက္ကသိုလ်ပြည်၌ ပညာအတူသင်ကြရာ အလွန်ချစ်ကြည် သော မိတ်ဆွေ ဖြစ်ကြလေ၏။

ထိုမင်းသားနှစ်ပါးအပြင် တစ်ရာ့တစ်ပါးသောမင်းတို့၏ သား တော်တို့သည်လည်း သင်ကြသည်ဖြစ်ကြရာ သုတသောမမှာ အလွန် ဉာဏ် ထက်သည်ဖြစ်၍ မကြာမီ တတ်မြောက်သည်နှင့် ဆရာကြီး လက်ထောက်အဖြစ်ဖြင့် တပည့်တို့အား သင်ပြပေးရ၏။ ဗြဟ္မဒတ်ကို ကား အထူးသင်၍ပေး၏။

အလုံးစုံသော တပည့်တို့ ပညာတတ်မြောက်၍ ပြန်ခဲ့ကြရာ လမ်း၌ သုတသောမက အဆုံးအမပေး၍ လွှတ်လိုက်လေ၏။

ထိုဗြဟ္မဒတ်မင်းသား တိုင်းပြည်သို့ပြန်ရောက်လျှင် မင်းဖြစ်၏။ အမဲနှင့်ကင်း၍ ထမင်းမစားလေ။ တစ်နေ့၌ ထားအပ်သောအမဲကို ခွေးစားလေ၍ စားတော်ကဲရသကသည် နောက်ထပ်အမဲရှာပါသော် လည်း မရနိုင်သည်နှင့် အမဲမပါဘဲ စားတော်ဆက်သော် ငါ့အသက်မရှိ ပြီဟု ကြံမိကြံရာကြံ၍ သုသာန်သို့သွားပြီးလျှင် သေစ ဖြစ်သော လူ ကောင်၏ပေါင်သားကို ဖြတ်ယူ ချက်ပြုတ်ဆက်လေ၏။

မင်းကြီးစားမိလျှင် အကြော ၇ ထောင်စိမ့်၏။ ကိုယ်အလုံး ချောက်ချား၏။ (ရှေးဘဝက လူသားကို များစွာစားသော ဘီလူးဖြစ်ဖူး ၍ ဤသို့ဖြစ်၏။) ထိုအခါ မင်းကြီးသည် စားတော်ကဲအား ဆိတ်ငြိမ် ရာသို့ခေါ်၍ အဘယ်အသားနည်းဟု မေး၏။

အရှင်မင်းကြီး နေ့စဉ်သုံးဆောင်တော်မူသော အသားမျိုးပင် ဖြစ်ပါသည်။

အဘယ်ကြောင့် ယနေ့ထူး၍ကောင်းသနည်း။

ထူး၍ချက်သောကြောင့် ဖြစ်ပါသည်။

ယခင်ကလည်း ကောင်းစွာချက်သည်ပင်မဟုတ်လော။

ထိုအခါ စားတော်ကဲသည် ဆိတ်ဆိတ်နေလေ၏။

ထိုအခါ မင်းကြီးက သင်သည် အမှန်ကိုမပြောသော် သတ်အံ့ဟု ဆိုမှ ဟုတ်တိုင်းကို လျှောက်လေ၏။ မင်းကြီးလည်း အတန်ငယ်နေပြီးမှ ဤနေ့ကစ၍ လူသားကိုသာချက်၍ ဆက်လော့ဟု ဆိုလေ၏။ အရှင်မင်းကြီး၊ လူသားကို နေ့စဉ်အဘယ်မှာရပါအံ့နည်း။ အချင်းရသက၊ နှောင်အိမ်၌ လူများစွာရှိသည်မဟုတ်လောဟု ဆိုလေ၏။

နှောင်အိမ်ရှိလူတို့ကိုသတ်၍ဆက်ရာ မကြာမီ လူကုန်လေ၏။ ထိုအခါ အသပြာထုပ်ကို ပစ်ချထား၍ ကောက်ယူသူကို ခိုးသူဟုဆို၍ သတ်ဖြတ်ပြီးလျှင် ဆက်ရ၏။

ကြာမြင့်သော် ဥစ္စာထုပ်ကို ကြည့်မည့်သူပင်မရှိလေ၊ ထိုအခါ ညဥ့်၌ အိမ်စပ်၊ ခြံစပ်၊ လမ်းစပ်တို့၌ ပုန်းအောင်း၍ လူတို့ကို သတ်ပြီးလျှင် ချက်ရ၏။

နံနက်အခါတို့၌ လူသေကောင်တို့ကိုမြင်ကြ၍ လူတို့သည် ထိတ်လန့်လျက် ခြင်္သေ့၊ သစ်၊ ကျား စားသလောဟု စုံစမ်းကြသော် ဓားထိုးခုတ်ရာ၊ အသားကိုလှီးဖြတ်ယူရာတို့ကို မြင်မှ လူသားစား တစ်ယောက်ယောက်သတ်သည်ဟု သိကြရကုန်၏။

ထိုအခါ လူတို့သည် မင်းအား ကြားလျှောက်သော်။ မင်းကလည်း အသို့လျှင် ထိုသူသတ်ကို ငါသိနိုင်အံ့နည်း။ ငါကိုယ်တိုင် မြို့ကို လှည့်လည်စောင့်ရှောက်ရမည်လောဟု ဆိုလိုက်၏။

လူတို့သည် မကျေနပ်ဘဲ ကယဥ္ဆဟတ်မည်သော စစ်သူကြီးအား ကြားလျှောက်ကြကုန်၏။ ထိုအခါ စစ်သူကြီးသည် လူခွဲ၍

ညဥ့်အခါ၌ စောင့်ရှောက်ဖမ်းရာ စားတော်ကဲ ရသကကို မိလေ၏။ ရသက က အလုံးစုံပြန်ကြားသော် တိုင်းပြည်ချောက်ချားလေ၏။

ထိုအခါ စစ်သူကြီးသည် မင်းကြီးထံသို့ သွားရောက်မေး လျှောက်ရာ ဟုတ်ကြောင်းဝန်ခံမှ၊ အရှင်မင်းကြီး၊ အလွန်မကောင်း သော၊ စက်ဆုပ်ဖွယ်သောအမှုကို အရှင်မင်းကြီးပြု၏။ ရှောင်ကြဉ်ပါ လော့ဟု ဆိုလေ၏။ မင်းကြီးကလည်း မည်သည့်နည်းနှင့်မျှ မရှောင် နိုင်ဟု ဆို၏။

## အာနန္ဒာငါးကြီးဝတ္ထု

ထိုအခါ စစ်သူကြီးက အရှင်မင်းကြီး၊ ရသတဏှာကို စွဲ၍ ပျက်စီးရသော ပုံဝတ္ထုကို ဆောင်ပါအံ့။

ရှေးသောအခါ မဟာသမုဒ္ဒရာ၌ငါးတို့၏မင်းဖြစ်သော အလွန် ကြီးမားသော အာနန္ဒာမည်သောငါးကြီးသည် ရေညှိရေမှော်ကိုသာ စားလေ့ရှိရာ တစ်နေ့၌ ငါးငယ်တစ်ကောင်ကို ရေညှိရေမှော်ထင်၍ စားမိသည်တွင် အလွန်ကောင်းသောအရသာကြောင့် ကိုယ်အလုံး ချောက်ချားလေ၏။ အဘယ်ကြောင့်နည်းဟု အစာကိုထုတ်၍ကြည့်ရာ ငါးဖြစ်ကြောင်းသိမှ အသိနောက်ကျလေသည်ဟု ထိုအခါမှစ၍ မိမိထံ ခစားလာသော ငါးတို့အပြန်တွင် တစ်ကောင်နှစ်ကောင် စသည်ဖြင့် ဖမ်း၍ စားလိုက်လေ၏။

ကာလကြာ၍ ငါးနည်းသော် ပညာရှိသောငါးတစ်ကောင်က စုံစမ်း သိရှိ ကြောက်လန့်၍ ပြေးကြလေ၏။

ထိုအခါ အာနန္ဒာငါးကြီးသည် ရသတဏှာဖြင့် နှိပ်စက်ရကား ငါးတို့ကို လိုက်လံရှာဖွေရာ တောင်ငယ်တစ်ခုကိုတွေ့ရှိ ထိုတောင် ငယ်တွင် ငါးတို့ခိုနေသည်ထင်၍ ဖမ်းရန် တောင်ကိုပတ်လိုက်ရာ

မိမိ၏အမြီးကိုပြန်၍မြင်လျှင် အခြားငါးထင်သည်နှင့် ကိုက်ဖြတ်စားလိုက်လေ၏။ ပြင်းစွာဝေဒနာရ၍ ထိုအရပ်၌ပင် သေလေသတည်း။

အရှင်မင်းကြီး၊ ဤပုံကိုထောက်၍ ရသတဏှာကိုဖြတ်ပါလော့ဟု ဆိုလေ၏။

## သုဇာတာသူကြွယ်၏သားအကြောင်း

မင်းကြီးကလည်း စစ်သူကြီး၊ ရသတဏှာကား ဖြတ်နိုင်ခဲစွာ၏။ ငါလည်း ပုံဆောင်ဦးအံ့။

ရှေးသောအခါ သုဇာတာသူကြွယ်၏သားသည် ဗျာန်ရ ရသေ့တို့ ပေးအပ်သော ဇမ္ဗူသပြေသီးကို စားရလျှင် ထိုအသီးကိုသာလျှင် အထပ်ထပ်တောင်းလေ၏။

ရသေ့တို့လည်း မရှိကြပြီဖြစ်၍ အဖကာ သရက်၊ ပိန္နဲ၊ ငှက်ပျောစသည်တို့ကို ပျားသကာနှင့်နယ်၍ ကျွေးသော်လည်း မစားလိုဘဲ ထိုရသတဏှာကြောင့်ပင် ခုနစ်ရက်ကြာသောအခါ သေရလေ၏။

ဤသို့အားဖြင့် ရသတဏှာကို အလွယ်ဖြင့်မဖြတ်နိုင်။ အသက်ပင် အသေခံရတော့မည်တကားဟု ဆိုလေ၏။

## သေရည်ကိုစွဲလမ်း၍ ပျက်စီးရခြင်း

ထိုအခါ စစ်သူကြီးသည် အရှင်မင်းကြီး၊ ကြိုးစား၍ဖြတ်တော်မူပါလော့။ သို့မဟုတ်လျှင် တိုင်းပြည်စည်းစိမ်မှ ယုတ်လတ္တံ့၊ အကျွန်ုပ်ပုံဆိုပါဦးအံ့။

ရှေးသောအခါ အမျိုး၊ အကျင့်၊ ပညာ၊ ဥစ္စာနှင့် ပြည့်စုံသောလုလင်ပျိုတစ်ယောက်သည် သုရာသောက်စားကတ်သော အပေါင်းအဖော်တို့နှင့်နေ၏။ သို့ရာတွင် မိမိကိုယ်တိုင်ကား မသောက်စားတတ်လေ။

ထိုအခါ အပေါင်းအဖော်တို့သည် ထိုလုလင်ထံမှ သုရာဖြင့် ဖြားယောင်း၍ ဥစ္စာရအံ့ဟု တစ်နေ့၌ သေရည်ကို ပဒုမ္မာကြာရွက်တို့ဖြင့် ထုပ်ထားပြီးလျှင် အောက်က အတန်ငယ်ဖောက်၍ ထိုလုလင်ရှေ့၌ စုပ်သောက်ကြကုန်၏။

လုလင်ကမေးသော် ကြာပျားရည်တည်းဟုဆိုလျှင် ယုံကြည်သည်နှင့် တောင်း၍သောက်လေ၏။ မီးကျီး၌ ကင်အပ်သော အမဲကိုလည်း ပေးကြ၏။ နှစ်ရက် သုံးရက်ကြာ၍ စွဲလမ်းသောအခါ သေရည်ဖြစ်ကြောင်း ပြောကြလေ၏။ ထိုအခါ လုလင်က ငါ အသိနောက်ကျ၏။ သေရည်တို့ကို ဆောင်ခဲလော့ဟု မိမိ၏လက်စွပ်ကိုချွတ်၍ပေးလိုက်၏။

ထိုနေ့ညနေ သေရည်ယစ်လျက် နီသောမျက်စိ၊ တုန်လှုပ်သောကိုယ်ဖြင့် အိမ်သို့ပြန်လာရာ အဖသည် သိ၍ အမျိုးမျိုးဆုံးမသော်လည်း မရနိုင်သည်နှင့် နောက်ဆုံး၌ အိမ်မှ နှင်ထုတ်လိုက်လေ၏။

ထိုအခါ အထီးကျန်သည်ဖြစ်၍ အဝတ်နွမ်း အစားနွမ်းနှင့် ခွက်လက်စွဲကာ တောင်းစားရလျှင် မကြာမီပင် တစ်ခုသောနံရံကိုမှီ၍ သေရလေသတည်း။

အရှင်မင်းကြီး၊ ဤသို့ပင် အကယ်၍ အကျွန်ုပ်တို့ စကားကို မနာယူအံ့။ အရှင်မင်းကြီးကို တိုင်းပြည်မှနှင်ထုတ်ရလတ္တံ့ဟုဆိုလေ၏။

## နတ်သမီးကို စွဲလမ်းသဖြင့် ပျက်စီးရသော သုဓာတာသူကြွယ်အကြောင်း

ထိုအခါ မင်းကြီးကစစ်သူကြီး၊ တိုင်းပြည်မှနှင်ထုတ်လျှင်လည်း ထွက်သွားရမည်သာ။ ရသတဏှာမည်သည်ကား အလွန်အားကြီး၏။ ငါပုံဆောင်ဦးအံ့။

သုဇာတာမည်သော သူကြွယ်သည် ရသေ့တို့ထံ၌ ညဉ့်အိပ်၍ နေရာညဉ့်အခါ သိကြားမင်းသည် နတ်သမီးအပေါင်းခြံရံလျက် ရသေ့တို့ကို ရှိခိုးပူဇော်ရန် လာသောအခါ သူကြွယ်သည် မိမိ၏အခန်းပေါက်မှ နတ်သမီးတို့ကိုမြင်၍ စွဲလမ်းလျက် နံနက်အခါကျသော် ငါ့အား နတ်သမီးကိုပေးပါလော့၊ ငါ့အား နတ်သမီးကိုပေးပါလော့ဟု မြည်တမ်း၍လာလေ၏။ ထိုစွဲလမ်းသောရောဂါဖြင့် မကြာမီ သေရလေသတည်း။

ငါသည်လည်း လူသားကို မစားရက အသက်သေရလိမ့်မည်။ သို့ကြောင့် မရှောင်နိုင်ဟု ဆိုလေ၏။

## ဟင်္သာကိုးသောင်းနှင့် ပင့်ကူအကြောင်း

ထိုအခါ ကာဠဟတ်စစ်သူကြီးက ဆိုသည်မှာ အရှင်မင်းကြီး၊ ဇာတ်တူသားကိုစား၍ ပျက်စီးကြရကုန်သော ဟင်္သာကိုးသောင်းတို့ အကြောင်းကို လျှောက်ပါဦးအံ့။

ရှေးသောအခါ စိတ္တကုဋ်တောင် ရတနာရွှေဂူ၌ ရွှေဟင်္သာကိုးသောင်းတို့သည် နေကြကုန်၏။ ထိုဟင်္သာတို့သည် မိုးအခါ၌ ပြင်ပပြင်လွင်သို့ မထွက်ကြကုန်။ ထွက်လျှင် အတောင်ကို မိုးရေစွတ်သဖြင့် ကောင်းစွာ မပျံနိုင်ဘဲ သမုဒ္ဒရာ၌သာကျ၍ ပျက်စီးကြကုန်၏။ သို့ကြောင့် မိုးလေးလစာ သလေးနံ့ စသည်တို့ကို သိမ်းထားလေ့ရှိကြကုန်၏။

တစ်ခါသော် ရထားလှည်းဘီးမျှရှိသော ပင့်ကူကြီးသည် ထိုဂူ၀၌ တစ်လလျှင် နွားချည်ကြိုးပမာဏရှိသော အမြှေးချည်မျှင်တစ်ခုစီဖွဲ့၏။ ဟင်္သာတို့သည် ထိုချည်မျှင်ကို ဖောက်ဖျက်ရန် ဟင်္သာပျိုတစ်ကောင်အား နှစ်စုသောအစာကိုပေး၍ ထား၏။ မိုးလေးလလွန်

သော် ထိုဟင်္သာပျိုသည် ရှေ့ဆုံးကနေ၍ ချည်မျှင်တို့ကို ဖျက်ဖောက်လေ၏။ ဟင်္သာတို့လည်း ဘေးမှလွတ်ကုန်၏။

နောက်တစ်နှစ်ကား မိုးသည် လေးလနှင့်မစဲဘဲ ငါးလရွာ၍ အစာကုန်သော် မိမိတို့ဥကို ပြန်၍စားကြကုန်၏။ ဥကုန်သော် ဟင်္သာငယ်တို့ကို၊ နောက် ဟင်္သာအိုတို့ကို အစဉ်အတိုင်း စားကြလေ၏။

မိုးငါးလရွာပြီး၍ စဲသောအခါ အစာနှစ်စုရသော ဟင်္သာပျိုသည် ရှေးကကဲ့သို့ ချည်မျှင်တို့ကို ဖျက်ဖောက်ရာ ဓာတ်တူသားကို စား၍ အားမရှိသည်နှင့် လေးမျှင်ကိုသာ ဖြတ်နိုင်၍ ကျန်တစ်မျှင်တွင် ငြိ၍နေလေ၏။

ထိုအခါ ပင့်ကူသည် ဟင်္သာတို့ကို အလွယ်ဖြင့် ဖမ်းယူစားသောက် ရွှေဟင်္သာတစ်မျိုးလုံး ပျက်စီးရလေသတည်း။

အရှင်မင်းကြီး၊ ထိုဟင်္သာတို့သည် ဓာတ်တူသားကိုစား၍ပျက်စီးလေသကဲ့သို့ အရှင်မင်းကြီးလည်း ယခု ဓာတ်တူသားစားခြင်းကို မရှောင်ကြဉ်လျှင် တိုင်းပြည်မှ နှင်ထုတ်ခံရ၍ ပျက်စီးမည်သာတည်းဟု ဆိုလေ၏။

မင်းကြီးက တစ်ဖန်ဆိုဦးမည်အပြုတွင် တိုင်းသူပြည်သားတို့သည်းမခံနိုင်ဘဲ အရှင်စစ်သူကြီး၊ လူသားစားကို အသို့ပြုအံ့နည်း။ တရားမဟောပါလင့်တော့။ ယခုပင် တိုင်းပြည်မှ နှင်ထုတ်ပါလော့ဟု ဆိုကြကုန်၏။

ထိုအခါ စစ်သူကြီးသည် မင်းကြီးအား ထွက်သွားရန်နှင်ထုတ်သောအခါ သန်လျက်တစ်ခု၊ စားတော်ကဲ ရသက၊ လူသားချက်ရန် အိုးတစ်လုံးတို့ကိုတောင်း၍ မင်းကြီးသည် တိုင်းပြည်မှ ထွက်သွားလေ၏။

ထိုသို့လျှင် ဗြဟ္မဒတ်မင်းနှင့် ရသကတို့သည် တစ်ခုသော တောအုပ် ပညောင်ပင်ရင်း၌နေလျက် လူသွားလူလာတို့ကို ဖမ်းသော

အခါ ငါသည် လူသားကိုစားသော ပေါရိသာဒတည်းဟု အမည်ကို ကြား၍ ဖမ်းတတ်သည်နှင့် ပေါရိသာဒအမည်တွင်လေ၏။

လူတို့သည် အလွန်ကြောက်လန့်ကြသည်ဖြစ်၍ ထိုအသံကို ကြားရုံမျှဖြင့် မပြေးနိုင်ဘဲ မြေတွင်လဲကြကုန်၏။ ထိုအခါ ဖမ်းဆီး သတ်ဖြတ် ရသကအား ချက်ရန်ပေးလေ့ရှိ၏။

တစ်နေ့သော် တစ်စုံတစ်ယောက်သောသူကိုမျှ မရသည်နှင့် ရသကကိုပင် သတ်၍စားလေ၏။ (မရလျှင် ရသကကိုချိုင်သည် ဆိုသောစကားပုံသည် ဤကိုစွဲ၍ဖြစ်သည်။)

ထို့နောက် ပေါရိသာဒသည် လူတစ်ယောက်ကိုဖမ်းရာ လူ အများ ဝိုင်းအုံလိုက်သည်နှင့် ဓောင်ရန်းတစ်ခုကိုခုန်လတ်သော် ရှားငုတ် တစ်ခုသည် ခြေဖဝါးတွင် ထုတ်ချင်းပေါက် စူးလေ၏။

ထိုရခဲ့သော ဝေဒနာသည် အလွန်ပြင်းထန် နာကျင်လှသည်နှင့် မိမိနေရာ ပညောင်ပင်ရင်း၌အိပ်လျက် အရှင်ပညောင်ပင်စောင့်နတ်မင်း၊ အကယ်၍ အကျွန်ုပ်၏အနာ ခုနစ်ရက်အတွင်းပျောက်အောင် ကယ်မ နိုင်ငြားအံ့။ ဇမ္ဗူဒိပ်ကျွန်းရှိ တစ်ရာ့တစ်ယောက်သောမင်းတို့၏ လည် ချောင်းသွေး၊ အူ၊ အသားတို့ဖြင့် ပူဇော်ပါအံ့ဟု တောင်းပန်လေ၏။

အစားအစာမစားရသဖြင့် ကိုယ်ခြောက်ကပ်ရကား အနာသည် ခုနစ်ရက်အတွင်း၌ ပျောက်လေ၏။ ဤသို့ အလိုအလျောက်ပျောက် သည်ကို နတ်မင်းစောင်မသည်အယူရှိ၍ ကတိအတိုင်း ပူဇော်အံ့ဟု တစ်ရာ့တစ်ပါးသော မင်းတို့ကိုဖမ်းရန် ထွက်လာခဲ့၏။

ထိုအခါ ရှေးဘဝက မိတ်ဆွေဖြစ်ခဲ့ဖူးသော ဘီလူးတစ်ယောက် နှင့် တွေ့ရှိ ထိုဘီလူးထံမှ ပဒလက္ခဏာမည်သော မန္တရားကို ရခဲ့၏။ ထိုမန္တရားကား လျင်မြန်၏။ အားကြီး၏။ ရဲရင့်၏။ ရန်သူတို့ မခံ နိုင်လေ။

ထို့နောက် ပေါရိသာဒသည် မင်းအပေါင်းတို့ကို ဥယျာဉ်ထွက်ရာ စသည်တို့၌ ငါ ပေါရိသာဒတည်းဟုဟစ်၍ ဖမ်းရလျှင် အခြေအရံအစောင့်အရှောက်တို့ လန့်ဖျပ်ပြေးလေရကား အလွယ်နှင့်သာရလေ၏။ ရခဲ့သောမင်းတို့ကို လက်ဝါး၌ အပေါက်ဖောက်၍ ကြိုးဖြင့်သီပြီးလျှင် ခြေဖျားတို့ကိုသာ မြေ၌ထိစေလျက် ပညောင်ပင်၌ဆွဲထားလေ၏။ လေတိုက်သည်ရှိသော် တပြောင်းပြန်ပြန် လည်ကုန်လျက် တွဲရရွဲဆွဲ၍ တည်ရကုန်၏။

သုတသောမမင်းကိုကား ဆရာဖြစ်ဖူးသည်အတွက်လည်းကောင်း ထိုသုတသောမမင်းကို ဖမ်းယူလျှင် ဇမ္ဗူဒိပ်ကျွန်းသည် အချည်းနှီးဖြစ်လတ္တံ့ဟုလည်းကောင်း မဖမ်းယူဘဲထားလေ၏။

ထိုသို့ ရသမျှသောမင်းတစ်ရာဖြင့်သာ ပူဇော်အံ့ဟု မီးညှိခြင်း၊ တံစို့ချွန်ခြင်းတို့ကို ပြုလျက်နေ၏။

ထိုအခါ ပညောင်ပင်စောင့်နတ်သည် ငါကား ပေါရိသာဒ၏ အနာပျောက်ရန် တစ်စုံတစ်ရာမပြုဘဲ ငါပြုသည်ထင်၍ ပူဇော်မည်ပြု၏။ မင်းအပေါင်းတို့ ပျက်စီးခြင်းမှ တတ်နိုင်သမျှကာကွယ်အံ့ဟု။

စတုမဟာရာဇ်နတ်မင်းတို့ထံသို့သွား၍ တားမြစ်ရန် တောင်းပန်၏။ မတားမြစ်နိုင်ဟုဆိုသော် သိကြားမင်းထံသို့ သွားပြန်၏။ ငါကိုယ်တိုင်ကား မတားမြစ်နိုင်။ သို့ရာတွင် တားမြစ်နိုင်သူကို ညွှန်အံ့။ သုတသောမမင်းသည် တတ်နိုင်လတ္တံ့။ သို့ကြောင့် သုတသောမမင်းကိုပါဆောင်၍ ပူဇော်လော့ဟု ပေါရိသာဒအား ဆိုလော့ဟု ဆိုလေ၏။

ပညောင်စောင့်နတ်သည်လည်း ပေါရိသာဒထံသို့ လာရောက်ကိုယ်ကိုပြ၍ အသင်ပေါရိသာဒ၊ ကတိစကားအတိုင်း တစ်ရာ့တစ်ပါးပြည့်အောင် သုတသောမမင်းကိုပါ ဆောင်၍ ပူဇော်ပါလော့ဟု ဆိုလေ၏။

ပေါရိသာဒသည် နတ်ကိုယ်တိုင်ကို မြင်ရ၍ အလွန်ဝမ်းမြောက်သည်နှင့် သုတသောမမင်းကို ဖမ်းရန် သွားလေ၏။

ပေါရိသာဒလည်း နက္ခတ်ကိုကြည့်ခြင်းဖြင့် နက်ဖြန်နေ့၌ သုတသောမမင်းသည် မင်္ဂလာရေကန်သို့ ရေချိုးထွက်မည်ကိုသိသဖြင့် စောစောကသွား၍ ရေကန်တွင်း၌ ကြာဖက်အုပ်၍ ပုန်းကွယ်နေနှင့်လေ၏။

သုတသောမမင်း ထွက်လာရာ မြို့တံခါးအဝ၌ တက္ကသိုလ်ပြည်မှ လာခဲ့သော နန္ဒမည်သော ပုဏ္ဏားနှင့်တွေ့၍ အရှင်မင်းကြီး၊ အကျွန်ုပ်၌ အလွန်နက်နဲအဖိုးထိုက်သော လေးဂါထာသည် ပါပါ၏။ အရှင်မင်းကြီးအကျိုးငှာ ယူဆောင်ခြင်းဖြစ်ပါ၏ဟု လျှောက်လေ၏။

မင်းကြီးကလည်း ဆရာ၊ ယနေ့နေဦးလော့၊ နက်ဖြန်မှနာအံ့ဟု ဆို၍ ရေကန်သို့လာရောက် ရေချိုးပြီးနောက် အတက်တွင် ပေါရိသာဒက ငါ ပေါရိသာဒတည်းဟုဆို၍ ဖမ်းရာ စစ်သည်ဗိုလ်ပါ အစောင့်အရှောက်တို့ ဖရိုဖရဲ လဲကျလေကုန်၏။

သုတသောမမင်းကို အခြားမင်းများကဲ့သို့မဟုတ်ဘဲ ပခုံးဖြင့်ထမ်း၍ ဆောင်ခဲ့၏။ (အခြားမင်းတို့ကို ဦးခေါင်းဖောက်ထိုးထား၍ ခြေဖြင့်ကိုင်ငင်ကာ ဖမ်းလေ့ရှိ၏။)

သုတသောမမင်းမှ ရေစီးကျသည်ကို ကြောက်၍ ငိုယိုသည် ထင်သဖြင့် အရှင်မင်းကြီး၊ အဘယ်ကြောင့်ငိုသနည်းဟု မေး၏။

ငါငိုသည်မဟုတ်။ မိမိအတွက်လည်းကောင်း၊ သားမယားစည်းစိမ်အတွက်လည်းကောင်း တစ်စုံတစ်ရာ စိုးရိမ်ခြင်းမရှိ။ သို့ရာတွင် ငါသည် ပုဏ္ဏားတစ်ယောက်နှင့် ဂါထာကိုနာယူရန် ချိန်းချက်ခဲ့၏။ ထိုချိန်းချက်ခြင်းကို ငါစိုးရိမ်၏။ သို့ကြောင့် ပုဏ္ဏားထံသို့ ငါသွားလိုသေး၏။ ဂါထာကို နာယူပြီးမှ သင့်ထံသို့ ငါပြန်ခဲ့အံ့ဟု ဆို၏။

ပေါရိသာဒလည်း မယုံလေ။ အတန်တန် ယုံလောက်အောင် ပြောရ၍ နောက်ဆုံး ကျိန်ဆိုလေမှ လွှတ်လိုက်လေ၏။

သုတသောမမင်းပြန်လာသော် တိုင်းသူပြည်သားတို့သည် ဝမ်းမြောက်ဝမ်းသာ ဆီးကြိုကြကုန်၏။ မင်းကြီးသည် ရောက်တည့်လျှင်ပင် အလျှင်အမြန် နန္ဒပုဏ္ဏားကိုခေါ်၍ ဟောဖွယ်ရှိသော လေးဂါထာကို ဟောစေ၏။

နန္ဒပုဏ္ဏားသည်လည်း လက်ကို နံ့သာတို့ဖြင့် ပွတ်သတ်ပြီး လျှင်လွယ်အိတ်မှ ရွှေပေကိုထုတ်၍ ကဿပမြတ်စွာဘုရားသည် ဟောတော်မူအပ်သော အောက်ပါလေးဂါထာတို့ကို ဖတ်ရွတ်၍ ဟောလေ၏ ။

(၁) သူတော်ကောင်းနှင့် တစ်ကြိမ်မျှပင် ပေါင်းသင်းခြင်းသည်စောင့်ရှောက်ပေတတ်၏။ မသူတော်နှင့် အကြိမ်များစွာ ပေါင်းသင်းခြင်းသည် မစောင့်ရှောက်တတ်လေ။

(၂) သူတော်ကောင်းနှင့်သာ ပေါင်းသင်းရာ၏။ ဘုရားအစရှိသော သူတော်ကောင်းတို့၏ တရားကိုသိရခြင်းသည် အထူးသဖြင့် မြတ်၏။ မကောင်းယုတ်မာသည် မဟုတ်။

(၃) မင်းစီးရထားတို့သည်လည်းကောင်း၊ ခန္ဓာကိုယ်သည်လည်းကောင်း ဆွေးမြည့်အိုမင်းခြင်းသို့ ရောက်တတ်၏။ ဘုရားစသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော နိဗ္ဗာန်တရားသည်ကား အိုခြင်းသို့မရောက်။

(၄) ကောင်းကင်သည် မြေနှင့်ဝေး၏။ သမုဒ္ဒရာ၏ကမ်းနှစ်ဖက်သည် ဝေး၏။ ထိုဝေးခြင်းတို့ထက် သူတော်ကောင်း တို့၏တရားနှင့် မသူတော်တို့၏တရားသည် သာလွန်၍ ဝေးကြ၏။

ဟောပြီးသည့်အဆုံး၌ သုတသောမမင်းသည် ဤလေးဂါထာတို့ကား အလွန်နက်နဲသိမ်မွေ့ မွန်မြတ်လှပေ၏။ အဖိုးအတိုင်းမသိထိုက်၏။ သို့ရာတွင် ပုဏ္ဏားအခြေမှာ အသပြာလေးထောင်မျှသာ ထိုက်တန်သည်ဖြစ်၍ လေးထောင်သာပေးလေ၏။

ထို့နောက် ပေါရိသာဒထံသို့ပြန်သွားရန် ကတိထားခဲ့ရကြောင်းကို ခမည်းတော် မယ်တော် မှူးမတ်သေနာပတိနှင့်တကွ တိုင်းသူပြည်သားတို့အား ပြောပြသောအခါ ပြန်၍မသွားရန် အမျိုးမျိုးအထွေထွေအားဖြင့် ငိုယိုတောင်းပန်ကြကုန်၏။ ထိုသို့တောင်းပန်သော်လည်း မနေဘဲ ပေါရိသာဒထံသို့ ပြန်သွားလေ၏။

ပေါရိသာဒသည်ကား သုတသောမမင်းလာလျှင်လည်းလာစေ။ မလာလျှင်လည်း နေစေတော့။ ရှိသမျှမင်းတို့ဖြင့်သာ ပူဇော်အံ့ဟု ကြံပြီးလျှင် မီးညှိခြင်း၊ တံစို့ချွန်ခြင်းတို့ကို ပြု၍နေလေ၏။

ထိုခဏ၌ သုတသောမမင်းရောက်လာ၍ အချင်း ပေါရိသာဒ၊ ငါ၏အချိန်းအချက်ကိစ္စတို့သည် ပြီးလေပြီဖြစ်၍ ငါလာခဲ့ပြီ၊ သင်အလိုရှိတိုင်း ပြုလေလော့ဟု ဆိုလေ၏။ ထိုအခါ ပေါရိသာဒသည် ဤမင်းကား သစ္စာစောင့်၏။ တည်ကြည်၏။ သေဘေးကိုလည်း အနည်းငယ်မျှ ကြောက်ရွံ့ခြင်းမရှိ။ ထိုသို့မကြောက်သည်မှာလည်း နာခဲ့ရသော လေးဂါထာတို့၏ အာနုဘော်ကြောင့် ဖြစ်တန်ရာ၏ဟု ကြံ၍ အဆွေသုတသောမ၊ နောက်မှစားအံ့။ ယခု မီးပျိုးနေသည့်အတွင်း သင်နာကြားခဲ့ရသော လေးဂါထာကို ငါ့အား ဟောပါဦးလော့။ ငါ နာလို၏ဟု ဆိုလေ၏။

သုတသောမမင်းလည်း ရှက်စေအံ့ဟုကြံ၍ အဆွေပေါရိသာဒ၊ အသင်ကဲ့သို့ ယုတ်မာကြမ်းတမ်း သစ္စာမရှိ လူသားစားသောသူသည် နူးညံ့သိမ်မွေ့ မွန်မြတ်သော တရားတော်ကို နာသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင်နှင့်မတန်ဟု နှိမ်၍ဆိုလေ၏။

ထိုအခါ ပေါရိသာဒက ငါ့ကို အဘယ်ကြောင့် တရားမစောင့် ဆိုသနည်း။ အခြားမင်းတို့လည်း အမဲလိုက်၍ စားကြ၏။ ငါသည် လည်း လူသားကိုရှာ၍စား၏။ သဘောအတူတူသာတကားဟု ဆို၏။

အဆွေပေါရိသာဒ၊ သင်သည် လူတကာ မင်းတကာတို့ မစား အပ် မစားထိုက်သော လူသားကိုစား၏။ ဤကား အလွန်စက်ဆုပ် ဖွယ်ဖြစ်ခြင်း၊ တရားမစောင့်ခြင်းတို့ဖြစ်၏။

အဆွေ သုတသောမမင်း၊ အသင်သည် အဘယ်ကြောင့် သေ ဘေးကိုမကြောက်သနည်းဟု မေးသော်။ ငါသည် တိုင်းပြည်ကို တရား သဖြင့် အုပ်ချုပ်အပ်ပြီ။ မိဘ၊ အဆွေခင်ပွန်း စသူတို့၏ဝတ္တရားကို လည်း ကျေပွန်စွာ ပြုအပ်ပြီ။ ဤသို့အားဖြင့် တမလွန်ဘဝ၌ ငါစိုးရိမ် ရန် မရှိပြီ။ သို့ကြောင့် ငါမကြောက်သတည်းဟု ဆိုလေ၏။

ထိုအခါ ပေါရိသာဒသည် ဤမင်းကား သူတော်ကောင်း တည်း။ ထိုသို့သောသူကို ငါပြစ်မှားအံ့။ ငါ၏ဦးခေါင်း ခုနစ်စိတ်ကွဲရာ ၏ဟုကြံ၍ အရှင်မင်းကြီး၊ အကျွန်ုပ်မသတ်လိုတော့ပြီ။ ထိုလေးဂါထာ ကိုလည်း နာပါရစေတော့ဟု အကြိမ်ကြိမ်တောင်းပန်လေမှ နောက်ဆုံး ၌ ယခင်လေးဂါထာကို ဟောပြလေ၏။

တရားအဆုံး၌ ပေါရိသာဒသည် အလွန်နှစ်သက်ဝမ်းမြောက် သည်ဖြစ်၍ အရှင်မင်းကြီး၊ ထိုလေးဂါထာအတွက် လိုရာလေးပါးကို ယူပါလော့ဟု ဆိုလေ၏။

ထိုအခါ သုတသောမမင်းကြီးသည် အောက်ပါလေးချက်ကို တောင်းလေ၏။

(၁) အဆွေ၊ သင်သည် အနာရောဂါမရှိ အနှစ်တစ်ရာ အသက်ရှည်သည်ကို မြင်လိုပါသည်။ ဤဆုကို ဝမ်းသာ စွာဖြင့် ပေး၏။

(၂) ထိုဖမ်းဆီးထားသောမင်းတို့ကို မစားစေလို။ ဤဆုကို လည်း အလွယ်ဖြင့်ပေး၏။

(၃) ထိုမင်းတို့ကို တိုင်းပြည်အရောက် ပြန်ပို့စေလို၏။ ဤ လည်း အလွယ်ဖြင့်ရ၏။

(၄) လူသားကိုမစား ရှောင်ကြဉ်စေလို၏။ ဤဆုကိုကား မပေးဘဲခံ၍နေ၏။ အကြိမ်ကြိမ်တိုက်တွန်းသော် ကတိ လည်း ရှိသည်နှင့် မပေးဘဲနေရမည်မှာ အလွန်ခက်၍ ငိုယိုတောင်းပန်လေ၏။ သုတသောမမင်းလည်းမလျှော့ ဘဲ အပြစ်အမျိုးမျိုးပြလျက်၊ နိမ်လျက်၊ ရက်စေလျက် အကြိမ်ကြိမ် တောင်းလေရကား။ နောက်ဆုံး၌ ထိုဆုကို လည်း ပေးရလေ၏။

ထိုသို့ ပေါရိသာဒအား ဆုံးမယဉ်ကျေးစေပြီးမှ သုတသောမ မင်းသည် ပေါရိသာဒကို တိုင်းပြည်သို့ခေါ်၏။ ပေါရိသာဒလည်း ငိုကြွေးလျက် ငါ မလိုက်လိုတော့ပြီ။ ငါသည် တိုင်းပြည်၏ရန်သူ ဖြစ်၏။ ဤတောတွင် နေတော့အံ့ဟု ဆိုလေ၏။

သုတသောမမင်းလည်း အဆွေ၊ မစိုးရိမ်လင့်။ သင်ကဲ့သို့သော ကြမ်းတမ်းသောသူကိုပင် ဆုံးမနိုင်သေး၏။ အဘယ်ကြောင့် သင်၏ တိုင်းသူပြည်သားတို့အား မဆုံးမနိုင်ဘဲ ရှိအံ့နည်း။ အကယ်၍ သင်၏ ဗာရာဏသီပြည်ကို မရအံ့။ ငါ့ပြည်ကို တစ်ဝက်ခွဲ၍ပေးအံ့၊ လိုက်သာ လိုက်ခဲ့လော့ဟု ဖြားယောင်းသွေးဆောင်၍ ခေါ်ခဲ့ရလေ၏။

လိုက်လာခဲ့သော် ဗာရာဏသီပြည်၌ ထိုပေါရိသာဒ၏သား အုပ်စိုးလျက်ရှိ၏။ ကာဠဟတ်စစ်သူကြီးလည်း ရှိသေး၏။ စစ်သူကြီး နှင့်တကွ မှူးမတ် တိုင်းသူပြည်သားတို့သည် ယုတ်မာသော လူသား စားသော ပေါရိသာဒကို မလိုဟု လက်မခံဘဲ နေကြလေ၏။

ထိုအခါမှ သုတသောမမင်းသည် ပေါရိသာဒ နူးညံ့ယဉ်ကျေးပြီဖြစ်ကြောင်း၊ မိမိတို့မင်းဟောင်းကို ပြန်လည်လက်ခံသင့်ကြောင်း တရားဟောပြော ပြသဆုံးမလေမှ စိတ်ကြည်လာကြ၍ လက်ခံကြလေ၏ ။

သုတသောမမင်း၊ ပေါရိသာဒမင်းနှင့်တကွ အခြားသောမင်းတို့သည် မိမိတို့တိုင်းပြည်သို့ အသီးသီးပြန်ရောက်၍ တိုင်းပြည်ချမ်းသာအောင် တရားသဖြင့် အုပ်စိုးကြလေသတည်း။

ဇာတ်ပေါင်းသော်–
ပေါရိသာဒသည် အင်္ဂုလိမာလ ဖြစ်လာ၏။
စစ်သူကြီး ကာဠဟတ်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
နန္ဒပုဏ္ဏားသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ညောင်ပင်စောင့်နတ်သည် ရှင်မဟာကဿပ ဖြစ်လာ၏။
သိကြားသည် ရှင်အနုရုဒ္ဓါ ဖြစ်လာ၏။
တစ်ရာ့တစ်ပါးသောမင်းသည် ဘုရားပရိသတ် ဖြစ်လာ၏။
သုတသောမမင်း၏ မယ်တော် ခမည်းတော်တို့သည် မယ်တော်မာယာနှင့် သုဒ္ဓေါဒန ဖြစ်လာ၏။
သုတသောမမင်းသည် ဘုရားဖြစ်လာ၏။

မှတ်ချက်။ ။ ဇာတ်ကြီးဆယ်ဘွဲ့ကား စာအုပ်သီးခြားရှိကြပြီဖြစ်၍ ဤတွင်မပြတော့ပါ။

အမှတ် ၂၀၀၄၄
ရက်စွဲ

❐

တတိယပိုင်းပြီး၏။

ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ ဤတွင်ပြီးပြီ။

ဗုဒ္ဓမြတ်စွာဟောကြားတော်မူသော

ဇာတ်တော် ငါးရာ့ငါးဆယ်ထဲမှ

သိမှတ်ဖွယ်ရာ

လိုက်နာဖွယ်ရာ

သတိသံဝေဂရယူဖွယ်ရာ

ဇာတ်တော်များကို

ရွေးချယ်ကောက်နုတ်တင်ပြထားသည်။

